
၁၉၆၆-ခု စက်တင်ဘာလ
ပထမ အကြိမ် ရိုက်ခြင်း
မြစာရည် အမှတ် (၁၀၈)



တက္ကသိုလ်ဘုန်းနိုင်

# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

ဒုတိယတွဲ

တအုပ်—၂ကျပ်

## IN TIME OF "THE BREAKING OF NATIONS"

1

ONLY a man harrowing clods
In a slow silent walk
With an old horse that stumbles and nods
Half asleep as they stalk.

2

Only thin smoke without flame
From the heaps of couch-grass;
Yet this will go onward the same
Though Dynasties pass.

3

Yonder a maid and her wight
Come whispering by:
War's annals will cloud into night
Ere their story die.

THOMAS HARDY

## "ကမ္ဘာကုန် ကျယ်သရွေ့ဝယ်"

(၁)

ဖြေးဖြေး ညင်ညင်၊ ထွန်ရေး ငင်သည်၊ လယ် ရှင်
ယောက်ျား၊ တလူသွားတည့်။ ။
ခေါင်းခြေလျှပ်ရှား၊ တိမ်းကပါးဖြင့်၊ ရုန်းအားမပို၊
သူ့မြင်းအိုနှင့်။ ။
လူကလည်းငိုက်၊ မြင်းလည်းငိုက်နှင့်၊ စရိုက်ဘာသာ၊
ချမ်းသာစွာ၏။ ။

(၂)

အလျှံမပါ၊ ရေးရေးသာတည့်၊ နေစာ ညွန့် မြက်၊
အပုံထက်မှ၊ တိုးတက် အူအူ၊ လယ်ခိုး လူလျက်။ ။
အစေးဆီဝယ်၊ တောက်မယ်လည်း၊ သက်လှယ် သခင်၊
မောင်နှင့်ယှဉ်၍၊ တိုးညင်ချစ်စွန်း၊ ပျံ့ပျံ့ မှုန်းရှင့်။ ။

(၃)

လွှင်နန်းမြိုင်၊ ရာထီးဆိုင်တို့၊ မခိုင်ပျက်ယွင်း၊ နိစ္စ
ကင်း၏။ ။
မော်ကွန်းမှဲ့လှိုင်း၊ စစ်သမိုင်းလည်း၊ မှုန်မှိုင်းညနှယ်၊
ပျောက်၍ကွယ်လိမ့်။ ။
မြင်းအို သခင်၊ လယ်ကြီး ရှင်နှင့်၊ လယ်ပြင် မီးခိုး၊
လယ်မျိုး လုံမ၊ လုလင် လှ၏၊ သာစွ ဂုဏ် ပေါင်း၊
လူ့ဇာတ်ကြောင်း သည်၊ မဟောင်း ကမ္ဘာကုန်ကျယ်
ဆက်လိမ့်တည်း။ ။

တက္ကသိုလ်-ဘုန်းနိုင်
၂၅-၆-၆၆

## ထုတ်ဝေသူ၏အမှာ

ချစ်စွာသော စာရှုသူတို့ခင်ဗျား၊ ဤစာအုပ်ကို ကြော်ငြာရက်အမှီ ထုတ်ဝေဖြန့်ချိနိုင်ရန် အမျိုးမျိုးကြိုးစားဆောင်ရွက်ခဲ့ပါသည်၊ တနည်းအားဖြင့် စာရှုသူတို့၏ဆန္ဒနှင့် ကိုက်ညီနိုင်သမျှ ကိုက်ညီအောင် ကြိုးစားဆောင်ရွက်ခဲ့ပါသည်၊ သို့သော်.... အမျိုးမျိုးသော အကြောင်းများကြောင့် အချိန်မီ မထွက် နိုင်ခဲ့ပါ၊ တက္ကသိုလ် ဘုန်းနိုင်မှာလည်း အလုပ်တာဝန်များအရ မအားမလပ်လှလွန်းပါ။

ထို့ကြောင့် ကျွန်တော်က တောင်းပန် ပါသည်၊ အနူးအညွတ် တောင်းပန် ပါသည်၊ ကြော်ငြာရက်သို့မဟုတ်ချိန်းဆိုရက်၌ ဤစာအုပ်အား မထွက်လာနိုင်သည်ကို ခွင့်လွှတ်ကြပါဟု၍ လေးစားစွာ တောင်းပန်အပ်ပါသည်။

သန်းကြွယ်

မြစာပေတိုက်

၁၇-၈-၆၆

## စာရေးသူ၏ အမှာစာ

ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ဝတ္ထုကြီးကို ဒုတိယတွဲနှင့်အပြီးသတ်နိုင်ရန် ကျွန်တော် ကြိုးစားပါသည်၊ သက်တွေ့တွင်မပြီးနိုင်ခဲ့ပါ၊ ဇာတ်ပြီးရန် တွန်းရေးကြည့်ပါသည်၊ ကိုယ့်စာကို ကိုယ်မကြိုက်၍ ရေးသားပြီးသော စာမျက်နှာအများကို ဆွဲဆုတ်ပစ်ရသည်ချည်းဖြစ်ခဲ့ရ၏၊ လူလည်းပင်ပမ်းပါသည်၊ စိတ်လည်း ပင်ပမ်းပါသည်။

ကျွန် တော် သည် အချိန်ကို အ စိုး မ ရ သော လူ တယောက်ဖြစ်ပါသည်၊ စာမရေးဘဲကလည်း မနေနိုင်ပါ၊ရေးတတ်သည်မှာလည်းဝတ္ထုရှည်သာဖြစ်ပါသည်၊ ဝတ္ထုတပုဒ်ကို တနှစ်ဘဲကြာကြာ၊ နှစ်နှစ်ဘဲကြာကြာ အေးအေးဆေးဆေးရေးလိုပါသည်၊ လုံးဝဥဿုံ ပြီးမှသာ စက်တင်ပုံနှိပ်ချင်ပါသည်၊ သို့ရာတွင် ဦးသန်းကြွယ်က လောဆော်သည်၊ သူ့ကို စာဘတ်ပရိသတ်များက ဖုံးနှင့်တမျိုး၊ စာနှင့်တမျိုး၊ ကိုယ်တိုင်တမျိုး- လောဆော်သောကြောင့် ဖြစ်လေသည်။

ကျွန်တော့်၌အကျင့်တခုရှိသည်၊ ဝတ္ထုရေးနေစဉ် စာမျက်နှာဘယ်လောက်ရှိမည်၊ စာအုပ်၌ ဘယ်နှစ်

ဖောင်ရှိမည်မခန့်မှန်းတတ်ခြင်းပင်ဖြစ်ပါသည်၊ ခန့်မှန်း၍ရေးလျှင်လည်း ဝတ္ထုသည် ကောင်းနိုင်တော့မည်မဟုတ်ပါ၊ ကျွန်တော့် အနေနှင့်မူ ကျွန်တော့် စာဘတ်ပရိသတ်ကြီးကို တတ်နိုင်သမျှ ကောင်းကောင်းရေးပြီးတင်ပြလိုပါသည်၊ ဤစေတနာကြောင့် ကျွန်တော့် ဤဝတ္ထုကြီးမှာ မပြီးနိုင်သေး၊ မပြီးနိုင်သေးသောကြောင့် စာဘတ်ပရိသတ်ကြီးကို တောင်းပန်ပါသည်၊ စပယ်ပင် ဝတ္ထုစာရေးဆရာကြီး ဦးလတ်၏သေသံမျိုးနှင့်ပင် လေးစားစွာတောင်းပန်အပ်ပါသည်။

**" ကမ္ဘာ့ကုန်ကျယ် - ဘယ်စယ် မှ မဆုံး....၊**
**အပြစ်တင်လျှင်တစော - ပြောပါနှင့်အုံး...."**

မေတ္တာရည်၍
တက္ကသိုလ်-ဘုန်းနိုင်
၁၅-၈-၆၆

# ကမ္ဘာ့ကုန်ကျယ်သရွေ့ဝယ်

ဒုတိယတွဲ

## အခန်း-၁၃

### မာန်

နောက်တနေ့ နံနက်စောစောမှ စ၍ မလေးနွယ်တို့၏ခြံ တွင်း၀ယ်အလှူပွဲလာ ညှော့ပရိသတ်၊ ပင့်သံဃာအရှင်မြတ်များ၊ ဝိုင်းလုပ်ဝိုင်းကိုင်ဝေယျာ၀စ္စပြုသူများနှင့် စည်ကား သိုက်မြိုက် နေသည်။

သို့ရာတွင် ရေနံချောင်းတမြို့လုံးက ပိုမိုစည်ကားသိုက်မြိုက် နေသည်၊ စည်ကားသိုက်မြိုက်ရုံမက အုတ်အုတ်ကျက်ကျက်နှင့် သောင်းသောင်းညံအောင်ရှိနေသည်၊အကြောင်းမှာ ချောက်မြို့ မှ ချီတက်ခဲ့သော ရေနံသပိတ်တပ်ကြီးသည် ရေနံချောင်းမြို့သို့ ဆိုက်ရောက်ခဲ့ပြီးပြီဖြစ်သောကြောင့်တည်း....။

မလေးနွယ်တို့အိမ်မှ အလှူသို့ မြို့ပေါ်မှ ကြေးရတတ်မိတ် ဆွေများ၊တွင်းရိုးတွင်းစားအနွယ်များ၊အရာရှိ အရာခံများ စုံစုံ လင်လင်လှာရောက်ကြသည်၊ သို့တိုင်အောင်မိမိအုပ်ချုပ် ကြီး မျှူးသောလက်တွင်းများမှ အလုပ်သမားတော်တော်များကား အလှူသို့ပေါ်မလှာသောကြောင့် မလေးနွယ်၏ ဒွေးကြီး-အပျို ကြီးမမှာ စိတ်မကျေမနပ်ဖြစ်နေသည်၊ ခါတိုင်းအလှူရှိ၍-အ

စားကောင်းအသောက်ကောင်းစားရမည်ဆိုလျှင် သင်းရို့တွေသည် လင်ရော....မယားရော.... သားရော.... သမီးရော.... မြေးမြစ်ပါမကျန် တဆွေလုံး တမျိုးလုံး စုရုံးရောက်လာတတ်ကြသည်၊ ယနေ့မှ....ဘာဖြစ်ကြရလေသနည်း....။

အရာရှိ အရာခံ ယောကျ်ားများ ကလည်း ဝတ္တရားကျေအောင်ရောက်လာခဲ့ကြလင့်ကစား....တရားနာ ပြီးသည် အထိမစောင့်ကြဘဲ ကတော်များနှင့်သားသမီးများကိုသာချန်ရစ်၍ပြန်သွားကြသည်၊ အပျိုကြီးမမ၏ မျက်နှာကားမသာယာလှ၊ ကုသိုလ်ပြုသောအလှူနေ့ဖြစ်၍သာ နှုတ်စောင့်စည်းလျက်အိန္ဒြေလည်းသိပ်သည်းနေရ၏။

မှန်းမတိမ်းမီ....သံဃာတော်များကိုဆွမ်းကပ်အပြီး၌ဦးထင်ကျော်သည်ကားဖြင့် ကတိုက်ကရိုက်ကြီး....မကွေးသို့ ပြန်ပြေး၏....။

ခါတိုင်းဆိုလျှင် ကလေးတို့သဘာဝဖြင့် မလေးနွယ်သည်အလှူနေ့ကို ပျော်ပျော်ရွှင်ရွှင်ကြီး ကြိုဆိုသကဲ့သို့ ပျော်ပျော်ရွှင်ရွှင်ကြီး နေကုန် ပစ်လိုက်ရုံးဖြစ်သည်၊ ယနေ့ တနေ့တွင်မူမလေးနွယ် မပျော်ရွှင်၊ မပျော်ရွှင်ရုံ မက....သူ့စိတ်ကလေးသည် သူကိုယ်တိုင်ပင် မသိဘဲလျက် လေးလေးညို့ညို့ဖြစ်နေသည်။

ညကအဖြစ်သည် မလေးနွယ်ကိုတုန်လှုပ်ချောက်ချားစေခဲ့သည်၊ မေမေလည်းရှိပြီး ဘေဘေပါရောက်နေခိုက် ဖြစ်သောကြောင့်သာ ဒွေးကြီး၏အရိုက်အနှက်မခံရကြောင်းကို မလေးနွယ်သိသည်၊သို့ရာတွင် ဒွေးကြီးမျက်နှာကို မလေးနွယ်မကြည့်ခံ့တော့၊ဒွေးကြီးကလည်းမလေးနွယ်ကိုမြင်တိုင်း မျက်နှာတင်းတင်းထားပြုပြီး အခဲမကျေသေးကြောင်း အရိပ်ပြနေခဲ့၏။



မလေးနွယ် ခံစားနေရပုံမှာ....စီရင်ချက် မကျ သေးသောအပြစ်ကျူးလွန်မိသူ တဦး၏ ခံစားနေရပုံမျိုးသာ တကား....။

မလေးနွယ်သည် ကြောက်လွန်းလှသည်တော့ မဟုတ်....၊ မေမေကရှိနေသေးသည်၊ သူမန္တလေးကျောင်းသို့ မပြန်မီအထိမေမေရှိနေဦးမည်၊ မေမေရှိနေသရွေ့တော့ မလေးနွယ်သည်မကြောက်ပါ၊ဘာကိုမျှမကြောက်ပါ။

မလေးနွယ်စိတ်ထင့်နေသည်ကား....ဒေါ်လေးသက်သက်၏အကြော်ဖိုသို့သွားခွင့်မရှိတော့မှာကိုသာတည်း၊အမှန်မှာလည်းသွားခွင့်မရှိတော့မည်မှာ သေချာနေ၏၊ သူတို့ကသေခန်းဖြတ်ထားသည်ဆိုသော ဒေါ်လေးသက်သက်တို့ဆီ မိမိသွားမည်ကိုသူတို့ကဘယ်နည်းနှင့်မျှ ခွင့်ပြုကြတော့မည်မဟုတ်၊ မေမေပင်ခွင့်ပြုလိမ့်မည်ဟု မလေးနွယ်မထင်....၊မထင်....။

သူတို့ကခွင့်မပြုသည်တိုင်စေ-မလေးနွယ်ကခိုးသွားနိုင်သည်၊ခိုးသွားနည်းတော့ မလေးနွယ်ကတနည်းမဟုတ်....တနည်းတွေ့ရမည်ဟုယုံကြည်သည်၊ ဦးလေးကိုချစ်တိုး၏ ကားနှင့်မသွားရလျှင် သူ့စက်ဘီးလေးနှင့်သွားမည်၊ အကြော်ဖိုဆီမသွား....၊ဒေါ်လေး သက်သက်တို့ နေသော ဘေးမဲ့အလုပ်သမား တန်းလျားတွေဆီသွားမည်၊ သူတို့ကမေးလျှင်မူ တွင်းကြီးစုကိုသွားမည်ဟုပြောမည်၊ ပင်းချောင်းဆီကိုမူ မောင်လေးနှင့်အတူသွားနိုင်တော့မည် မဟုတ်။

မလေးနွယ် အစိုးရိမ်ဆုံးကား ဒေါ်လေး သက်သက်သည်သူ့ကို လက်ခံပါဦးတော့မည်လော....၊ ဒေါ်လေး သက်သက်

မကြိုက်ဆုံး အလုပ်ကို မိလေးနွယ် လုပ်မိ ခဲ့ပြီးပြီ မဟုတ်ပါလော....။

မလေးနွယ်သည်တမနက်နှင့်တနေ့ခင်းလုံး....စိတ်ကလေး....လေးလေးညို့ညို့နှင့်အချိန်ကုန်ခဲ့ရသည်။

မွန်းလွဲ၍ လူပရိသတ်များ စားသောက် ပြီးစီးသောအခါ သီလယူခြင်းကစ၍ တရားနာခြင်းအမှုကိုလူကြီးတို့ ပြုကြသည်၊ ထိုအခါ ကလေးတို့လွတ်လပ်ခွင့်ရကြသည်။

မလေးနွယ်သည် အခြားကလေးများနှင့်အတူ ခြံတွင်းဝယ်ကိုယ်ရောင်ပြ ကစားနေသည်၊ ဆရာတော် ဦးဝိမလ တရားစဟောသည်အထိ မလေးနွယ်က ခြံတွင်း၌နေသည်၊ မေမေနှင့်အန်တီမြင်အောင်လည်း အလူ မကျွာပ် အနီး တဝေ့ဝေ့လုပ်ပြ၏....။

တရားနာ ပရိသတ်၏ ရှေ့ဆုံးတွင် ဦးတင်သော်၊သူ့ဇနီး အန်တီနှင့် မေမေတို့ ရှိနေကြ၏။

အန်တီကရေစက်ခွက်ရှေ့ထား၍အလယ်ဗဟိုကျကျ၌ကွေးကွေးကုန်းကုန်းလေး ထိုင်နေသည်၊ ဖွားဖွားကိုယ်စား အလှူရှင်အဖြစ်ရေစက်ချမည်ဖြစ်သောကြောင့် အန်တီသည်ရေစက်ခွက်ရှေ့ထားပြီး အလယ်ဗဟိုကျကျ၌ ထိုင်နေခြင်းဖြစ်၏။

အန်တီသည် ကျန်အချိန် များ၌ မည်မျှဒေါသကြီး၍....မည်မျှခက်ထန်သည်ဖြစ်စေ....သံဃာတော်များရှေ့မှောက်တွင် အလွန်သိပ်မွေ့နူးညံ့ပြတတ်၏၊ လက်အုပ်ချီခေါင်းငုံ့ထားရာမှ....ပုံစံမပျက်၊ ထားသော မျက်လွှာကလည်းမပင့်....မရွေ့၊ အန်တီသည် ရတနာသုံးပါးကို အလွန်ရိုသေသည်။



ဦးတင်သော်၏ဇနီးကသာ တချီတချီတွင် ဟိုကြည့်သည်ကြည့်လုပ်သည်၊ တချီတချီတွင် ညာဘက်လက်ဖျံ ထိပ်၌ပတ်ရစ်ထားသော ဆင်စွယ်ပုတီးလျှော့ကျလာသည်ကို နေသားတကျဖြစ်အောင် ပြုလုပ်ဟန်နှင့် ထိုလက်ကိုလှုပ်ရမ်းခါတတ်သည်၊ တချီတချီအလစ်အလစ်တွင်မူ အပေါ်သို့တွန့်ရှုန်းတက်သော မယ်ညိုပဒုမ္မာသားအင်္ကျီခါးစကို.... လက်နှစ်ဘက်ဖြင့်အောက်ဆွဲချတတ်၏....၊မေမေကမူ အန်တီလောက် ကွေးကွေးကုန်းကုန်းမဟုတ်သော်လည်း ပုံ့ပုံ့ကျုံ့ကျုံ့လေးထိုင်လျက်ခေါင်းကိုငုံ့ထား၏။

ဆရာတော်ဦးဝိမလ တရားဟောလျှင် ကြာတတ်မှန်းမလေးနွယ်ကောင်းကောင်းသိသည်၊ကြာသော်လည်းတရားနာရသူတို့မှာ ငြီးငွေ့လေ့မရှိ၊ ဆရာတော်သည် ဘုရားဟောဇာတ်တို့မှ ကြည်နူးဘွယ်၊လွမ်းဆွတ်ဘွယ်၊ သနားဘွယ်၊ အံ့သြဘွယ်၊ အားကျဘွယ်အကောင်းဆုံးဇာတ်တို့ကိုမှ ရွေးကာအသံမြင့်၊ အသံနိမ့်၊ အသံသာ၊ အသံဝါ၊ အသံချို၊ အသံရှည်အမျိုးမျိုးနှင့်သာယာနာပျော်ဘွယ်ဟောပြောတတ်သည်၊ ဆရာတော်၏တရားကို နာကြားနေစဉ်မည်သူကမျှမိမိကို ဘာတိပြုမိအားမည်မဟုတ်ကြောင်းကို မလေးနွယ်ကတွက်ချက်မိပြီးဖြစ်သည်။

ထို့ကြောင့်လည်း ဆရာတော်ဦးဝိမလ တရားစဟောသည်အထိ မလေးနွယ်သည်ခြံတွင်း၌ ကိုယ်ရောင်ပြနေသည်၊တရားအရှိန်ရသည်နှင့်တပြိုင်နက် မလေးနွယ်သည် တိုက်ကြီးဆီသို့ပြေးခဲ့၏၊ တိုက်တွင်းမှ မိန်းမစီးစက်ဘီးလေးကို ထုတ်ယူခဲ့ပြီး မလေးနွယ်သည်ခြံကြီး၏ဘေးပေါက်မှ အသာထွက်ကာခြံကိုကျော့ပတ်လျက် ခြံရှေ့ရှိလမ်းပေါ်သို့ရောက်လာခဲ့သည်။

လမ်းပေါ်ရောက်သည်နှင့်တပြိုင်နက်ဘယ်ဘက်တွင်ရွှေဘုံသာရပ်ကွက်၊ ညာဘက်တွင်စိုက်မြက်များဖြင့် စိမ်းနေသော ဘောလုံးကွင်းကြီးနှင့် ဂေါက်သီးကွင်းတို့ကို ထားရစ်ကာ မလေးနွယ်သည် စက်ဘီးလေးကို အပြင်းစီးနှင်တော့၏၊ အတန်စီးမိခဲ့သော် လမ်းကွေ့ရောက်လာရာမလေးနွယ်သည် စက်ဘီးကို လုံးဝအရှိန်မလျှော့ဘဲ ဝါဒ်ဆွန်ဝေးတိုင်း ဘေးမဲ့ချောင်းဆီသို့ ဦးတည်နင်းလာခဲ့သည်၊ ဤသို့ခရီးပြင်းနှင်လာခိုက်တွင် စိတ်တွင်း၌လည်း မနေ့က မိမိပြုခဲ့မိသည်အတွက် ဒေါ်လေးသက်သက်ကျေနပ်အောင် မည်သို့တောင်းပန်ရမည်ကိုစဉ်းစားလာခဲ့သည်။....။

အကြော်ဖိုကို လှမ်းမြင်ရသောအခါ၌.... မလေးနွယ်ခဲလေသမျှ သဲရေကျဖြစ်ရရှာသည်၊ အကြောင်းကား....အကြော်ဖို၌ မီးခိုးလည်းမလူ....၊ လူရောင်လည်းမတွေ့ရ....။

မလေးနွယ်သည် မြေသို့ဆင်းကာ စက်ဘီးလေးကို လက်နှင့်တွန်း၍ တမာပင်ကြီးအောက်သို့ လာခဲ့သည်၊ စက်ဘီးကို တမာပင်၌ထောင်ထားပြီး အကြော်ဖိုတွင်းဝင်လျက် စူးစမ်းကြည့်သည်။

မီးကင်းသောမီးဖိုတွင် မနေ့က ကျန်နေသော ပြာများမှလွဲ၍အခြားဘာမျှမရှိ။

မလေးနွယ်၏မျက်နှာလေးသည် မဲ့မဲ့လေးဖြစ်သွား၏။

ဒေါ်လေးသက်သက်သည် နံနက်ဆိုလျှင်မုန့်ဟင်းခါးချက်၍ အလုပ်သမားတန်းလျားများနှင့် အလုပ်သမားများရှိရာသို့ လှည့်လည်ရောင်းသည်၊ ညနေ၌ အကြော်ကြော်၍ အနီးအနားရှိ လက်ဘက်ရည်ဆိုင်များကိုသွင်းသည်။



မိုးရွာရွာ....နေပူပူ.... ညနေခင်းဆိုလျှင် ဒေါ်လေးကို ဤအကြော်ဖိုဝယ်မပျက်တန်းတွေ့ရမြဲတည်း။

ယခု ဒေါ်လေးသက်သက် ဘယ်ရောက်နေပြီနည်း၊ နေမကောင်း၍လော....၊ဒါမှမဟုတ်....မိမိကိုမတွေ့ချင်တော့၍ နေရာများရွှေ့သွားပြီလော....။

နေရာရွှေ့သွားသည်ပင်ဖြစ်ဘို့များသည်၊ ဒေါ်လေးသက်သက်သည် သဘောကောင်းသော်လည်းမာနကြီးသည်၊ သက်ခိုင်နည်းတူပင် မာနကြီးသည်၊ ယခု....မိမိကို မတွေ့ချင်တော့၍ နေရာရွှေ့သွားသည်ပင်ဖြစ်ရမည်။

လှိုက်လှဲဝမ်းနည်းစွာဖြင့် မလေးနွယ်သည် အကြော်ဖိုတွင်းမှထွက်လာခဲ့သည်၊ တမာပင်အောက်ရပ်ရင်းအားလျော့-အားငယ်သော မျက်လုံးများနှင့် ဟိုဟိုသည်သည် ကြည့်မိသည်။

ချောင်း၏တဘက်ကမ်း၌ ဘေးမဲ့ဘောလုံးကွင်းနှင့် ဘေးမဲ့ ဘီအိုစီကျောင်းကိုမြင်ရ၏၊ ချောင်း၏သည်ဘက်ကမ်းသူ ရပ်ကြည့်နေရာမှ ရှေ့တည့်တည့် အတန်လှမ်းရာဆီ၌ ဘေးမဲ့ ဘီအိုစီ အလုပ်သမားတန်းလျားများနှင့် ဘေးမဲ့ရွာကိုလှမ်းမြင်ရသည်၊ တောင်ကုန်းများထက် မားမားမတ်မတ် ရပ်နေကြသော ရေနံစင်ကြီးများနှင့် တိုင်ကီကြီး များကိုလည်း လကျ်ာဘက်အဝေးဆီ၌တွေ့ရ၏။

ရှုခင်းတခုလုံးသည် ငြိမ်၍ တိတ် ကာ ဆိတ် သုဉ်း နေ၏၊ လူရိပ်သူရောင်လည်း မမြင်၊ လူသံသူသံလည်းမကြားရ....။

မလေးနွယ်သည် စိတ်ညှိုးငယ်စွာနှင့် လှည့်ပြန်တော့မည် ပြုပြီးမှ မလှမ်းမကမ်း၌တွေ့ရသောအိမ်လေးတလုံးကို သတိပြုမိသည်၊ ဒေါ်လေးသက်သက်သည် ညအလုပ်သိမ်း၍ ပြန်သော

အခါ အကြော်ဖိုမှုပစ္စည်းများကို ထိုအိမ်လေး၌အပ်ထားသွားတတ်ကြောင်း ပြောပြဘူးသည်အား အမှတ်ရမိသည်၊ ထိုအိမ်လေး၌သွားစုံစမ်းလျှင်မူ အကြောင်းအကျိုး သိရပေမည်။

မလေးနွယ်သည် အိမ်လေးဆီသို့ ရှေ့ရှုကာ တလှမ်းနှစ်လှမ်း ရောက်သွားမိပြီးမှ အိမ်ရှေ့မြေပြင်တွင် ခွေးပေါက်စတသိုက်ကို နို့တိုက်နေသော ခွေးသားအုပ်မကြီး တကောင်ကိုမြင်ရသောကြောင့် ရပ်သွား၏။

မလေးနွယ်သည် သက်ပြင်းလေး ရှိုက်ပြီး ခေါင်း ကလေးခါကာ တမာပင်ဆီ ပြန်လှည့်လာ၍ စက်ဘီး လေးကို တူလိုက်သည်။

ထိုအခိုက်တွင်ပင်သီချင်းသံလေးက ပေါ်လာ၏။

**"ဘုံခုနစ်ဆင့်က....တံခါးဖွင့်လို့ ကြည့်ပြန် သနော်....၊ ထိုမိန်းမကို.... ဤမိန်းမကို ဘုရင်မြင်ပြန်သော်..........."**

မလေးနွယ်သည်စက်ဘီးကို တမာပင်၌ ပြန်ထောင် ထားပြီး ဝမ်းသာအားရလှည့်ကြည့်လိုက်သည်။

ချောင်းကွေ့ ကမ္ဘားထိပ်မှ သက်ခိုင် ပေါ်လာ သည်။

သက်ခိုင်သည် မနေ့ညနေ တုန်းကကဲ့သို့ပင် သီချင်း လေးတကျော်ကျော်ဆို၍ လာနေ၏၊ မနေ့ညနေတုန်းက ကဲ့သို့ ပင်သူ့ကျောထက်၌တောင်းလေးတတောင်းကို သယ်ပိုးယူလာ၏၊ သူ့ခြေလှမ်းများကသာ ယနေ့ ပိုသွက်နေ၏။

"မောင်ရေ....သက်ခိုင်ရေ...."

မလေးနွယ်သည် ဝမ်းသာအားရ အော်ခေါ်ရင်း သက်ခိုင်ရှိရာသို့ အပြေးကလေးသွားသည်၊ မလေးနွယ် သက်ခိုင် အနီး



ရောက်လုလုတွင် ခွေးသားအုပ်မသည်မျက်စိနောက်သည့်အလားဒေါသတကြီးဟောင်၍ မလေးနွယ်အားလိုက်ဆွဲသည်။

"အမလေး....သေပါပြီ မောင် လုပ်....လုပ်....လုပ် ပါအုံး"

မလေးနွယ်သည်ငယ်သံပါအောင်အော်ပြီး သက်ခိုင်၏ ခါးကို ဝင်ဖက်သည်။

ခွေးသားအုပ်မ ကလည်း သဲသဲမဲမဲနှင့် မလေးနွယ် ကိုသာလိုက်ဆွဲ နေသောကြောင့် သက်ခိုင် သည် သူ့ နောက်ကျော၌ခါးကိုဖက်လျက် အော်ဟစ်နေသူ မလေးနွယ် အား မကိုက်မိရန် ကိုယ်ကိုလှည့်ပတ် အကာအကွယ် ပေးရင်း ကျောထက်မှတောင်းနှင့်ခွေးပေါ် ပစ်ပေါက် ချလိုက်သည်၊ တောင်းသည် ခွေးနှင့်လွဲသွား၏။

ခွေးသားအုပ်မက အစွယ် ဖွေးဖွေး နှင့် တချက် လှမ်းဆွဲပြန်သည်၊ ဤတကြိမ်တွင်မူ သက်ခိုင်၏ ညာဘက် လက်ဖျံကိုခဲမိသွား၏။

သက်ခိုင်သည် ပထမသော်နာကျင်စွာ တချက် အော်လိုက်မိပြီးမှ သတိရကာ ခွေးသားအုပ်မ ၏ နံစောင်းကို ဖိနောင့်နှင့်အားရှိသမျှပေါက်ထည့်လိုက်၏၊ ခွေးသားအုပ်မသည် သက်ခိုင်၏လက်ကိုလွှတ်လိုက်ပြီး နောက်သို့ အနည်း ငယ် ဆုတ် သွားသည်။

သက်ခိုင်ထမ်းယူလာခဲ့သောတောင်းသည် မြေ၌ စောင်းလဲနေ၏၊ တောင်းတွင်းမှအဆို့ ဆို့ထားသောငန်ပြာရည်ပုလင်းကလည်း ထွက်ကျနေ၏၊ သက်ခိုင်သည် ငန်ပြာရည် ပုလင်း ကိုကောက်ယူလိုက်ပြီး ခွေးသားအုပ်မထံ ကပ်သွားသည်၊ ခွေးသားအုပ်မသည် တချက်သာပြန်မာန်ဖီပြီး အန်တုဖက်ပြိုင်ခြင်း

ကိုစွန့်ကာ ထွက်ပြေးလေရာ ခွေးငယ်လေး များပါ နောက်မှ လိုက်ပြေးကြ၏။

အိမ်ပေါ်မှရင်လျားနှင့် မိန်းမ တဦး ပြေးဆင်း လာ၏။

"ဟဲ့....သက်ခိုင်၊ အမိလေး....နင်ကိုး၊ ဟင်....မ လေးနွယ် ပါရောလား၊ ဘယ်သူ့ကို ကိုက်မိ သွား သေး လဲ...."

"မကိုက်မိပါဘူးဗျာ၊ ခင်ဗျား ခွေးသား အုပ်မက တော် တော် ဆိုးတယ်...."

"ငါ့ ခွေးသား အုပ်မ- မဟုတ်ပါဘူး တော်....၊ လူတောင် အနိုင်နိုင်၊ ခွေးမမွေးနိုင်ပါဘူး၊ အလကား ခွေး ဝင်စားမ...."

သက်ခိုင်ကဘာမှ ဆက်မပြော တော့ဘဲ မြေ၌ လဲနေသော သူ့ တောင်းလေးကို ပြန် ထောင်သည်၊ ကံအား လျော်စွာ တောင်းတွင်းပါ ပစ္စည်းများ အပျက်အစီး မရှိ၊ ဆန်အချို့ အဝက်သာ မြေပြင်ပေါ် ဖိတ်စင်ကျလျက် ရှိသည်။

သက်ခိုင်က မြေပေါ်မှပစ္စည်းများကို တောင်းတွင်းသို့ ပြန် ကောက်ထည့်နေ၏၊ ထိုအခါကျမှ အကြောက်ဇော ပြေသွား သောမလေးနွယ်သည် သက်ခိုင်၏လက်ကိုလှမ်းကြည့်ပြီး ထိတ် လန့်တကြား အော်သည်။

"သွေးတွေ....မောင်လေး လက်မှာ သွေးတွေ...."

သက်ခိုင်သည် သူ့လက်ကို သူငုံ့ကြည့် စုံစမ်းသည်။

ခွေးစွယ်နှင့် ခြစ်မိ ရှသော ခြစ်မိ သွားဟန် တူသော လက် ကောက်ဝတ်အပြင်ပိုင်း၌ အရေစုတ်၍ သွေးဥရုံ ဥနေသည်၊ အတွင်းပိုင်း၌ကား နက်သော ခွေးစွယ် ဒဏ်ရှိနေကာ သွေးတို့ ထွက်ယို စီးကျနေ၏။



သက်ခိုင်သည် ဒဏ်ရာကိုကြည့်နေရာမှ မျက်လုံးများကိုလှန် ၍ မလေးနွယ်အား ကြည့်သည်။

မလေးနွယ်၏မျက်နှာလေးမှာသွေးဆုတ်ဖြူယော်နေသည်၊ ဆတ်ဆတ်တုန်နေသောလက်ကလေးနှစ်ဘက်ကို လက်သီးများ ဆုပ်၍ ရင်၌အပ်ထားရင်း မျက်လုံးလေးများကလည်း ပြူး နေ၏၊ အသံတုန်တုန်နှင့်မှ ဆိုရှာ၏။

"ဘယ့်နှယ်လုပ်မလဲ....ဆေးရုံသွားကြမလား...."

"ဟာ....မမနွယ်ကလဲ.... ခွေးကိုက်ခံရရုံကလေးနဲ့ ဆေးရုံ သွားရမလား....၊ လာ....လာ....မောင့် လက် ကို ရေလောင်း ပေး...."

သက်ခိုင်သည် အိမ်ဘေးရှိရေအိုးဆီသို့ မလေးနွယ်ကိုခေါ် သွားပြီး သူ့ဒဏ်ရာပေါ် ရေလောင်းပေးစေ၏။

ရေလောင်းပေးနေစဉ်တုန်း၌မှ သွေးရောင်ပျောက်သွား၏၊ ရပ်လိုက်သောအခါတွင် သွေးများ ထွက်မြဲထွက်နေပြန်သည်။

သက်ခိုင်ကဒဏ်ရာကိုလက်နှင့်ညှစ်ပစ်သောအခါ မလေးနွယ် သည် သူ့အစားနာကျင်ဟန်မျက်နှာလေးရှုံ့မဲ့ပြီး ကန့်ကွက် သည်။

"ဘာလို့ညှစ်နေရဒါလဲ....၊ပိုနာမှာပေါ့...."

"မမနွယ်ကဘာသိလို့လဲ....၊အဆိပ်ကုန်အောင် ညှစ်ပစ်နေ ဒါ....၊ကဲပါ....ရေလောင်းပေးပါအုံး...."

မလေးနွယ်သည်မျက်နှာလေးရှုံ့မဲ့မဲ့နှင့် ရေဆက်လောင်း ပေးရသည်၊ရေလောင်းပေးရင်းလည်းတိုက်တွန်းသည်။

"ဆေးရုံသွားရအောင်ဆို.... မောင်ကလဲဘဲ...."

"အို....မသွားချင်ပေါင်ဆို မမနွယ်က လဲဘဲ....၊ ပြီးတော့ မောင့်မှာ တခြားသွားစရာ ရှိသေးတယ်"

"ဘယ်သွားအုံးမလို့လဲ"

"အိုး....ဘယ်သွားသွားပေါ့"

သက်ခိုင်၏ခတ်မာမာဖြေသံကြောင့် မလေးနွယ်သည် စိတ်ဆိုးမိမယောင်ဖြစ်သွားသည်၊ သို့ရာတွင် မိမိကိုယ်စားသက်ခိုင်က ဝင်၍ခွေးအကိုက်ခံရသည်ကိုချက်ခြင်းသတိရမိပြီးမျက်နှာလေးကိုချိုသာအောင်ပြုံးလိုက်လျက် ချော့ချော့မော့မော့ဆိုသည်။

"မောင်ကလဲ၊ မမနွယ်က စိုးရိမ်လို့ပြောဒါပါ၊ တကတဲ ဒေါသကြီးတဲ့ ဟင်း....၊ ဟော....နေအုံး မမနွယ်သတိရဘီ"

မလေးနွယ်သည် ရေခွက်ကိုချထားလိုက်ပြီး သက်ခိုင်အနားတွင် ဒူးထောက်ထိုင်လိုက်၏။

"မောင်လေး လက်သီးဆုပ်ထားလိုက်စမ်း၊ ဆုပ်ထားလိုက်စမ်း...."

"ဘာဖြစ်လို့ လက်သီးဆုပ်ထားရမှာလဲ"

"ကြော်....ဆုပ်ထားပါလို့ပြောနေမှာဘဲ....၊မောင်ကလဲ"

မလေးနွယ်က တည်တည်လေးပြောသောကြောင့် သက်ခိုင်သည်ဒဏ်ရာရှိသောလက်မှလက်သီးကိုဆုပ်လိုက်၏၊ မျက်မှောင်ကိုမူ ကြုတ်ထားသည်။

မလေးနွယ်က သက်ခိုင် မျက်မှောင် ကြုတ်ထားသည်ကို ဂရုမစိုက်ဘဲ ဂါဝန် အင်္ကျီအိတ်တွင်းမှ လက်ကိုင်ပုဝါလေးကို ထုတ်ယူပြီး သက်ခိုင်၏လက်ဖျံတွင်ဒဏ်ရာအောက်အနည်းငယ်ခွာပြီးရစ်ပတ်စည်းပေး၏၊ စည်းချည်မိသော်လည်း အပတ်က မတင်းသောအခါ မလေးနွယ်သည် လက်ကိုင်ပုဝါ အစွန်းတစ



ကို လက်ဖြင့် ဆွဲပြီး အခြားအစွန်းတစကို သွားလေးများနှင့် ကိုက်ဆွဲလျက်တင်းပေးသည်၊ အစည်းသည်စိတ်ကျေနပ်အောင် တင်းပါမှ မလေးနွယ်က လက်ကိုင်ပုဝါစွန်း ယုန်နားရွက်နှစ်စကိုထုံးချည်လိုက်၏။

မလေးနွယ် ပြုလုပ် ပေးနေသည်ကို သဘောပေါက်သောကြောင့်သက်ခိုင်က ငြိမ်လျက်ခံနေ၏။

"ကဲ....၊အဲဒီလိုဆို သွေးမထွက်တော့ဘူးရှင့်၊ နားလည်ဘီလား...."

သက်ခိုင်ကပြုံးပြီးသူ့လက်ကို လှုပ်ကြည့်သည်၊ မှန်သည်၊ သွေးတပေါက် နှစ်ပေါက် ယိုထွက်လာပြီးနောက်....ထပ်၍မယို ထွက်တော့။

ကလေးနှစ်ယောက်လုပ်ချင်ရာ လုပ်နေသည်ကို အားမှစိတ် ဝင်စားစွာ ကြည့်နေမိသူ အိမ်ရှင် မိန်းမက ယခုမှသတိရပြီး မေး၏။

"အမလေး....၊ မေ့နေလိုက်ထာတော်....၊ သက်ခိုင်ရေ.... အနာကိုဆန္ဒင်းမှုန့်သိပ်မလား"

"ဒေါ်လေး မခင်ရွှေကလဲ ခွေးကိုက်ထာ ဆန္ဒင်းမှုန့် သိပ်လို့ဘယ်အဆိပ်ပြေပါ့မလဲဗျ၊ အသာနေစမ်းပါ၊ ကျွန်တော့် ဘာသာကျွန်တော်လုပ်ပါ့မယ်"

သက်ခိုင်သည်အိမ်ရှေ့ဘက်သို့ပြန်ထွက်လာခဲ့သောကြောင့် မလေးနွယ်ရော မခင်ရွှေပါ နောက်ကလိုက်ခဲ့ကြရ၏။

သက်ခိုင်က သူ့တောင်းတွင်းမှ ဆန်တဆုပ်နှိုက်ယူလိုက်ပြီး ပါးစပ်တွင်းထည့်၍ဝါး၏၊ ဆန်ညက်ကျေသောအခါ လက်ဝါးပေါ် ထွေးထုတ်လိုက်ပြီး ဒဏ်ရာများ၌အုံ၏။

မလေးနွယ်က မေးသည်။

"အဲဒါ....ဘာလုပ်ထာလဲ"

"ဆေးလေ....၊ ဆေးအုံဒါ၊ ခွေးကိုက်ရင် ဆန်ဝါးအုံလိုက် အဆိပ်မတက်တော့ဘူး"

"မောင်တကယ်ပြောဒါလား"

"တကယ်ပြောဒါပေါ့၊အဲ....နဲနဲတော့ ယောင်မှာဘဲ၊ ညကျမှ အိမ်မှာ ကျားရိုး သွေးလိမ်းလိုက်မယ်၊ ပျောက်ကရော....၊ မောင် ခွေးခဏ-ခဏ အကိုက်ခံရဘူး သားဘဲ၊ ဆေးရုံမသွားပေါင်...."

သက်ခိုင်သည် မလေးနွယ်ထံမှ နောက်ထပ် မေးခွန်းတို့ကို မစောင့်ဘဲ တောင်းကိုမ,ကာ အိမ်ပေါ်တင်သည်။

"ဒေါ်လေးမခင်ရွှေ....၊ဒီတောင်းထားခဲ့မယ်နော်....၊ညနေစောင်စောင်ကြာရင် မမေနဲ့ ကျွန်တော်ပြန်လာခဲ့မယ်"

"အေး....အေး....ထားခဲ့ပါတော်၊ သက်သက်က ဒီညဟင်းချက်အုံးမလို့လား"

"ချက်မှာပေါ့ဗျ....၊ မချက်ရင်.... နက်ဖြန်ငတ်နေမှာ"

သက်ခိုင်သည် မလေးနွယ် ဘက်သို့ လှည့်ကာ.... "လာမမနွယ်....သွားကြရအောင်" ဟု ခေါ်သည်။

တမာပင်ကြီး အောက် ရောက်သောအခါ မလေးနွယ်က မေးသည်။

"မောင်....ဒေါ်လေးသက်သက် ဒီနေ့ဘာလို့မလာဒါလဲ"

"ဘာလို့ မလာဒါလဲ....၊ ဟုတ်လား....၊မမနွယ်မသိဘူးလား....၊သပိတ်တပ်ကြီး ရေနံချောင်းရောက်လာဘိ...."

"အင်းလေ....အဲဒါ ဘာဖြစ်လဲ...."



"ဘာဖြစ်ရမလဲ....၊အခုညနေ....ဈေးမှာ ဈေးသူဈေးသားတွေက သပိတ်တပ်သားတွေကို ကျွေးကြမွေးကြမလို့၊ မေမေလဲ အဲဒီမှာပေါ့....၊မောင်လဲ အဲဒီကိုပြန်သွားမလို့ဟာ....၊အခုတော့နောက်ကျနေဘီထင်တယ်...."

မလေးနွယ်သည်ခေတ္တစဉ်းစားနေသည်၊ထိုနောက်မှ အကြံရဟန် ဝမ်းသာစွာပြောသည်။

"အဲဒီတပ်ကြီးက မကွေးကို သွားမှာ မဟုတ်လား....ဟင် မောင်လေး...."

"မဟုတ်ဘူး၊ ရန်ကုန်အထိသွားမှာ၊ တကယ့်ကိုသွားမှာ၊ ဘုရင်ခံအိမ်ကိုသွားဝိုင်းမှာ... ၊တကဲ့ကိုဝိုင်း...."

"ဟုတ်ပါတယ်၊ တကတဲ....၊ မကွေး ရောက်အောင်တော့ သွားရအုံးမှာဘဲ မဟုတ်လား...."

"အင်းလေ....၊အင်းလေ...."

"ဒါဖြင့်....သူတို့ညောင်လှထိအောင် ရှောက်ကြအုံးမှာဘဲ၊ မမနွယ်တို့ရပ်ကွက်လမ်းထိပ်ကနေ ကြည့်ရင် မြင်ရ မှာပေါ့....၊ အဲဒီကသွားကြည့်ရအောင်နော်....၊မောင်...."

သက်ခိုင်ကသဘောတူသဖြင့် မလေးနွယ်ကစက်ဘီးလေးကို တွန်းကာ ထွက်လာခဲ့သည်၊သက်ခိုင်ကနောက်မှလိုက်လာခဲ့၏။

ဝါဒ်ဆွန်ဝေး ပေါ်သို့ ရောက်သောအခါ ပြဿနာပေါ်တော့၏။

"မမနွယ် စက်ဘီး နင်းမယ်နော်....၊ မောင်က အနောက်ကထိုင်ခုံပေါ်ကလိုက်ခဲ့...."

သက်ခိုင်က မျက်မှောင်ကြုတ်၍ ခေါင်းခါ၏။

"ဘာခေါင်းခါဒါလဲ...."

"မိန်းမလေးက စက်ဘီးနင်းပီးယောကျ်ားလေးက နောက်က လိုက်စီးတော့....ရှက်စရာကြီး...."

"ဒါဖြင့်....မောင်နင်း....၊ မမနွယ်နောက်ကလိုက်စီးမယ်...."

"အို....မောင်မှ စက်ဘီးမစီးတတ်ဘဲ...."

"တကယ်-မစီးတတ်ဘူး...."

"ဘယ်လိုလုပ်စီးတတ်ရမလဲ....၊စက်ဘီးမှ မဝယ်နိုင်ဘဲဟာ"

"မောင်က မာနကြီးဒါဘဲ၊ သိပ်ကို မာနကြီးဒါဘဲ၊ အင်းလေ....ဒီလိုဆိုရှောက်သွားကြမယ်၊ သပိတ်တပ်ကြီးကိုမမှီတော့ မမနွယ်ကို မောင် အပြစ် မပြောနဲ့....၊ ဒါဘဲ...."

ဤသို့ဆိုပြန်သော် သက်ခိုင်အရှုံးပေးရသည်၊ စက်ဘီးမစီးတတ်သော မိမိကိုယ်ကိုသာ အပြစ်ပြန်တင်ရ၏။

မလေးနွယ်က စက်ဘီးစ,နင်းသည်၊ အရှိန် ရ သော အ ခါ မကျေနပ်လှသော်လည်း....သက်ခိုင်က နောက် ထိုင်ခုံ ပေါ် သို့ တင်ပြင်လွှဲခုန်တက်ပြီးလိုက်ပါခဲ့ရ၏။

ဝါဒ်ဆွန်ဝေးမှညာဘက်သို့ချိုး၍ ရွှေဘုံသာရပ်ကွက်ဆီသို့ ဝင်မိလေသောအခါ ဘောလုံးကွင်း၏သည်ဘက်ထိပ်၌ မလေးနွယ်က စက်ဘီးကိုရပ်ပေးသည်။

"မောင်....လမ်းထိပ်ကသွားစောင့်နေ....၊ မမနွယ် စက်ဘီးသွားထားလိုက်အုံးမယ်....၊ ပီးတော့.... ပြန်လာခဲ့မယ်နော်....ကြားလား...."

သက်ခိုင်က ခေါင်းညိတ်ပြ၏၊ မလေးနွယ်က စက်ဘီးစီး၍ ထွက်ခွာသွား၏။



သက်ခိုင်သည် လမ်းထိပ်ဆီမသွားဘဲ ရပ်စောင့်နေ၏၊ လမ်းထိပ်ဆီမှ အုတ်အုတ်ကျက်ကျက်ညံသော လူသံများကို ကြားနေရ၏။

တအောင့်စောင့်နေရပြီးသောအခါ မလေးနွယ်သည် ပြေးထွက်ပြန်လာ၏။

သက်ခိုင်နှင့်မလေးနွယ်သည် တဦးလက် တဦးဆွဲကိုင်လျက် လမ်းထိပ်သို့ပြေးလာခဲ့ကြသည်။

လမ်းထိပ်၌ရှင်း၊ လမ်းထိပ်က ဦးတိုက်ဆုံရာ ရေနံချောင်းမှ ထွက်၍ ညောင်လှမှသည်....မကွေးသို့ပြေးသော မင်းလမ်းမကြီး တလျှောက်၌ရှင်း၊ လူပရိသတ်တို့ ကြိတ်ကြိတ်ခဲခဲ.... တခဲနက်တိုးဝေ့တန်းစီလျက်ရှိနေကြသည်။

သက်ခိုင်နှင့်မလေးနွယ်သည် လူကြားထဲတိုး၍ရှင်း၊ လူတို့အောက်လျှိုး၍ရှင်း၊ လမ်းထွင်ကာ.... ရှေ့ဆုံးသို့ ရောက်လာကြသည်။

လမ်းမကြီးပေါ်၌ ရေနံမြေ အလုပ်သမား တပ်ကြီးသည် တည်ငြိမ်ခန့်ညားစွာချီတက်လာနေ၏။

တပ်ကြီး၏ ရှေ့ဆုံးမှ ချီလာသူ ပုဂ္ဂိုလ်ကြီး၏ အသွင်မှာ အခန့်ညားဆုံးဖြစ်နေ၏။

သူကား....တုပ်ခိုင်၏၊ အိန္ဒြေကြီး၏၊တည်လှသောမျက်နှာမှ မေးရိုးကြီးများက ပီသထင်ရှားနေ၏၊ ဘောင်းဘီတို၊အင်္ကျီညိုလက်တိုတိုကိုဝတ်ထားသောကြောင့် သူ၏ ခိုင်ခန့်သော ခြေသလုံးနှင့်ပေါင်တံများ၊ လက်မောင်း လက်ရိုးများကို ထင်ရှားစွာတွေ့နိုင်သည်၊ ပုခုန်းနည်းတူ ကျယ်ဝန်းမောက်ဖြိုးသော သူ့ရင်ပတ်တဘက်ပေါ်၌ နီရဲသော ဖဲပြား တံဆိပ်ကြီး တခုကို

ထိုးထား၏၊ သူ့လည်ပင်းမှရင်ကို စလွယ်သိုင်းကာ ငွေရောင်လက်သော သံကြိုးတပ်ခရာကြီးတခုကိုလွယ်ထား၏၊ သူ့ပုခုန်းနှစ်ဘက်ပေါ်တွင် ပုလိပ်နှင့်စစ်အရာရှိများ တပ်ဆင်ထားတတ်သော ပုခုန်းထောက်များရှိသည်၊ ဤ ပုခုန်း သောက် များ ထက်တွင် ပုလိပ်နှင့် စစ်အရာရှိများ၏ ထောက် များ ထက် မှ သရဖူများမပါ၊ အဝါ၊ အစိမ်း၊ အနီ တည်းဟူသော ဒိုဗမာအစည်းအရုံး၏ သင်္ကေတ လက္ခဏာ အ ရောင် သုံးရပ် ကိုသာ ဆောင်ထား၏။

မလေးနွယ်က သက်ခိုင်၏နားနားကပ်၍ တိုးတိုးမေးသည်။
“မောင်....အဲဒီလူကြီးက ဘသူလဲ....”
“သခင်ဖိုးလှကြီးတဲ့....၊အာဋ္ဌာဝကကြီးလို့လဲ ခေါ်တယ်”
“အာဋ္ဌာဝကကြီး....၊အဲဒါ ဘာအဓိပ္ပာယ်လဲ....”
“မမနွယ်ကလဲ ဖျင်းလိုက်ထာ....၊ အာဋ္ဌာဝကဆိုဒါ ဘာမှတ်လဲ....၊သိပ်စွမ်းဒါ၊ အားကြီးစွမ်းဒါ”
မလေးနွယ်သည် သက်ခိုင်ရှင်းပြသည်ကို နားမလည်သော်လည်း မေးမြန်းခွင့်မရတော့။

အကြောင်းမှာ....လမ်းဘေးတဘက်တချက်ရှိ လူထုကြီး၏ တခဲနက်ကြွေးကြော်သံများက မိုးချုန်းဘိအလား ပေါ်ထွက်လာသောကြောင့်တည်း။

**“သခင်မျိုးဟေ့....ဒိုဗမာ....။**
**အရေးတော်ပုံ....အောင်ပါစေ....။**
**သပိတ်....သပိတ်....မှောက်....မှောက်....။**
**နေရှင်စံနစ်....ပျက်စီးပါစေ....”**



မလေးနွယ်သည် သက်ခိုင်ကိုလှမ်းကြည့်သည်။
သက်ခိုင်သည် သူ့ညာလက်ကလေးကို လက်သီးဆုပ်မြှောက်၍ ပရိသတ်နှင့်အတူ အော်ဟစ်ကြွေးကြော်နေ၏။
သို့ရာတွင် သက်ခိုင်၏ညာလက်၌ မလေ နွယ်စည်းပေးထားသော လက်ကိုင်ပုဝါလေးမရှိတော့....၊ လူကြားထဲ တိုးရင်း ဇွ့ရင်းပြုတ်ကျခဲ့လေပြီထင်သည်။

သက်ခိုင်က မလေးနွယ်ကိုလှည့်ကြည့်ပြီး အမိန့်ပေးသည်။
“အော်လေ....မမနွယ်၊ အော်ပါလား....”
“ဘယ်လိုအော်ရမလဲ မောင်ရ”
“သခင်မျိုးဟေ့....ဒို့ဗမာ....၊ အဲဒီလိုအော်ပေါ့”
မလေးနွယ်သည် အော်ရန်ကြိုးစားကြည့်မိသည်၊သို့ရာတွင် အသံကထွက်မလာ၊ သက်ခိုင်ကသာ လက်သီးလက်မောင်းတန်း၍ ဆက်အော်နေ၏။
ဆုံးပါတော့မည်လောဟု ထင်မှားဘွယ် သပိတ်တပ်ကြီးက အဆက်မပြတ်ချီတက်လာနေသည်။
သပိတ်တပ်သားတို့ကား အသွင်မျိုးစုံလှ၏။

အချို့က ဗိုလ်ဆံထောက်နှင့်၊ အချို့က ကတုံး၊ အချို့က ရောင်ကြီးဗွေနှင့်၊ ဘောင်းဘီဝတ်ထားသူများလည်း ပါကြသည်၊ ပုဆိုးတိုတိုဝတ်ထားသူများလည်းပါကြသည်၊ တူညီကြသည်ကား....သပိတ်တပ်သား အသီးသီးသည် ရှမ်းလွယ်အိတ်ကိုယ်စီလွယ်ထားကြခြင်းသာဖြစ်၏၊ လွယ်အိတ်နှုတ်ခမ်းမှပေါ်ထွက်နေသော ကြွေရည်သုတ် သံပန်းကန်ပြား၊ ရေပုလင်းနှင့် စောင်ခေါက်အနားတို့ကိုမြင်နိုင်၏။

နတ္တော်လဆန်း ၁၁-ရက်နေ့ ညနေ ဖြစ်သောကြောင့် နေသည် မပြင်း၊ ညိုညိုသာရှိနေ၏။

နေညိုညိုတွင် သပိတ်တပ်ကြီးသည် စည်းကမ်းသေဝပ်စွာ ချီတက်နေလေ၏၊ တပ်ဗိုလ်.... တပ်ကြပ်အသီးသီးက ကွပ်ကဲလိုက်ပါလာကြ၏၊ ဤ တပ်ဗိုလ်....တပ်ကြပ်များထဲတွင်လူဝတ်ကြောင်များကိုသာမက ဝါဝင်းသော သင်္ကန်းကို စည်းထားသည့် သံဃာတော်များကိုပါမြင်ရသည်။

သူတို့ရှေ့မှ သပိတ်တပ်ဖြတ်သွားစဉ် မလေးနွယ်က အော်သည်။

"သက်ခိုင်....၊မောင်လေး....၊ဟောဟိုမှာ.... မောင့်အဖေ.... ဦးလေးစိုးခိုင်ရယ်...."

သက်ခိုင်၏အဖေက တပ်ဗိုလ်တဦးအဖြစ် ချီတက် လာနေသည်။

သက်ခိုင်သည် လက်မောင်းဆန့်ကာ အသံကုန်အော်သည်။

"ဒို့ဗမာ.... ဖေဖေရေ....၊ ဒို့ဗမာ.... မမနွယ်....အော်လေ"

မလေးနွယ်ကလည်း ပထမဦးစွာအဖြစ်.... သူ့အသံ စူးစူးလေးနှင့်အော်သည်။

"ဦးလေးစိုးခိုင်ရေ....၊ ဒို့ဗမာ....ဒို့ဗမာ...."

သက်ခိုင်၏အဖေသည် ကလေးများကို မြင်သွားသည်၊ တပ်ဗိုလ်ဖြစ်နေသောကြောင့် ခွန်းတုန့် ပြန်မဟစ်သော်လည်း ကလေးများကိုလှည့်ကြည့်ရင်း မသိမသာ ကျေနပ်စွာ ပြုံးသွား၏။

နောက် ဆက်၍သပိတ်တပ်ကြီးချီလာရာတွင်....မလေးနွယ်သည် အရှိန်ရသွားသောကြောင့် သက်ခိုင်နှင့်အတူ သံပြိုင်



လိုက်အော်နေ၏၊ သက်ခိုင်လောက်မူ ကြွေးကြော်သံ စေ့အောင် မအော်တတ်....။

"ဒို့....ဗမာ....၊ ဒို့....ဗမာ...."

အော်တတ်သမျှကိုမူ မလေးနွယ်က အသံကုန် လိုက်အော်ရှာ၏။

မလေးနွယ် အော်၍ကောင်းတုန်း.... ပရိသတ်များ ကြားမှ ကိုချစ်တိုးသည် တိုးဝှေ့ထွက်ပေါ်လာ၏။

"အံမလေး....နွယ်ရာ....၊ ဟိုမှာ.... တရားနာပြီးတော့မယ်၊ တော်တော်ကြာ နင့်မတွေ့ရင်.... ငါ့ကိုဘဲ အပျိုကြီးမမက.... ကြိမ်းအုံးမှာ....၊ ကဲ.... တော်တော့.... ပြန်ခဲ့တော့...."

မလေးနွယ်နှင့်သက်ခိုင်တို့က ကိုချစ်တိုးကို ဝိုင်းအနိုင်ကျင့်ကြသည်။

"ဦးလေးကိုချစ်တိုးကြီးလဲအော်လေ....၊ ဒို့ဗမာ....ဒို့ဗမာလို့...."

ကိုချစ်တိုးသည် သပိတ်တပ်ကြီးကို ပြုံးရွှင်စွာလှမ်းကြည့်ပြီး.... တက်ကြွစွာအော်၏။

"ဒို့ဗမာ....၊ သခင်မျိုးဟေ့.... ဒို့ဗမာ...."

မလေးနွယ်သည် ကိုချစ်တိုး၏လည်ပင်းကို ယမ်းလေ့ခိုစီးကာ ပြော၏။

"အဲ.... ဒါမှ နွယ့်ဦးလေး ကိုချစ်တိုးကွ....၊ ဟား-ဟား"

ကိုချစ်တိုးက နွယ့်ကို တောင်းပန်၏။

"ကဲ....ဒါဖြင့် ပြန်ကြရအောင်နွယ်ရာ....၊ ဟုတ်လား...."

"အင်းပါ....ပြန်မှာပေါ့...."

မလေးနွယ်က သက်ခိုင်ဘက်သို့ လှည့်ကြည့်ပြီး နှုတ်ဆက်သည်။

"မောင်လေးရေ....၊ မမနွယ်ပြန်တော့မယ်....၊ မောင်ရေ.... ဒို့ဗမာ....ဟေ့...."


သက်ခိုင်ကလည်း သူ့ညာဘက် လက်ကလေးကို လက်သီးဆုပ်မြှောက်ကာ တုန့်ပြန်၏။

"ဒို့ဗမာဟေ့....၊ သခင်မျိုးဟေ့....ဒို့ဗမာ...."

မလေးနွယ်သည် မသိမသာလေးငိုင်သွား၏၊ ကိုချစ်တိုးကလည်း ပါးစပ်ဟကာ ငေးကြည့်မိ၏။

မာန်နှင့်မြှောက်ပြထားသော သက်ခိုင်၏ညာလက်....လက်ကောက်ဝတ်တွင် သွေးတို့ ရွှဲရွှဲစိုနေလေသည်တကား....။

× × ×



အခန်း-၁၄

## သည်လင်....သည်သား

နှစ်ထောင်မျှသော အလုပ်သမားဦးရေပါဝင်သည့်ခြေလျင်သပိတ်တပ်ကြီး ရေနံမြေမှ ချီတက်ထွက်ခွာသွားသော **သတင်း**သည် သာယာဝတီ လယ်သမားသူပုန်ကြီးကဲ့သို့ပင် တပြည်လုံးကို သိမ့်သိမ့်တုန်သွားစေ၏၊ အင်္ဂလိပ်နယ်ချဲ့ အရင်းရှင်တို့နှင့် သင်းရို့၏ရုပ်သေး ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရကိုလည်း ခြေမကိုင်မိ- လက်မကိုင်မိဖြစ်အောင် ယောက်ယက်ခပ်တုန်လှုပ်ချောက်ချားသွားစေ၏။

လက်နက်အင်အားချင်းမယှဉ်သာအောင်ကွာခြားလွန်လွန်းလှသည်ဖြစ်၍တကြောင်း၊ နိုင်ငံရေးသဘောတရားပြည့်ဝသည့်စံနစ်ကျသော ခေါင်းဆောင်မှုနှင့် စည်းရုံးမှုကင်းမဲ့သည်ဖြစ်၍တကြောင်း၊ သတ္တိအရာ၌ပြောင်မြောက်ခဲ့လင့်ကစား သာယာဝတီ လယ်သမား သူပုန်ကြီးသည် ပြိုကွဲခဲ့ရသည်၊ ပြိုကွဲပင်ပြိုကွဲခဲ့ရသော်လည်း မြန်မာတောင်သူ လယ်သမားတို့သည် အခဲကြေ၊ မာန်ကိုမချ၊ အခါကောင်းကို စောင့်နေမှန်း.... နေမဝင်သော အင်ပါယာကြီး၏သခင်၊ ဥာဏ်ကြီးရှင်တို့ ကောင်းကောင်းသိကြသည်။

ယခုမူ....မကြုံစဖူး ထူးကဲသော အလုပ်သမားအုံကြွမှုကြီးကား... စခဲ့လေပြီ၊ သူတို့ကား.... လက်နက်မဲ့- ရိက္ခာမဲ့သော်လည်း စည်းကမ်းကားမမဲ့....၊ နိုင်ငံရေးသဘောတရားနှင့် ယုံကြည်မှုလည်းမမဲ့....။

သူတို့ကိုခေါင်းဆောင်မှုပေးနေသော ဒို့ဗမာအစည်းအရုံး၏ ဒို့ဗမာသီချင်းမှ........ "အရှေ့က နေဝန်းထွက်သည့်ပမာ၊ ဒို့ခေတ်ကိုတော့ရောက်ရမည်မလွဲပါ...."ဟူသော စာပုဒ်သည် သူတို့၏ နိုင်ငံရေးသဘောတရားနှင့် ယုံကြည်မှုကို ရောင်ပြန်ဟပ်- ပဲ့တင်ထပ်ထားသည်၊ ရောက်ရမည်မလွဲဟုသူတို့ယုံကြည်ထားသော "ဒို့ခေတ်"ဟူသည်ကား....သူတို့၏ခေတ်....၊အလုပ်သမားတို့၏ခေတ်....၊ အလုပ်လုပ်သော လူတိုင်း လူတိုင်း၏ခေတ်....၊ထိုခေတ်ကြီးရောက်သောအခါ၌ ယနေ့ သူတို့တတွေသည် ရှိချင်မှ ရှိပေတော့မည်၊ မရှိတော့စေ....သူတို့မှ မည်မဟုတ်၊ သူတို့၏စေတနာကား.... သမိုင်းပေးတာဝန်ကို ကျေပွန်ရေးသာဖြစ်၏၊ ထို့ကြောင့်လည်း သူတို့သီချင်းက သစ္စာစကားကိုဆိုသည်။

**"နောင်လာနောင်သား ကောင်းစားဘို့ရာ....၊ ဒို့ကိုယ်ကျိုးလုံးလုံးမပါ...."**

ဤနိုင်ငံရေးသဘောတရား၊ ဤယုံကြည်မှု၊ ဤစေတနာတို့ကြောင့် သူတို့သည် အငယ်ခံကာ,လနှင့်ချီ သပိတ်မှောက်ခဲ့သည်၊ ချောက်မှသည်.... ရန်ကုန်တည်းဟူသော မိုင် ၄၀၀–ကျော်ခရီးကို ခြေလျင်ရှောက်ဆန္ဒပြကြသည်။

သူတို့၏ခြေလျင်ရှောက်မှုကား.... ပထဝီမြေပြင်၌ ခြေနှင့် ရွေ့ရှားသွားသော သာမာန်ရှောက်မှုမဟုတ်....။

**ပန်းဝါ**မှသည် **ရန္တပို**အထိချီခဲ့သော မဟာဗန္ဓုလ၏ရှေးပြေးနယ်ချဲ့ ဆန့်ကျင်ရေး မြန်မာတိုင်းရင်းသားများ၊ **အလံတောင်**မှသည် ရှမ်းပြည်တောင်ပိုင်း **ယောက်စောက်**အထိချီခဲ့သောဆရာစံ၏ တောင်သူလယ်သမားသူပုန်များ....၊ထိုအာဇာ



နည်းများနည်းတူသမိုင်းမြေပြင်ထက်လွတ်မြောက်ရေးလှုပ်ရှားမှုခြေရာထင်အောင် ရွေ့ရှားပြသော ပြည်သူ့တိုးတက်မှု ခြေလှမ်းများသာဖြစ်လေသတည်း။

ဤမြန်မာ့ပထဝီမြေပြင်ပေါ်....သူတို့၏ ခြေသံတို့ပဲ့တင်ထပ်လေသောအခါ သူတို့၏ညီအကိုနောင်ရင်း တောင်သူလယ်သမားကြီးများကလည်း အဆုံးမသတ်ခဲ့ရသော သမိုင်းဇာတ်ကိုအောင်ခြင်းအမြတ်နှင့် ပိုင်းဖြတ်နိုင်ရန် ဖြိုင်ဖြိုင်ထကြတော့၏။

မကွေးတိုင်း ရေနံမြေမှ ချီတက်လာသော အလုပ်သမားတပ်ကြီးနှင့် ရန်ကုန်တွင် အချိန်မီပူးပေါင်းမိနိုင်ရန် ပဲခူးတိုင်းလယ်ယာမြေမှ တောင်သူလယ်သမားတပ်ကြီးကလည်း တခဲနက်ချီတက်ရန် စီစဉ်သည့်သတင်းများလည်း ပေါက်ကြားလာကုန်၏....။

ထိုအခါ....သစ္စာလေးပါး တရားရှာရန် တောထွက်သော သိဒ္ဓတ္တကုမာရအား.... အနော်မာသောင် မကူးမီမီ....တားဆီးရန်အားထုတ်သော မာန်နတ်မင်းကဲ့သို့ နယ်ချဲ့သမားနှင့်လက်ပါးစေတို့သည် ရေနံမြေသပိတ်တပ်ကြီး မကွေးမှ မကျော်နိုင်ရန် အစွမ်းကုန် အားထုတ်လေတော့၏....။

သပိတ်တပ်ကြီး၏ဗိုလ်ချုပ်ကြီးအာဠာဝကသခင်ဖိုးလှကြီးအမှူးပြုသော လူခေါင်းဆောင်များကိုရင်း၊ ဦးဝါယမဦးဓမ္မ အမှူးပြုသော ရဟန်းခေါင်းဆောင် များကိုရင်း..., မကွေးအရေးပိုင်ကပုဒ်မ ၁၄၄-ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၀၇၊ ၁၀၈ တို့အရဖမ်းဆီးချုပ်နှောင်လိုက်သည်၊ သပိတ်တပ်ကြီးကိုလည်း လှံစွပ်တတ်သေနပ်ကိုင်စစ်တပ်၊ မြင်းတပ်၊ ပုလိပ်တပ်တို့နှင့်ဝိုင်းထားလိုက်၏....။

ဤသတင်းသည်တပြည်လုံး သို့မပျံ့နိုင်မီမကွေးမှ မိုင်သုံးဆယ်သာဝေးသောရေနံချောင်းမြို့ဆီသို့ တောမီးပမာပျံ့နှံ့သွားသည်။

ရေနံချောင်း တမြို့လုံး၌ စိုးရိမ်ကြောင့်ကြမှု လွှမ်းသွားသည်၊ ဒေါ်သလည်းထွက်ကြသည်၊ သပိတ်တပ်ကြီး မပြိုကွဲသွားရန် ကူညီရေးအတွက် စီစဥ်ပြင်ဆင်မှုများလည်းလုပ်ကြ၏။

ထိုတညာ၌....ဘေးမဲ့ချောင်းပေါ်တွင် နတ္တော်၏ဆောင်းညငွေလရောင်သည် ရွှန်းရွှန်းမြမြအေးအေးကြည်ကြည်ကျဆင်းသက်ရောက်နေ၏....။

ရေနံချောင်း၏ ဆောင်းညများသည် အရိုး စိမ့်အောင်ခိုက်ခိုက်တုန်မျှ ချမ်းအေးလှ၏....။

သက်ခိုင်၏အမေ၊ မလေးနွယ်၏ ဒေါ်လေးသက်သက်သည်အကြော်ဖို၌အလုပ်များနေ၏....။

သက်သက်သည်.... ညပိုင်း၌ အကြော်မကြော်၊ နံနက်မုန့်ဟင်းခါးရောင်းရန်အတွက်သာပြင်ဆင်သည်။

မုန့်ဟင်းခါးကို စားသူများအတွက် တပန်းကန်နှစ်ပြားမျှ ပေးဝယ်စားရသဖြင့် လွယ်ကောင်းလွယ်ပေမည်၊....၊ချက်ရောင်းရသူအတွက်မူ.... မသက်သာ၊ လက်ဝင်လေလှသည်....။

ညဦးပိုင်းတွင် သက်သက်သည် ဆီချက်၏၊ ဆီနှစ်မျိုးချက်သည်၊ ကြက်သွန်ဖြူ.... ကြက်သွန်နီသတ်သော ဆီကျက်ကတမျိုး....၊ နံ့နွှင်းအုပ်ရသည်၊ ငရုပ်သီးဆီပြန်သော.... ဆီကျက်နီကတမျိုး....၊ပုစွန်ဆီသို့ အရောင်လှရသည်၊ ငန်ပြာရည်ကျို



ရသည်၊ ဆိုင်မှဝယ်လာသောငန်ပြာရည်ကို ဆားထိုးရေရောကာကျိုရသည်၊ အများကြိုက်သလို စားသုံးနိုင်ရန်....ဟင်းကိုပေါ့ပေါ့ချက်ထားသဖြင့် ငန်ပြာရည်ကလိုသည်၊ ဝယ်စားသူများက....ဆီချက်တွန့်တိုလျှင် ခွင့်လွှတ်နိုင်သော်လည်း ငန်ပြာရည်ကိုမူဖေါဖေါပေးမှ ကြိုက်သည်၊ ငန်ပြာရည်မည်းမျှထည့်ထည့်....ဟင်း၌ ငါးအခပ်များပါမှချိုသည်၊ သို့ရာတွင်....သူတို့က ငန်ပြာရည်တောင်းလျှင် တွန့်တို၍မဖြစ်....၊ မကွေးရေနံချောင်းအရပ်မှာ....ငါးပိငန်ပြာရည်ရှား၍ ဈေးကြီးသည်၊ ထိုကြောင့် သက်သက်က ငန်ပြာရည်ကိုဆားထိုးပြီး ရေရောကျိုထားရ၏....။

ငရုပ်သီးမှုန့်ကိုလည်း ကိုယ်တိုင်လှော်ရ၏၊ ဈေးတွင်းမှငရုပ်သီးမှုန့်ကို အလွယ်တကူဝယ်လျှင်ရသော်လည်း မညက်လည်းမညက်သည့်ပြင်.... ဖလံဖြူ များလည်း ပါတတ်သေးသည်၊ ကုလားမများရောင်းသော ငရုပ်ခြောက်မှုန့် အစိမ်းထောင်းကိုဝယ်ပြန်လျှင်လည်း ဆေးဆိုးထားသော ဆန်မှုန့်များ ရောပါလာတတ်သည်၊ တဖန်....ငရုပ်ခြောက်မှုန့် အစိမ်းထောင်းသည်ဝမ်းနာတတ်သည်ဆိုကာ....စားသူများက မကြိုက်လှ....၊သက်သက်သည် ငရုပ်သီးကိုဖလံဖြူမပါစေဘဲ ရွေးပြီး....အိုးကင်းတွင် ဆီမစိုမပို့ထည့်၍ သင်းနေအောင်လှော်သည်။

မုန့်ဟင်းခါးတွင်မပါမပြီးသည်မှာ....ငှက်ပျောအူဖြစ်သည်၊ ငှက်ပျောပင်ပွား ပေါက်စများမှ အူ တိုင် ရရန် မှာ လွယ်လည်းလွယ်သည်၊ ပေါလည်းပေါသည်၊ သို့ရာတွင်....ငှက်ပျောအူတိုင်နှသည် အချက်မခံ၊ ပျော့တတ်သည်၊ မုန့်ဟင်းခါးစားသူက....ငှက်ပျောအူတိုင်ကို ကြွပ်ကြွပ်မာမာ စားချင်ကြ

သည်၊ ပို၍ဆိုးသည်မှာ....ငှက်ပျောအူတိုင်နူနူသည် ဟင်းကိုခါးစေ၍....အရောင်ကိုလည်း မဲစေတတ်သည်၊ အသီး အခိုင်ခုတ်ပြီး၍ကျန်ရစ်သော ငှက်ပျောပင်ကြီးမှ အူတိုင်သည် အသင့်လျော်ဆုံးဖြစ်၏၊ သက်သက်၏ ချစ်လှ စွာသောသား- သက်ခိုင်သည်ငှက်ပျောအူတိုင်ကောင်းကောင်းကိုရှာပေးနိုင်စွမ်းရှိသည်။

ငှက်ပျောအူတိုင်ကဲ့သို့ပင် မုန့်ဟင်းခါးဟင်းတွင် မပါမဖြစ်သော အရာကား....ကြက်သွန် ဥကြီး ဖြစ်သည်၊ ဟင်း ရည်မှ ဆယ်ပေးလိုက်လျှင် ကြက်သွန်ဥပါသွားရမည်၊ ဤကြက်သွန်ဥသည် နူးညံ့ ပျော့ပျောင်းနေရမည်၊ ငြီးစော်လည်း မနံစေရ၊ ရောင်းသူဘက်မှကြည့်ပြန်လျှင်လည်း တပန်းကန်....တဥ မပေးနိုင်၊ ထို့ကြောင့်ဟင်းချက်စဉ်ကတည်းက ကြက်သွန် ဥကို နူးညံ့ ပျော့ပျောင်းအောင်၊ ငြီးစော်မနံအောင် တပန်းကန်တွင် ကြက်သွန်ဥ တလွှာနှစ်လွှာပါနိုင်အောင် သတိထားချက်ရသည်။

ငါးကိုမူ ငါးခူရရ၊ ငါးကျည်းရရ၊ ငါးရံ့ ရရ၊ ငါးဖယ်ရရ၊ ရသည်ကိုဝယ်ရ၏၊ သက်သက်က ငါးခူနှင့် ငါးကျည်းကိုသာ ဦးစားပေးသည်။

ငါးကိုပြုတ်ထားရ၏၊ အသားများ နူးသော်....အရိုး နွှင်ပြီး အသားချည်းထွင်ယူရ၏။

ဟင်းချက် ခါနီး၌....ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နံနွင်း၊ ဂျင်း တို့ကို ဆီသတ်ပြီး ငါး အသားများကို ထည့်ရ၏၊ ငါးပိရေကျိုလေးကိုလည်း ဖျော်ထည့် ပေးရ၏၊ ငါးပိ ရေကျိုသည် ဟင်းကိုမြမြစိမ်းစေကာ အနံ့ကိုလည်းမွှေးစေ၏၊ ထိုနောက်....ပဲမှုန့်ကိုရေဖျော်ထည့်ပေးရသည်။



သက်သက်၏ မုန့်ဟင်းခါး ချက်နည်းမှာ ရေနံ ချောင်း မုန့်ဟင်းခါးချက်နည်းမဟုတ်ပါ၊ သုံးဆယ်မြို့အထက်....ပေါင်းတည်၊ ရွှေတောင်၊ ပြည်၊ အာလံ၊ တောင်တွင်း၊ မကွေး၊ ရေနံချောင်း ဤမြို့များမှ မုန့်ဟင်းခါး ချက်နည်းမဟုတ်ပါ၊ မိတ္ထီလာ၊ ကူမဲ၊ ကျောက်ဆည်၊ မန္တလေး၊ မြို့များမှ မုန့်ဟင်းခါးချက်နည်းလည်း မဟုတ်ပါ။

သက်သက်က သူ့မုန့်ဟင်းခါးကို ရန်ကုန် မုန့်ဟင်းခါးဟုနာမည် ပေးထားသည်၊ ရွှေဘုံသာ ရပ်ကွက်တွင်....တွင်းစားသူဌေးသမီးဘဝ၌ နေခဲ့ရစဉ်က တတ်ခဲ့သော ပညာဖြစ်သည်၊ ထိုစဉ်ကမူ ကောင်းနိုးရာရာကို အပျော်ချက်ပြုတ်စားခဲ့ ရဘူး၏။

ရန်ကုန်မုန့်ဟင်းခါးအစစ်မှာ ဆီကျက် ဆမ်းမပေး၊ ဟင်းအိုးကြီးကို ဖွင့်လိုက်လျှင်ပင်....ဟင်းရည် မျက်နှာပြင်ပေါ်၌....ပုစွန်ဆီသွေးငရုပ်ဆီများ ဝေ့ပြီးဖြစ်နေ၏။

သက်သက်၏မုန့်ဟင်းခါးစား ပရိသတ် များက မုန့်ဟင်းခါးပန်းကန်တွင်းသို့ရောက်ပြီးမှ ဆီကျက် လောင်းပေး သည်ကိုကြိုက်ကြသည်၊ ထို့ကြောင့် သက်သက်က ဆီကျက်ကို သီးသန့်ချက်ထားရ၏။

ဘဲဥလည်း ပြုတ်ရသည်၊ နံနံပင်ကိုလည်း လှီးထား ရသည်၊ သံပုရာသီးကိုလည်းစိတ်ထားရ၏။

ဤအလုပ်များကိုသက်သက်သည် တဦး တည်းသော သားသက်ခိုင်၏အကူအညီနှင့်လုပ်ရ၏။

သက်သက်သည် ဆီကျက်ချက်ခြင်း၊ ငန်ပြာရည် ကျိုခြင်း၊ ငရုပ်သီးလှော်ခြင်း၊ ငါးပြုတ်ခြင်း၊ ဘဲဥပြုတ်ခြင်း၊ နံနံ ပင် လှီးခြင်း၊ စသည်တို့ကို ဤချောင်းဘေးရှိ တဲငယ်တွင် ညဉ့်ဦးပိုင်း၌

အပြီးလုပ်သည်၊ မုန့်ဟင်းခါးဟင်းကိုမူ နံနက် စောစောကျမှ နေထိုင်သောတန်းလျားတွင် အပြီးသတ်ချက်ရ၏၊ နံနက် ဝေလီဝေလင်း၌ သက်သက်က ဟင်းအိုးတည်နေစဉ် သက်ခိုင်က ဘေးမဲ့ရွာတွင်းရှိ မုန့်ဟင်းခါးဖိုမှ မုန့်ဟင်းခါး စိမ်းကို တောင်းလေးတခုနှင့် သွားထမ်းယူရသည်၊ သက်ခိုင် ပြန်ရောက်လာချိန်တွင် ဟင်းလည်းကျက်၍သက်သက်လည်းရေမိုးချိုး သနပ်ခါး ဘဲကျား လိမ်းပြီး ဖြစ်နေသည်၊ နေထွက် တပြူ တွင် သက်သက် မုန့်ရောင်း ထွက်သောအခါ သက်ခိုင်က အိမ်တွင် ကျန်ရစ်ပြီး နေ့လယ်ပိုင်း၌ အကြော်ကြော် နိုင်ရန် စီစဉ် ထားရ၏။

ဤကား....သမုဒ္ဒရာ ဝမ်း တထွာ အတွက် သက် သက် တို့ သားအမိ၏ မပျက်ရသော နိစ္စဓူဝတည်း။

ဤနိစ္စဓူဝအတိုင်း ယခုညဦး၌လည်း သက်သက်သည် ဘေးမဲ့ ချောင်းဘေး တဲငယ်တွင် အလုပ် များနေ၏၊ ခါတိုင်း ဆို လျှင်ပင်ပန်းသည် မှန်သော်လည်း သက်သက်သည် ပျော်ပျော် ရွှင်ရွှင်ရှိမြဲတည်း၊ လုပ်ရင်းကိုင်ရင်း တေးသီချင်း လေးများ ကိုပင် ညည်းနေတတ်သည်၊ ယခုည၌မူ သက်သက်၏စိတ်သည် မပျော်ရွှင်၊ သီချင်းလည်း မညည်းနိုင်....။

သက်သက်၏ စိတ်များက မကွေးမြို့ဆီ ရောက်နေ၏၊ ရင်တွင်းနှင့်လည်ချောင်းတွင်းဝယ် ဆို့နင့်နင့် ဖြစ်နေသောကြောင့် သီချင်း မညည်းနိုင်ပါ....။

သက်သက်သည် လုပ်နေကျ အလုပ်များကို နာမ်မဲ့သော စက်ရုပ် ကဲ့သို့ လုပ်နေရ၏။



သက်ခိုင်သည်လည်း သူလာနေကျ လမ်းလေး အတိုင်း ထင်းစည်းလေးတစည်းကို ထမ်းပြီး အကြော်ဖိုဆီ လျှောက် လာ၏၊ သို့သော် ဆိုနေကျ သီချင်းလေးကိုမဆို၊ ဆိတ်ဆိတ် ငြိမ်ငြိမ် သာလျှင် တည်း....။

သက်ခိုင်က ထင်းစည်းလေးကို မြေပေါ်၌ ချလိုက်ပြီးသော အခါမှ သက်သက်က စကားဆိုသည်။

"ဒီတစည်းဆိုရင် လောက်ပါပြီသားရေ....၊ ထပ်မသယ်နဲ့တော့....၊ ဒါထက် သားလက်ကဘယ့်နှယ်နေသေးသလဲ...."

"နဲနဲလေးဘဲနာနေတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူးမေမေ"

သက်ခိုင်သည် မိခင်ကိုညာလိုက်ရခြင်းသာဖြစ်သည်၊အမှန်မှာ သူ့လက်မှ ခွေးကိုက်ခံထားရသောဒဏ်ရာများသည်ကိုက်ခဲနာကျင်နေ၏၊ တကိုယ်လုံးမှာ ပူသလို ချမ်းသလိုနှင့် တဖိန်းဖိန်းတဖျဉ်းဖျဉ်း ဖြစ်နေသည်၊ စုပ် ကျဲ့ စုပ်ဖို့ရုပ်လက်တို ကလေးကိုသာဝတ်ထားရသောကြောင့် ဆောင်းည၏အအေး ဒဏ်ကိုလည်း ခံစားနေရသည်၊ ဆောင်းည၏အအေးဒဏ်ကိုမူ သက်ခိုင်သည်ခံစားနေကျဖြစ်သောကြောင့် မမှုလှ၊ ဤအအေး ဒဏ်သည် အရေပြားအောက်နက်နက်မသွား၊ ဆောင့်ကြောင့် လေးထိုင်ပြီး ပုဆိုးခြုံ၍ ငြိမ်ငြိမ်လေးနေလိုက်လျှင် နေသာ ခံသာရှိသည်၊ ယခုမူ အသား၊ အသွေး၊ အရိုးများထဲမှ စိမ့်၍ စိမ့်၍ချမ်းလာနေသည်၊ ချမ်းလာပြီးနောက် ပူတူတူဖြစ်လာပြန်သည်၊ အထူးသဖြင့် မျက်လုံးများနှင့် ပါးစပ်တွင်းကပူလှ သည်၊ လည်ချောင်းကလည်းခြောက်နေ၏။

သက်သက်ကမူ သက်ခိုင်၏စကားကို ယုံကြည်လက်ခံလိုက်

ပြီး "သားဆာရင် ထမင်းစားတော့လေ....၊မေမေတော့ အိမ်ရောက်မှစားတော့မယ်"ဟုဆိုသည်။

နေမကောင်းလှသော်လည်း သက်ခိုင်က ဆာလောင်နေသည်၊ ထိုကြောင့် သူ့မိခင်ကခွင့်ပြုသောအခါ ညစာ ထမင်းစားရန်ပြင်သည်။

သက်ခိုင်သည် သံပန်းကန်ပြားတချပ်ကို ယူသည်၊ အပြင်ဘက်၌ မီးခိုးမှိုင်းတို့နှင့် မဲတူနေသောဒန်အိုးငယ်ကို ဖွင့်သည်၊ ပြီးမှ....လက်မဆေးရသေးကြောင်း သတိရသောကြောင့် လက်ထဆေးသည်၊ လက်ဆေးပြီးမှ ဒန်အိုးငယ်ကို ပြန်ဖွင့်ကာ အတွင်းမှထမင်းကိုနှိုက်ခူးသည်၊ ထမင်းတဆုပ်ကိုထမင်းအိုးထဲတွင်ပင် မိခင်အတွက်ဦးချထားလိုက်၍ ပန်းကန်တွင်း သို့မိမိအတွက် ထမင်းဆက်ထည့်သည်။

သက်ခိုင်က ထမင်းပန်းကန်ကို လှမ်းပေးသောအခါ သက်သက်က ဖိုပေါ်ရှိအိုးတွင်း၌ ဆူစပြုနေသောငါးပြုတ်ရေတဇွန်းဆမ်းပေးသည်။

သက်ခိုင်သည် ငါးပြုတ်ရည်ဆမ်းထားသော ထမင်းထက် ငရုပ်သီးမှုန့်ဖြူးပြီး နှံ့အောင်နယ်၏၊ ထိုနောက် နံနံပင်နှစ်ခက်ကိုရင်း၊ စကာတွင်း၌ညနေကချန်ထားသော ပဲလုံးကြော်နှစ်ချပ်ကိုရင်း၊ သံပုရာသီးတစိတ်ကိုရင်း ယူပြီး မီးဖိုနားကပ်ကာ ထမင်းစစား၏။

သက်သက်က ကြင်နာစွာမေး၏။

"သား....ဘဲဥပြုတ် စားအုံးမလား....၊ မေမေတခြမ်းပေးမယ်လေ...."

"တော်ဘီမေမေ၊ ကျွန်တော် ဘဲဥပြုတ် မစားချင်ပါဘူး၊



ဆီကျက်တော့ တဇွန်းဆမ်းပေးပါ၊ငန်ပြာရည်လဲ တဇွန်းဆမ်းပေးနော်....မေမေ"

သက်သက်က သားတောင်းသမျှကိုပေးသည်။

စင်စစ်....သက်သက်သည် သားကိုဘဲဥပြုတ်တခြမ်း အမှန်ပေးလိုသည်၊ သက်ခိုင်ကလည်း တခြမ်းမဟုတ်....တလုံးစားချင်သည်၊ သို့ရာတွင် ဘဲဥပြုတ်တခြမ်း၊ တလုံး၏တန်ဘိုးကိုသက်ခိုင်သိသည်၊ ထိုကြောင့် မစား....၊သူပင်ပန်းလွန်း၍ စားလည်းစားချင်လှလွန်း၍ တခါတရံသကြားလုံး နှစ်ပြားဘိုးဝယ်စားသည်အား ခွင့်ပြုသည့်အတွက် မေမေ့ကိုသူကျေးဇူးတင်လှပါပြီ၊ မမနွယ်လာခေါ်တိုင်း ကားခတမတ် ထုတ်ပေးသောကြောင့်လည်း ထပ်မံအထူးကျေးဇူး တင်လှပါပြီ၊ သားအမိနှစ်ယောက် နေ့ရော....ညရော လုပ်ကြမှ.... စားစားသောက်သောက်ဖြင့် တနေ့လျှင် တကျပ်.... တကျပ်ခွဲသာ မြတ်သည့်အကြောင်းကို သက်ခိုင် ကောင်းကောင်းသိပြီးဖြစ်၏၊ ထိုကြောင့်လည်း ဘဲဥပြုတ်ကိုသူမစား....။

သက်ခိုင်သည် ထမင်းကိုဆက်စားသည်၊ ခါတိုင်းဆိုလျှင် ဘာနှင့်စားရစားရ ထမင်းမြိန်ရိုးဖြစ်သည်၊ ယနေ့ည၌မူမမြိန်၊ ငရုပ်သီးကလည်းမစပ်၊ငန်ပြာရည်ကလည်းမငန်၊ သံပုရာသီးကလည်းမချဉ်။

သက်ခိုင်သည် သူ့ကိုယ်သူ ဖျားချင်နေမှန်းသိနေ၏။

ထမင်းတပန်းကန် ကုန်သောအခါထပ်မထဲ့တော့ဘဲ သက်ခိုင်က ပန်းကန်လည်းဆေး၍ လက်လည်းဆေးသည်၊ လက်ကိုထင်းပုံပေါ်ရှိ လက်နှီးနှင့်သုတ်ပြီးမေး၏။

"ကျွန်တော်ဘာလုပ်ပေးရအုံးမလဲ မေမေ...."

"နုံနုံပင်လှုီးစရာဘဲကျန်တော့တယ်၊ ဒါပေမဲ့...သားနား တော့လေ....၊မေမေဘဲဆက်လုပ်လိုက်တော့မယ်...."

"ကိစ္စမရှိပါဘူးမေမေ၊ ကျွန်တော်လှုီးလိုက်ပါ့မယ်"

သက်ခိုင်သည် မီးဖိုနားၗပင်ကပ်ထိုင်ပြီး နုံနုံပင်လှုီးပေး၏၊ နုံနုံပင်လှုီးနေစဉ် သူ့မိခင်သည် ယနေ့ညၗ အထူးနှုတ်နည်းဆိတ်ငြိမ်နေကြောင်း သက်ခိုင်သတိပြုမိ၏၊ ဘာကြောင့် နှုတ်နည်းဆိတ်ငြိမ်နေကြောင်းကိုလည်း ရိပ်မိသည်၊ သူ့ရင်ဟာင်းၗပင် စိုးရိမ်ပူပန်မှုများ ရှိနေသည် မဟုတ်ပါလော....၊ နောက်ဆုံးတွင် သက်ခိုင်ကမနေနိုင်တော့ဘဲ ဖွင့်မေး၏။

"မေမေ....၊သခင်ဖိုးလှကြီးတို့ကို သူတို့ကဖမ်းပြီးတော့ ဖေဖေတို့ကိုပါ ဖမ်းကြအုံးမှာလား...."

သက်သက်မဖြေချင်သော မေးခွန်းကိုမှ သက်ခိုင်သည်မေးဘိသည်၊ သက်သက်ကိုယ်ၗကလည်း ဤသို့ပင် စိုးရိမ်နေသည်၊ ယခုသက်ခိုင်ကမေးသောအခါ စိုးရိမ်စိတ်က ပိုကြီးလာသည်။

အတန်ကြာသည့်တိုင်အောင် သက်သက်ထံမှ အဖြေပေါ် မလာသောအခါ သက်ခိုင်ကသူ့မေးခွန်းကို သူပြန်ဖြေသည်။

"အင်းလေ....သူတို့ကဖမ်းကြမှာဘဲ၊ ဖေဖေတို့ကလဲ တဗိုလ်ကျရင် တဗိုလ်တက်မှာဘဲတဲ့၊ ဖမ်းလိုက်.... တက်လိုက်.... တက်လိုက်....ဖမ်းလိုက်.... အဲဒီလိုနေမှာဘဲ....၊ နော်....မေမေ...."

သက်သက်သည် စိတ်မာန်ကိုတင်းလိုက်သည်၊ သားဖြစ်သူ အားရှိအောင်လည်း ကြိုးစားပြုံးပြီးဖြေသည်။

"အဲဒီလိုနေမှာပေါ့သားရဲ့၊ ဖမ်းလဲဘာဖြစ်လဲ၊ မိန်းမတွေ တောင်အဖမ်းခံရဲသေးဒါ၊ သား လဲသိ သားဘဲ၊ အမေကမွေး



ထောင်ကကျွေးသတဲ့၊ လာမဲ့ဘေးလဲ ပြေးတွေ့ရမယ်.... တဲ့၊ မဟုတ်ဘူးလား"

သက်ခိုင်က သူ့မိခင် ပြောသည်ကို သဘောတူကြောင်း ခေါင်းညိတ်ပြပြီး နုံနုံပင်ဆက်လှီးနေ၏။

သက်သက်သည် လင်ဖြစ်သူအဖမ်းခံရမည်ကို အထူးမစိုးရိမ်မိ၊ သို့ရာတွင် လှံစွပ်တပ်သေနတ်ကိုင် စစ်သား များ၊ ပုလိပ်သားများနှင့် မြင်းတပ်ကြီးက သပိတ်တပ်ကြီးကို ဝိုင်းထားသည်ဆိုခြင်းကြောင့်မူ ပူပန်မိသည်မှာ အမှန်ဖြစ်သည်၊ ဤနယ်ချဲ့လက်ပါးစေများသည် မိန်းမသားများကိုပင် မညှာမတာ ရက်စက်တတ်ကြောင်းကို ရေနံချောင်းၗ သပိတ်တားစဉ်က မျက်မြင်ကိုယ်တွေ့ကြုံဘူးသည်၊ ယခုတကြိမ်ဖြစ်လျှင် ပို၍ပြင်းထန်ဘို့များသည်၊ ချစ်လင်ဖြစ်သူ သွေးထွက်သံယိုနှင့် ဒဏ်ရာအနာတရဖြစ်မည်ကို သက်သက်သည် မိန်းမသားပီပီ ပူမိရှာ၏။

မိမိ၏ပူပန်မှုသည် သားဆီမကူးမိသက်သက်ကအာရုံပြောင်း လွှဲသွားရန် စကားလှီးလွှဲဆို၏။

"ဩော်--သားရေ--ညနေက နွယ်ဒီကိုမလာဘူး၊ သူ့အိမ်ကတားထားလို့နဲ့ တူတယ်...."

"မဟုတ်ဘူးမေမေ....၊ သူ့အိမ်က ဘယ်လောက်တားတား မမနွယ်က ကျွန်တော်တို့ဆီ မရောက်ရောက်အောင် ကြံဖန်လာတတ်ပါတယ်၊ မမနွယ်က အားကြီးဉာဏ်ကောင်းတယ်၊ အခုမလာဒါက မန္တလေးကိုပြန်သွားဘိတဲ့၊ ညနေက ဦးလေးကိုချစ်တိုးနဲ့တွေ့လို့ ပြောပြတယ်...."

"ဩော်-ပြန်သွားဘိလား....၊ ဒါကြောင့်ပေါ်မလာဒါကိုး

အင်းလေ.... နွယ်တယောက်ကတော့ သနားပါတယ်၊ မေမေတို့ကိုသူက တကယ်ချစ်ရှာတယ်ကွယ်။

"သူတို့အိမ်ကကျန်တဲ့ လူတွေကတော့ ကျွန်တော်တို့ကို ဘာပြုလို့ မုန်းကြရဒါလဲ...."

သက်သက်၏မျက်နှာသည် ညှိုးနွမ်းသွားပြီး ဖြေးဖြေးလေးလေးဖြေ၏။

"သားထင်သလိုမဟုတ်ပါဘူးကွယ်၊ သူတို့ကလဲ မမုန်းကြပါဘူး၊ ကရုဏာဒေါသောနဲ့ စိတ်နာနေကြဒါပါ၊ မေမေကလဲ သူတို့ကိုစိတ်နာဒါပါဘဲ...."

"ကရုဏာဒေါသောဆိုဒါက ဘာလဲမေမေ...."

ဤစကားကို သက်သက်ကအမှတ်မထင် သုံးလိုက်မိသော်လည်း ယခုသက်ခိုင်ကအနက်ဖွင့်ခိုင်းသောအခါ သက်သက်မှာ ရုတ်တရက် မည်သို့ပြန်ဖြေရမှန်းမသိ၊ အတန်ကြာစဉ်းစားပြီးမှ သက်ခိုင် နားလည်နိုင်တန်ကောင်းသော နီးစပ်ရာစကားတလုံးနှင့် အဓိပ္ပာယ်ပေးရ၏။

"ကရုဏာဒေါသော ဆိုဒါက....အချစ်ကြီးလို့ အမျက်ကြီးဒါပေါ့၊ သားဇာတ်တွေထဲမှာ မင်းသားမင်းသမီးတွေ ဒီစကားသုံးဒါ မကြားဘူးဘူးလား...."

"အား....ဟုတ်ပီ....၊ ဆဒ္ဒန်ဆင်မင်းဇာတ်ထဲမှာ ဟိုမိန်းမကဘယ်သူလဲ....၊မိန်းမမဟုတ်ပါဘူးလေ–ဆင်မဟာ–၊မိဘုရားဖြစ်တော့....အစွယ်ဖြတ်ခိုင်းဒါဟာလေ...."

"စူဠသုဘဒ္ဒါ...."

"ဟုတ်တယ်.... ဟုတ်တယ်.... စူဠသုဘဒ္ဒါ၊ အဲဒီမိဘုရားကပြောတယ်၊ အချစ်ကြီးလို့ အမျက်ကြီးဒါတဲ့....၊ အဲဒါ-စိတ်



နာဒါပေါ့၊ ဟုတ်သားဘဲ....၊ မေမေခုနင်ကပြောတဲ့အထဲမှာလဲ စိတ်နာဒါလို့ပါသားဘဲ....၊ ကျွန်တော်ကလဲ ညံ့လိုက်ထာနော်...."

သက်ခိုင်၏ စဉ်းစဉ်းစားစား တွေးတွေးခေါ်ခေါ်ပြောပုံကလေးကြောင့် သက်သက်သည် သဘောကျသွားပြီး ယခုည အတွက်ပထမဆုံးဖြစ်သည့် ရယ်မောခြင်းကိုလိုက်လှဲစွာပြုသည်၊ သို့ရာတွင် သက်ခိုင် ထပ်ဆင့်မေးလိုက်သော စကားကြောင့် သက်သက်၏ရယ်မောခြင်းသည် ရပ်သွားရ၏။

"အင်းလေ–ထားပါတော့၊ သူတို့ကအချစ်ကြီးလို့ အမျက်ကြီးပီးစိတ်နာဒါ၊ သူတို့က ဘယ်သူ့ကို အချစ်ကြီးလို့လဲ မေမေ...."

"မေမေနဲ့သား ဖေဖေကိုပေါ့...."

"မေမေနဲ့ဖေဖေ့ကို၊ မေမေနဲ့ဖေဖေက သူတို့နှာခေါင်းထဲ ခါချဉ်ကောင်တွေ သွားထဲ့လို့လား...."

သက်ခိုင်၏ ကပ်သီးကပ်သပ်နိုင်သောမေးခွန်းကြောင့် သက်သက်မှာ ရင်နင့်လျက်က ရယ်လည်းရယ်ချင်သွားမိသည်။

"ဟုတ်တယ်–မေမေနဲ့ဖေဖေက သူတို့နှာခေါင်းထဲ ခါချဉ်ကောင်တွေသွားထဲ့လို့...."

"တကယ်...."

"ဩော်....သားရယ်....၊ မေမေကရိုးရိုး ဥပမာပြောဒါပါ၊ မေမေတို့က သူတို့မကြိုက်ထာ သွားလုပ်မိလို့ပေါ့"

"မေမေတို့က သူတို့မကြိုက်ထာ ဘာသွားလုပ်မိလို့လဲ"

သက်သက်၏မျက်နှာသည် တည်သွား၏။

"သားနားလည်မှာ မဟုတ်သေးပါဘူး၊ သားကြီးလာမှ မေမေပြောပြမယ်...."

သက်ခိုင်သည် သူ့တုံးစံအတိုင်း မျက်မှောင်ကြုတ်သွား၏၊ သူ့မိခင်၏အဖြေကို မကျေနပ်သောကြောင့်ဖြစ်သည်။

သောခန်းဖြတ်ခြင်း အကြောင်းကို စကားစပ်မိစဉ်ကလည်း မမနွယ်က ဤစကားမျိုးကို ပြောပြခဲ့ဘူးသည်၊ ပြောပြခဲ့ဘူးသည်ဆိုခြင်းမှာ....မမနွယ်က တိုက်ရိုက်ပြောပြခဲ့ခြင်းမှုမဟုတ်၊ မမနွယ်ကိုလည်း မမနွယ်ဖွားဖွားက....မမနွယ်ကြီးလာမှ ပြောပြမည်ဟူသည်ကို ဆိုလိုခြင်းဖြစ်သည်၊....သူတို့လူကြီးတွေက....ကလေးတွေကို အထင်သေးလွန်းအားကြီးသည်၊ ရှင်းပြလျှင်မှု နားလည်ရမည်ပေါ့....၊ယခုဘာမျှ ရှင်းမပြသဖြင့် စိတ်ပိုမိုရှုပ်ထွေးရသည်၊ သို့ရာတွင် မိခင်ဖြစ်နေသောကြောင့် သူမကျေနပ်သည်ကို ဖွင့်ဟဆန္ဒမပြရဲ၊မပြရဲသည်ထက်....မပြချင်၊အခြားသူမေးလိုသည့်အကြောင်းကိုမှုမေးပြန်၏....။

"မေမေ.... မိန်းမတွေဟာ.... စူဠသုဘဒ္ဒါလို....ရက်စက်ထာချည်းဘဲလား...."

"မဟုတ်ပါဘူးသားရယ်....၊မဟာသုဘဒ္ဒါလို မိန်းမတွေလဲ အများကြီးရှိပါတယ်၊ အမယာကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလတို့လိုပေါ့.... အခု.... သားကြည့်လေ....၊ သားဖေဖေလို.... သပိတ်မှောက်ထားတဲ့ယောကျ်ားတွေအများကြီးရှိတယ်၊ လခမရလို့ ဆိုင်တွေကလဲ အကြွေးမပေးတော့.... ထမင်းတောင် နပ်မှန်အောင် ဘယ်လိုစားကြရမှန်းမသိဘူး....ဒါပေမဲ့ ဒို့ရေနံမြေကအလုပ်သမားမိန်းမတွေဟာ.... ဘယ်သူမှမညည်းဘူး၊ ဘယ်သူကမှလဲ.... လင်တွေကို အပြစ်မတင်ဘူး၊ ဒို့ထဲမှာ... စူဠသုဘဒ္ဒါ



တယောက်မှမရှိဘူး၊ မဟာသုဘဒ္ဒါချည်းဘဲ၊အမယာ၊ ကိန္နရီ၊ မဒ္ဒီ၊သမ္ဘူလချည်းဘဲ...."

ဤစကားရပ်များကိုမူ သက်သက်သည်ခန့်ညားတည်ကြည်စွာဖြင့်ပြောသည်၊ ပြောနေမိစဉ်တွင် စောစောက ပူပန်စိတ်များကား ဘယ်ဆီလွင့်ကုန်သည်မသိ....၊သက်ခိုင်ကလည်းသူ့မိခင်စကားပြောပုံမှာ သခင်မများတရားဟောနေပုံနှင့်တူသည်ဟုထင်မိ၏....။

သက်ခိုင်သည် လေသံလျှော့ကာ မိခင်ကို ချော့မော့ရယ်သွမ်းသွေး၍ပြော၏။

"အင်းပါမေမေရာ၊ အဲ....ဟုတ်ကဲ့ပါမေမေရာ....၊အဲဒါ....ကျွန်တော်သိပါတယ်....၊ ဒါထက်မေမေရေ....မမနွယ်ဟာလဲ....မဟာသုဘဒ္ဒါနဲ့တူတယ်ထင်ပါတယ်နော်....၊ဘာပြုလို့လဲ....ဆိုတော့....သူက....မေမေနဲ့ ကျွန်တော်တို့ကိုတကယ်ချစ်ထာကိုး....မဟုတ်ဘူးလား...."

သက်သက်၏ မျက်မှောင်များ မသိမသာတွန့်သွားသည်၊ သက်ခိုင်၏အမေးကို ပြန်ဖြေသံမှာလည်း မသိမသာတုန်နေ၏။

"နွယ့်ကို.... မဟာသုဘဒ္ဒါဘဲ....၊ မေမေ ဖြစ်စေချင်တယ်၊ သားကကော....ဆဒ္ဒန်ဆင်မင်းဖြစ်ချင်လို့လား...."

သက်ခိုင်က ခေါင်းကို သွက်သွက်ခါပြီး ခါးခါးသီးသီးငြင်းသည်။

"မဖြစ်ချင်ပါဘူး....၊မဖြစ်ချင်ပါဘူး၊ အစွယ်ကိုအဖြတ်မခံချင်ပါဘူး၊ နာက နာနဲ့....၊ ကျွန်တော်သာ ဆဒ္ဒန်ဆင်မင်းဆိုရင်....အဲဒီမုဆိုးကိုတခါထဲ မုန့်ပျားသလက်လို.... ပြားသွား

အောင်ခြေနဲ့နင်းသတ်လိုက်မှာ....၊ ဘုရားစု... ကိုယ့်အသား တော့ အနာမခံနိုင်ပေါင်....”

“နို့....သားက ဘာပြုလို့လက်ကိုခွေးအကိုက် ခံရသတုန်း၊ မနာဘူးလား....”

သက်ခိုင်၏မျက်နှာသည် တည်ကြည် တင်းမာသွားသည်၊ မိခင်စိတ်ဆိုးမည်ကြောက်သောကြောင့် အသံကိုမမာစေသော်လည်း မချိုစေလှဘဲပြောသည်။

“အဲဒါကတော့....မမနွယ် အကိုက်ခံရမှာစိုးလို့၊ မမနွယ် နာမှာစိုးလို့....”

သက်သက်ငိုင်ကျသွားသည်၊ သက်ခိုင်၏စကားက သက်သက်၏နှလုံးသားကို နင့်ကနဲနေအောင် ထိခိုက်သွားစေသောကြောင့်ဖြစ်သည်။

“ကဲ....မေမေ၊ နံနံပင်လှီးပြီးသွားဘီ....၊ဘာလုပ်ပေးရအုံးမလဲ....”

“မရှိတော့ပါဘူးသား၊ သားနားတော့လေ...၊အိပ်ချင်လဲ ခဏအိပ်လိုက်ပေါ့၊ မေမေပြီးရင် သားကိုနိုးမယ်....”

သက်ခိုင်သည် ဤတကြိမ်တွင်မူ ဟန်ဆောင်ငြင်းမနေတော့ဘဲ အနားတကယ်ယူ၏။

သူသယ်လာခဲ့သော ထင်းစည်းတွင်းမှ သူ့မိခင်နောက်ထပ်လိုမည့် ထင်းချောင်းများထုတ်ပေးပြီး ကျန်ထင်းချောင်းများကိုပြန်စည်း၍ မြေဦးလှဲလိုက်၏၊ ၎င်းထင်းစည်းထက် သူ့မိခင် ခေါင်းပုလုပ်သောတဘက်ကို တင်လိုက်သည်၊ မြေပြင်၌ထိုင်လိုက်ပြီး ကိုယ်ကိုနောက်လှန်လှဲကာ တဘက်ခုထားသောထင်းစည်းထက် ခေါင်းတင်၍ အနားယူသည်၊ ခြေထောက်များကို



အစွမ်းကုန်ကွေးပြီး ပုဆိုးအထက်စကို လက်နှင့်ဆွဲလျက် ရင်ပတ်နှင့်ပုခုန်းလုံအောင်ခြုံသည်၊ ပုဆိုးအောက်စကိုလည်းခြေချောင်းကလေးများနှင့်မပွင့်မဟအောင် ကုတ်ထိန်းစုစည်းထားရသည်။

အပြင်ဘက်၌ နှင်းမှုန်မှုန်တွင် ငွေလရောင်သည် အေးမြစွာကျဆင်းနေ၏၊ ငွေလရောင်က အေးမြရုံ အေးမြသော်လည်း ဆောင်းညကမူ စက်စက်အေးအောင် ချမ်းနေသည်၊ မြောက်လေတိုးသောအခါ ပို၍ချမ်းသည်။

ညပေါင်းများစွာ ဤသို့ပုဆိုးလေးခြုံလျက် သက်ခိုင်ကွေးခဲ့ဘူးသည်၊ ကွေးလျက် ငြိမ်ငြိမ်လေးနေလျှင် မီးဖိုမှအပူဓာတ်ကလည်း ကူပန့်လေသောကြောင့် အနွေးကြီးမဟုတ်လှစေ....မခံနိုင်အောင်မချမ်း....။

ယခုညမူ သက်ခိုင်သည် စိမ့်၍စိမ့်၍ချမ်းနေသည်၊ အသွေးအသား အရိုးများထဲမှစိမ့်၍စိမ့်၍ချမ်းနေလေသည်။

မီးဖိုမှ မီးလျှံများက နီနီဝါဝါ....ပြာပြာ စိမ်းစိမ်းနှင့် ကသယောင်- ခုန်သယောင်- ရှုန်းသယောင်- မြူးသယောင် လှုပ်ရှားနေကြ၏၊ တခုတည်းသောရေနံဆီမီးတိုင်မှ မီးညွန့်ဝါဝါကလည်း အငြိမ်မနေ ဓွေ့ယမ်းနေ၏၊ မီးညွန့်ဝါဝါက အငြိမ်မနေ ဓွေ့ရမ်းနေလေသောအခါ မီးခိုးမှိုင်း မည်းမည်းကလည်း ပြန့်ပြန့်ဖွာဖွာတဖုံ၊ သေးသေးမျှင်မျှင် တနည်းနှင့် ကွေ့ကွေ့လိမ်လိမ်တခါ၊ တည့်တည့်မတ်မတ်တချီဖြင့် လွင့်ပျံတက်နေ၏။

သက်ခိုင်၏တကိုယ်လုံးက ခိုက်ခိုက်တုန်အောင် ချမ်းနေသော်လည်း မျက်လုံးများကမူ ပူနေ၏၊ မျက်လုံးများကို ဖွင့်

ကြည့်သောအခါ လရောင်သည် ဖြူရာမှဝါကာ နောက်ဆုံး၌ နီလာ၏၊ မိုးကောင်းကင်ပါနီလာပြန်ပြီ....၊ မြေကြီးသည်လည်း နီသာပြန်ပြီ....၊ ပိုးစုန်းကြူးအရာ အထောင်က ဝင်းလိုက်-မှိတ်လိုက်နှင့်ဝင်လာကြသည်၊ သူတို့အားလုံးက ဝါလိုက်....ပြာလိုက်....နီလိုက်နှင့် ဘာလုပ်နေကြသည်မသိ။

ဘာလုပ်နေကြဒါလဲ....၊ သက်ခိုင်က လှမ်းမေးသည်၊ သူ့အသံက ထွက်မလာ၊ သူ့ပါးစပ်နှင့် လည်ချောင်းများက ခြောက်ကပ် နေသည်၊ ကြောက်မက်ဘွယ် ကောင်းအောင် ခြောက်ကပ်နေကြသည်။

မိုးပြင် မဲမဲပြာပြာကြီးကသာ နံရံကြီးတချပ်ပို့သကဲ့သို့ ပြိုကျလာသည်၊ ထိုအခါ အားလုံးပျောက်သွားပြီး အားလုံးတိတ်ဆိတ်ငြိမ်သက်သွားကြ၏။

သက်သက်ကမူ ငါးပြုတ်ရည်အိုးကိုချပြီး ငါးပြုတ်များကို စကာထက်ဆယ်ထည့်နေသည်၊ ငါးပြုတ်ကို အအေးခံထားစဉ် မီးကျန်နှင့် ငန်ပြာရည်ကျို၏။

ငါးပြုတ်သည် လုံးဝမအေးမီ သက်သက်က စကိုင်ကာ အရိုးနှင့်အသားခွဲခြားနွှင်ပစ်နေ၏။

လုပ်နေကျအလုပ်ဖြစ်သောကြောင့် သက်သက်သည် စက်ရုပ်ကဲ့သို့မမှားမယွင်းလုပ်နေနိုင်သော်လည်း သက်သက်၏စိတ်များက လွန်ခဲ့သော ဆယ့်လေးနှစ်ဆီပြန်ရောက်နေ၏။

ထိုစဉ်က ရောဝတီမြစ်ထဲတွင် သက်သက်တို့လှေလှော်နေကြသည်၊ သက်သက်တို့ဆိုသည်မှာ....ကိုကိုကြီး၊ ကိုကိုလေး၊ ကိုစိုးခိုင်နှင့် သက်သက်ကိုယ်တိုင် ဖြစ်ကြသည်။



ကိုကိုကြီးက လှေဦးမှလှော်သည်၊ ကိုကိုကြီးနောက်မှ ကိုကိုလေး၊ ကိုကိုလေးနောက်မှ သက်သက်၊ အားလုံးနောက်ဆုံးမှ လှေပဲ့သူကား ကိုစိုးခိုင်။

ကိုကိုလေးကလှေလှော်ရင်း "လှေလှော်သားမို့ နှပ်ချီးထူသဗျ....၊ လှေပဲ့သူဟာ.... နောက်ပိုးကြီးဘဲ...." ဟု တကျော်ကျော်သီချင်းအော်ဆိုလာသည်။

တအိမ်လုံးက အလိုလိုက်ထားသဖြင့် ကိုကိုလေးတင်သော်သည် အလွန်ဆိုးသည်၊ ကိုကိုကြီးကမူ သဘောကောင်း၏။

လှေသည်ရေနက်ရာရောက်သောအခါကိုကိုလေးသည် သက်သက်အော်ဟစ် ကန့်ကွက်နေရင်းကြားမှ "ကျော်ဟိုးကွ" ဟုအော်ရင်း လှေပေါ်မှရေထဲသို့ ဒိုင်ဗင်ထိုးချသည်၊ လှေသည်လည်း မထိန်းနိုင်မသိမ်းနိုင်ဖြစ်ကာ မှောက်၏။

ရေမကူးတတ်သော သက်သက်ရေနစ်သည်၊ ကိုကိုလေးက ကြောက်အားလန့်အားနှင့် ဘာမျှမကူဘဲ အော်ဟစ်နေသည်။

ကိုကိုကြီးနှင့် ကိုစိုးခိုင်ကသာ သက်သက်ကိုဆယ်ရန် အားထုတ်ကြ၏၊ ကိုစိုးခိုင်က သက်သက်ကိုအရင်မိသည်၊သက်သက်က ကြောက်အားလန့်အား ဖက်တွယ်သောကြောင့် နှစ်ဦးလုံးသပ်နစ်ကြသည်၊ အနီးရှိ လှေသမားများအကူအညီနှင့် ကိုကိုကြီးက သူတို့နှစ်ဦးကို ကမ်းပေါ်သို့ ဆယ်ယူနိုင်သောအခါ သက်သက်သည် ဘာမျှမဖြစ်၊ ကိုစိုးခိုင်မူ ရေမွန်း၍ သတိလစ်နေရှာခဲ့ရ၏။

နောင်အခါ သက်သက်က ဤကိစ္စနှင့်ပတ်သက်၍ ရင်ထုမနာနှင့် ဤသို့ပြောတတ်သည်။

"ကိုစိုးသာတခုခုဖြစ်သွားရင် သက်သက်တော့ တသက်လုံး စိတ်ချမ်းသာနိုင်တော့မှာ မဟုတ်ဘူး...."

ထိုအခါကိုစိုးခိုင်က မပြုံးမရယ် တည်ကြည်စွာနှင့် အေးအေးဖြေလေ့ရှိသည်။

"ကိုစိုးက ရေမွန်းရုံကလေးမွန်းရဒါပါ၊ ကိစ္စမရှိပါဘူး။ သက်သက်ဘာမှမဖြစ်ထာကိုဘဲ ကိုစိုးဝမ်းသာလှပါဘီ...."

စောစောက သက်သက်၏သား သက်ခိုင်ကလည်း၎င်းစကားနှင့် စေတနာအရာတွင် သဘောချင်းထပ်တူညီသော စကားကိုပင်ပြောခဲ့၏။

"အဲဒါကတော့....မမနွယ်အကိုက်ခံရမှာစိုးလို့....၊ မမနွယ် နာမှာစိုးလို့...."

ဆန်းပြားထွေလည်သော လှုပ်ရှားသည့် စိတ်မျိုးစုံကြောင့် သက်သက်သည် လုပ်မြဲအလုပ်ကို စက်ရုပ်သို့ လုပ်နေမိသော်လည်း သတိကကင်းကွာနေသည်။

"သက်သက်ရေ....အေ....သက်သက်...."

အပြင်ဘက်မှ မတိုးမကျယ် ခေါ်သံပေါ်လာခါမှ သက်သက်မှာ သတိပြန်ဝင်လာ၏။

"ရှင်....၊ဘယ်သူပါလဲ...."

"ဒို့ပါသက်သက်ရဲ့....ဒေါ်အောင်က လွှတ်လိုက်လို့...."

အသက် ၄၀–ခန့် မိန်းမကြီးနှစ်ဦးက တဲတွင်းဝင်လာကာ ထိုင်ကြ၏။

"ဩော်....ဒေါ်ဒေါ်အုံနဲ့ ဒေါ်ဒေါ်စိုးတို့ပါလား....။ သခင်မ ဒေါ်အောင်က ဘာကိစ္စနဲ့ လွှတ်လိုက်လို့လဲ...."



ဒေါ်အုံနှင့်ဒေါ်စိုးမှာ ရေနံချောင်း ဈေးကြီးအတွင်းမှ တက်ကြွသော ဈေးသည်ခေါင်းဆောင်များ ဖြစ်ကြသည်။

အသားညိုညို ပိန်ပိန်ရှည်ရှည် ဒေါ်စိုးက အသားလတ်လတ်နှင့်လုံးကြီးပေါက်လှ ဒေါ်အုံကို "ရှင်ဘဲပြောတော့...." ဟူသောအဓိပ္ပာယ်နှင့် မေးငေါ့ပြ၏။

ဒေါ်အုံက မပြောချင်သောစကားကို တာဝန်ယူ၍ ပြောရတော့မည့်ဟန်နှင့် သက်ပြင်းကြီးကို လေးလေးကြီးချပြီးစပြော၏။

"စိတ်မကောင်းတော့မရှိနဲ့ သက်သက်ရေ....၊ အဖမ်းခံရတဲ့ လူတွေ စာရင်း ပြည့်ပြည့်စုံစုံရောက်လာဘီ၊ ညည်းယောကျ်ား ကိုစိုးခိုင်လဲပါသွားဘီ"

သက်သက်သည်မဆန်း လှသောသတင်း ဖြစ်သော်လည်း အနည်းငယ်မူ ခေတ္တငိုင်ကျသွား၏၊ ထိုနောက်မှ စိတ်ပြန်တင်းကာ အေးချမ်းတည်ငြိမ်စွာ ပြန်မေး၏။

"သက်သက်ကလဲ ကြိုတင်ထင်ပီးသားပါ ဒေါ်ဒေါ်အုံ၊ ဒါထက် သပိတ်တပ်ကြီးရဲ့ အခြေအနေကကော...."

"ခေါင်းဆောင်တွေမရှိတော့....ရှေ့ဆက်ချီတက်ဘို့ခက်နေတယ်၊ အလျှော့တော့မပေးကြဘူး၊ဒီမှာလဲ ဒို့ဗမာအစည်းအရုံး အမှုဆောင်တွေ အစည်းအဝေး လုပ်နေတယ်၊ ဌာနချုပ်က ညွှန်ကြားချက်လဲလာတော့မယ်တဲ့၊ အဲ....လောလောဆယ်လုပ် စရာကတော့...."

ဒေါ်အုံက ဒေါ်စိုးကိုလှမ်းကြည့်သဖြင့် ဒေါ်စိုးကဆက်ပြောပြသည်။

"သပိတ်တပ်ကြီး မကွေးမှာ ကြာ ရှည် သောင်တင်နေရင် စားစရာရိက္ခာနဲ့ ငွေကြေး အခက်အခဲပေါ်လာနိုင်တယ်၊အဲဒါ မဖြစ်အောင် ဒို့တွေကဒီကနေ အဆက်မပြတ်အကူအညီပေးဘို့ ရှိနေတယ်၊ ဒါဒို့တာဝန်ဘဲလေ...."

သက်သက်ကခေါင်းညိတ်ပြသည်။

"စိတ်ချပါလေ၊ ကျမဘက်က တာဝန် ကျေပါစေ့မယ်"

"ယုံပါတယ် သက်သက်ရယ်....၊ ဒို့ လာဒါက ကိုစိုးခိုင် အကြောင်း ပြောပြချင်လို့ပါ၊ ဒါထက် ညည်းမကွေးကို လိုက် သွားချင်လား...."

သက်သက်က ခေါင်းခါ၏။

"ဟင့်အင်း....လိုက်သွားလို့လဲ ဘာအကြောင်း ထူးမှာလဲ၊ တွေ့ခွင့်လဲရမှာမဟုတ်ဘူး၊ ရလဲ....ဘာမှတတ်နိုင်မှာမဟုတ်ဘူး၊ အလုပ်ပျက်အကိုင်ပျက် ဖြစ်ရုံရှိမှာဘဲ...."

"အေး....အေး....ဒါလဲ ဟုတ်ထာဘဲ၊ ကဲလေ....မနက် ကျမှ ထပ်တွေ့ကြသေးဒါပေါ့၊ ဒေါ်ဒေါ်တို့ ပြန်မယ်...."

ဒေါ်အုံနှင့်ဒေါ်စိုးတို့ပြန်ထွက်သွားကြသည်။

သူတို့ကမြင်းလှည်းနှင့် လာကြခြင်းဖြစ်သည်။

စောစောကမြင်းလှည်းဆိုက်သံလည်း မကြား၊ မီးရောင်ကို လည်း မမြင်မိသည်မှာ မိမိ အတွေးနက်နေ၍ဖြစ်ကြောင်း သက် သက်သည် သဘော ပေါက်မိ၏။

သက်သက်သည် လှုပ်ရှား သွက်လက်လာပြီး အလုပ်များကို လက်စသတ်၍ သိမ်းဆည်းသည်။

အားလုံးပြီးစီးသောအခါသက်သက်က.သက်ခိုင်ကိုနှိုးသည်။

"သားရေ....သက်ခိုင် ထတော့၊ ပြန်ကြရအောင်...."



သက်ခိုင်ထံမှထူးသံမကြားသောအခါ သက်သက် အံ့ဩသွား၏၊ ခါတိုင်းဆိုလျှင်သက်ခိုင်သည် အလွန်အအိပ်ဆတ်၏။

သက်သက်သည် သက်ခိုင်အနီး ကပ်သွားကာ စုံစမ်းသည်။

ပုဆိုးခြုံကွေးထားသော သက်ခိုင်၏ တကိုယ်လုံးမှာ ဆတ် ဆတ် တုန်နေ၏၊ ပါးစပ်မှ ညည်းသံ ကလေးပင် ထွက်ပေါ်လာနေ၏။

သက်သက်က သား၏နဖူးကို ယုယစွာ စမ်းကြည့်သည်၊ မီးခဲတမျှ ခြစ်ခြစ်တောက် ပူနေလေသည်တကား....။

သက်သက်သည် သက်ပြင်းရှည်ကြီးကို ရှိုက်၍ချမိ၏။

တင်းဆည်ထားလျက်က မျက်ရည် တပေါက်သည် လည်း သက်ပြင်းနှင့်အတူ ကျမိ လေသည်တည်း....။

အခန်း-၁၅

မောင်နှင့် နှမ

အစဉ်တစိုက် ဆိုက်ရောက်လာသော ရက်များအတွင်းဝယ် သက်သက်နှင့်သား သက်ခိုင်အတွက်ရော၊ တပြည်လုံးအတွက် ပါ စိတ်နှလုံး တုန်လှုပ်ဘွယ်၊ ချောက်ချားဘွယ်၊ နာကျည်းဘွယ်၊ မခံချင်ဘွယ် အဖြစ်အပျက်များ ဆက်တိုက်ပေါ်ပေါက် လာခဲ့သည်။

သက်ခိုင်အပြင်းဖျားနေသောကြောင့် သက်သက်ခမျာမှာ နွေခင်း၌ အကြော်ရောင်းခြင်း လုပ်ငန်းကို ရပ်ပစ်ခဲ့ရသည်။

သမုဒ္ဒရာ ဝမ်းတထွာအတွက် နံနက်ခင်း၌ မုန့်ဟင်းခါးရောင်းခြင်းကိုမူမရပ်ပစ်နိုင်၊ သက်သက်တို့၏ဘဝတူ သပိတ်မှောက်အလုပ်သမား အိမ်ထောင်စုများမှာလည်း ကိုယ့်ဒုက္ခနှင့်ကိုယ်ဒုက္ခပင်လယ်ဝေနေရကား.... သက်သက်တို့မိသားစုကို အထူးအကူအညီမပေးနိုင်ကြ၊ သူတို့သည်လည်း သူတို့ဝမ်းကို သူတို့နည်းနှင့်သူတို့ကျောင်းနေကြရရှာ၏၊ သက်သက်၏ စိတ်ဝယ်အထိခိုက်ဆုံးကား.... လုပ်အားရှိသမျှမရှာဖွေနိုင်သောကြောင့်စေတနာရှိသမျှ သပိတ်တပ်ကြီးအတွက် ငွေကြေးအစွမ်းကုန်မကူညီနိုင်ခြင်းပေတည်း။

သက်ခိုင်အပြင်းဖျားစ တရက် နှစ်ရက်အတွင်း၌မူ သက်သက်သည် မုန့်ဟင်းခါးပင်မရောင်းနိုင်ခဲ့။

သက်သက်က သက်ခိုင်ကိုဘေးမဲ့ဘုရားကုန်းထိပ်ရှိခိုတောင်ဆေးပေးခန်းသို့ ခေါ်သွား၊ ခဲ့၏၊ ခိုတောင် ဆေးပေးခန်းမှ ဆရာဝန်စသော တာဝန်ရှိသူအများသည် အလုပ်သမားများနှင့်အလုပ်သမားမိသားစုများအပေါ်တွင် မောက်မာခြင်း၌ရှင်း၊ ရက်စက်ခြင်း၌ရှင်း၊ အညှန့်ခူးခြင်း၌ရှင်း နာမည်ကြီး၏၊ ဤသည်ကိုသိလျက်နှင့် သက်သက်သည် ရင်သွေးအတွက်ဖြစ်သောကြောင့် သွားခဲ့ရ၏။

အချိန်ကြာမြင့်စွာ စောင့်ရပြီးမှ သက်သက်တို့သားအမိသည် ဆရာဝန်၏ရှေ့တော်မှောက်သို့ရောက်သွားကြ၏၊ ဆရာဝန်ကား.... ဗိုလ်လိုဝတ်၍ မြန်မာလိုမှတ်သော ဘင်္ဂါလီကုလားဖြစ်သည်။

"ကျမသားလေး....ချွေးကိုက်ခံရလို့ပါ ဆရာကြီး...."



သက်သက်က သူ့သား၏ဝေဒနာကို ဤသို့ရိုးသားစွာတင်ပြလိုက်သည်နှင့်တပြိုင်နက် ဆရာဝန်၏ဒေါသယမ်းအိုးပေါက်ကွဲတော့သည်။

"မင်းတို့အလုပ်သမားတွေဟာ အလုပ်မရှိ အလုပ်ရှာပီး.... ဆေးခန်းကိုလာဒုက္ခပေးနေတယ်၊ နဲနဲလေးဖျားရင်လဲ လာဒါဘဲ၊ ဒူးလေးပြဲရင်လဲလာဒါဘဲ၊ သံလေးစူးရင်လဲ လာဒါဘဲ၊ ကျုပ်အားကြီးအလုပ်ပျက်တယ်၊ မင်းသား....ချွေးကိုက်ထာကို ကျုပ်ကဘာလုပ်ပေးရမှာလဲ...."

သက်သက်သည် မခံချင်စိတ်ကိုချိုးနှိမ်ပြီး ယဉ်ကျေးစွာပြန်ဖြေသည်။

"ချွေးကိုက်ခံရယုံလေး သက်သက်နဲ့ တော့ မလာပါဘူးဆရာကြီးရယ်၊ ခလေးကဒဏ်ရာကြောင့် အဖျားလဲဝင်နေလို့ပါ...."

သက်ခိုင်သည် အဖျားကြောင့်မဖွင့်ချင်သော မျက်လုံးများကိုဇွတ်ဖြဲကာ ဆရာဝန်ကိုကြည့်သည်၊ ကိုယ်ကာယအားနည်းနေစဉ်ဖြစ်ရကား စိတ်အားကလည်းငယ်နေသည်၊ အရာရာကိုမကြောက်တတ်သော်လည်း သက်ခိုင်သည် ဆရာဝန်ဆိုသောသတ္တဝါကြီးများကိုမူ အနည်းငယ် ကြောက်သည်၊ သက်ခိုင်ကျင်လည်ရသော ဘဝပတ်ဝန်းကျင်တခုလုံး၌လည်း ဆရာဝန်ဆိုသည်မှာ စုန်းကြီး-ကဝေကြီး-တစ္ဆေကြီးများပမာ ဝိညာဉ်ကိုနှုတ်ယူတတ်သော သတ္တဝါကြီးများအဖြစ် ထင်ရှားသည်။

သက်ခိုင်က တုန်လှုပ်စွာကြည့်နေစဉ် ဆရာဝန်ကြီး၏ ခက်မာသောအသံ ပြန်ပေါ်လာ၏။

"ဘာချွေးကိုက်ထာလဲ....၊ ချွေးရူးလား ချွေးကောင်းလား"

"ခွေးကောင်းပါဆရာကြီး...."

"ခွေးကောင်းလို့ မင်းဘယ်လိုလုပ်သိသလဲ...."

"ဒီလိုဘဲတွေ့နေကျ ခွေးသားအုပ်မမို့ပါဆရာကြီး"

"မင်းတို့....အဲဒါ.... ခက်ထာဘဲ၊ မင်းတို့မှာအသိဉာဏ်ဘာမှ မရှိဘူး၊ ခွေးကောင်းကိုက်ထာဆိုရင် ကိစ္စမရှိဘူး၊ ခွေးရူးကိုက်ရင်သေမှာဘဲ၊ ကျွန်ုပ်လဲမတတ်နိုင်ဘူး၊ ရန်ကုန်မှာခွေးရူးကိုက်ဆေးရုံရှိတယ်၊ အဲဒီခေါ်သွား၊ ကျွန်ုပ် အခု ဆေးစာရေးပေးလိုက်မယ်...."

ဆရာဝန်သည် စက္ကူတရွက်ပေါ်၌ ကလောင်တန်ဖြင့် လက်ရေးကြဲများရေးပေးပြီး သက်သက်တို့အား လွှတ်လိုက်သည်။

ဆေးထည့်ခန်း၌ သက် ခိုင်၏ အနာကို တင်ချာထည့်ပေးသည်။

သက်သက်တို့သည် ကွန်ပေါင်ဒါထံသွားပြီး ဆေးလက်မှတ်နှင့် ဆေးထည့်ရန် ပုလင်းတလုံးကိုတင်ပြသည်၊ ဆေးထည့်ရန် ပုလင်းကို အိမ်မှ ယူခဲ့ကြရသည်၊ ပုလင်းမပါလျှင် ဆေးမပေး၊ ဆေးမပေးသည့်ပြင် မာန်လည်းလွှတ်တတ်၏။

မြန်မာလူမျိုး ကွန်ပေါင်ဒါသည် ဆေးလက်မှတ်ကို ဘတ်ကြည့်ပြီး မျက်မှောင်ကြုတ်၍ဆို၏။

"ဆေးလက်မှတ်ထဲမှာ သောက်ဆေးပေးဘို့ ဘာမှမပါဘူး၊ ခင်ဗျားကဘာလို့ ဆေးပုလင်း လာတင်ရဒါလဲ...."

"ကျမဘယ်လိုလုပ်သိမလဲ၊ ခလေးကဖျားနေလို့ အဖျားဖြတ်ဆေးလဲ ပေးလိမ့်မယ်ထင်လို့...."

"ဆရာဝန်ကဘာဆေးမှရေးမပေးဒါ....ခင်ဗျားသားမဖျားလို့ပေါ့ဗျ...."



သက်သက်သည်ဒေါသဖြင့် တုန်ယင်သောအသံနှင့် ပြန်ဖြေ၏။

"ကျမသား....တကယ်ဖျားနေဒါရှင့်၊ မယုံရင် ရှင်ကိုယ်စမ်းကြည့်...."

"မစမ်းနိုင်ပါဘူး၊ ကျုပ်ဆရာမှမဟုတ်ဘဲ၊ ခင်ဗျားသား ဖျားခနတယ်ထင်ရင်.... ဒီဖူဇာတို့.... ပို့ကြုံကြွေ့တို့က ထုတ်တဲ့ အဖျားဖြတ်ဆေးတွေ ဝယ်တိုက်ပေါ့၊ တရုပ်စတိုးဆိုင်တိုင်းမှာ ဝယ်လို့ရတယ်...."

သက်သက်သည် စိတ်ဆိုးလှသောကြောင့် ကွန်ပေါင်ဒါကို စကားမပြန်နိုင်၊ တင်ထားသောဆေးပုလင်းကိုလည်းမယူမိ....၊ သက်ခိုင်ကိုလက်ဆွဲ၍သာ ထွက်ခွာလာခဲ့ရ၏။

အိမ်ပြန်ရောက်သောအခါ၌ ဒေါသခပြေချိန်တွင်သက်သက် ခမျာစိုးရိမ်စိတ်ကဲမိပြန်သည်။

သက်ခိုင်ကို ကိုက်လိုက်သော ခွေးသားအုပ်မသည် ခွေးကောင်းလော....၊ခွေးရူးလော....၊ခွေးသားအုပ်မကို မြင်နေကျဖြစ်သောကြောင့် မရူးမှန်းသက်သက်သိသည်၊ လက်ပံဖူးချိန် ခွေးရူးချိန်ကလည်းမရောက်သေး၊ ခွေးရူးမ မဟုတ်နိုင်ချေ....၊ သို့ရာတွင်....ခွေးကောင်း အကိုက်ခံရသည်ဖြစ်လင့်ကစား....ထို ခွေးကောင်းသည်ရူးသွားသောအခါ–အကိုက်ခံထားရသူလည်း ရူးတတ်သည်ဟု သက်သက်ကြားဘူးသည်၊ ဘာသောက်ဆေးမှ မပေးလိုက်သောဆရာဝန်ကြီးကလည်း ခွေးရူးကိုက်ခံရလျှင်သေတတ်သည်ဟု အားပေးစကားကို ကရုဏာအပြည့်နှင့် မြွက်ဟခဲ့ပြီးပြီ....။

သက်သက်ခမျာမှာ.... မကွေးထောင်တွင်းရှိ လင်အဘွက် မပူအား၊ မျက်မှောက်တွင်အဖျားမကျဘဲ ညအခါတွင်သတိလစ်နေတတ်သော သားအတွက် ငယ်ထိပ်မြွေပေါက်ခံရသည် ပမာမှုန်ထူနေ၏။

အိမ်နီးပါးချင်းများထံမှ ကောင်းနိုးရာရာ အကြံပေးချက်ကိုသက်သက်ရ၏။

ဘောမဲ့ရွာအစွန်မှ အောက်ပိုင်းသေနေသော ဘကြီးရွှေလူသည်ခွေးရူးကိုက်ကုရာ၌ စွမ်းသည်ဆို၏၊ ဘကြီးရွှေလူသည် ခွေးကိုက်ဒဏ်ရာထက်ဆီမန်းလိမ်း၍ ဂါထာစုပ်လျှင် ဒဏ်ရာမှခွေးမွေးများပင်ကျသည်ဆိုကြ၏။

သွက်သက်သည်....သက်ခိုင်ကို ဘကြီးရွှေလူထံခေါ်သွားရပြန်၏။

ဘကြီးရွှေလူ၏အိမ်မှာ ကုပ်ကုပ်ကလေးဖြစ်၏၊ ဘကြီးရွှေလူမှာလည်း အောက်ပိုင်းသေကာ လက်လက်နေရသူ လူမမာကြီးတဦးဖြစ်၏၊ အသက်ကား....၆၀-ကျော်ပြီ၊ မှိုင်းချေးများပေနေ၍ ညှိုမှောင်နေသော ပိတ်ခြင်ထောင်အတွင်း၌ဘကြီးရွှေလူအမြဲနေရသည်။

ဘကြီးရွှေလူ၏သမီးအကြီးက သက်ခိုင်နှင့် သက်သက်ကိုခြင်ထောင်နားသို့ ခေါ်သွားသည်၊ ထိုသမီးအကြီးက ခြင်ထောင်ကိုမ,တင်လိုက်သောအခါ ခေါင်း၌ကျဲသော ဆံပင်ဖြူရှိ၍....မြင်ရွှသမျှကိုယ်အထက်ပိုင်းတွင် အသားအရေ ခြောက်ခန်း တွန့်တွဲနေသောဘကြီးရွှေလူ၏ သဏ္ဌာန်ပေါ်လာသည်။

သူ့သမီးကြီးက အကျိုးအကြောင်း ပြောပြလေသောအခါ ဘကြီးရွှေလူသည် အိပ်ရာမှကုန်းထ၏။



ဘကြီးရွှေလူသည် အရိုးမျှသာကျန်သော သူ့လက်ပိန်ကြီးများနှင့် သက်ခိုင်၏ ဒဏ်ရာရသောလက်ကိုကိုင်ကြည့်ပြီး ခဏအကြာ၌ဆို၏။

"ရှူးစ.... ကိုက်ထာဘဲ သမီးရေ....၊ အဝင်ကိုက်ပေါ့....၊ အထွက်ကိုက်မဟုတ်ဘူး၊ လူကလေးကံကောင်းတယ်၊ သမီးရေ....နှမ်းဆီယူခဲ့ပါ...."

သမီးကြီးက နှမ်းဆီကို လဘက်ရည်ကြမ်း ပန်းကန်လုံးတလုံး၌ထည့်ယူလာ၏။

ဘကြီးရွှေလူသည် ဆီကိုမန်းသည်၊ ထိုနောက်ဆီမန်းကိုကြက်တောင်နှင့်ဆွတ်ကာ သက်ခိုင်၏ဒဏ်ရာပေါ် လိမ်းပေးသည်၊ လိမ်းပေးရင်းလည်း ဂါထာစုပ်၏။

အားလုံးပြီးသောအခါ ဘကြီးရွှေလူက မှာကြားသည်။

"လူကလေး၊ တချို့ဆရာများက....ခွေးရူး ကိုက်ခံရရင်....ခွေးရူးမပြန်အောင်....ဘုန်းကြီးပျံ၊ မယ်တော်ပျံ၊ မသာအိမ်မသွားရဘူးလို့ ဆိုကြတယ်၊ မသာအိမ်က ထမင်းဟင်းလဲမစားရဘူးလို့ ဆိုကြတယ်၊ ခွေးသောက် ရှက်လဲမစားရဘူးလို့ ဆိုကြတယ်၊ သူတို့ပြောဒါလဲ မှန်ဒါဘဲလူကလေး....၊ အဘိုးကတော့ အပြီးလုပ်ပေးလိုက်မယ်၊ လူကလေးအဘိုးကို ငွေတကျပ်ကန်တော့ပါ၊ လူကလေးလက်နဲ့ ကန်တော့...."

သက်သက်က ဘော်လီအင်္ကျီ အိတ်တွင်းမှ ငွေတကျပ်နှိုက်ပြီးသက်ခိုင်ကိုပေးသည်၊ သက်ခိုင်က ထိုငွေတကျပ်ကို....ဘကြီးရွှေလူလက်တွင်းသို့ထည့်ပေး၏။

"သာဓု....သာဓု....လူကလေး၊ ရော့ အဲဒီငွေတကျပ်ပြန်ယူသွား၊ ဈေးမှာ အုန်းသီးတလုံးကို တကျပ်ပေးဝယ်၊ စနေနံ

ဘုရားကြီးမှာ လူကလေးမွေးနံကကပ်၊ ပီးတော့....လိုရာဆုယူ၊ လူကလေး ဘေးကင်းဘီ...."

သက်သက်နှင့် သက်ခိုင်သည် ဘကြီးရွှေလူကို ကန်တော့ကာ ထလာခဲ့ကြသည်၊ အိမ်ပေါက်ဝရောက်သောအခါသက်သက်ကငွေငါးကျပ်ထုတ်ပြီး ဘကြီးရွှေလူ၏ သမီးကြီးကို ပေးသည်။

ဘကြီးရွှေလူ၏ သမီးကြီးကခေါင်းခါ၏။

"မပေးပါနဲ့ သက်သက်၊ ကျမယူခွင့်မရှိဘူး၊ အဘောကလဲ ငွေဘယ်တော့မှမယူဘူး၊ အဲဒါ သစ္စာဘဲ၊ အဘော် ပြောသလို သာလုပ်၊ ရှင့်သားသက်သာ သွားစေရမယ်...."

သက်သက်သည် တွေတွေလေးဖြစ်သွားရာမှ သိလိုသော မေးခွန်းကိုမေးသည်။

"စောစောက....ဘကြီးရွှေလူက အဝင်ကိုက်နဲ့....အထွက်ကိုက်....လို့ပြောတယ်၊ အဲဒါ....ဘာလဲ...."

"ခွေးများဟာ....ရူးပီးရွာဝင်ရင်းကိုက်တတ်တယ်၊ အဲဒါကို အဝင်ကိုက်လို့ခေါ်တယ်၊ အဝင်မှာ လူရိုက်လို့သေရင်သေ၊ မသေဘဲ ရွာကအပြီးအထွက်မှာကိုက်ရင်.... အထွက်ကိုက်လို့ခေါ်တယ်၊ အထွက်ကိုက်ကိုကုရခက်တယ်၊ အဲဒါ ပြောဒါပါ"

ဘကြီးရွှေလူ၏သမီးကြီး ရှင်းပြချက်ကိုနားထောင်ပြီးနောံ သက်သက်သည် အတန်စိတ်ချမ်းသာသွားဖြင့် သက်ခိုင်ကိုလက်ဆွဲကာ ပြန်လာခဲ့သည်၊ မှားသည်ဖြစ်စေ....မှန်သည်ဖြစ်စေ.... ဘကြီးရွှေလူနှင့်တွေ့ခဲ့ရသည်မှာ ခိုဘောင်ဆေးခန်းမှ ဆရာဝန်နှင့်တွေ့ခဲ့ရသည်ထက်တော့ သက်သက်ပိုမိုအားရှိမိသည်။

သက်သက်တို့ တန်းလျားဆီပြန်လာခဲ့စဉ် "ခွေးရူး....ခွေး



ရူး" ဟု အော်သံများကိုကြားရ၏၊ ရှေ့မှ ခွေးတကောင်သည် ပြေးလာနေ၏၊ ထိုခွေးသည် နှုတ်သီးမှ သွားရည်တမြားမြား ကျနေသည်၊ အမြီးကလည်း ကုပ်ထား၏၊ မျက်လုံးကလည်း မြင်ပုံမရ၊ ဟိုဝင်သည်တိုးနှင့်အရမ်းကာရောနိုင်နေသည်။

ခွေးတသိုက်က ထိုခွေးဆီပြေးဝင်ကြသည်၊ အနီးရောက်သောအခါ ခွေးတသိုက်လုံးသည် ရှုံ့ခွာကြ၏၊ ထိုခွေးကသာ ပြေးခြင်းကိုရပ်၍ မဲမဲမြင်ရာလိုက်ကိုက်နေသည်။

လူများကမှိုလာပြီး ခွေးရူးကို ဝိုင်းရိုက်ကြသည်၊ ခွေးရူးသည် အော်သံတချက်မပြု၊ မညည်း၊ မဟောင်....၊မအူ၊ တုတ်များ၊ ခဲများဒဏ်ကို ဆိတ်ငြိမ်စွာခံယူပြီး အသက်ထွက်သွား၏။

လမ်းဘေးခြံဖုတ်တခု၌ ပုန်းကွယ်ရှောင်ရှားနေရာမှသက်သက်နှင့်သက်ခိုင်သည် သေနေသောခွေးရူးကိုကြည့်ကြသည်။

သက်သက်ရော သက်ခိုင်ပါ မျက်လုံးပြူးသွားကြသည်။

ခွေးရူးကား.... သက်ခိုင်ကို ကိုက်ခဲ့သော ခွေးသားအုပ်မဖြစ်ကြောင်း သားအမိနှစ်ဦးလုံး ကောင်းကောင်း မှတ်မိကြသည်။

သက်သက်နှင့် သက်ခိုင်သည် မြင်းလှည်းတစီးငှားကာ မြို့တွင်းထွက်ခဲ့ပြီး အုန်းသီးဝယ်၍ စခန်းနံဘုရားကြီးထံဆက်သွားလျက် ဘကြီးရွှေလူညွှန်ကြားသည့်အတိုင်း တသွေမတိမ်းလုပ်ကြ၏။

ထိုည၌သက်ခိုင်သတိမလစ်တော့....၊အဖျားလည်းကျသည်၊ လက်ဒဏ်ရာမှ ယောင်ကိုင်းသမျှသည်လည်း ယူ၍ပစ်သည့်ပမာ လျှော့ကျပြုံဆင်းသည်။

သက်ခိုင်က မည်သို့မျှ ကောက်ချက် မချတတ်သော်လည်း သက်သက်ကမူ မေတ္တာရှင်လူသားတဦး၏ **သစ္စာ**နှင့် အနန္တော အနန္တမည်သော ဗုဒ္ဓဘုရားရှင်၏ **ဂုဏ်တော်**ကိုရည်စူး၍ ရှိခိုးဦးတင်လေသည်တည်း။

× × ×

ဤသို့လျှင် **သစ္စာ**အဟုန် ဂုဏ်တော်တန်ခိုးကြောင့် သက်ခိုင် သက်သာရာရလာသောကြောင့် နှစ်ရက်အတွင်းတွင် အကြော် မကြော်နိုင်စေ.... သက်သက်သည် မုံ့ဟင်းခါးပြန်ရောင်းနိုင်ခဲ့သည်။

တပြည်လုံးနှင့်မကွေးဆီ၌ကား ရာဇဝင်တွင် စာတင်ရသည့် ဖြစ်ရပ်များပေါ်ပေါက်လာလေကုန်၏။

ရန်ကုန်မြို့ ဒိုဗမာအစည်းအရုံးဌာနချုပ်မှ ရေနံမြေအလုပ်သမား သပိတ်တပ်ကြီးနှင့် လယ်သမား တပ်ကြီးကို ခေါင်းဆောင်မည့် အသေခံဗိုလ်များစာရင်းပေးကြရန်ဆင့်ခေါ်သော ကြေငြာချက်ထွက်လာသည်၊ ထိုအခါက.... ဒို့ ဗမာ အစည်းအရုံးကြီး၏ခေါ်သံသည် **နိုင်ငံ၏ခေါ်သံပင်** မည် လေ သော ကြောင့် ရဲရဲတောက်ထွက်ပေါ်လာကြသူ အာဇာနည်တို့ကား လိုသည်ထက်ပင်ပိုနေ၏၊ တဗိုလ်ကျလျှင်တဗိုလ်မက နှစ်ဗိုလ်ပင် တက်နိုင်အံ့သည်။

နယ်ချဲ့သမားကလည်းအလျှော့မပေး၊သမိုင်းလမ်းကြောင်းမှ အရေးပါသော အဆုံးအဖြတ်ကိုပေးမည့် အချိုး အကွေ့ တခုတွင်ဖြစ်လေသောကြောင့် ရုန်းကန်မှုအားက ကြီးလှသည်၊ သူတည်းနိုင်သော်....သူဆက်စံချိမ့်မည်၊ ငါတည်းနိုင်သော်.... ငါဆက်ခံလိမ့်မည်၊ ခြိမ့်ခြိမ့်အုန်းသောရုန်းကန်ပွဲပါပေတည်း။



ရေနံချောင်းမြို့သို့ ကျောင်းသားရေးရာအတွက် ရောက်ရှိနေရာမှ သပိတ်တပ်ကို ဦးဆောင်ရန် ထွက်ခွာသွားကြသော ကျောင်းသားခေါင်းဆောင်များဖြစ်ကြသည့် ဗဟိန်းနှင့် ဗဆွေ တို့ကို ပုလိပ်များက မကွေးမြို့တွင် ဒီဇင်ဘာလ ၁၁-ရက်နေ့၌ ဖမ်းဆီးလိုက်ကြ၏၊ တနေ့တည်းမှာပင် ရန်ကုန်ဌာနချုပ် ရှေ့ပြေး အသေခံ ဗိုလ်များအဖြစ် မကွေး သို့ လွှတ် လိုက် သော သခင်စိုး၊ သခင်ဖေသန်းနှင့် သခင်ထိန်ဝင်းတို့လည်း အဖမ်းခံကြရပြန်သည်။

ဖမ်းသူတို့ကလည်း ဖမ်းကြကုန်၏၊ ထောင်တွင်းဝင်ရသူတို့လည်း ဝင်ကြရကုန်၏၊ သို့ရာတွင် သပိတ်တပ်ကြီးကား မဖြို၊ မဖြိုယုံမက မြင်းတပ်၊ လှံစွပ်ကိုင်တပ်တို့ကို ခွင်းဖောက်ကာ သပိတ်တပ်ကြီးသည် မကွေးမှအောင်မြင်စွာ ရှေ့သို့ ချီတက်သွားနိုင်လေသည်တကား....။

ရန္တပို၏ သည်မှာဘက်နောက်ပိုင်း၌ မြန်မာပြည်တွင် နယ်ချဲ့အင်္ဂလိပ်၏ လက်နက်ကိုင်တပ်တို့ ရှေးဦးပထမ လက်မြှောက်အရှုံးပေးရသောပွဲပေတည်း။

ဤပွဲကြီးသည် မြန်မာ့တော်လှန်ရေးကို သမိုင်းရိုးရာအစဉ် အလာနိယာမတရားနှင့်ညီညွတ်အောင် ပုံသွင်း၍သစ်စေးသရိုးကိုင်ပေးလိုက်သည်။

တော်လှန်ရေးမည်သည် လူ့ဘောင်တရပ်၏ အခြေခံကျသော အလုပ်သမား၊ လယ်သမား၊ လူတန်းစားကြီးနှစ်ရပ်နှင့် ငြိုးတက်၍ တက်ကြွသောပညာတတ်လူငယ်ပိုင်းတို့ ပေါင်းစပ်မိကြမှ အောင်မြဲဖြစ်သည်၊ ဤသည်မှာ သမိုင်းရိုးရာ အစဉ်

အလာနိယာမတရားတည်း၊ ယခုအခါ ဤနိယာမတရားသည် ဓမ္မစစ်ကိုဖော်ထုတ်၍ အလုပ်လုပ်ပြလေပြီ။

အလုပ်သမားနှင့် လယ်သမားတို့၏ လှုပ်ရှားမှုကြီးများ၏ နောက်ဆက်တွဲအဖြစ် ကျောင်းသားလှုပ်ရှားမှုက ကပ်လိုက်ပါလာသည်၊ ကျောင်းသားလှုပ်ရှားမှုနောက်ကွယ်တွင် **ဂျာနယ်ကျော် ဦးချစ်မောင်** နှင့် ဆရာကြီး **မဟာဆွေ** တို့ကဲ့သို့သော သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများလည်း ရှိနေကြ၏၊ ကျောင်းသားလှုပ်ရှားမှုနှင့် အလုပ်သမား၊ လယ်သမား လှုပ်ရှားမှုနှစ်ခုကြားတွင် ဘယ်လက်ရုံး– ညာလက်ရုံးဆန့်တန်း ဆက်သွယ်ပေးထားသည့် **သခင်အောင်ဆန်း**ကဲ့သို့သော ပြည်သူ့သစ္စာခံ ပညာတတ်လူငယ် နိုင်ငံရေးခေါင်းဆောင်များ လည်းရှိနေကြ၏။

မြန်မာ့တော်လှန်ရေးကား.... သမိုင်းရိုးရာအစဉ်အလာ နိယာမတရားနှင့်ညီညွတ်စွာပုံသွင်း–သစ်စေးသျှိုး ကိုင်မိပေပြီ။

ဒီဇင်ဘာလ ၂၀-ရက်နေ့၌ ရန်ကုန်ကောလိပ်နှင့် ဂျက်ဆွန် ကောလိပ်ကျောင်းသားများက မြန်မာပြည်ရှိ ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေး၏ အချက်ဗဟိုဖြစ်သော အတွင်းဝန်များရုံးကြီး ကို ဝိုင်း၍ဆန္ဒပြရန်ချီတက်ကြသည်၊ ထိုအခါ နယ်ချဲ့ပုလိပ်တို့၏ နံပါတ်တုတ်ဒဏ်နှင့် အောင်ကျော် ကျဆုံးလေသတည်း။

တပြည်လုံး မီးဟုန်းဟုန်း တောက်ကုန်သည်။

ကျောင်းသား သပိတ်များ၊ ပြည်သူတို့၏ အထွေထွေ အာဏာဖီဆန်မှုများတို့သည် အင်္ဂလိပ်နယ်ချဲ့တို့ကို ခြေမကိုင်မိ လက်မကိုင်မိဖြစ်စေသည်။

အာဏာဖီဆန်မှုများနှင့် ထောင်ချခံရခြင်းတို့သည် ဖက်ရှင်



ဖြစ်လာသောအခါ အချောင်သမား မျိုးချစ်ပါတီ ခေါင်းဆောင် ဂဠုန်ဦး**စော** ကပင် သူ့တပည့်တပန်း လေးငါးယောက်နှင့် ရန်ကုန်မြို့ ဘုရားလမ်းပေါ်တွင် ပုဒ်မ ၁၄၄–ကို **စတိအာဏာဖီဆန်** ပြုပြီး စတန့်ထွင်ကာအဖမ်းခံ၍ထောင်တွင်း ဝင်ပြသွားသည်၊ သို့ရာတွင် အာဏာဖီဆန်ပြစဉ်ကဦးစောသည် ခေါင်းပေါင်းနှင့်၊ တိုက်ပုံအင်္ကျီနှင့်၊ တောင်ရှည်ပိုးပုဆိုးနှင့် အတုအယောင်သည် အစစ်အမှန်နှင့် ကွာခြားလှလေသည် တကား။

သက်ခိုင်သည် အဖျားမနာလှန်ထစအချိန်တွင် လဘက်ရည် ဆိုင်များ၌ သတင်းစာဘတ်ပြီး ဤသတင်းစုံစုံတို့ကိုသိရသည်၊ ဤသတင်းစုံစုံတို့သည် နုနယ်သောသူ့ဦးနှောက်တွင် တသက် ကျန်ရန် ကဗျည်းထိုးတင်ရှိရစ်၏။

သပိတ်မှောက် ကျောင်းသားတို့၏ သီချင်းများ ကလည်း သက်ခိုင်၏နှုတ်၌ လာစွဲသည်။

**“ကျွန်စိတ်မွေးတဲ့တက္ကသိုလ်ပါ၊ မနေသာလို့ ထွက်ခဲ့ဒါ၊ ဒို့တတွေမှာရုံးစုကာ.... ရွှေတိဂုံကုန်းတော်မှာ....”**

ဤသီချင်းသည် ၁၉၃၆-ခု နှစ် ဒုတိယ ကျောင်း သား သပိတ်ကြီးမှ သီချင်းဖြစ်၏၊ ယခုတဖန်ခေတ်စားလာပြန်သည်။

**“ဘမော်....ဘဦးတို့ကရှုပ်သနော်၊ တိုင်းသူပြည်သားများ နဲ့ဒို့အပေါ်....၊ ထောင်ကျတဲ့ဥက္ကဋ္ဌမဟော်....၊ ကန့်ကွက်က လွှတ်ပေးဘို့ဒို့ရဲဘော်....”**

ဤသီချင်းက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းအတွက်ဖြစ်သည်။

**“ရွှေကိုယူသည်၊ ငွေကိုယူသည်၊ပြီးတော့....လူပါယူသည်၊**

**အမျိုးပျောက်မှာ စိုးကြောက်ပါလှသည်၊ ကြာရင် နစ်မွန်းမည်၊ မြန်မာဘုရင်.... အာဏာရှင်.... မရှိလေပြီ၊ ငါတို့ဌာနီ စားခွက်လုကြသည်....”**

ဤအပိုဒ်က နယ်ချဲ့အင်္ဂလိပ်ကိုသာမက နယ်ချဲ့နောက်မြီးဆွဲ ကုလား တရုပ်များကို နှိမ့်ယုံတွင်မက ၉၁-ဌာနအုပ်ချုပ်ရေးတွင် နယ်ချဲ့ကပေးသော ၅၀၀၀-စား ရာထူးများကို ခွေးဝတ်များ အမဲရိုးလုသကဲ့သို့.... စားခွက်လုသကဲ့သို့....လုနေကြသော နိုင်ငံရေးသမားများကို **ခွေးကဗျာ** ကျမ်း၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်း သရော်ထားချက်အား ရောင်ပြန်ဟပ်ထား၏။

စားခွက်လုကြသော ဖေါက်ပြန်သည့် နိုင်ငံရေးသမားကြီးများသည် မိမိကိုကိုက်သော ခွေးသားအုပ်မထက်ပင် မိုက်မဲသည်ဟု သက်ခိုင်ကယူဆသည်။

ထိုရက်များအတွင်းတွင် သက်ခိုင်သည် သူခါတိုင်းဆိုနေကျ ရွှေမန်းတင်မောင်၏ သီချင်းလေးများကို မဆိုမိတော့၊ သပိတ်မှောက် ကျောင်းသားတို့၏ သီချင်းများကိုသာ ဆိုတော့သည်၊ ထိုသီချင်းများမှာလည်း နာမည်ကျော်ပြီးသား ခေတ်ပြားသီချင်းများ၏အသွားအတိုင်း လိုက်ထားသောကြောင့် သီဆိုရလွယ်ပြီး အကူးအစက် မြန်သည်....၊တပြည်လုံးရှိ ကျောင်းတိုင်းလိုလို သပိတ်မှောက်ထားပြီ ဖြစ်သောကြောင့် ကျောင်းသူကျောင်းသားတိုင်းနှင့် ကလေးလူငယ်တိုင်းသည်သပိတ်သီချင်းများကို သက်ခိုင်ကဲ့သို့ပင် သီဆိုနေကြ၏။

မမနွယ်သည် ဤသီချင်းများကို ရပါမည်လောဟု သက်ခိုင်အံ့သြမိသည်၊ တကောင်းအဘိရာဇာကစသော ဒို့ဗမာသာကီ



မျိုးအကြောင်းကိုမှ သင်မပေးသော မမနွယ်တို့၏ ကျောင်းတွင် ဤသီချင်းများကို ဆိုကြမည်မထင်၊အင်္ဂလိပ် မယ်သီလာရင်ကြီးများ အုပ်ချုပ်သည် ဆိုသော မမနွယ်တို့ကျောင်းသည် သပိတ်လည်း မှောက်ချင်မှမှောက်မည်၊ သပိတ်မမှောက်၍ ကျောင်း မပိတ်လျှင် မမနွယ်လည်း ရေနံချောင်းသို့ ပြန်လာရမည်မဟုတ်၊ ပြန်လာရသည် တိုင်အောင် မမနွယ်အတွက် သူတို့ထံလာရမည်မှာ လွယ်တော့မည်မဟုတ်။....။

နေကောင်း၍အကြော်ဆိုင်ပြန်ထွက်နိုင်သောတနေ့ခင်းတွင် ဘောမဲ့ချောင်းဘေး အကြော်ဖို၌ ထင်းချောင်းများဖြတ်ရင်း သက်ခိုင်သည် အထက်ပါအတိုင်း တွေးနေမိသည်။

သက်သက်ကမူ အကြော်စကြော်နေ၏။

အမှတ်တရ တမ်းတသော မျက်လုံးများနှင့် သက်ခိုင်သည် ဝါဒ်ဆွန်ဝေးလမ်းဆီသို့ လှမ်းကြည့်မိ၏၊ လှမ်းကြည့်မိသည်၏ ဘခဏတွင်ပင် သက်ခိုင်သည် အံ့အားသင့်လွန်း၍ မျက်လုံးလေးများပြူးကာ ပါးစပ်ကလေးဟသွားသည်။

ဝါဒ်ဆွန်ဝေးလမ်းအတိုင်းအော်စတင်ကားနက်ကလေးသည် မောင်းလာနေ၏၊ ကားနောက်ပိုင်း ပြတင်းပေါက်၌ မလေးနွယ်၏ မျက်နှာလေးကိုလည်း အဝေးမှ လှမ်းမြင်ရသည်။

သက်ခိုင်သည် ဝမ်းသာအားရ အော်၏။

“မေမေရေ....ဟိုမှာလာနေဘီ....၊မမနွယ်ရယ်လာနေဘီ....”

ဝမ်းသာအားရအော်မိပြီးမှ သက်ခိုင်သည် သံသယဒွိဟစိတ် ဝင်ကာ အားငယ်သွားမိပြန်၏။

မမနွယ်သည် ခါတိုင်းကဲ့သို့ မိမိတို့ထံ လာသည်လော၊ ဤလမ်းမှ ခရီးကြုံ၍ ဖြတ်သွားယုံဖြတ်သွားသည်လော....။

သို့ရာတွင် ကားသည် ဆိုက်နေကျနေရာ၌ဆိုက်လိုက်၏။

ကားရှေ့ခန်းမောင်းသူနေရာတွင် ကိုချစ်တိုးပင်ရှိနေသည်။ နောက်ခန်းမှ ပထမဆုံးဆင်းလာသူမှာ မလေးနွယ်ပင်ဖြစ်သည်။ သို့ရာတွင် မလေးနွယ်၏ နောက်မှ ကပ်လိုက် ဆင်းလာသူကို မြင်မိချိန်တွင် သက်ခိုင်မှာ ပိုမို အံ့သြသွားရ၏။

သက်သက်ကလည်းသက်ခိုင်နည်းတူကားဆီလှမ်းကြည့်နေခဲ့သည်၊ မလေးနွယ်၏နောက်မှ ပါလာသူကိုမြင်သည်နှင့် တပြိုင်နက် ခေတ္တသော်သက်သက်သည်ကြောင်ကြည့်နေ၏၊ ထိုနောက် ချာကနဲမျက်နှာလွှဲလိုက်ကာ အကြော်ကိုသာဆက်ကြော်နေ၏။

မလေးနွယ်၏နောက်မှ ကပ်လိုက်ပါလာသူကား.... မလေးနွယ်၏ဘခင် ဦးထင်ကျော်ဖြစ်သတည်း။

"မောင်လေးရေ....သက်ခိုင်ရေ....မမနွယ်ပြန်လာပြီ...."

မလေးနွယ်သည် ရွှင်မြူးစွာအော်ရင်း ရှေ့မှ ပြေးလာနှင့်သည်၊ ပထမသော ချီတုံချတုံဖြစ်နေပြီးမှ သက်ခိုင်သည်လည်း ဝမ်းသာအားရထပြေးကာ မလေးနွယ်ကို လှမ်းခုလပ်၍ဆုံ၏။

တဦးလက်တဦးဆုပ်ကိုင်မိကြပြီးချိန်၌သက်ခိုင်ကမေးသည်။

"မမနွယ် ဘာလို့ပြန်လာဒါလဲ၊ မမနွယ်တို့ ကျောင်းလဲ သပိတ်မှောက်လို့လား....ဟုတ်လား...."

"ဟင့်အင်း....ခရစ်စမတ်ကျောင်းပိတ်လို့.... မောင်လေး.... မြင်လား....ဖေဖေပါလာတယ်...."

"ဦးကြီးက ဘာလိုက်လုပ်ထာလဲ...."

"ဖေဖေက ဒေါ်လေးသက်သက်နဲ့ မောင့်ကိုလာခေါ်ဒါ"

"မေမေနဲ့ မောင့်ကို လာခေါ်ဒါ....၊ တကယ်...."

"တကယ်ပါ....၊ မကျွေးကိုလိုက်ခဲ့ဘို့ လာခေါ်ဒါ...."



သက်ခိုင်အံ့အားသင့်နေခိုက် ဦးထင်ကျော်သည် အနီးသို့ ရောက်လာ၏။

ဦးထင်ကျော်သည် သက်ခိုင်ကို ပြုံး နှုတ်ဆက်ပြီးနောက် သက်သက်ကို လှမ်းကြည့်သည်၊ သက် သက် ကမူ လုံးဝလှည့်မကြည့်၊ အကြော်ကြော်နေသော လက်တဘက်မှတပါးကျန်ဘကိုယ်လုံးသည် ကျောက်ရုပ်ပမာ ငြိမ်သက်နေ၏။

ဦးထင်ကျော်သည် သက်ပြင်းတချက် ရှိုက်လိုက်ပြီး သက်သက်၏ရှေ့တွင် မား မား ကြီး သွား ရပ် ၍ ညင်သာနူးညံ့စွာ ခေါ်၏။

"သက်....သက်...."

သက်သက်သည် ခေါင်းမော့ပြီး ပြန်မကြည့်မိရန်အားထုတ်သည်၊ သို့ရာတွင် ဦးထင်ကျော်၏ခေါ်သံ၌ ကရုဏာအပြည့်ပါသည်၊ ယခင်ကမူ ကိုကိုကြီး၏ကရုဏာပြည့်သော ခေါ်သံကို သက်သက်အစဉ်ကြားရမြဲ ဖြစ်သည်၊ ထိုစဉ်အခါများက နှမအငယ်ဆုံးတဦးအဖြစ် ကိုကိုကြီး၏ ချစ်ခြင်းမေတ္တာနှင့် ယုယကြင်နာမှုကို သက်သက်အမြဲ ရရှိခဲ့သည်၊ အမှန်မှာလည်း.... မိသားစုအားလုံးအနက် ဖေဖေမှလွဲလျှင် ကိုကိုကြီးကို သက်သက်အချစ်ဆုံးဖြစ်၏။

သက်သက်သည် မျက်ရည်မဝဲမိအောင် ကြိုးစားရင်း ဖြေးညှင်းစွာမော့ကြည့်လျက် တုန့်ပြန်နှုတ်ဆက်သည်။

"ဩော်....ကိုကိုကြီးပါလား၊ သက်သက်တို့ဆိုင်ကို ဘာဖြစ်လို့လာဒါလဲ...."

သက်သက်၏အသံမှာ မမာသော်လည်း စကား၌စိတ်နာမှု ရိပ်ရိပ်ပါနေ၏။

ဦးထင်ကျော်မှုကား မယုံကြည်နိုင်ဘွယ် နှမ်းပါး၍ညှိုးချုံး နေသောနှမငယ်ကိုစိုက်ကြည့်ရင်း မျက်ရည်ဝဲမိသည်၊ ရင်မှာနာ ချစကားသံမှာ တုန်နေ၏။

"မိသက်....ဒီအချိန်မှာ စကားနာလဲမထိုးနဲ့၊ စိတ်နာစကား တွေလဲမပြောနဲ့၊ အရေးကြီးတဲ့ကိစ္စရှိလို့ ကိုကိုကြီးကိုယ်တိုင် လာခဲ့တယ်...."

သက်သက်က မျက်လွှာ ချထားလိုက်သည်၊ အချိန်မီပင် လျှံတက်လာသော မျက်ရည်များက မြေပြင်သို့ ကျသွား၏။

ဦးထင်ကျော်ကသာ ဆက်လက်ပြောဆိုသည်။

"ကိုကိုကြီးအခု သက်သက်နဲ့မောင်သက်ခိုင်ကို မကွေးကို လိုက်ခဲ့ဘို့ လာခေါ်ဒါ...."

ဦးထင်ကျော်က ညှိုမှုသာဆိုလိုက်ပြီး သက်သက်ကိုအကဲ ခတ်ကြည့်သည်။

သက်သက်ကမလှုပ်၊ ခေါင်းလည်းမဖော်၊ ဒယ်အိုးတွင်းမှ ဆီပွက်သံများသာ ပေါ်ထွက်နေ၏။

အတန်ကြာမှ ခေါင်းငုံ့လျက်နှင့်ပင်သက်သက်ကတိုးတိုးဖြေ သည်။

"သက်သက်တို့ ဒုက္ခရောက်ချိန်မှာ ကိုကိုကြီးက အခုလို ဂရုတစိုက် လာခေါ်ဖော်ရလို့ ကိုကိုကြီးကို သက်သက်ကျေး ဇူးတင်ပါတယ်၊ ဒါပေမဲ့....သက်သက်နဲ့ သပိတ်မှောက် အလုပ် သမားခေါင်းဆောင် သားမယားအားလုံးတွေအတွက်တော့.... လင်ထောင်ကျဒါဟာ မဆန်းပါဘူးကိုကိုကြီး၊ သူတို့ဟာသူတို့ ယုံကြည်ချက်နဲ့ ထောင်မကလို့ ကြိုးစင်ဘဲ တက်ရ တက်ရ ရှေ့ဆက်သွားမဲ့လူတွေပါ၊ သက်သက်တို့ကလဲ သက်သက်တို့ ဘာသာ နောက်ပိုင်းကနေ သက်သက်တို့တာဝန်ကို ထမ်းနေ ပါ့မယ်၊ သက်သက်တို့ ထောင်ထဲလိုက်ကြည့်ဘို့ မလိုပါဘူး၊ သူတို့ကလဲခွင့်ပြုမှာ မဟုတ်ပါဘူး...."



"ဒါပေမဲ့ သက်သက်....ကိုကိုကြီးအခုလိုလာဒါ....စိုးခိုင်နဲ့ တွေ့ပြီးမှ လာဒါ၊ ဒီမှာ....သူ့စာ....ရော့...."

ဦးထင်ကျော်က လက်လေးလုံးခန့်မျှသာ ရှိသော စာရွက် ကလေးတရွက်ကို ထုတ်ပေးသည်။

သက်သက်သည် ဟန်မဆောင်နိုင်ဘဲ စာရွက် ကလေးကို သွက်လက်စွာ လှမ်းယူသည်။

စာရွက်ပေါ်မှ လက်ရေးသည်ငှင်း၊ အောက်မှ လက်မှတ် သည်ငှင်း၊ သက်သက်မျက်စိ လုံးဝမမှားနိုင်သော ချစ်လင်၏ လက်ရေးနှင့် လက်မှတ်ဖြစ်သည်။

**"သက်သက်နဲ့သား ကိုကိုကြီးနဲ့လိုက်ခဲ့ပါ....**

**စိုးခိုင်"**

စာသည် ညှိမှုသာ တိုတိုကလေးဖြစ်၏။

သက်သက်သည် ဦးထင်ကျော်ကို မော့ကြည့်ပြီး တလုံးချင်း မေး၏။

"ကိုစိုးက....သက်သက်တို့နဲ့ ဘာဖြစ်လို့ တွေ့ချင်ရဒါလဲ ကိုကိုကြီး...."

"ဒါကို ကိုကိုကြီးမသိဘူး။

သူကလဲမပြောဘူး၊ သက်သက်ကိုသာ ပြောစရာ ရှိတယ် နဲ့တူတယ်၊ ကိုကိုကြီးသိဒါက မကြာခင် သူတို့အားလုံးကို ခွဲချုပ်ထားတော့မယ်၊ စိုးခိုင်က သာယာဝတီထောင် ရောက်

လိမ့်မယ်၊ ပိးတော့.... စိုးခိုင်ကြည့်ရဒါ ကလေးရဲ့ပညာရေး အတွက် ပူနေပုံရတယ်....၊ ပြည်က သူ့ညီ စိုးမြိုင်ဆီကလဲ ကိုကိုကြီးစာရတယ်....”

သက်သက်သည် ငိုင်သွား၏၊ သပိတ်ကြီးနှင့် အလုပ်သမား အရေးကိုသာ အာရုံစိုက်ထားမိသဖြင့် သက်ခိုင်၏ပညာရေးကို သက်သက် အလေး မပြုမိ၊ လုံး၀ မစဉ်းစား မိသည် တော့မှုမဟုတ်၊ သပိတ်မှောက်ထားခဲ့သည့် ရှည်လျားသော လများအတွင်း အခြားကလေးများ ကျောင်းတက် လျက်ရှိ သည်ကိုတွေ့ခဲ့ရသည်၊ သက်ခိုင်တယောက်သာ အကြော်ဖိုနှင့် ဈေး၊ ဈေးနှင့်အကြော်ဖို၊ လဘက်ရည်ဆိုင်များနှင့်ဘေးမဲ့ရွာ၊ ဘေးမဲ့ရွာနှင့်လဘက်ရည်ဆိုင်များ....၊ ဤသည်တို့ကြားတွင် သမုဒ္ဒရာဝမ်းတထွာအတွက် လှုပ်ရှား သွားလာနေခဲ့ရသည်ကို သက်သက်ကောင်းကောင်း သတိပြုမိသည်၊ သတိပြုမိတိုင်း လည်း စိတ်မချမ်းသာ၊ ကိုယ်တို့ဘဝကို ကိုယ်တို့ဖြစ်သလိုရင် ဆိုင်ရဲပေမင့် ရင်သွေး၏ရှေ့ရေးအတွက်မူ ပူမိသည်၊ ကိုကိုကြီး ၏စကားတွင် ပြည်မှစိုးမြိုင်ဟူသည်ကိုကြားမိမှ မြော်လင့်ချက် တရပ်ဝင်လာ၏။

သက်သက်သည် စိတ်ဆုံးဖြတ်လိုက်ပြီး တည်ငြိမ်စွာနှင့်သူ့ ကိုကိုကြီးကို အဖြေပေး၏။

“ကောင်းပါပြီလေ....၊ သဘက်ခါကို သက်သက်တို့မကွေး ကိုသွားပါ့မယ်”

သက်သက်က မကွေးကိုလိုက်ပါမည်ဟုမဆို၊ မကွေးကိုသွား ပါမည်ဟုသာဆိုသည်၊ ဤသို့ ခွဲခြားပြောဆိုခြင်းကို ဦးထင် ကျော် ကောင်းကောင်းသိရှိနားလည်လိုက်၏။



ဦးထင်ကျော်သည် မည်သည့်အဖြေကိုရမည်မှန်း တင်ကြို သိလျက်နှင့်မေးမိ၏။

“သက်သက်....မကွေးကို ကိုကိုကြီးတို့နဲ့အတူမလိုက်ခဲ့ဘူး လား”

သက်သက်က မဖုံးကွယ်နိုင်သော မဲ့ပြုံးကိုပြုံးမိပြီး ဖြေ သည်။

“မလိုက်နိုင်ပါဘူး ကိုကိုကြီး၊ ကိုကိုကြီးရဲ့ စေတနာကို သက်သက်.... တသက်မမေ့ပါဘူး၊ ကျေးဇူးလဲ တင်လှပါ တယ်၊ ဒါပေမဲ့....သက်သက် သစ္စာဆိုထားလို့ပါ၊ မကွေးကို သက်သက်လာဖြစ်အောင်လာခဲ့ပါ့မယ်၊ ဟိုကျမှ ကိုကိုကြီးကို သက်သက်လာတွေ့ပါ့မယ်”

ဦးထင်ကျော်၏ရင်မှာ မချိမဆန့်ထိခိုက်သွားသည်။

မိမိတို့အမျိုးသည် မာနကြီး၏၊ သက်သက်သည် မိမိတို့ အမျိုးဖြစ်၍ မာနကြီးပေမည်၊ ဤအတွက်မူ အပြစ်မတင်လို ပါ၊ သို့ရာတွင် သက်သက်သည် မိမိတို့အမျိုးတကာအနက်— မာနအကြီးဆုံးဖြစ်နေလေသည် တကား....၊ ဤမာနတန်ခွန် သည် ဘယ်ကလာသနည်း။

တရားသူကြီးမင်း ဦးထင်ကျော်ငိုင်နေခိုက် သက်သက်သည် မျက်နှာကိုပြုံးရွှင်လိုက်ပြီး စကာတွင်းမှ အကြော်တချပ်ကို ယူပေးသည်။

“သက်သက်ရဲ့အကြော်တချပ်ကို စားသွားအုံး ကိုကိုကြီး၊ ကိုကိုကြီးတို့ကို သက်သက်အကြော် ကြော်မကျွေးရဒါကြာလှ ဘီ....၊ ရော့....ကိုကိုကြီး....”

ဦးထင်ကျော်သည် ခလုပ်နှိုပ်ခံရသောစက်ချပ်ကဲ့သို့ သက်

သက်လှမ်းပေးသောအကြော်ကိုယူသည်၊ အကြော်ကို နှမဖြစ်သူစိတ်ချမ်းသာအောင် တကိုက်ကိုက်စားမိသည်ခဏ၌ တရားသူကြီးမင်း၏မျက်လုံးအိမ်မှာ မျက်ရည်ပေါက်ကြီးတစက် ကျလာခဲ့၏။

ဦးထင်ကျော်သည် အကြော်ချပ်ကို စက္ကူပေါ်ပြန်ချလိုက်သည်။

"ကိုကိုကြီးသွားတော့မယ်မိသက်၊ မကွေးမှာ ကိုကိုကြီးစောင့်နေမယ်...."

ဦးထင်ကျော်သည် သက်သက်ထံမှ အဖြေကိုမစောင့်တော့ဘဲ ထွက်ခွာလာခဲ့၏။

မော်တော်ကား ထွက်ခဲ့၍လည်း သက်ခိုင်တို့ မောင်နှမက အလုပ်များနေကြ၏၊ ကိုချစ်တိုးကဘေးမှထိုင်ရယ်နေသည်။

သက်ခိုင်က မလေးနွယ်ကို ကျောင်းသားသပိတ်မှောက်သီချင်းများချပေးနေ၏၊ မလေးနွယ်ကတော်တော်နှင့်မရ။

"မမနွယ်ကလဲ....သိပ်ညံ့ဒါဘဲ၊ ဒါလေးမှ မဆိုတတ်ဘူးလား၊ ပြန်နားထောင်....၊ ကျောင်းသားတို့အပေါ်....ကောင်းစားဘို့မျှော်....ကြိုးစားတဲ့ဗိုလ်အောင်ကျော်....၊သတ်ဘို့ခိုင်းတဲ့ ဘောမော်....၊ ကဲ....လွယ်လွယ်လေး...."

မလေးနွယ်သည် ခေါင်းကလေးကုတ်၍စဉ်းစားသည်၊ခဏ၌မူ တစုံတခုကိုသွားအမှတ်ရဟန် ဝမ်းသာအားရဆို၏။

"နေအုံး-မောင်....၊မမနွယ်သတိရဘီ၊ တို့တောရွာ အလိုက်ဘဲ၊ မမနွယ်ဆိုပြမယ်...."

မလေးနွယ်သည် ချိုအေး ကြည်လင်သောအသံကလေးနှင့် သီဆိုပြသည်။



"ကျေးငှက်ကသာ၊ သင်းပင်းဖွဲ့ရှာ၊ စိမ်းလွဲ့လွဲ့
ညိုပြာပြာ၊ လွမ်းဘွယ်ကောင်းတဲ့ တို့တောရွာ...."

သက်ခိုင်က လက်ခုပ်လက်ဝါးတီးကာ အားရပါးရ ဆိုသည်။

"ဘယ်ဆိုးလို့တုံး မမနွယ်က၊ အဲဒီ အလိုက်အတိုင်းဘဲ....၊ ကျေးငှက်ကသာ....ဆိုတဲ့နေရာမှာ ကျောင်းသားတို့အပေါ်–ဆိုဒါ ထဲ့လိုက်....၊ အဲဒီလိုဘဲ လိုက်ထဲ့သွား....၊ လွမ်းဘွယ်ကောင်းတဲ့ဒို့ တောရွာ နေရာမှာ....သတ်ဘို့ခိုင်းတဲ့... ဘောမော်–လို့ထဲ့လိုက်၊ အဲဒီအတိုင်းဘဲထဲ့သွား....၊ သီချင်းတခုလုံး ရသွားမှာဘဲ....၊ ကဲ....ဆိုကြည့်...."

မလေးနွယ်သည် သက်ခိုင်၏ ညွှန်ပြချက်အတိုင်း လိုက်ဆိုကြည့်သည်၊ ခဏ၌မူ သပိတ်မှောက်သီချင်းတခုလုံးကို ဆိုတတ်သွားသည်။

မလေးနွယ်သည် သက်ခိုင်နှင့်အတူ အားရပါးရ ရယ်မောလိုက်ပြီးနောက် သူ့ဂါဝန်အင်္ကျီအိတ်တွင်းမှအထုပ်တထုပ်ကို ယူထုတ်သည်။

"ဘာလဲ....မမနွယ်...."

"လမုံ့လေ....လမုံ့....၊ မမနွယ် ယူခဲ့မယ်လို့ ပြောတယ်မဟုတ်လား"

သက်ခိုင်က လမုံ့ဆိုသည်ကို သေသေချာချာကြည့်၍ ဆို၏။

"လမုံ့လဲဆိုသေး....၊ဝိုင်းလဲမဝိုင်းဘူး...."

မလေးနွယ်သည် စိတ်မကောင်းဟန် မျက်နှာလေးညှိုးသွားပြီးရှင်းပြ၏။

"လမုံ့ကြီးက....လကြီးလိုဘဲဝိုင်းဝိုင်းကြီးမောင်ရ၊ ဖေဖေကသဲ ဒီလိုက်ခဲ့မယ်လို့ မမနွယ်သိမှမသိသားဒါ၊ ဒါကြောင့် မို့.... အိတ်ထဲဆန့်ယုံ မမနွယ်က လှီးပီး ဝှက်ထားလို့ပါ....၊ ဒါပေမဲ့....မောင်စားကြည့်စမ်း....ချိုလိုက်ထာမှ–အေး....လို့"

သက်ခိုင်က လမုံ့ကို ကိုက်စားကြည့်သည်၊ မ လေး နွယ် ပြောသကဲ့သို့ပင်ချိုလိုက်သည်မှာ....အေးနေ၏။

သက်ခိုင်သည် မုံ့ကိုဆက်မစားတော့ဘဲ စိတ်တက်ကြွစွာမေးသည်။

"ပင်းချောင်းကျမှ မုံ့ကိုကုန်အောင်စားမယ်....၊ မမနွယ် မောင်တို့ပင်းချောင်းကို သွားကြအုံးမလား၊ မောင့်အိတ်ထဲမှာ ပိုက်ဆံတမတ်ပါတယ်...."

မလေးနွယ် ငိုင်သွားသည်၊ အတန်ကြာမှဖြေသည်။

"ဒီနေ့ ပင်းချောင်းမသွားနိုင်ပါဘူးမောင်ရာ....၊ ဒါပေမဲ့ မောင်ရေ.... မကွေးကျတော့.... မြသလွန် စေတီတော်ပေါ်မှာ တွေ့ကြရအောင်....၊ မောင်လေး မကွေးကို ဆက်ဆက်လိုက်ခဲ့နော်...."

သက်ခိုင်က မလေးနွယ်ကို မျက်မှောင်ကြုတ် ကြည့်သည်၊ သူသည် မကွေးသို့ ဘာကြောင့်လိုက်ခဲ့ရမည်နည်း။

သက်ခိုင်ပြန်လည် မေးခွန်းမထုတ်နိုင်မီ ဦးထင်ကျော်သည် အနီးသို့ပြန်ရောက်လာခဲ့၏။

"ကဲ.... သမီးရေ.... ပြန်ကြရအောင်...."

မလေးနွယ်က သက်ခိုင်ကို ဝါဝင်းသော လက် က လေး တဘက်မြှောက်ပြ နှုတ်ဆက်ပြီး ကားပေါ်တက်သွား၏။



ကားပေါ်မတက်မီ ဦးထင်ကျော်က သက်ခိုင်၏ပုခုန်းပေါ် လက်တင်ကာကြင်နာစွာနှုတ်ဆက်၏။

"လူကလေး....ဦးကြီးသွားမယ်....၊ မကွေးကျမှ တွေ့ကြရအောင်နော်...."

ဦးထင်ကျော်လည်း ကားပေါ်တက်သွားပြီး ကား ထွက်သွား၏။

သက်ခိုင်သည် လမုံ့အပိုင်းလေးကိုကြည့်သည်၊ဆက်မစားတော့ဘဲ အိတ်တွင်းသို့ထိုးသွင်းကာ အကြော်ဖိုဘက် ရှောက်ခဲ့လေသတည်း။

## အခန်း-၁၆

## မဆုံတွေ့တတ်သည့်မြေ

ရွှေရောင်ဝင်းသော မြသလွန်စေတီတော်၊ ဝိုက် ကာ ကွေး သော မြစ်ကြီးရော၊ ဤနှစ်ပါးသော သင်္ကေတ လက္ခဏာ နှင့် ထူးခြားအပ်သည့် မကွေးမြို့တော်ဆီသို့ ပထမဦးဆုံးအကြိမ် အဖြစ် သက်ခိုင်ရောက်လာခဲ့ရ၏။

ရေနံချောင်းက ကုန်းထူသမျှ မကွေးဆီကျတော့ မြေတို့က အတိုင်းမသိပြန့်ပြောညီညာသည်၊ ရေနံချောင်းမှ သစ်ပင်မှန် သမျှက ပုနိမ့်ကြုံလှီသော်လည်း မကွေးမှ သစ်ပင်တိုင်းသည် သက်ခိုင်၏အမြင်တွင် မြင့်မားနေ၏၊ အထူးသဖြင့်တမာပင်ကြီး များနှင့် ကုက္ကိုရ်ပင်ကြီးများက မြင့်မားထွားကျိုင်း လွန်းလှ

သည်၊ လွင်ကျယ်ကျယ်တွင် ဟိုတစုသည်တစုမြင်ရတတ်သော ထန်းတောအုပ်စုတို့ကပင် အမြင်အေးလှသည်၊ မြို့အနေနှင့်မူ ရေနံချောင်းလောက်မစည်ဘဲ လူသူနှင့်ယာဉ်ရထားရှင်းသကဲ့သို့ ဖြစ်နေ၏။

အမှန်မှာ.... လူမှန်းသိတတ်ကတည်းက သက်ခိုင်သည်ရေနံချောင်းမှအပ အခြားမည်သည့်မြို့ရွာများသို့မျှ မရောက်ဘူး....၊ ယခုမြင်သမျှ တွေ့သမျှသည် ဆန်းသစ်၍ ချစ်ဘွယ်၊ အံ့ဘွယ်၊ နှစ်သက်ဘွယ်ရှိနေ၏။

ဆောင်းကာလဖြစ်သောကြောင့်လည်း မကွေးသည် အမှန်ပင် ချစ်ဘွယ်ရာလှပနေ၏။

နံနက်စောစောဆိုလျှင် ဖွေးဖွေးဖြူသော နှင်းငွေ့ကမ္ဘလာကို ထူထူထဲထဲမြင်ရသည်၊နွေခင်းများကားမပူ၊ညနေဆည်းဈာခင်းကား နှင်းမြူလွှမ်းလွှမ်းနှင့်လွမ်းဘွယ်ပင်နိုင်၏။

သက်ခိုင်၏သေးငယ်နုနယ်သောနှလုံးသားသည်....မကွေး၌ သိမ့်သိမ့်ခုန်၏။

သက်သက်နှင့်သက်ခိုင်တို့သည် မြသလွန် ရင်ပြင်တော်ရှိ ဇရပ်တခု၌ တည်းခိုကြ၏၊ ဦးထင်ကျော်က မည်မျှခေါ်စေ.... သက်သက်က ဦးထင်ကျော်၏အိမ်၌လိုက်မတည်း၊နံ့သာမွှေးနံ့ကြိုင်၍ ဆည်းလည်းသံသာလွင်သော မြသလွန် ရင်ပြင်တော်တွင်သာ လွတ်လပ်စွာတည်းခိုသည်။

ဤသို့တည်းခိုကြစဉ် သက်ခိုင်သည် ဘောကျော်နှင့် ဘောသောတို့၏ မိတ်ဆွေရင်းဖြစ်လာခဲ့သည်၊ ဖြစ်လာခဲ့ရသည်။



အကိုဖြစ်သူ အထူးအာဏာရ တရားသူကြီးတယောက်လုံးက ကူညီနေသည်ဖြစ်လင့်ကစား သက်သက်သည် ကိုစိုးခိုင်နှင့်ချက်ခြင်းတွေ့ခွင့်မရသေး....၊ သပိတ် ခေါင်း ဆောင် များ နှင့် တွေ့ခွင့်ရရေးကို ကော်မစ်ရှင်နာမင်းကြီးကိုယ်တိုင်နှင့် အရေးပိုင်တို့သည် ရန်ကုန်မှ အထူးစုံထောက်များနှင့် အတူကြီးကြပ်ချုပ်ကိုင်ထားသည်။

သက်သက်နှင့်သက်ခိုင်သည် ထောင်ကြီးသို့ ဝင်မတွေ့ရမီ သုံးရက်ခန့်စောင့်ဆိုင်းနေခဲ့ရ၏။

ဦးထင်ကျော်သည် မ ကွေး မြို့ ပေါ် တွင် ရုံးစိုက်ရသောကြောင့် မကွေးမြို့ပေါ်တွင်ပင် နေထိုင်သည်၊ ယခုရက်များအတွင်း မလေးနွယ်ကလည်း မိဘများနှင့်အတူ လာနေနေ၏။

နံနက်မိုးလင်း၍ လဘက်ရည်သောက်ပြီးချိန်တိုင်း၌ မလေးနွယ်သည် စက်ဘီးလေးစီးကာ မြသလွန်ရင်ပြင်တော်ဆီရောက်လာတတ်၏။

ကျောင်းပိတ်ချိန်တိုင်းတွင် ရေနံချောင်း၌ဘဝက်၊မကွေး၌တဝက်နေသော မလေးနွယ်သည် မကွေးတမြို့လုံးကို လည်ပတ်နှံ့စပ်၏။

စက်ဘီးမစီးတတ်သောသက်ခိုင်သည် ရှက်ရှက်နှင့်ပင်မလေးနွယ်နင်းသော စက်ဘီးနောက်ထိုင်ခုံတွင်ထိုင်၍လိုက်ပါရသည်။

မြသလွန်ကုန်းတော် အတက်အဆင်း၌သာ အခက်အခဲရှိသော်လည်း မြေပြန့်သောမကွေးမြို့၏ ကျန် နေ ရာ များတွင် စက်ဘီးစီးလည်ရသည်မှာ မပင်ပန်းလှ။

မလေးနွယ်မောပန်းသောအခါ ကုန်းကြောင်းဆင်းရှောက်ကြသည်၊ ထိုအခါမျိုးတွင် မလေးနွယ်ကို လွတ်လပ်စွာရှောက်

စေပြီး သက်ခိုင်က စက်ဘီးကိုတွန်းလိုက်သည်၊ သက်ခိုင်သည် စက်ဘီးကိုမှု ကောင်းကောင်းတွန်းနိုင်၏။

ဤသို့လည်ပတ်ကြရင်း တနံနက်ခင်းတွင် ကင်းချောင်းဘေးသို့ရောက်သွားကြ၏။

ဘောကျော်-ဘောသော ရုပ်တုကြီးများကို မြင်သောအခါ သက်ခိုင်ကစက်ဘီးကို လက်ပံပင်တွင်ဆောင်ထားလိုက်ပြီးရုပ်တုကြီးများဆီ ပြေးသွားကြည့်၏။

မလေးနွယ်ကသာ ထိတ်လန့်တကြား အော်ဟစ်သတိပေးသည်။

"မောင်....အဲဒီအရုပ်ကြီးတွေဆီမသွားနဲ့ ပြန်လာခဲ့...."

သက်ခိုင်ကရပ်တန့်ပြီး ပြန်မေး၏။

"ဘာလုပ်ဖို့....မသွားရမှာလဲ"

"အဲဒါ....ဘောကျော်နဲ့ ဘောသောဘီလူးရုပ်တွေ၊မောင့်ကိုဖမ်းစားထားလိုက်မယ်"

သက်ခိုင်ကရယ်သည်။

"အရုပ်ကြီးတွေကသနားပါတယ်၊ လှုပ်တောင် မလှုပ်နိုင်ဘူး၊ မောင့်ကိုဘယ်လိုလုပ် ဖမ်းစားမှာလဲ၊ မမနွယ်ကြည့်နေ.... မောင်လုပ်ပြမယ်"

သက်ခိုင်သည် အရုပ်ကြီးများအနီးသို့ကပ်သွား၏၊ အနီးသို့ရောက်သောအခါ အရုပ်တရုပ်ပေါ်ခုန်တက်လိုက်၏၊ အပေါ်၌ရပ်ရင်းသက်ခိုင်က အော်ပြောသည်။

"မမနွယ်ရေ....ကြည့်စမ်း....မောင်ရပ်နေဒါ သူတို့က ဘာမှမလှုပ်ဖူး၊ သဘောကောင်းပါတယ် မမနွယ်ရ...."



မလေးနွယ်ကမရယ်မပြုံးဘဲ သက်ခိုင် ရပ် ပြ နေ သည်ကို မကျေနပ်ဟန်နှင့် လှမ်းကြည့်နေသည်။

သက်ခိုင်က အရုပ်ပေါ်မှ ခုန်ဆင်း၍ ပြန်လာသောအခါ မလေးနွယ်က ဆောင့်ဆောင့်အောင့်အောင့်ကလေးဖြင့်"လာ.... ပြန်ကြရအောင်"ဟု ဆိုပြီး စက်ဘီးကိုတွန်းကာ ရှေ့မှသွားနှင့်၏။

သက်ခိုင်သည် ရုပ်တုကြီးများကိုလှည့်ကြည့်လှည့်ကြည့်လုပ်ရင်း နောက်မှအမှီလိုက်သည်။

"မနေပါအုံးမမနွယ်ရ....ကြောက်လို့လား၊ မကြောက်ပါနဲ့ သူတို့ကဘာမှမလုပ်ပါဘူး...."

ထိုအခါကျမှ မလေးနွယ်ကရပ်ပြီး မျက်နှာလေးစူစူ နှုတ်ခမ်းလေးထော်ထော်နှင့် ပြောသည်။

"မကြောက်ပါဘူး၊ အရုပ် ကြီး တွေ ဘာမှ မလုပ်နိုင်မှန်း မမနွယ်လဲသိသားဘဲ၊ ဒါပေမဲ့ မုန်းတယ်"

"ဘယ်သူ့ ကိုမုန်းဒါလဲ၊ မောင့်ကိုလား"

"မောင့်ကိုမဟုတ်ပါဘူး၊ အဲ ဒီ အ ရုပ် ကြီးတွေကို၊ ဘောကျော်နဲ့ ဘောသောကို...."

"အို....ဘောကျော်နဲ့ ဘောသောကို....၊ ဘာပြုလို့...."

"ဘာပြုလို့ရမလဲ.... မုန်းဘို့ကောင်းလို့ပေါ့၊မောင် ပန်းချီကားထဲမှာ မဘတ်ရဘူးလား၊ သူတို့က ဘယ်လောက်တကိုယ်ကောင်းဆန်သလဲ၊ မြသလွန်ကလေးလဲရသွားရော.... သူတို့နှမကို သူတို့မေ့သွားရော၊ ဒါကြောင့်လဲ သူတို့သိကြားမင်းဒဏ်တော်ဆီးဒါ....၊ ကောင်းတယ်"

မြသလွန်သမိုင်း ပန်းချီကားများကို ဘတ်ပြီး ဖြစ်သော

ကြောင့် ဇာတ်လမ်းကိုသိပြီးသူ သက်ခိုင်မှာပြန်မချေနိုင်၊မလေးနွယ်ပြောသည်မှာ မှန်သလိုလိုရှိနေ၏။

အတန်ကြာမှ ဖြေပြောရ၏။

"အင်းလေ....ဟုတ်ကဲ့လေ၊ဟုတ်တော့ဟုတ်ထာပေါ့၊ဒါပေမဲ့ရက်စက်ထာမဟုတ်ပါဘူး၊ မေ့သွားလို့ဘဲဥစ္စာ...."

"မေ့ဒါလဲ ရက်စက်ထာဘဲပေါ့၊ အန်တီက ပြောပြတယ်၊ ယောကျ်ားဆိုဒါမျိုးဟာ သိပ်ရက်စက်ထာ....တဲ့၊ ကျားထက်တောင်ရက်စက်သေးသတဲ့၊ မောင်လဲ မြသလွန်သာရကြည့်စမ်းမမနွယ်ကိုမေ့သွားမှာဘဲ မဟုတ်လား"

"အို....မမေ့ပါဘူးမမနွယ်ရာ၊ မောင်ကဘယ်တော့မှမမေ့ပါဘူး...."

"အကယ်မြောဒါလား"

"တကယ်ပါ....မမနွယ်ရ၊ ပီးတော့ ယောကျ်ားဆိုဒါဟာလဲမရက်စက်ပါဘူး၊ မမနွယ်အန်တီက အပျိုကြီးမို့ မဟုတ်ထာတွေပြောဒါ၊ တကယ်ရက်စက်ထာက မိန်းမတွေတဲ့၊ဆင်မကြီးလိုကို ရက်စက်ထာ"

"ဘာ....ဆင်မကြီးလိုကို ရက်စက်တယ်...."

"အဟုတ်....၊ ဘုရားစူး၊ အဲဒီ ဆင်မကြီး နာမည်က စူဠသုဘဒ္ဒါတဲ့...."

"ဘယ်မှာလဲ အဲဒီစူဠသုဘဒ္ဒါက...."

"ပုံထဲမှာပေါ့၊ နေအုံး....ပုံမဟုတ်ဘူး၊ ဘုရားဟောဒါ....တကဲ့အဖြစ်အပျက်၊ မမနွယ် မကြားဘူးဘူးလား...."

"ဟင့်အင်း....၊မမနွယ်ကို ပြောပြမလား...."



"ပြောပြပါ့မယ်၊ ဒါပေမဲ့ပုံက အရှည်ကြီးဘဲ၊ ဘုရားရောက်တော့မှ မောင်အေးအေးဆေးဆေး ပြောပြမယ်၊လာ....ပြန်ကြရအောင်...."

မြသလွန်စေတီတော်၏ တံတိုင်းအပြင် မြောက်ဘက် ကမ်းနဖူး၌ အရိပ်အာဝါသမြိုင်လှသော သစ်ပင်ကြီးတပင်ရှိသည်၊ ဤသစ်ပင်ကြီးကိုမှီလျက် မြစ်ပြင်ဆီ မျက်နှာမူရင်း မလေးနွယ်က ထိုင်သည်။

မလေးနွယ်၏ ဘေးမြေပြင်တွင် ထိုင်လျက် သက်ခိုင်ကသူ့ထုံးစံအတိုင်း သီချင်းလေးများညှပ်ကာ အငိုအပြော....အဆိုအဟောတွေနှင့် ပုံပြောပြသည်။

သက်ခိုင်ပြောပြသောပုံမှာ မမနွယ်ကို သူမဖြစ်ချင်ဆုံးသောစူဠသုဘဒ္ဒါနှင့် သူမဖြစ်ချင်ဆုံးသော ဆဒ္ဒါန်ဆင်မင်းတို့၏ကြေကွဲဘွယ် ဇာတ်လမ်းပေတည်း....။

\+ × ×

ပြုံးရာမှမဲ့၍ ချစ်ရာမှမုန်းစေတတ်သော သမုဒယတရား၏ မှောက်မှားပုံကို ကမ္ဘာကုန်သက်သေပြသည့် လွမ်းဘွယ်သော ဤဇာတ်ကို သက်ခိုင်သည် မလေးနွယ်အား နှုတ်ဆက်ပြောပြောပြရသကဲ့သို့ ဖြစ်လှာခဲ့သည်။

သုံးရက် စောင့်ရပြီးသောအခါ သက်သက်နှင့် သက်ခိုင်သည်ကိုစိုးခိုင်အား ထောင်တွင်း၌ သုံးဆယ်မိနစ်တွေခွင့်ရသည်။

နာမည်နှင့်လိုက်အောင် စိုးစိုးမိုးမိုးရှိသောအရပ်၊ ကျန့်ကျန့်ခိုင်ခိုင်ရှိသော ကိုယ်ထည်နှင့် သက်ခိုင်၏ ဘခင်သည် ဇနီးနှင့်သားကို ပြုံးရွှင်တည်ငြိမ်စွာပင် ဆုံတွေ့၏။

သက်သက်က ငိုချင်မိသော်လည်း ချစ်လင် မကြိုက်မှန်း သိသောကြောင့် ဇွတ်တင်း အိန္ဒြေဆည်ထားရ၏၊ သက်ခိုင်ကသာ မျက်ရည်ဝဲနေ၏။

ကိုစိုးခိုင်သည် သက်ခိုင်အား ပိုက်ပွေ့ထားရင်း သူ့ရည်ရွယ်ချက်ကို တိုတို့နှင့် လိုရင်းမှာ၏။

"သက်သက်တို့....ပြည်ကိုသွားကြရမယ်၊ ဟိုမှာ စိုးမြိုင်က သက်သက်နဲ့သားကို စောင့်ရှောက်ထားမယ်၊ အထူးသဖြင့် သူကအမျိုးသားကျောင်း ကျောင်းဆရာဆိုတော့သားရဲ့ပညာရေးမလစ်ဟင်းနိုင်ဘူး၊ ကြားလားသက်သက်...."

သက်သက်သည် ချစ်လင်အားမော့ကြည့်ကာ မရဲတရဲနှင့်မေး၏။

"သက်သက်တို့ သားအမိ.... ကိုစိုး ထောင်ကလွတ်လာတဲ့အထိ....ရေနံချောင်းကဘဲ စောင့်မနေရဘူးလား...."

ကိုစိုးခိုင်က ကြင်နာစွာပြုံးရင်း ခေါင်းခါသည်။

"ကိုစိုးတို့ ဘယ်တော့မှ လွတ်မယ်ဆိုဒါ မပြောနိုင်ဘူး....၊ သပိတ်ကြီးအောင်ရင်တော့ လွတ်ကြမှာဘဲ၊ ဒါပေမဲ့ သပိတ်ကြီးဟာ တော်တော်နဲ့ ပြီးမှာမဟုတ်ဘူး၊ ရေရှည်တိုက်ပွဲတခုဘဲ သက်သက်၊ သပိတ်ကြီးမအောင်ရင်တော့ ကိုစိုးတို့ အားလုံးထောင်ကျပြီး အလုပ်တွေလဲ ပြုတ်မှာဘဲ၊ သက်သက်တို့ကိုလဲ တန်းလျားက နှင်ချမှာဘဲ၊ ဒါကိုသက်သက်မမှုဘူးဆိုဒါ ကိုစိုးသိတယ်၊ ဒါပေမဲ့ အဘက်ဘက်ကတွေးရင် သက်သက်တို့ ပြည်ကိုသွားကြဒါ အကောင်းဆုံးဘဲ၊ စိုးမြိုင်တို့လင်မယားမှာ သားသမီးရှိဒါလဲမဟုတ်ဘူး၊ စိုးမြိုင်ကလဲကလေးကို ဟိုခေါ်လာတို့ စာထဲ့ထားတယ်၊ သူတို့ လခနည်းလို့ အားနာရင်....



သက်သက်က တဘက်တလမ်းက ဈေးရောင်းပေါ့၊ ဒါပေမဲ့ ပြည်ကိုတော့ သွားကြရမယ်...."

ချစ်လင်၏အမိန့်ကို မငြင်းဆန်သာသော်လည်း သက်သက်က ဒုတိယမ္ပိ မေးခွန်းထုတ်မိပြန်သည်။

"ကိုစိုးတို့ထောင်ထဲမှာ တကယ့်ကိုကြာမယ်...."

"ကြာဘို့များတယ်သက်သက်၊ နောက်ဆုံး စကားကုန်ကုန်ပြောမယ်လေ၊ ထောင်ကလွတ်တောင်မှ ဌာနချုပ်က ကိုစိုးကိုအာတာဝန်ပေးမလဲမသိဘူး၊ ကိုစိုးရဲ့ကြမ္မာကို ဌာနချုပ်နဲ့တိုင်းပြည်ကသာ ပိုင်တယ်၊.... ကိုစိုးမပိုင်ဘူး....၊ ဒီလောက်ဆိုသက်သက်နားလည်ရောပေါ့၊ ကိုစိုးရဲ့စကားကိုသာနားထောင်ပါ...."

သက်သက်ဆင်ခြေမကန့်တော့၊ ချစ်လင်ကိုသာ ရှိသေစွာဦးချကန်တော့သည်၊ သက်ခိုင်ကလည်းဘခင်ကို မိခင်နည်းတူရှိသေစွာ ဦးချကန်တော့၏။

ခွဲကာနီး၌မူ သက်သက်မှာ မျက်ရည် မထိန်းနိုင်တော့၊ သို့ရာတွင် ချစ်လင်လိုလားသော ဂတိကိုမူ ခိုင်မာစွာပေး၏....။

"ကိုစိုးတာဝန်ကို....ကိုစိုး စိတ်ဖြောင့်ဖြောင့်သာ ဆက်လုပ်ပါ၊ ကိုစိုးရဲ့စကားကို နားထောင်ပြီး သက်သက်ရဲ့ တာဝန်ကိုလဲ....သက်သက်ကျေပွန်စေပါ့မယ်...."

သက်ခိုင်ကလည်း ဂတိပေးသည်။

"ဖေဖေ၊ သားလဲ....သားတာဝန် ကျေပွန်ပါ့မယ်၊ ဖေဖေတို့လိုဘဲသားလဲ သခင်ဖြစ်အောင် လုပ်မယ်...."

ကိုစိုးခိုင်၏ တည်ငြိမ်သော မျက်နှာသည် အနည်းငယ်လှုပ်ရှားသွားသည်။

ထိုနောက်မှ ပြန်လည်ပြုံးရွှင်ပြီးဆို၏။

"သားပြည်ကျရင်မင့်ဦးလေးစိုးမြိုင်စကားကိုနားထောင်ပြီး ပညာသာကြိုးစားသင်ပါ၊ သားကြီးလာတဲ့အချိန်မှာ....သားတို့ဟာ.... အလိုလိုသခင်တွေ ဖြစ်နေစေ့မယ်၊ ဖေဖေကလဲ.... ဒါကို ဂတိပေးလိုက်တယ်၊ ကဲ.... သား.... ထုံးစံအတိုင်း နှုတ်ဆက်...."

သက်ခိုင်သည်ညာလက်ကို လက်သီးဆုပ်ဆန့် မြှောက်ကာ နှုတ်ဆက်သည်။

"သခင်မျိုးဟေ့....ဒို့ဗမာ၊ အရေးတော်ပုံ အောင်ပါစေ"

ဘခင်ကလည်းသားနည်းအတူ တုန့်ပြန်သည်။

"သခင်မျိုးဟေ့....ဒို့ဗမာ၊ အရေးတော်ပုံ အောင်ရမည်"

ကျွဲတကြိမ်တွင်မူ ထောင်ဗူးဝမှ မြသလွန်စေတီတော်အထိ ဦးထင်ကျော်ကကားနှင့် လိုက်ပို့ပေးသည်ကို သက်သက်ကာ လက်ခံသည်။

ကားပေါ်၌ မလေးနွယ်နှင့် မလေးနွယ်၏မိခင်လည်းပါလာ ခဲ့သည်။

ဇရပ်သို့ရောက်သောအခါ လူကြီးချင်း စကားပြောနေကြ ခိုက် သက်ခိုင်နှင့် မလေးနွယ်က ကမ်းနဖူးရှိ သစ်ပင်ကြီး အောက်သို့ထွက်လာခဲ့ကြသည်။

မကွေး၏ဆောင်းနှင်းတို့ကမှုန်နေသည်၊ ဧရာဝတီမြစ်ရေက လည်းတွေတွေစီးနေ၏။

မလေးနွယ်က စိတ်မချမ်းသာသော အသံလေးနှင့်မေး၏။

"မောင်တို့ပြည်ကိုတကယ်သွားကြတော့မယ်ဟုတ်လား...."

"တကယ်သွားရတော့မှာပေါ့မမနွယ်ရာ...."



"ဒီလိုဆိုရင်....မမနွယ်နဲ့မောင်နဲ့ ဘယ်တော့မှပြန်တွေ့ကြရမှာမဟုတ်တော့ဘူး...."

"မမနွယ်ကလဲ နမိတ်မရှိနမာမရှိ ဘာလို့ပြန်မတွေ့ရမှာလဲ၊ ပြန်တွေ့ရမှာပေါ့...."

"ဘယ်တော့ပြန်တွေ့ရမလဲ...."

"အဲဒါတော့မသိဘူး၊ ကြီးတော့ဖြစ်ဖြစ်ပြန်တွေ့ရမှာပေါ့"

"ကြီးတော့ဘယ်မှာပြန်တွေ့မလဲ...."

"အဲဒါလဲ....မောင်ကဘယ်လိုလုပ်သိမလဲ၊ ရေနံချောင်းမှာ ဖြစ်ဖြစ်....ဒီမှာဖြစ်ဖြစ်...."

မလေးနွယ်က ဝမ်းနည်းစွာခေါင်းကလေးခါပြ၏။

"ဒီမှာတော့.... မဖြစ်နိုင်ဘူး၊ မောင်မသိဘူးလား....ဒီမှာ မောင်နှမချင်း ဘယ်တော့မှပြန်မဆုံတွေ့နိုင်ဘူး....တဲ့...."

မလေးနွယ် ကောက်ကာငင်ကာ ပြောလိုက်သော စကား ကြောင့် သက်ခိုင်ထိတ်လန့်သွားသည်၊ မည်သို့စကားပြန်ရမှန်း လည်းမသိ။

ထိုစဉ်မလေးနွယ်၏မိခင်က မလေးနွယ်ကို အိမ်ပြန်ရန်လာ ခေါ်သည်။

မလေးနွယ်က မိခင်နောက်လိုက်သွားရာမှ ကိုယ်လေးလှည့် ကာလက်ပြနှုတ်ဆက်ရှာ၏။

ဘာကြောင့်မသိ....၊မလေးနွယ်တို့နောက်သို့ သက်ခိုင်လိုက် မသွားမိ၊ လိုက်သွားရန်ခြေကို လှမ်း၍လည်းမရ....၊ မောင်နှမ ချင်းခွဲရသည့်မြေပေမို့ သူ့ခြေတို့ကိုလှုပ်မရအောင် တစုံတရာ ကဆွဲထားလေပါသလော....။

## အခန်း–၁၇

## ဆုံတတ်သည့်မြေ

အဆုံးအစမမြင်–ရေဝတီမြစ်ရေလျှင် တတွေ့တွေ့စီးဆင်းလေသကဲ့သို့ တရွေ့ရွေ့အချိန်တို့ပြောင်းခဲ့ပြီးနောက်နှစ်ပေါင်းကိုးနှစ်အကြာ ၁၉၄၈–ခုနှစ် ဇူလိုင်လဆန်းအချိန် ရန်ကုန်တက္ကသိုလ်နယ်မြေ၌ဖြစ်ခဲ့လေသည်။

ထာဝစဉ်လို စိမ်းစိုသာယာသော တက္ကသိုလ်နယ်မြေသည် ဇူလိုင်မိုးကြောင့် ပိုမိုနုပျိုသစ်လွင်နေ၏။

မြရောင်ရင့်သော အင်္ဂလိပ်ပိတောက်ပင်တို့သည် ရွှေရောင်ပွင့်ကျန်ပွင့်ကြွင်းတို့ကို အမြင့်၌ဆင်ထားဆဲပင်ရှိကြ၏၊ ပင်လုံးကျွတ်ရွက်စိမ်းတို့ ပြန်လည်ဝေမှောင်နေပြီ ဖြစ်သော်လည်း စိန်ပန်းပင်တို့သည် ပတ္တမြားပွင့်လွှာတို့ကို အပြီးတိုင် မစွန့်သေး၊ စွယ်တော်ပွင့်ဖြူဖြူတို့လည်း တပွင့်စနှစ်ပွင့်စ ကျန်နေလေသေးသည်၊ ကံ့ကော်တောတို့ကသာ အပွင့်မဆင်ပြီ၊ သဘောတည်ပင်တို့နှင့် စိမ်းရာတွင် အမှောင်ချင်းပြိုင်နေ၏။

ညနေကျောင်းဆင်းချိန်နီးကာမှ မိုးကသဲသဲမဲမဲရွာချသည်။

အရှေ့ဘက်ရှိ စာသင်အဆောက်အဦကြီး သုံးဆောင်ကို ဆက်ထားသော စင်္ကြံသုံးထပ်အနက် အပေါ်ဆုံး အထပ် စင်္ကြံတလျှောက် မြောက်မှနေ၍ တောင်သို့အသက်ဆယ့်ရှစ်နှစ်အရွယ်ခန့် ကျောင်းသားတဦးသည် ဖြေးဖြေးမှန်မှန်ရှော် လာနေ၏။

သူသည် ရွှေတောင်လုံချီအနီနှင့် တိုက်ပုံအင်္ကျီ အနက်ကို ဝတ်ထား၏၊ အောက်ခံအင်္ကျီမှာ စတစ်ကော်လာတပ်အဖြူ ဖြစ်၏၊ လက်တဘက်က ဖိုင်တခုနှင့် ပလာစာအုပ်များကိုပိုက်ထားပြီး အခြားလက်တဘက်တွင်မူ ဖဲထီးအနက်တခုကို ချိတ်ဆောင်လာ၏။

လုံချီအနီနှင့် အင်္ကျီအနက်သည် လူကိုရင့်စေသည်၊ ဖဲထီးအနက်ကပါ ဝင်ကူဖြည့်လိုက်သောအခါ ပြည့်ပြည့်ဝဝ လူကြီးဆန်နေ၏။

သို့ရာတွင် အသားလတ်လတ်၊ မျက်ခုံး မျက်လုံး ကောင်းကောင်းနှင့် သူ့မျက်နှာကား၊ တည်ငြိမ်၍ အိန္ဒြေကြီးသော်လည်း များစွာနုနယ်သေးသည်။

လေပြေ့သဖြင့်မိုးငွေ့၊ မိုးစက်၊ မိုးပေါက်တို့သည် စင်္ကြံတွင်းသို့ တိုးဝင်ပက်စင်နေ၏။

သူကဖြေးဖြေးမှန်မှန်ရှောက်ရင်း မိုးငွေ့၊ မိုးစက်၊မိုးပေါက်တို့ကို နှစ်သက်စွာကြည့်၏၊ မျက်နှာကို ၎င်းတို့လာတိုးသောအခါ မြေလန်းဆန်းသောအတွေ့ကို ခံစားနေရ၏။

ကျောင်းဆင်းချိန်မှာ မိနစ်ပိုင်းမျှလိုသေးသည်၊ ကြူတိုးရီးရဲနှင့် လက်တွေ့သင်္ချာစာ စောစောပြီးသော ကျောင်းသူ



ကျောင်းသား အနည်းငယ်သာ စင်္ကြံများ၌ ရှောက်နေကြသည်။

အပေါ်ဆုံးထပ် စင်္ကြံသည် လူအမြဲတမ်းရှင်းသည်၊ လူရှင်းလွန်းသဖြင့် တိုးတိုးတိတ်တိတ်ချိန်းတွေ့သော စုံတွဲတတွဲနှစ်တွဲကိုလည်း မကြာခဏတွေ့ရရိုးဖြစ်၏။

ဖြေးဖြေးမှန်မှန် ရှောက်လာသောကျောင်းသားသည်ယနေ့ကံကောင်း၏၊ မျက်နှာပူဘွယ်မည်သည့် စုံတွဲကိုမျှမတွေ့။

သူသည် ရုက္ခဗေဒဌာနဉယျာဉ်ကိုစီးမြင်ရသောနေရာမှ ဖြတ်လာပြီး အောက်ထပ်သို့ဆင်းသည့် လှေခါးအနီး မရောက်တရောက်၌ လက်ျာဘက်ကော်ရစ်ဒါထောင့်မှ ထွက်ပေါ်လာသော ကျောင်းသူလေးတဦးကိုတွေ့ရသည်။

ကျောင်းသူလေးသည် မြမြမှောင်သော ပိုးထဘီကို ဝတ်ထားသည်၊ အင်္ကျီကကြက်ဉနှစ်ရောင် လက်ရှည်လေး ဖြစ်၏၊ အသားအရည်က မြင်သည်ခဏ၌ အမှတ်ပြုမိလောက်အောင် ဝါဝင်းရကား ဝတ်ထားသောထဘီအင်္ကျီရောင်တို့နှင့်သင့်မြတ်လိုက်ဘက်လှ၏။

သူက အမှတ်မထင်ပင် ကျောင်းသူလေးကို ကြည့်သည်၊ ကျောင်းသူလေးကလည်း အမှတ်မထင်ပင် သူ့ကိုပြန်ကြည့်သည်၊ မျက်နှာချင်း၊မျက်လုံးချင်းဆိုင်မိကြသည်ခဏ၌ နှစ်ဦးလုံးခြေလှမ်းများတန့်သွားကြ၏၊ ငါးစက္ကန့်မျှ တဦးကိုတဦးစိုက်ကြည့်နေမိကြသည်။

ကျောင်းသူလေးက မျက်လုံးအရင်လွှဲကာ ရုက္ခဗေဒဆောင်ဘက်သို့ ဆက်ရှောက်သွား၏၊ သူကသာနေရာမှမရွေ့ဘဲမျက်မှောင်တွန့်၍ ကျောင်းသူလေးသွားရာကို နောက်မှငေးကြည့်

နေမိ၏၊ ထောင့်ချိုးမရောက်မီ ကျောင်းသူလေးက သမင်လည်ပြန်နှင့် သူ့ကိုလှည့်ကြည့်ပြန်ပြီးနောက် ပျောက်ကွယ်သွား၏။

သူကသာ ရပ်မြဲရပ်နေသည်၊ စက္ကန့်များအတွင်းသာ မြင်လိုက်ခဲ့ရသည့် ဆံနွယ်နွယ်နွယ်၊ မျက်တောင်ကော့ကော့၊ မျက်လုံးကြည်ကြည်၊ နှာတံထင်ထင်၊ နှုတ်ခမ်းပြည့်ပြည့်နှင့် ဝါဝင်းသောမျက်နှာသွယ်လေးသည် သူ့မျက်လုံးများ၌ ပီသစွာထင်ကျန်ရစ်၏။

သူ့ရင်က တထိုင်းထိုင်းမခုန်၊ နှလုံးသားသည်မူ သိမ်မွေ့နူးညံ့စွာ သိမ့်သိမ့်လှုပ်ရှားနေ၏။

ကျောင်းဆင်းလျှပ်စစ် ဘဲ(လ်)ကြီးမြည်သံပေါ်လာမှ သူသည် ခေါင်းငုံ့စဉ်းစားရင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ဆုံးစကြံ့တလျှောက်တွင် စာသင်ခန်းများမှအန်ထွက်လာသော ကျောင်းသားကျောင်းသူများနှင့် ပြည့်နေ၏။

အယ်(လ်) စီအာ(ရ်)ခေါ် အမျိုးသမီးများ နားနေခန်းထောင့်ချိုးရောက်သောအခါ ခေါင်းငုံ့ ရှောက်လာသော ကျောင်းသားကို တစုံတယောက်ကလှမ်းခေါ်သည်။

"ဟေ့....သက်ခိုင်....၊ ခဏ....ခဏ"

လှမ်းခေါ်သော ကျောင်းသားသည် အမျိုးသမီးအခန်းရှေ့တည့်တည့် စင်္ကြံ့ဘေး၌ရပ်နေသည်၊ ထိုစင်္ကြံ့တလျှောက်၌ ပြုံးဖြဲဖြဲတမျိုး၊ ပြောင်စပ်စပ်တလီ၊ ငိုင်တိုင်တိုင်တနည်း ရှက်ရွံ့ရွံ့တဖုံနှင့် ကျောင်းသားအများတန်းစီရပ်နေကြ၏။



သက်ခိုင်ကို လှမ်းခေါ်သော ကျောင်းသားသည် သူ့နေရာကောင်းကို လုဝင်ယူမည်စိုးသည့်အလား စင်္ကြံ့ဘေး ကာဘောင်မှမခွာဘဲ သက်ခိုင်အားသာ လက်ရပ်ပြခေါ်နေ၏။

သက်ခိုင်က သူ့ထံ လျှောက်သွား၏။

"ဘာလဲကွ.... ယုမောင်"

"မင်းမှာထီးပါဒါမြင်လို့.... အပြန်အတူ လိုက်ချင်လို့....၊ ငါ့ခဏစောင့်ကွာ...."

"စောင့်ဒါက အရေးမကြီးဘူးကိုယ့်လူ၊လာဘက်ရည်မမှီဘဲနေအုံးမယ်...."

"မမှီလဲ ငါက ရာနီဆိုင်မှာ အကြွေး ဝယ်တိုက်ပါမယ်....၊ မင်းကလဲကွာ အကြောင်းသိရဲ့သားနဲ့...."

ဒီအမှန်မှာ အယ်(လ်)စီအာ(ရ်)ရှေ့၌ ရပ်ရဲလောက်အောင် သက်ခိုင်၏ မျက်နှာသည်အရေးမထူ၊ သို့ရာတွင် ယုမောင်၏ အကြောင်းကိုသိသောကြောင့်သည်းခံရပ်စောင့်ရ၏။

ယုမောင်က စင်္ကြံ့ဘောင်ကိုကျောခိုင်းမှီပြီး အယ်(လ်)စီအာ(ရ်)တံခါးဝကိုကြည့်နေ၏၊ စင်္ကြံ့အပြင်ဘက် မြက်ခင်းလမ်းဘေးတဘက်တချက်တို့တွင် ကျောင်းသူများကိုလာကြိုသော ကားကြီး ကားငယ်အသွယ်သွယ်တို့ဆိုက်ရပ်ထားကြ၏။

အယ်(လ်)စီအာ(ရ်)တံခါးဝမှ မိန်းကလေး တသိုက်ထွက်လာကြ၏၊ ထိုတသိုက်အနက် မိန်းကလေးတဦးမှာ အထူးခြားဆုံးဖြစ်သည်၊ ထူးခြားရသည်မှာ မဆန်း ပြားသောကြောင့်ဖြစ်၏၊ထိုမိန်းကလေးကို ယုဟု သက်ခိုင်သိပြီးဖြစ်၏၊ ကောင်းကောင်းသိခဲ့ပြီးဖြစ်၏။

ယုသည် သရက်ထည်ထဘီနှင့် ချည်အင်္ကျီ ထူထူလေး ဝတ်ထားသည်၊ ရွှေငွေမဆင်၊ နှုတ်ခမ်း ဆေး မ ဆိုး၊ ခေါင်း၌ အမောက်မရှိ၊ဆံပင်ကိုကျစ်ဆံမြီးကျစ်၍ နောက်၌ချထား၏၊ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်နှင့် အ သား က ညို၍ ညက်သည်၊ ချောလွန်းလှပါသည်ဟုမဆိုနိုင်စေ၊ ရိုးရိုးယဉ်ယဉ်နှင့် အကြည့်ခံသော အလှပိုင်ရှင်မလေးဖြစ်၏။

ယုက.... ယုမောင်ကို လှမ်းမြင်သည်၊ ယု၏ ခြေလှမ်းမသိမသာလေးပျက်သွားသည်၊ ယုက လှမ်းကြည့်သည်ကိုမြင်သောအခါ ယုမောင်က မျက်လွှာချကာခေါင်းငုံ့ထား၏။

သက်ခိုင်သည် မသိမသာခေါင်းခါပြီး ယုမောင်ကိုကြည့်မိ၏၊ ယုမောင်၏မျက်နှာမှာ ပြုံတော့မည့် မိုးကဲ့သို့ ညို့နေသည်၊ ယုမောင် ဟန်လုပ်နေသည်မဟုတ်မှန်း သက်ခိုင်ကောင်းစွာသိသည်၊ ယောက်ျားချင်းပင် ချောပါသည်ဟုဝန်ခံရသည့် ဇာတ်လိုက်ချော-ချောသော ယုမောင်၏မျက်နှာသည် ယုနှင့်ရင်ဆိုင်မိတိုင်း ပြုံတော့မည့်မိုးကဲ့သို့ဖြစ်သွားတတ်မှန်း သက်ခိုင်မြင်ဘူးလှပြီ....။

ယုက သူ့ကားဆီရှောက်သွားမှ ယုမောင်သည် ကိုယ် ကို လှည့်ကာ ယုသွားရာသို့ ပြန်ငေးကြည့်သည်။

ယုတို့၏ အနက်ရောင်ဝူစလေကားကြီး ထွက်ခွာ သွားလေသောအခါ ယုမောင်သည်သက်ပြင်းချပြီးဆို၏။

"အင်း.... တနေ့တာဝတ္တရားတော့ ပီးခဲ့ပြန်ဘီအမရေ့....ကဲ....သက်ခိုင် ပြန်ကြစို့...."

သက်ခိုင်သည် မည်သို့မျှဝေဖန်မှုမပေးဘဲ ယုမောင်နှင့်အတူ နေရာမှခွာခဲ့၏။



သက်ခိုင်နှင့်ယုမောင်သည် ပြည်ကျောင်းဆောင်၌ တခန်းတည်းအတူနေကြ၏၊ ယုမောင်က သက်ခိုင်ထက် အသက်နှစ်နှစ်ကြီး၍ အတန်းလည်းတတန်းကြီးသည်၊ ယုမောင်သည် နယူးကို့(စ်)ခေါ်စံနစ်သစ် အင်္ဂလိပ်စာ သင်တန်းမှ ဒုတိယနှစ်ကျောင်းသားဖြစ်၏၊ ပြည်ကျောင်းဆောင်တွင် အင်္ဂလိပ်စာကျောင်းသားများသာနေကြ၏၊ သက် ခိုင် သည် ယ ခု နှစ် မှ ကောလိပ်ရောက်သူဖြစ်ပြီး ဘိုင်အိုလိုဂျီခေါ် ပါဏဗေဒကို ရူပဗေဒ၊ ဓာတုဗေဒတို့နှင့် တွဲယူ၏၊ ဝိဇ္ဇာ-သိပ္ပံကျောင်းသားများသည် ဗဟို ကျောင်းဆောင်များ၌ နေရိုးဖြစ်သည်၊ သို့ရာတွင် သူငယ်ချင်းကို ခင်တတ်သောသက်ခိုင်က ယု မောင် နှင့် အ တူ ပြည်ကျောင်းဆောင်၌လိုက်နေ၏။

အမှန်မှာ ....ပြည်အထက်တန်းကျောင်း၌ နေကြစဉ်က .... ယုမောင်၊ သက်ခိုင်နှင့်ယုတို့သည် ခင်မင်သောသူငယ်ချင်းများဖြစ်ခဲ့ကြ၏၊ သုံးပွင့်ဆိုင်သူငယ်ချင်းဘဝသည် ယုမောင်ကယုကို စာပေးမိသည်မှစ၍ ပျက်ပြားသွားခဲ့ရ၏၊ ပျက်လည်းပျက်ပြားထိုက်သည်ဟုသက်ခိုင်ကတော့ထင်သည်၊ သူငယ်ချင်းချစ်၏ဖြူစင်ခြင်းကို ကိလေသာနွံက ဝင်မဖျက်ဆီးသင့်ဟုယုံကြည်ထားသည်။

ယုမျက်နှာကိုမကြည့်ဝံ့ပါဆိုကာ ယုမောင်သည်ကျောင်းမှထွက်သွားသည်၊ သက်ခိုင်နှင့်ယုတို့က ထိုနှစ်တွင် ကျောင်းထွက်လက်မှတ်ရစာမေးပွဲ(ကိုးတန်း)ကိုသာဖြေကြသော်လည်း ယုမောင်က တက္ကသိုလ်ဝင်စာမေးပွဲ(မက်ထရစ်)ကို အလွတ်ပညာသင်၍ တိုက်ရိုက်ဝင်ဖြေကာ အောင်သွားသောကြောင့် တက္ကသိုလ်သို့တနှစ်စောရောက်နေခြင်းဖြစ်သည်၊ ပြည်ကျောင်း

ဘ္ဘိနေကြစဉ်က ယုမောင်၏နာမည်မှာတင်လတ်ဟုသာဖြစ်သည်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေစဉ်က....ယုမောင်ဟု အမည်ပြောင်းလိုက်သောကြောင့် တင်လတ်သည်ယခု ယုမောင်ဖြစ်နေ၏....။

ယုမောင်ကောင်းမှုကြောင့် သက်ခိုင်နှင့် ယုပါ ခင်တန်းတန်းဖြစ်ခဲ့ကြရ၏၊ သက်ခိုင်က ခပ်တန်းတန်း နေခြင်းမှာ ယုမောင်ကိုယ်စားမျက်နှာပူ၍ဖြစ်သည်၊ ယုက ခပ်တန်းတန်းနေခြင်းမှာလည်း ယောကျ်ားလေးသူငယ်ချင်းဆိုလျှင် ကြောက်လန့်သွားလေ၍လောမပြောတတ်။

သက်ခိုင်နှင့် ယုမောင်တို့သည် သထုံကျောင်းဆောင်သို့ရောက်သည်အထိ အတွေးကိုယ်စီနှင့်ရှောက်လာကြသည်၊သထုံကျောင်းဆောင်မှအစွက်တွင်သက်ခိုင်ကထီးဖွင့်သည်၊ ထီးရိပ်ခိုကာနှစ်ယောက်သားဆက်ရှောက်လာကြပြန်သည်။

သက်ခိုင်ကစ,စကားပြောသည်။

"မင်းလဲ ....နေ့တိုင်းလိုလိုဒုက္ခကြီးလှပါကလားယုမောင်"

ယုမောင်က လမ်းဘေးတဘက်တချက် ရှိပိတောက်ပင်များထက်မှ ပွင့်ကြွင်းများကို ငေးကြည့်လိုက်လာရာမှလေးလေးဖြေ၏။

"အင်း....၊ ဒုက္ခကြီးတယ်သူငယ်ချင်း၊ ယုလိုမယ်သီလရင်ကလေးကို မြစ်မှားခဲ့မိတော့....ငါ့ဝဋ်ငါဆိုက်ပီး ငါဒုက္ခကြီးရဒါပေါ့"

ယုမောင်ထံမှကြားနေကျစကားဖြစ်သောကြောင့် သက်ခိုင်သည်ဘာမျှပြန်မပြောတော့....၊ယုမောင်ကသာဆက်မေးသည်။

"ဒါထက် အေးဝင်းကောဘယ်ကျန်ရစ်လဲ...."



"ထုံးစံအတိုင်း မွန်နဲ့စကားကောင်းရစ်တယ်၊ သူ့ထီးလဲမပါဘူး၊ အပြန်ရှဲနေအုံးမယ်"

"အင်း....သူလဲ....သူ့ဒုက္ခနဲ့သူဘဲ"

"နေပါအုံး....မင်းတို့က ဒုက္ခကိုဒုက္ခမှန်းသိရက်နဲ့ ဘာလို့ဆက်ဒုက္ခခံနေကြရဒါလဲ"

"ခက်ပါဘိသက်ခိုင်လေး၊ လူလေးကငယ်ငယ်နဲ့ ဓမ္မကထိကလေသံမပစ်စမ်းပါနဲ့၊ ဒုက္ခကိုဒုက္ခမှန်းသိလို့ ဆက်ဒုက္ခမခံစတမ်းဆိုရင် လူတိုင်းနိဗ္ဗာန်ရောက်ပီး လောကကြီး ဆိတ်သုဉ်းသွားမှာပေါ့....၊အခင်းလေ....မင်းက ကိုယ်ချင်းစာတတ်အုံးမှာမဟုတ်သေးဘူး၊ တနေ့.... မင်းကြုံမှ....မင်းသိမယ်၊ ကြုံလဲကြုံရမှာဘဲ၊ ဘုရားစူး....၊ ဒီဒုက္ခ,ဒီအပူဟာ သံသရာကျင်လည်သောယောကျ်ားတကာတို့ ခံရမြဲဘဲငါ့ရှင်ရေ...."

ယုမောင်၏စကားကြောင့် သက်ခိုင်သည်ရယ်၏၊သို့ရာတွင် ကျောင်းဆင်းလာစဉ် အမှတ်မထင်တွေ့ခဲ့ရသော ပပဝင်းသည့်မျက်နှာလေးကို သတိရမိသည်နှင့်တပြိုင်နက် ချက်ခြင်းအရယ်ရပ်ကာ မျက်မှောင်ကြုတ်သွားသည်။

"ဟေ့ကောင်....သက်ခိုင်....မင်း ဘာဖြစ်သွားဒါလဲ...."

"ငါဘာဖြစ်လို့လဲ...."

"မဖြစ်ဘဲနဲ့ ဘာကြောင့် ရယ်ရာကနေ မျက်နှာမှုန်သွားသလဲ၊ နောက်တဆင့်ဆို ငိုရုံဘဲ ရှိတော့တယ်"

သက်ခိုင်သည် မြန်ပြုံး၏၊ သူသည် သူငယ်ချင်းများကိုလိမ်တတ်သူမဟုတ်၊ ဟန်လည်းမဆောင်တတ်၊ သူသည်ရိုးသားဖြောင့်ဝန်ခံ၏။

"မင်းပြောဒါ မှန်နေမလှားမသိဘူး ယုမောင်၊ ဒီနေ့ငါ... ကျောင်းသူတဦးကိုတွေ့ခဲ့ရတယ်...."

"ဟော...၊ဟာ...ကျောင်းတက်သွားဒါ ကျောင်းသူတဦး တွေ့ဒါဆန်းသလား၊ တရာ...နှစ်ရာ...တထောင်တောင် တွေ့နိုင်တယ်"

"ပြောဒါကိုနားထောင်စမ်းပါအုံး၊ အဲဒီကျောင်းသူကိုမြင်လဲမြင်လိုက်ရရော...ငါ့ရင်ထဲ တမျိုးကြီးဖြစ်ကျန်ရစ်တယ်...."

"မြတ်စွာဘုရား...၊ရင်ထဲ တမျိုးကြီးဖြစ်တဲ့အခြေတောင် ရောက်သွားသလား...၊ မင့်ရင်တွေ တထိုင်းထိုင်းခုန်သွားတယ်-ဟုတ်လား"

"ဟင့်အင်း....၊မခုန်ပါဘူး"

"လျှာတွေ...အာတွေ...လည်ချောင်းတွေရော...ထူပူပြီး... ခြောက်မသွားဘူးလား...."

ဟင့်အင်း....၊မခြောက်ပါဘူး"

"ဒူးတွေဘာတွေ မခိုင်ချင်သလိုဖြစ်ပြီး.... အကြောတွေ-အရိုးတွေထဲကစိမ့်ချမ်းပြီး ကြက်သီးတွေ ဘာတွေ...ထမသွားဘူးလား...."

"ဟင့်အင်း....အဲဒါတွေ တခုမှငါမဖြစ်ဘူး...."

"နို့ ဘာဖြစ်သလဲ...."

"ငါပြောပါရောလား၊ ငါ့ရင်ထဲမှာ တမျိုးကြီးဘဲ....သို့၊ ဝမ်းသာသလိုလို....၊ဝမ်းနည်းသလိုလို....၊ တခုခုကိုလဲ မှတ်မိသလိုလို....ပြီးတော့...."

"တော်ပါတော့ကွာ....၊ ပြီးတော့....ဟိုဟာလိုလို....ဒီဟာလိုလိုနဲ့....ရင်ထဲမှာတမျိုးကြီးဘဲ မဟုတ်လား၊ အဲဒီစကားအမှန်



ဆုံးဘဲ....၊ရင်ထဲမှာ....တမျိုးကြီးဘဲ....၊အေး.... ဒီလိုဘဲ....တမျိုးကြီးနဲ့ဘဲ....စကြဒါချည်းဘဲ...."

သက်ခိုင်က နှုတ်ခမ်းများနှင့်သာ ရယ်သည်၊ ရင်နှင့်မရယ်နိုင်၊ အမှန်ပင်သူ့ရင်ထဲ၌ တမျိုးကြီးဖြစ်နေ၏။

ယုမောင်က ဆက်လက်စုံစမ်းသည်။

"မင့်ကလေးမက ချောသလား"

"ငါ့ကလေးမ....မဟုတ်ပါဘူး၊ကျောင်းသူ တယောက်သာပါ...."

"တကတဲကွာ....ရုံးဟော်မှာ အစစ်ခံတဲ့အတိုင်းဘဲ....စကားအသုံးအနှုန်းရွေးနေပြန်ပါဘီ၊ထားပါတော့....အဲဒီမင့်ကျောင်းသူက ချောသလား၊ ယုလောက်ချောသလား"

သက်ခိုင်သည် ပြုံးမိသွား၏။

"ဒါတော့....ငါဘယ်ပြောနိုင်ပါ့မလဲ"

"အေးပါလေ....မင်းပြောနိုင်ဒါတွေ ပြောပြစမ်း၊ အကုန်ပြောနော်...."

"အသားက....ဝါဝင်းပြီး ကြည်လဲ့နေတယ် သူငယ်ချင်း၊ ဆံပင်တွေကလဲခွေခွေ.... နွယ်နွယ်နဲ့၊ မျက်တောင်တွေကကော့တယ်၊ မျက်လုံးကကြည်ပြီး ရွှန်းနေတယ်၊ နှာတံက ထင်ပြီး.... နှုတ်ခမ်းလေးတွေက ပြည့်ပြည့်ဖောင်းဖောင်းလေးရယ်၊ မျက်နှာကတော့.... မျက်နှာသွယ်ဘဲ...."

"အဲဒီလောက် အသေးစိတ်မြင်အောင် မင်း....အတန်းထဲမှာ တချိန်လုံးထိုင်ကြည့်နေခဲ့သလား...."

"အတန်းထဲမှာ တွေ့ဒါမဟုတ်ပါဘူး၊ ကော်ရစ်ဒါမှာဖြတ်သွားတုံး ခဏတွေ့ရဒါပါ၊ လေးငါးစက္ကန့်ဘဲ ကြာမယ်ထင်တယ်...."

ယုမောင်က သက်ပြင်းရှိုက်ပြပြီး ခေါင်းရမ်း၍ဆို၏။

"လေးငါးစက္ကန့်နဲ့တွင် ဒီလောက် မှတ်မိတယ် ဆိုရင်.... ဘုရားသာ တပေတော့ သက်ခိုင်ရေ....မင်းတော့....ဒုက္ခဘဲ"

ပြည် ကျောင်း ဆောင် ဝင်း အတွင်း ရောက်လာကြသဖြင့် သူငယ်ချင်းနှစ်ယောက် စကား ပြတ်သွားကြသည်။

ကျောင်းဆောင်၏အရှေ့ဘက် တောင်မျက်နှာလှေကားဦးရောက်မှ ယုမောင်က ဂတိတည်စွာမေး၏။

"လဘက်ရည်တော့ သိမ်းပြီထင်တယ်၊ ဒိုကရာနီဆိုင်သွားကြမလား...."

"မသွားပါဘူးကွာ၊ ငါဆာလဲ မဆာပါဘူး...."

"အေး....ဒါဖြင့် မင်းအခန်းပြန်ချင်ရင်ပြန်နှင့်၊ ငါတော့....ဦးညနေကလပ် (စ်) လစ်ထားမိလို့ တင်မောင်စိုးတို့ မောင်ရှိန်တို့ဆီ နုတ် (စ်) သွားတောင်းလိုက်အုံးမယ်"

ယုမောင်သည် ပြောပြောဆိုဆိုနှင့် အဆောင်၏ကျောဘက်သို့ထွက်သွား၏။

သက်ခိုင်က အဆောင်၏ရှေ့ဘက် စင်္ကြံအတိုင်း ဆက်ချော်လာခဲ့သည်၊ဆက်ရောက်လာစဉ် မိုးသံလေသံကိုနှင်း၍ တအီအီတကျွီကျွီနှင့်မပီသသ၊ ပီသသဖြင့် မကြောင်တဝက်ကြောင်တဝက် ပေါ်ထွက်လာနေသော တယောသံကို ကြားရသည်။



တယောသံပေါ်ထွက်လာနေသော အခန်းရှေ့၌ သက်ခိုင်ခေတ္တရပ်လိုက်သည်၊ အခန်းရှေ့ပြတင်းပေါက် ဘောင်ပေါ်၌ "မြင့်သောင်း(သီပေါ)ဟု မြေဖြူနှင့်ရေးထား၏။

ပီသ၍ဖမ်းမိသမျှသော တယောသံက "အမြင်သာနီးရဲ့.... အမြင်သာနီးရဲ့....သဇင်ခက်ညှာ...."ဟူသောသီချင်း၏အသွားကို ခက်ရာခက်ဆစ် ရင့်ရှူနေ၏။

သက်ခိုင်က အခန်းပေါက်ဝ၌ရပ်လိုက်ပြီး အသံပြုသည်။

"ဘယ့်နှယ်လဲ....ရှနက်ကြီး၊ တယောတလက်နဲ့ သိပ်လွမ်းနေပါလား...."

အခန်းတွင်း ကုတင်တလုံးပေါ်၌ စိတ်ပါလက်ပါတယောထိုးနေသူကျောင်းသားကသူ့အနုပညာ ဖန်တီးမှုကိုရပ်လိုက်၏။

သူ့ဆံပင်တို့က နက်မှောင်သိပ်သည်းကာ လုံး ဝန်း သော ဦးခေါင်းထက်၌ သပ်ယပ်ပိယိစွာရှိနေ၏၊ မျက်လုံးပြူး၊မျက်ခုံးထူ၊ နှာတံပေါ်နှင့် ဖြစ်သော်လည်း အသားက အနည်းငယ်မဲသည်၊ သူ့ကိုယ်အထက်ပိုင်း၌ အပြာနုရောင် စပို့ရှပ် အင်္ကျီလက်တိုကိုဝတ်ထားပြီး အောက်ပိုင်း၌ ပင်နီရောင်ရှမ်းဘောင်းဘီကိုဝတ်ထားသည်။

သူ့အခန်းနံရံပတ်လည်၌ သချ်ာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ခေတလက္ခဏာများနှင့် အိကွေးရှင်းများကို မြေဖြူရောင်စုံနှင့်ကဗျည်းထိုးထားသည်၊ကုတင်ခေါင်းရင်းခေါင်းအုံးပေါ်၌ စာအုပ်တအုပ်က ပွင့်လျက်သားရှိနေသည်၊ စာပွဲပေါ်၌လည်း မှောက်လျက်....လှန်လျက်....ပွင့်လျက်နှင့် စာအုပ်အချို့ ရှိနေသေးသည်၊ ကုတင်ခြေရင်း ကြိုးတန်းပေါ်တွင် သေ သပ် စွာ

ခေါက်၍တင်ထားသော ပုဆိုးများနှင့်အတူ ရှမ်း ဘောင်း ဘီ နှစ်ထည် ရှိနေသေးသည်။

သီပေါ၌ကြီးသော ကိုမြင့်သောင်းသည် ရှမ်း စ ရိုက်၊ ရှမ်း ဓလေ့၊ ရှမ်းယဉ်ကျေးမှုကို မြတ်မြတ် နိုးနိုး ဆောင် ထား ၏၊ သူ့ ကိုယ်သူ ရှမ်းပြည်သားဟုလည်း ဂုဏ် ယူ သည်၊ သို့ရာတွင် ရှမ်းတို့မည်သည် အသားဖြူ၏၊ ကို မြင့် သောင်း က အသား မည်းသည်၊ ထို့ကြောင့် ရင်းနှီးခင်မင်သောသူငယ်ချင်းများက သူ့ ကို ရှနက် (ရှမ်းနက်)ဟု နောက် ပြောင် ခေါ် ကြ သည်။ သဘောကောင်းသော ကိုမြင့်သောင်းက စိတ်မဆိုးတတ်။

"အေး.... ဗမာစင်စစ်က ဗိုလ်ဖြူလို့ အခေါ်ခံရ ဒါ ထက် စာရင်.... ရှနက်လို့ အခေါ် ခံရဒါကို ကိုယ် တို့ က တော့.... ဂုဏ်ယူသကွ...."

ရှနက်ကိုမြင့်သောင်းသည် ဖြူဖွေးညီညာသော သွားများ ပေါ်အောင် ပြုံးပြရင်း သက်ခိုင်ကိုဘိတ်ခေါ်သည်။

"လာလကွ....ကိုယ့်လူဝင်ထိုင်လေ...."

"တော်ပါဘီ....မောင်ရင့်အခန်းက မကြားစဖူး....တယော သံထူးဒါနဲ့ဝင်ကြည့်ဒါ...."

"အေးကွ....ကိုယ်လဲ.... စာကြည့်ရဒါကလဲ ခေါင်းကိုက်.... ဒီ....သောက်မိုးကလဲရွာနေတော့....လွမ်းသလိုလို....ဘာလိုလို.... ဟိုလိုလိုဖြစ်ထာနဲ့.... အရင်က လက်စ လက်နလေးကလဲရှိ တော့....တယော ငှားထိုးကြည့်ဒါ...."

"တယော ဘယ်ကရသလဲ...."



"ဘယ်က ရ,ရမလဲ....၊ တယောတစ္ဆေလေး ဆီကပေါ့...."

ကိုမြင့်သောင်း၏အဖြေကို ပြည်ကျောင်းဆောင်သားများ မှအပ မည်သူမျှ နားလည်နိုင်မည်မဟုတ်။

ပြည် ကျောင်းဆောင်၌ တယောတီး ကောင်းလှသော ကျောင်းသားသုံးဦးရှိကြသည်၊ သူတကာ....စာကျက်ကောင်း သော ညဥ့်နက်ပြီဆိုလျှင် သူတို့၏တယောသံများ ပေါ်လာ တတ်သည်၊ မည်သူမျှလည်း သူတို့တယောသံကို မလွန်ဆန်ရဲ၊ မကန့်ကွက်ရဲ၊ ငြင်းလည်း မငြင်းပယ်နိုင်၊ စာအုပ်တွေကို ပစ်၍ နားထောင် မိကြသည်ချည်းဖြစ်၏၊ တနည်းအားဖြင့် တယောတစ္ဆေ အချောက် ခံကြရသည်၊ နောက်ဆုံးတွင်မူ အဆောင်သားအားလုံး တညီတညွတ်တည်းဆုံးဖြတ်၍ သူတို့ အား တောင်းပန်ကာ တယောတီးချိန် ကန့်သတ်ပေးရ၏။

တယောတစ္ဆေတို့သည် ဝါစဉ်အလိုက်ဘွဲ့ရကြသည်။

အသက်လည်းအကြီးဆုံး၊ ပညာလည်းအရင့်ဆုံး၊ မောင် ရှိန်ကို တယောတစ္ဆေကြီးဟု ခေါ်ကြသည်၊ မဇ္ဈိမပဋိပဒါ အဆင့်ရှိ.... လှဖေသန်းကို တယောတစ္ဆေလတ်ဟု ခေါ်ကြ သည်၊ လူကလည်း ငယ်ငယ်၊ ကိုယ်ဟန်ကလည်း နွဲ့နွဲ့နှင့် စိန်လွင်ကို တယောတစ္ဆေလေးဟု တညီတညွတ်တည်း သမုတ် ထားကြ၏၊ သက်ခိုင်ကလည်း တယောတီးတတ်သည်၊ သို့ရာ တွင် တယောတစ္ဆေထူးဘွဲ့ ရမည် ကြောက်သောကြောင့် လျှို့လျှို့ဝှက်ဝှက်သာတီးရ၏။

သက်ခိုင်သည် ကိုမြင့်သောင်းကို နှုတ်ဆက်၍ အခန်းဝမှ ခွာရန်ပြင်သည်၊ ကိုမြင့်သောင်းကသာ မှာကြား၏။

"ဖိုးသက်ခိုင်၊ ကိုလေးတို့ ကိုစောတို့အခန်းလဲ ဝင်သွားအုံး၊ ကိုလေးက သိပ်အလုပ်များနေတယ်...."

"ဘာလဲ....၊ကိုလေးက ရေဒီယို ကလိနေပြန်ဘီလား...."

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒီ့ထက်အရေးကြီးတယ်၊မောင်ရင့်ဘာသာ....မောင်ရင်သွားကြည့်...."

သူငယ်ချင်းများက....ကိုလေး ကိုစောဟု.... ချစ်စနိုးခေါ်သော ကိုလေးမောင်နှင့် ကိုစောလွင်တို့၏ အခန်းများသည် ကိုမြင့်သောင်း၏အခန်းနှင့် သုံးခန်းကျော်သာကွာလှမ်းသည်။

ကိုလေးမောင်၏အခန်းသို့ သက်ခိုင် ဝင်သွားချိန်၌ အခန်းတွင်း၌ ကိုစောလွင်လည်းရှိနေ၏၊ ကိုစောလွင်သည် ကုလားထိုင်တလုံးထက်၌ မြန်မာသတင်းစာတစောင်ကို စိတ်ဝင်စားစွာဘတ်နေ၏။

ကိုလေးမောင်ကမူ ကုတင်ထက်တွင်မှောက်လျက် လှဲရင်းကျောက်တံစာချောင်း ကျောက်သင်ပုန်းတချပ်နှင့် အလုပ်များနေ၏။

သက်ခိုင်၏ ခြေသံကို ကြားသောအခါ ကိုစောလွင်က သတင်းစာနှင့်မျက်နှာ ခွာပြီး ဘိဟ်မန္တကပြုသည်။

"လာ....ဖိုးသက်ခိုင်....ထိုင်...."

သက်ခိုင်သည် လက်မှကိုင်စွဲလာသောဖိုင်နှင့် စာအုပ်တို့ကို စာပွဲပေါ်တင်ထားလိုက်သည်၊ ထီးကိုအခန်းထောင့်တနေရာ၌ ထောင်ထားလိုက်ပြီး ကိုလေးမောင် မှောက်လျက်ရှိနေသော ကုတင်ဘေးအစပ်၌ ဝင်ထိုင်၏။

ကျောက်တံ.... ကျောက်သင်ပုန်းတို့နှင့် အလုပ်ရှုပ်နေရာမှ ကိုလေးမောင်က လှည့်ကြည့်သည်၊ သက်ခိုင်ကိုမြင်သော်....



ကိုလေးမောင်သည် သူ့ပါးစပ်၌ခဲထားသော ဆေးပေါ့လိပ်ကို ချွတ်ယူပြီး "ရော့သောက်" ဟု ပေး၏။

ကိုလေးမောင်သည် ဆေးပေါ့လိပ် အလွန်ကြိုက်သည်၊ စီးကရက် အလကားရလျှင်ပင် သောက်သူမဟုတ်၊ ဆေးပေါ့လိပ်ကိုသာခုံမင်သည်၊ သူအခုံမင်ဆုံး ဆေးပေါ့လိပ်မှာလည်း သူသောက်လက်စ ဆေးပေါ့လိပ်ပင်၏၊ သူသောက်လက်စ ဆေးပေါ့လိပ်ကို သူ၏အချစ်ဆုံး သူငယ်ချင်းများကိုသာတည်လေ့ရှိသည်။

သောက်လက်စ ဆေးလိပ်ကို ဆက်သောက် ရမည်ကို သက်ခိုင်ကရွံ့သည်၊ သို့ရာတွင် ကိုလေးမောင်၏ စေတနာနှင့်စရိုက်ကို သိသောကြောင့် ဆေးပေါ့လိပ်တိုကို လှမ်းယူပြီး တဖွာ နှစ်ဖွာ ဖွာ၏၊ ကိုလေးမောင်က ကျောက်သင်ပုန်းထက်တွင် ကျောက်တံနှင့် ဆက်ခြစ်နေ၏၊ ဆက်ခြစ်ရင်းလည်း တစုံတရာကို ရေတွက်ဟန် လက်ချောင်းများကိုချိုးနေ၏၊ ပါးစပ်မှလည်း မတိုးမကျယ်ရွတ်သည်။

သက်ခိုင်က ကိုလေးမောင်၏ ကျောက်သင်ပုန်းကို လှမ်းကြည့်သည်၊ ကျောက်သင်ပုန်းပေါ်၌ ဇာတာများပေါ်တွင် တွေ့ရတတ်သော ဆယ့်နှစ်ရာသီ ဂြိုဟ်ခွင်နှင့် နက္ခတ်၊ ပါဠိ၊ ဗီဇနာ သုဒ္ဓိမိန်ပြုသောတိုင်အမှတ် သင်္ကေတများကို တွေ့ရ၏။

ကိုလေးမောင်သည် ဂြိုဟ်ခွင်ကို ကျောက်တံနှင့် ထောက်ကာ....ထောက်ကာ ရွတ်နေ၏။

"စ–သာ–ရွှေ–ကူ-အင်း-ဝ-သူ-ဆံ-ဖြူ-တာ-တင်း-ပေး...."

တခါတည်းရွတ်သည် ထောက်သည်မဟုတ်၊ အထပ်ထပ်ရွတ်သည်၊ ထောက်သည်၊ ကျေနပ်လေမှ တစုံတခုရေးချ၏။ ထိုနောက်ဆက်လက် ထောက်ပြန် ရွတ်ပြန်၏။

"ကောင်း.... အောင်.... သာ.... ဘယ်.... ညာ.... လက်....နှင့်ရွေး...."

ကျောက်သင်ပုန်းကို ကြည့်နေရာမှ သက်ခိုင်၏ မျက်လုံးတို့သည် အခန်းပတ်လည်သို့ ရောက်သွား၏။

ကိုလေးမောင်၏တဘက်ဘေး မွေ့ရာပေါ်တွင်သံဒိဋ္ဌပြက္ခဒိန်၊ ဗေဒဝိဇ္ဇာကိုးဆောင်တွဲကျမ်း၊ စသောဗေဒင်ကျမ်းသုံးလေးအုပ်ရှိနေသည်၊ ကုတင်ခေါင်းရင်းနံရံ၌ သံတချောင်းရိုက်ထားပြီး ထိုသံ၌ အနက်ရောင်စိတ်ပုတီးတကုံးချိတ်ဆွဲထား၏။

အခန်းတွင်းရှိ ကျန်သောပစ္စည်းများကား ဗေဒင် ကျမ်း၊ စိတ်ပုတီးတို့နှင့်မဆိုင်လှသောပစ္စည်းများဖြစ်ကြ၏။

စာပွဲတခုပေါ်၌ ရေဒီယိုပျက်များ၊ ဝိုင်ယာလက် စက်ပျက်များ၊ တယ်လီဖုံးဟောင်းများရှိနေ၏၊ ထိုစာပွဲ၏ အထက်နံရံ၌ လက်သီးဆုပ်ခန့်မီးလုံးကြီးမှစ၍ လက်နှိပ်ဓာတ်မီး မီးသီးအဆုံး တပ်ဆင်ထားသော လျှပ်စစ်မီးသီးတပ် ပျဉ်ပြားဘုတ် တခုရှိသည်၊ ခလုတ်အမျိုးမျိုးကလည်းစုံလှ၏၊ ဝိုင် ယာ ကြိုး များကလည်း ရှုပ်ပွနေသည်၊ အင်မီတာ၊ ဗို့တိုမီတာ၊ ထရင်စဖော်မာစသော လျှပ်စစ်ပညာသုံး ကရိယာများကိုလည်းမြင်နိုင်၏၊ အခန်းနံရံတဘက်၌မူ ကြိမ်လုံးစည်းများ၊ သစ်သား ဓားရှည်များ၊ သစ်သား ဓားမြှောင် များ ကို ထောင် ထား ၏၊ ကြွက်ရှောက်တန်း တခုထက်၌ မြန်မာဆေး၊ အင်္ဂလိပ်ဆေး၊ ဆေးပုလင်းများကတန်းစီနေ၏။



မင်ဒိုလင်တလုံးကလည်း ကုတင်တိုင်၌ချိတ်ဆွဲလျက်ထူးထူးခြားခြားရှိနေ၏။

သက်ခိုင်က ဤသို့ငြိမ်ကြည့်နေခိုက် သက်ခိုင် ဝင်လာစကညှော်ဝတ်ကျေစွာ ဆီးကြိုနှုတ်ဆက်သော ကို စော လွင် က မူ သတင်းစာ၌ ပြန်ခေါင်းမြှုပ်နေပြန်၏။

"သတင်းထူးပါသား ကိုစော...."

ကိုစောလွင်သည် ရုတ်တရက် အဖြေမပေးသေးဘဲ သတင်းစာကို အဆုံးသတ် ဘတ်လိုက်ပြီးနောက်မှ သက် ခိုင် ကို လှမ်းကြည့်သည်။

"ထူးတယ်လေ၊ ဒါပေမဲ့....စိတ်ချမ်းသာစရာတော့ မဟုတ်ဘူး....ကိုသက်ခိုင်ရေ...."

ကိုစောလွင်သည်သက်ခိုင်ထက်သုံးနှစ်မျှကြီးသည်၊ အတန်းလည်းကြီးသည်၊ သို့ရာတွင် အပြောအဆို အခေါ် အ ဝေါ်၌ ယဉ်ကျေး၏၊ သက်ခိုင်ကို.... ကိုတပ်၍စကားပြောမြဲဖြစ်သည်၊ ကိုလေးမောင်ကလည်း ထိုနည်းအတူပင်တည်း။

ကိုစောလွင်က သတင်းစာကို သက်ခိုင်အား လှမ်း ပေး ၏၊ သက်ခိုင်က အဆင်သင့်လှန်ထားသော စာမျက်နှာမှသတင်းကို ဘတ်ကြည့်သည်။

**လက်ဝဲညီညွတ်ရေး.... ပျက်ပြား သွားပြီ....၊ နု-မူ ဆယ့်လေးချက်ကို ရဲဘော်ဖြူများကလက်မခံ"**

ခေါင်းစည်းက စာလုံးမဲများနှင့်ဤသို့တပ်ဆား၏။

ခေါင်းစီးအောက်သတင်းကမူ လွတ်လပ်စ ပြည်ထောင်စုမြန်မာနိုင်ငံတော်မပျက်စီးရန် အဖွဲ့အစည်းအသီးသီးမှ လက်ဝဲ

ညီညွတ်ရေးရရန်ကြိုးပမ်းကြပုံ၊သခင်နုက လက်ဝဲညီညွတ်ရေးမူ ဆယ့်လေးချက်တင်ပုံ၊ ဂျူဗလီဟော၌ ဖ-ဆ-ပ-လညီးစီးအဖွဲ့က စဉ်းစားကြပုံ၊ ရဲဘော်ဖြူများကလည်းစင်ပြိုင်မူဆယ့်ငါးချက်တင်ပုံ၊ သခင်နုမူနှင့် ရဲဘော်ဖြူမူသည် ဆယ့်လေးချက်ချင်း သဘောတူညီသော်လည်း အချက်တချက်၌သာကွဲပုံ၊ ရဲဘော်ဖြူများက အစိုးရကို လက်နက်ဆွဲကိုင်တိုက်ခိုက်နေသော ကွန်မြူနစ် သောင်းကျန်းသူများကို ချော့ယူဘိတ်ခေါ်ရန် တင်ပြ ပုံ၊ အစိုးရကမူ လက်နက်အရင်ချ၍ ကွန်မြူနစ်များ ဝင်လာလျှင် မျက်နှာစုံညီ ဆွေးနွေးရေးဖြစ်နိုင်ကြောင်း သဘော ထား ပုံ၊ ဤတချက်၌သာကွဲလွဲကြပုံ၊ စေ့စပ်ရေးမရပုံ၊ ထိုကွဲလွဲ ချက်ကြောင့် ရဲဘော်ဖြူ၊ ရဲဘော်ဝါ နှစ်ခြမ်းကွဲသွားပုံ၊ သောင်းကျန်းမှုကို ထောက်ခံသူများက ရဲဘော်ဖြူ ဖြစ်သွားပုံ၊ ပြည်ထောင်စု အစိုးရကိုထောက်ခံသူများက ရဲဘော်ဝါ ဖြစ်သွားပုံစသည်ဖြင့် အသေးစိတ်မှုန်းဖော်ပြထား၏။

သက်ခိုင်သည် ကိုစောလွင်အား လှမ်းကြည့်သည်။

ကိုစောလွင်၏ အထူးခြားဆုံးလက္ခဏာမှာ မဲမြံ ခိုင်မာသော မေးရိုးဖြစ်၏၊ ဒုတိယ ထူးခြားချက်မှာ ကြည်လင်အေးမြသော်လည်း ရဲရင့်စူးရှသော မျက်လုံးများဖြစ်၏၊ တတိယ ထူးခြားချက်ကား ကိုယ်အမူအယာ နှုတ် အ မူ အ·ယာ အေးချမ်းငြိမ်သက်၍ ယဉ်ကျေးခြင်းဖြစ်သည်။

သက်ခိုင်ကမေးသည်။

"ကိုစော ဘယ်လိုထင်သလဲ...."

"ခင်ဗျားကော....ဘယ်လိုထင်သလဲကိုသက်ခိုင်...."



"ကျွန်တော်ထင်ဒါတော့.... လက်ရှိတမီးမှာ နောက်တမီးပွားပီး.... နောက်ထပ်မီးတွေ ဆက်ပွားအုံးမယ် ထင်ဒါဘဲ....၊ နိုင်ငံအတွက်တော့ ဝမ်းသာစရာ တကွက်မှ မရှိဘူး...."

"ဟုတ်တယ်....၊ ကျွန်တော်လဲဒီလိုဘဲထင်ဒါဘဲ"

သက်ခိုင်နှင့်ကိုစောလွင်တို့သည် အတန်ကြာ ငိုင်နေကြ၏၊ ပြီးမှ....။

"ဒါထက်....ကိုလေးဘာလုပ်နေဒါလဲ....ကိုစော...."

ကိုစောလွင်ကရယ်သည်၊ သူရယ်သောအခါ သူ့မျက်နှာကရှိရင်းစွဲထက် ပိုမိုနုပျိုလာသည်။

"ကိုလေးက....ဗေဒင်တွက်နေဒါဗျို့ ကိုသဏ်ခိုင်...."

"ဗျာ....၊ ဗေဒင်တွက်နေဒါ...."

"ဟုတ်တယ်၊ ဗမာပြည်ရဲ့ဇာတာကို စစ်နေသတဲ့၊ ကိုလေးအကြောင်းလဲ ခင်ဗျားသိသားဘဲ၊ သွားတော့မရှုပ်နဲ့နော်"

သက်ခိုင်မဖြေရမီ ကိုလေးမောင်ထံမှ အဖြေပေါ်လာ၏။

"ရှုပ်ရှုပ်·မရှုပ်ရှုပ်ကွာ....ပီးပါဘီ၊ ဟော့....ညီလေးတို့ရေ....အဲဗရီးသင်း....အောရိုက်၊ ဆိုးဖား....ဆိုးအောရိုက်...."

ကိုလေးမောင်သည် ကိုစောထက်ပင် အသက် ကြီး သည်၊ ကိုစောထက်လည်း မျက်လုံးက စူးရှ ပြောင် လက် ၏၊ ကိုစောလောက်တော့ မေးရိုးမခိုင်၊ ကိုစောထက်လည်း နှုတ်ပိုသွက်၏၊ ကိုမြင့်သောင်းထက်လည်း ပိုအသားမည်း၏၊ သို့ရာတွင် ကိုမြင့်သောင်းကို ရှမ်းနက်ဘွဲ့ သူဏပင်ပေးသည်။

ကိုလေးမောင်က သူ့ကျောက်သင်ပုန်းကို သူ ကြည့် ကာ ဟောကိန်းထုတ်၏။

"နမောတဿ၊ဘဂဝတော၊အရဟတော....သမ္မာသမ္ဗုဒ္ဓဿ၊ အဟမ်း....၊ မြတ်ခေါင်ရတနာ၊ မြတ်ထွဋ်ချာကို၊ မြတ်ဒွါ ရကာ ၊ မြတ်အားသန်ရာ၊ မြတ်ကြံစေတနာ၊ ဒီလှိုင်းလာသို့၊ စေတနာထိပ်ထားပြီး....တက္ကသိုလ်ဗေဒဝိဇ္ဇာ....ငါဆရာဟောကြားတော့....အွန့်...."

ကိုလေးမောင်ကို ကိုစောလွင်နှင့်ကိုသက်ခိုင်က ပြုံးကြည့်နေကြ၏၊ ကိုလေးမောင်က မမှုဘဲ ရှုတည်တည်နှင့်ဆက်ရွတ်၏။

"ကြာသပတေး၊ ရန်ဝေး သောကြာ၊ ဂြိုဟ်နှစ်ဖြာတို့ တိမ်ပြာလုစ်ထွင်း၊လကိုနင်းသော်၊ မင်းနှင့်မိဖုရား၊ နှစ်ပါးစုရုံး နှလုံးကြည်နူး၊ မယွင်းမြူးလိမ့်၊ ဗုဒ္ဓဟူးကျော်ဟိုး၊ချင်းနင်းညှိုးမှူ၊ ဆည်ရိုးကန်မြောင်း၊ တိမ်းစောင်းပေါက်ကျေ၊ စနေ ကြယ်လွန်၊ချင်းလေဟန်ကြောင့်၊ပစ္စန္တရာ....စစ်ကြီးလာအွန့်....၊စစ်ကြီးလာအွန့်....၊ဟော့ ကောင်တွေ....ပြုံးမနေနဲ့၊ဒါ....မုံရွေး ဇေတဝန်ဆရာတော်ရဲ့ အာကာသဉ္ဇတ္တရကျမ်းအလိုအရ ငါဟောနေဒါ...."

သက်ခိုင်က ဆက်ပြုံးနေသော်လည်း ကိုစောလွင်ကမျက်နှာကိုတည်ပစ်လိုက်ပြီး တိုက်တွန်း၏။

"ဆက်ဟောစမ်းပါအုံးကိုလေးရ...."

ကိုလေးမောင်ကဆက်ဟောသည်။

"ဒွါဒသီဝယ်၊ မှီသည့်ဗြိစ္ဆာ ဂရုဥာမှတ်၊ ဆဒ္ဒန်မြတ်မှ၊ ပူးနတ်မြေ့၊ ရာဟုစန္ဒာ၊ သိဟ်သိဟာနှင့်၊ ဇီဝါကန်နေ၊ နဂါးမြွေလည်း၊ မေထုန်ပျော်လျက်၊ မိဿသင်္ကြန်တွင်၊ နက္ခတ်စင်ရုံး၊ ဆယ်လုံးတပါဒ်....အဲ....အဲ....စသဖြင့်....သီပေါမင်း ပါသွားပြီး ဗမာပြည်ကျွန်ဖြစ်ရတဲ့အချိန်က ဂြိုဟ်စီးဂြိုဟ်နင်းမျိုးကိုလဲမမြင်



ရဘူး၊ အင်္ဂါဂြိုဟ်နဲ့ သောကြာဂြိုဟ်ဗျူဟ္ဂစရိယ ကျင့်မှာတော့ မြင်တယ်၊ အင်္ဂါဂြိုဟ်ဗျူဟ္ဂစရိယကျင့်မှုမင်း–အမတ်–ပုန်ကန်အုံ့၊ သောကြာဂြိုဟ်ဗျူဟ္ဂစရိယကျင့်မှု ပြည်ထဲရေး ချောက်ချားအုံ့၊ ဒီလောက်ပါဘဲ၊ ဒီထက်မပိုဘူး၊ ဇီဝမြန်မာ၊ သောကြာသက်ပေ၊ စနေကုလား၊ တိုင်းကား စိုးအုပ်၊ တရုပ်ရာဟု....စသဖြင့် လောကဒီပသာရကျမ်းမှာ....မင်းကြီးမဟာစည်သူ ဆိုထားချက်အရ၊ ဇီဝမြန်မာ၊ ကြာသပတေးဂြိုဟ်အား ကောင်းနေတယ်၊ ဂေါစာမှာဥစ်၊ ကသစ်ရပီး၊ နိစ်ကြီးမရှိပြကလေးသာရှိတော့....ဒို့ဗမာပြည်ကြီးမပျက်နိုင်ဘူးကွ...."

ကိုလေးမောင်သည် "ပေးစမ်း" ဟုဆိုကာ သက်ခိုင်၏လက်မှ ဆေးပေါ့လိပ်တိုကို လှမ်းယူသည်၊ ဆေးပေါ့လိပ်တို မီးသေနေကြောင်းတွေ့သောအခါ မီးခြစ်ခြစ်၍ပြန်ညှိကာ အေးချမ်းစွာ ဆေးလိပ်ဖွါနေသတည်း။

သက်ခိုင်ကမေးသည်။

"ကိုလေးဗေဒင်က တကယ်မှန်မလား...."

"ကိုသက်ခိုင်ကလဲ....ဗေဒင်ဆိုတာ ဘုရားဟောမှမဟုတ်ဘဲ တထစ်ချမှန်မယ်လို့ ဘယ်ပြောနိုင်မလဲ၊ ဒါပေမဲ့ မှန်သင့်သလောက်တော့ မှန်တယ်၊ အထူးသဖြင့် ကိုလေးဟောရင် လွဲခဲတယ်...."

သက်နိုင်က ဗေဒင်မယုံသော်လည်း ယခု ကိုလေးမောင်၏ ဤဟောချက်သည် မှန်ပါစေဟုဆုတောင်းမိ၏။

ကိုစောလွင်ကဝင်ဖြေသည်။

"ကိုလေးပြောတဲ့ ဂြိုဟ်တွေ ဗျူဟ္ဂစရိယ ကျင့်သလားမကျင့်သလားမသိဘူး၊ နိုင်ငံရေးသမားတွေကတော့ ဗျူဟ္ဂစရိယရှေး

သီဟာစရိယရော၊ နိုယတုံရော အကုန်ကျင့်နေကြသီ၊ တိုင်းပြည်ကြီးတော့ ချောက်ချားရုံမကဘူး၊ မှောက်မှားသွားနိုင်တယ်၊ ဒီနေ့သတင်းစာကြည့်လေ...."

"အေးပါ....ကိုလေးဖတ်ပီးပါသီ၊ သူတို့တိုင်းပြည်ကိုမချစ်လို့....လုပ်ချင်ဒါလုပ်ကြလေ၊ ကိုလေးပြောပါရောလား....ဗမာပြည်ကြီးမပျက်နိုင်ပါဘူးလို့၊ တိုင်းပြည်ကို ချစ်တဲ့ လူတွေလဲ အများကြီးရှိသေးတယ်၊ ကဲ....လှာဟေ့.... လေးနာရီ ခွဲနေသီ၊ သိုင်းသွားပြကြမယ်...."

ဂျပန်တိုင်း ဂျူဂျစ်ဆူတတ်သကဲ့သို့ မြန်မာတိုင်းသိုင်းတတ်ရမည်ဟူသော ကြွေးကြော်ချက်နှင့် ကိုလေးမောင်နှင့် ကိုစောလွင်တို့က ကျောင်းသားများကို ဆရာကြီးသထုံဆရာပွါး၏မူအတိုင်း သိုင်းသင်ပေးနေကြ၏၊ ထိုစဉ်က ပြည်ကျောင်းဆောင်နှင့် မျက်နှာချင်းဆိုင်ရှိ တကောင်းကျောင်းဆောင်ကြီးမှာမဖွင့်သေး၊ တကောင်းကျောင်းဆောင်အောက်ထပ်ရှိထမင်းစားခန်းမကြီးမှာအားလပ်နေ၏၊မိုးရွာသောအခါတွင်ထိုခန်းမကြီးထဲ၌ ကျောင်းသားများကို ကိုလေးမောင်နှင့် ကိုစောလွင်တို့ကသိုင်းသင်ပေး၏။

ကိုလေးမောင်နှင့်ကိုစောလွင်တို့က စပို့ရှပ်နှင့် ရှမ်းဘောင်းဘီများဝတ်ဆင်ကြပြီး ကြိမ်တုတ်စည်းနှင့် သစ်သား ဓါးရှည်စည်းများကိုထမ်း၍အခန်းမှထွက်ရန်ပြင်ကြ၏။

ကိုလေးမောင်ကမေးသည်။

"ကိုသက်ခိုင်လဲလာမယ်မဟုတ်လား၊ သွား....မြန်မြန် အဝတ်အစားလဲချေ...."

"ကျွန်တော်ဒီနေ့တော့ သိုင်းမရိုက်တော့ဘူး ကိုလေး...."



"ဘာပြုလို့...."

"ဘာရယ်မဟုတ်ပါဘူး စိတ်မပါလို့ပါ...."

ကိုလေးမောင်က သက်ခိုင်ကိုစူးစိုက်ကြည့်သည်။

"စိတ်မပါရုံဘဲလား၊ စိတ်ဂယောက်ဂယက် ဖြစ်ခဲ့ဒါတော့ မဟုတ်ဘူးနော်...."

"ဟာ....ကိုလေးကလဲ....တောက်တီး တောက်တဲ့...."

"မသိဘူးလေ၊ လူလေးကငယ်တော့ စိတ်ကများတတ်လို့ သတိပေးရဒါ...."

အခန်းအပြင်၌လည်း ကိုလေးမောင်တို့ နည်းတူ ဝတ်ဆင်ထားသော အသားညိုညို၊ နှုတ်ခမ်းထူထူ၊ မေးရိုးကြီးကြီး၊ဗလကောင်းကောင်း၊ ဂင်တိုတိုနှင့် ဂျိုးလူဝီနှင့် ဆင်ဆင်တူသော ကျောင်းသားဘဦးက စောင့်နေ၏၊ ထိုကျောင်းသားက မေးသည်။

"ဘယ်သူလဲ....စိတ်များနေဒါ...."

"ကိုသက်ခိုင်ပေါ့....ကိုလှဖေရဲ့၊ သူဒီနေ့ သိုင်းမရိုက် ချင်ဘူးတဲ့...."

ကိုလှဖေကပြုံးရယ်ပြီး သူ့လက်သီးကြီးတဘက်ကို သက်ခိုင်၏မေးနားတေ့ထားလိုက်ပြီးဆို၏။

"စိတ်များလို့မေ့ချင်ရင်....မေ့တတ်တဲ့ဆေးရှိတယ်၊ အလကားပေးမယ်၊ အားမနာနဲ့....သူငယ်ချင်း ....ဟဲ....ဟဲ....ဟဲ...."

သက်ခိုင်က ကိုလှဖေ၏ဗိုက်ကို မနာအောင် ထိုးခဲ့ပြီး မိမိအခန်းသို့ ပြန်လာခဲ့၏။

သက်ခိုင်နှင့်ယုမောင်တို့နေသောအခန်းသည် ပြည်ကျောင်းဆောင်အရှေ့စွယ်၊ အပေါ်ထပ်၊ မြောက်ဘက်တန်း၌ရှိသည်။

အခန်းတွင်းသို့ပြန်ရောက်လျှင် ရောက်ချင်း သက်ခိုင်သည် အဝတ်အစားမလဲသေးဘဲကုတင်ပေါ်တွင်ပက်လက်လှန်လှဲကာ နဖူးပေါ်လက်တင်လျက် စဉ်းစားခန်းဝင်သည်။

စဉ်းစားခန်းဝင်သည်ဆိုရသော်လည်းအတွေးတို့ကမည်မည် ရရမရှိ၊ အာရုံသည် ဟိုရောက်သည်ရောက်ဖြစ်နေ၏၊ နောက်ဆုံးတွင်မူ ဝါဝင်းသောမျက်နှာသွယ်သွယ်လေးသည်သာ မျက်လုံးတွင်းမှ မပျောက်ဘဲထင်နေ၏။

ဤမျက်နှာလေးသည် ဘာကြောင့်သူ့အာရုံမှ မပျောက်ရသနည်း၊ ဤမျက်နှာလေးသည် တစုံတရာသောစကားကိုလည်း ဆိုနေသည်၊ ဘာစကား ဆိုနေပါသနည်း၊ သူ့နှလုံး သားကလည်း တစုံတခုကိုသိနေ၏၊ ဘာကိုသိနေပါသနည်း။

အတွေးကောင်းနေသောကြောင့် အခန်းတွင်းသို့ ကျောင်းသားသုံးဦး ခြေသံဖော့ဝင်လာသည်ကို သက်ခိုင် သတိမထားမိ၊ သူ့မျက်လုံးများကို ပိတ်ထားမိသောကြောင့်လည်း ဖြစ်သည်။

ကျောင်းသားသုံးဦးအနက် တဦးမှာ ယုမောင်ပင်ဖြစ်သည်၊ အခြားတဦးကား ထောင်ထောင် မောင်းမောင်းနှင့် အင်္ဂလိပ်ကပြားရုပ်ပေါက်၏၊ ကျန်တဦးကားမျက်စိမှေးမှေးအသားဖြူဖြူနှင့် တရုပ်ကပြားအစစ်ဖြစ်သည်။

သူတို့သုံးဦးသည် အသက်များ မရှူကြဘဲ....အလွန်စိုးရိမ်သော မျက်နှာပေးများနှင့် သက်ခိုင်ကို လူနာကြည့်သကဲ့သို့ ကြည့်၏။

တရုပ်ကပြားကအင်္ဂလိပ်ကပြားနှင့်တူသူကိုကြည့်ပြီးတိုးတိုး ပြောသည်။

"အသက်တော့ရှူနေသေးတယ်ကွ တင်မောင်စိုး...."



"အေးကွမောင်ရှိန်၊ ဒီရောဂါမျိုးက ချက်ချင်းတော့ မသေတတ်ဘူး၊ မေ့များနေသလားမသိဘူး...."

"ကဲ....လာ....ဒါဖြင့် ဒို့ဆေးကုကြရအောင်...."

အခန်းတွင်း၌ သက်ခိုင်၏တယောနှင့် ယုမောင်၏မင်ဒိုလင် ရှိသည်။

ယုမောင်က သူ့မင်ဒိုလင်သူကိုင်သည်၊ မောင်ရှိန်ကတယော ကိုယူ၏၊ တင်မောင်စိုး၏လက်ထဲတွင်မူ စည်း တလက်က အဆင်သင့်ရှိနေ၏။

သက်ခိုင်သည် မျက်စိပွင့်သွားပြီး သူတို့ကိုမြင်၏။

"ဟေ့ကောင်တွေ....ဒါဘာလုပ်ကြဒါလဲ...."

မောင်ရှိန်က ကျဉ်းသောသူ့မျက်စိတဘက်ကို မှေးမှိတ်ပြီး ခေါင်းကလေးယို့ကာ....ယို့ကာနှင့် လေသံလေးနှင့်ဆို၏။

"အသာနေ....အသာနေ....ရုတ်တရက်မထလိုက်နဲ့....ဒီရောဂါမျိုးက....မှိန်းမနေရင် ပိုသက်သာတယ်၊ ကဲ....ဟေ့....စကြရအောင်...."

သက်ခိုင်သည် သူတို့ကိုရယ်ချင်လာသည်၊ ဘာလုပ်ကြမည် ကိုလည်း [illegible]က်ဝင်စားလာ၏၊ ထို့ကြောင့် အိပ်လျက်ပင်ငြိမ်ငြိမ် နေ၏။

မောင်ရှိန်နှင့်ယုမောင်တို့က ဘောလယ် တပုဒ်ကိုတီးသည်၊ တင်မောင်စိုးက စည်းတချင်ချင်နှင့်သီချင်းဆိုပေး၏။

**"ပိတုန်းကေလျှောင်၊ ရွှေမျက်ဘောင်ကော့ရယ်နဲ့၊ ဖေ မက်အောင်ချော့တတ်ပါတဲ့၊ တော်တော့....ထိုက်ဝင်....၊ ရှုရသူ ဆဘောမကြည်ရှင်စေဘို့၊ ဟောဒီခင်အသွေး....၊ ယောဟာဏီ**

သွင်မဝေးပါဘူး၊ အေးတဲ့မျက်နှာ၊ သွေးမရှိ မွေ့ညှိုန့်ကမွဲလာ၊ ဂဟောက္ခန့်ရမှာဖြင့် သေငံ့ပါရဲ့နှစ်ခါ၊ မေအညှန့် အသားဝါ သတိုးကိုလေး....တိုးကြဲလျက်ပါ....”

သီချင်းမဆုံးမီ နောက်ကျောင်းသားတဦး ထပ်ပေါ်လာသည်၊ သူ့အသားကဖြူကာ အရပ်က ရှည်ရှည်ကိုင်းကိုင်းဖြစ်သည်၊ မျက်နှာက မိန်းမချောချော၏ သူ့ဆံပင်နှင့်အဝတ်တို့ကား မိုးရေတို့နှင့်စိုရွှဲနေ၏။

သီချင်းဆုံးမှသူကမေး၏။

“ဟာ....ဒါဘာလုပ်နေကြဒါလဲ၊ တယောက်ကလဲစက်တော်ခေါ်လို့၊ တသိုက်ကလဲအတီးအမှုတ်အဆိုနဲ့၊ဘာလဲ....မင်းတို့မင်းလောင်းနှိုးတမ်းကစားနေကြဒါလား....”

မောင်ရှိန်ကဖြေသည်။

“မင်းလောင်းနှိုးတမ်းကစားနေဒါ မဟုတ်ဘူး အေးဝင်းရေ၊ မင်းကောင်သက်ခိုင်....မေ့နေလို့ အသက်ပြန်သွင်းပေးနေဒါ”

“ဘာ....သက်ခိုင်မေ့နေလို့....”

တင်မောင်စိုးက ထပ်ဆင့်ရှင်းပြသည်။

“အေးကွ....သက် ခိုင် ရယ်.... မျက်တောင် ကော့ကော့၊ အသားဝါဝါနဲ့ မိန်းကလေးတယောက်ကိုမြင်လာခဲ့ပြီး သတိလစ်နေလို့ သတိပြန်သယ်လာအောင်....ဘောလယ်နဲ့....ကုနေရဒါ....”

သက်ခိုင်သည် အိပ်ရာမှခုန်ထ၏၊

“ဟော့ကောင်....ခွေးကောင်....ယုမောင်....မင်းသစ္စာဖေါက်တယ်....”



“အလို....မဖေါက်ရပေါင်ဗျာ၊ မှန်သော စကားကိုသာဆိုမိဒါပါ၊ ယုနဲ့ဘဝဆက်တိုင်းပေါင်းရစေရဲ့....”

အေးဝင်းက ဝမ်းသာအားရစွာနှင့်သက်ခိုင်နားကပ်လာပြီး ပုခုန်းကိုပုတ်၍ပွဲတောင်း၏။

“ဟာ... မင်္ဂလာသတင်းပါလား၊ လုပ်စမ်းပါအုံး သက်ခိုင်ရ၊ ကြားရအောင်....”

သူတို့နှင့် ကြာကြာနေရလျှင်ခက်မှန်း သက်ခိုင် သိသည်၊ တယောသံကြောင့် တယောက်ပြီးတယောက် ပေါက်လာကြဦးမည်၊ တယောက် တပေါက်နှင့် စကား....ကားကာ....မဟုတ် သတင်းကြီးဦးမည်။

သက်ခိုင်သည် အဝတ်အစားကောက်လဲပြီး အခန်းတွင်းမှ ပြေးရန်ပြင်၏။

“ဟော့ကောင်....ဒါဘယ်လဲ....”

“တော်ဘီ....တော်ဘီ....မင်းတို့ကိုတော့ရှိခိုးပါရဲ့၊ကြောက်ပီ၊ငါ....ကိုမလေးတို့နဲ့သိုင်းသွားရိုက်တော့မယ်....”

သက်ခိုင် ထွက်ပြေးသောအခါ ကျန်လူများကရယ်နေ၏။

မောင်ရှိန်ကအေးဝင်းဘက်လှည့်သည်။

“ကဲ....ဟော့ကောင်....အေးဝင်း၊မင်းအလှည့်....”

“ဘာ....ငါ့အလှည့်လဲ....”

“မိုးထဲရေထဲမှာ သေနာပေါ်မှာ မကြောက်ဘဲ ဘာတွေ ရှောက်လုပ်ခဲ့တယ်ဆိုတာ....အစကအဆုံးအစီရင်ခံ....”

“မင့်အစီရင်ခံမဲ့အစား....သတင်းစာထဲကြော်ငြာထဲ့လိုက်တာကမှသက်သာအုံးမယ်၊ ငါလဲလစ်ပီဟေ့....”

အေးဝင်းလည်းထွက်ပြေးတော့သတည်း။

အခန်း—၁၈

## ဆုံမိရပြန်ပါသည်

သက်ခိုင်နေသော ပြည်ကျောင်းဆောင်သည် တက္ကသိုလ်နယ်မြေ၌ အလှပဆုံးကျောင်းဆောင်တခုဖြစ်သကဲ့သို့ ပျော်ရွှင်ဘွယ်အကောင်းဆုံး ကျောင်းဆောင်တခုလည်း ဖြစ်လေသည်။

ရန်ကုန် တက္ကသိုလ်သည် ရန်ကုန်ကောလိပ်အဖြစ် သန္ဓေတည်စ အခါတည်းက ဆောက်လုပ်ထားသောကျောင်းဆောင်ကြီးတခု ဖြစ်လေသည်။

ထိုစဉ်က ပညာရေးအာဏာပိုင်တို့သည် မည်သို့မည်ပုံစိတ်ကူးမှန်သွားသည် (သို့မဟုတ်မှားသွားသည်) မသိ၊ ကျောင်းဆောင်များကို တည်ဆောက်သော ဝါစဉ်အလိုက် မြန်မာ့သမိုင်းမှ ထင်ရှားသော ယဉ်ကျေးမှုခေတ်ကြီးများ၏ မြို့တော်တို့၏ အမည်အတိုင်း မှည့်ခေါ်သမုတ်သည်။

ရှေးဦးဆုံး တည်ဆောက်သော ကျောင်းဆောင် ကြီး၏အမည်ကား.... တကောင်းဟူ၍ ဖြစ်သတည်း၊ မြန်မာအစတကောင်းကဟူ၍ဇာတိမာန်နှိုးဆော်မှု ကြွေးကြော်သံနှင့်ဆက်စပ်နေသော အမည်ဖြစ်၏၊ ဒုတိယ ကျောင်းဆောင်ကြီးကား သရေ ခေတ္တရာခေတ်ကို ကိုယ်စားပြု သည့် ပြည် ကျောင်းဆောင်ကြီးဖြစ်၏၊ ပုဂံကျောင်းဆောင်ကား ဝါစဉ်၌တတိယလိုက်သည်၊ ဗဟို ကျောင်းဆောင်များဟုခေါ်သည့် နောက်မှဆောက်သော ကျောင်းဆောင်များကား သထုံ၊ စစ်ကိုင်း၊



ပင်းယ၊ အင်းဝ ဟု အမည်တွင်ကြရသည်၊ အမှန်မှာသထုံသည်ပုဂံထက် ဝါနုရန်မသင့်ပေ။....။

မည်သို့ရှိစေ...၊ တက္ကသိုလ်ကျောင်းဆောင်များ၏ အမည်များသည် သမိုင်းခေတ်များကို ကိုယ်စားပြုထားပုံကား အကျိုးရှိလှ၏၊ လောက၌ လူသားပင်ဖြစ်သော်လည်း သမိုင်းမဲ့သောလူသားတို့၌ လူ့ဂုဏ်သရေ အပြည့်အဝမရှိ၊ လူ့ဂုဏ်သရေအပြည့်အဝမရှိသော်.... လူ့မာန်လည်းမရှိနိုင်၊ လူ့မာန်ကင်းသော်....လူသည်လည်း လူမမည်လေဘတော့။

ရန်ကုန်တက္ကသိုလ်၏ ကျောင်းဆောင် အမည်များသည် ကျောင်းသားတိုင်းကို သမိုင်းစိတ်ရှိခဲ့စေသည်၊ မြန်မာ၌ သမိုင်းရှိကြောင်း သတိရစေသည်၊ မြန်မာ၌ လူ့ဂုဏ်သရေရှိကြောင်းနှိုးဆော်ပေးသည်၊ ထိုကြောင့်.... လူ့မာန်ကိုလည်း တက်စေသည်။

ဤအမည်များကိုပေးသော ပညာရေး အာဏာပိုင်တို့သည် လူသားနှင့် လူသား မြန်မာ၏ရှုထောင့်မှကြည့်သော် မှန်လှ၏၊ နယ်ချဲ့ဗြိတိသျှ ရှုထောင့်မှကြည့်သော် မှားလှ၏။

သက်ခိုင်တို့တက္ကသိုလ်ရောက်သောနှစ်၌ပုဂံကျောင်းဆောင်ကြီးကား မရှိပြီ၊ တောင်ငူ၊ အမရ၊ ရာမညနှင့် မန္တလေးစသောကျောင်းဆောင်များမပေါ်သေး၊ ထိုကျောင်းဆောင်များနေရာကား ပိတောက်နှင့် မယမ် တောတို့ဝိုင်းရံအပ်သည့်ဘောလုံးကွင်းများသာ ဖြစ်သတည်း၊ အမေရိကန် သာသနာပြုဂျဒ်ဆွန်ကောလိပ် ဝင်းအတွင်းမှ အဆောင်တို့ကား ရွှေဘို၊ ဒဂုန်၊ မာလာ-ဟူသောဘွဲ့ကိုယူရန်အိပ်မက် မမက်သေး၊ ဝယ်လင်တန်

နေ့(သ်)ပော၊ ဘင်တန်ဟောဟူ၍ အနောက်နိုင်ငံနှ့်သင်းသင်းကလေးနှင့်ဖြစ်ကြ၏။

သက်ခိုင်တို့၏ပြည်ကျောင်းဆောင်နှင့် တကောင်းကျောင်းဆောင်ကြီးတို့သည် အုဋ္ဌအဆောက်အဦမျာ‌းဖြစ်ကြသော ဗဟိုကျောင်းဆောင်များ၊ ဂျဒ်ဆွဲန် ကျောင်း ဆောင် များ တို့ နှင့် တမူကွဲစွာကျွန်းသားကျောင်းဆောင်ကြီးများဖြစ်ကြ၏၊ ကျွန်းသား ကျောင်းဆောင်ကြီးများ ဖြစ်ကြသောကြောင့် နှစ်ထပ်သာရှိ၍ အမြင့်မဆောင်၊ အလျားသာရှည်သည်၊ မောက်ကြွားပလွှားမှုမရှိ၊ ခန့်ညားတည်ကြည်မှုကားရှိနေ၏။

ပြည်နှင့်တကောင်းကျောင်းဆောင်တို့သည် မျက် နှာ ချင်းဆိုင်ဖြစ်ကြ၏၊ အလယ်၌ စိမ်းလန်းသောမြက်ခင်းရှိနေ၏၊ ပတ်ပတ်လည်တွင် ပိတောက်၊ သစ်တို၊ မယမ်း စသောအပင်ကြီးအပင်ကောင်းများရှိနေသည်၊ ပြည် နှင့် တ ကောင်း ကျောင်းဆောင်ကိုဆက်ထားသောလမ်းလေးဘေး၌ စိန်ပန်းပြာပင်များရှိသည်၊ စိန်ပန်းနီပင်များလည်း ဝင်းအတွင်း၌ မ ရှား၊ ပြည်ကျောင်းဆောင်၏ အရှေ့ဘက်အစွယ် တောင် မျက်နှာစာ၌ တက္ကသိုလ်နယ်မြေဘခုလုံးတွင် ရှေး ဦး စွာ ပွင့် လေ့ ရှိ သော ကံ့ကော်ပင်တပင်လည်းရှိနေ၏။

ပြည်ကျောင်းဆောင်သည်လှပ၏၊ သဘာဝနှင့် သဟဇာတဖြစ်နေ၏။

ပြည်ကျောင်းဆောင်သား အချင်းချင်းကလည်း ညီညွှတ်၍ အပြန်အလှန်ချစ်ခင်ရင်းနှီးကြသည်။

တယောက်အခန်း တယောက်ထင်သလို ဝင်ထွက်နိုင်သည်၊ တယောက်အခန်း၌ သွားတိုက်ဆေးကုန်လျှင်၊ ခေါင်းလိမ်းဆီ



ကုန်လျှင်၊ ဆပ်ပြာကုန်လျှင်၊ ကိုယ်လိမ်း ပေါင်ဒါ ကုန် လျှင်၊ ဆေးပေါ့လိပ်ကုန်လျှင်၊ အခြားမည်သူ့အခန်း၌မဆို သွားယူသုံးစွဲနိုင်သည်၊ ကုန်ကုန်ပြော်လျှင် တယောက် အဝတ် အ စား တယောက်ငှားဝတ်နိုင်သည်။

တယောက်မှားလျှင်လည်း တယောက်က အားမနာတန်းဝင်ပုံပြင်ပေးသည်၊ တယောက်တော်လျှင် အများကပုခုန်းနှင့် ထမ်းတင်ချီးမြှောက်ပေး၏။

အ မှန် ပင် ပြည် ကျောင်း ဆောင် သည် ပျော် ရွှင် ဘွယ် အကောင်းဆုံးကျောင်းဆောင်တခုဖြစ်ခနေ၏။

စင်စစ်မူ....သူ့အထာ....သူ့အတာနှင့် တက္ကသိုလ်ကျောင်းဆောင်တိုင်းသည် ပျော်ဘွယ်ရာသာ ဖြစ် ကြ ၏၊ တက္က သိုလ်နယ်မြေနှင့် ပတ်ဝန်းကျင်ကလည်း ဘေးလူတို့ မနာလိုဘွယ်ပင်သာယာ၍ပျော်ရွှင်ဘွယ်ကောင်းသည်။

၁၉၄၇–ခုနှစ် ဇူလိုင်လအတွင်း၌မူ ပြည်ကျောင်းဆောင်သည်ပင်း၊ တက္ကသိုလ်နယ်မြေတခုလုံးသည်ပင်း သာယာသင့်သမျှ မသာယာ၊ ပျော်ဘွယ်ရှိသမျှ....မပျော်ဘွယ်၊ အကြောင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံကြီးတခုလုံးကိုယ်၌ကပင် မသာယာ....မပျော်ဘွယ်....။

ထိုနှစ်မတ်လ ၂၇-ရက်နေ့တွင်ကာလာကတ္တားညီလာခံဆုံးဖြတ်ချက်ကိုဦးထိပ်ပန်ဆင်၍ရင်း၊ ကိုယ့်လုပ်ဇာတ်ကို ကိုယ်ပြန်အထင်ကြီးမိ၍ရင်း....၊မြန်မာကွန်မြူနစ်များသည်ဘဝင်မြင့်ကာတောခိုသွား၍ လက်နက်ကိုင် သောင်းကျန်းနေ၏၊ ဇူလိုင်လ်အတွင်းဝယ် လက်ဝဲညီညွှတ်ရေး သွေးစည်းခေါ်ပါမှ ပိုမိုကွဲပြကြသည်၊ရဲဘော်ဖြူများကနေ့လား....ညလားဘောခိုတော့မည့်

အခြေ၌ ရှိနေသည်၊ လွတ်လပ်စနိုင်ငံတခု၏ သဘာဝကျလှသောပြဿနာများကို မဖြေရှင်းနိုင်၊ မဖြေရှင်းရဲသူတိုင်းတောရိပ်ခိုလိုခို....၊နိုင်ငံခြားအကူမြော်လိုမြော်နှင့်.... အလွယ်လမ်းကိုခေတ်ဆန်းဖက်ရှင်အဖြစ် ကျင့်သုံးနေကြသောသမယတည်း....၊ ဘဝနှင့် ပတ်ဝန်းကျင်မှသခဏ်းစာ မယူတတ်တိုင်းစာအုပ်ကြီးများကိုလှန်ကာ.... အဖြေရှာနေကြသောကာလဆိုး.... ကာလနောက်ပေတည်း....။

ဤသို့လျှင်တိုင်းပြည်ကြီးတခုလုံးကိုယ်၌က မသာယာလေသောကြောင့် တက္ကသိုလ်နယ်မြေမှာလည်း သာယာသင့်သမျှ မသာယာ၊ သို့ရာတွင်ပြင်ပနိုင်ငံရေးလောကမှ အကွဲအပြဲများသည် တက္ကသိုလ်ကိုပြင်းပြင်းထန်ထန်လာရောက်မထိခိုက်။

ဆိုရှယ်လစ်ပါတီကို ကိုယ်စား ပြုသော ကျောင်းသားခေါင်းဆောင်ဆိုသူတို့မှာ ကိုယ်ကျိုးရှာမှုသတင်းနှင့် နာမည်ပျက်လျက် ရှိသောကြောင့် ခေါင်းမဖော်ရဲကြ၊ ကွန်မြူနစ်ကျောင်းသားတို့မှာလည်း လက်တဆုပ်စာရှိ လူနည်းစုကလေးသာဖြစ်၍ အရှိန်အဝါနည်းပါးပြီးသြဇာကင်းမဲ့ကြ၏၊ကျောင်းသားကျောင်းသူအများစုကား ကြောက်မက်ဘွယ်သော စစ်ကာလကို ဖြတ်သန်းရင်း ကြီးပြင်းလာရသူများ ဖြစ်သည်တကြောင်း၊ လွတ်လပ်ရေးကြိုးပန်းမှု အဆင့်ဆင့်ကို မျက်မြင်ကြုံတွေ့သိမီလာသူများဖြစ်သည်ကတကြောင်း၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် အကြိမ်ကြိမ်အထပ်ထပ်သတိပေးပြောဆိုခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းတို့သည် သူတို့နားတွင် ပဲ့တင်ထပ်နေသေးသည်ကတကြောင်း၊.... ဤအကြောင်းများကြောင့် ပြည်တွင်းဆူပူမှုကိုမလိုလားကြ၊ ငြိမ်း



ချမ်းရေးပျက်ပြားမည်ကို ကြောက်ကြသည်၊ လွတ်လပ်ရေးကြီးပြန်လည်ဆုံးရှုံးသွားမည်ကို စိုးရိမ်ကြ၏။

တာဝန်သိတတ်သော ကျောင်းသားအများကမူ နိုင်ငံရေးပြောင်းလဲမှုမှန်သမျှကို မျက်ခြေမပြတ်စေဘဲ သတိနှင့်စောင့်ကြည့်နေကြ၏၊ ထိုကဲ့သို့သော ကျောင်းသားများ ထဲတွင် ကိုလေးမောင်၊ ကိုစောလွင်၊ ကိုလှဖေ၊ ကိုမြင့်သောင်းနှင့် သက်ခိုင်တို့ထိပ်ကပါကြ၏။

သက်ခိုင်၏အခြားသူငယ်ချင်းများဖြစ်ကြသော မောင်ရှိန်၊ တင်မောင်စိုး၊ အေးဝင်းစသူများကား အရေးပေါ်လျှင် ကျရာတာဝန်ထမ်းမည်၊ သို့ရာတွင်လောကကို ရှင်ရှင်ကြည့်၍ ဘဝ၌ပျော်ပျော်နေတတ်ကြသူများဖြစ်ကြ၏။

ဇူလိုင်လကုန်ခါနီး တနံနက်ခင်း ရှစ်နာရီခန့်တွင် ကျောင်းတက်ရန်အတွက် သက်ခိုင်သည်ခေါင်းဖြီးပြီး အဝတ်အစားလဲနေသည်၊ သင်တန်းသည် နံနက်ကိုးနာရီ၌ဖြစ်သော်လည်း ရောက်ရမည့်ခရီးကဝေးသောကြောင့် ဤသို့စောစောပြင်ဆင်ရခြင်းဖြစ်၏။

ယုမောင်က သူ့စာကြည့်စာပွဲ၌ ထိုင်နေ၏၊ စာကြည့်နေသည်မူမဟုတ်၊ စက္ကူဖြူ တရွက်ပေါ်တွင်ခဲတန်နှင့် တစုံတခုဆွဲနေခြင်းဖြစ်၏။

သက်ခိုင် အဝတ်အစားလဲပြီးသောအခါယုမောင်က “ဒီမှာကြည့်စမ်းဟေ့....” ဟု ဆို၍ စက္ကူကိုလှမ်းပေးသည်။

စက္ကူဖြူပေါ်၌ ယုမောင်ဆွဲထားသောပုံမှာ မိန်းကလေးတဦး၏မျက်နှာဖြစ်သည်၊ ယု၏မျက်နှာနှင့် အလွန်တူနေ၏။

"ယုမောင်....၊ မင်းပန်းချီ ဆွဲတတ်မှန်းသိပေမဲ့ ဒီလောက်တော်မှန်း ငါမသိဘူး၊ ခေတ်ပုံမရှိဘဲ ယုမျက်နှာကိုဒီလောက်တူအောင်ဆွဲနိုင်ဒါတော့ ငါချီးမွမ်းတယ်ကွာ...."

"ဒါကတော့....ငါ့မျက်လုံးထဲမှာ ယုက အမြဲရှိနေဒါကိုး"

သက်ခိုင်သည် ယုမောင်ကို ကြင်နာစွာကြည့်မိ၏။

"မင်း....ယုကို ဘယ်လောက်ချစ်တယ်ဆိုဒါ ငါသိပါတယ် ယုမောင်၊ ဒါပေမဲ့ တခုတော့ သတိပေးချင်တယ်၊ မင်းအခုတလော သင်တန်းတွေလဲမမှန်ဘူး၊ စာလဲမကျက်ဘူး၊ မင်းမိဘကလဲ ချမ်းသာဒါမဟုတ်ဘူးကွာ"

ယုမောင်၏မျက်နှာသည် တည်သွားပြီး ပန်းချီစာရွက်ကို သက်ခိုင်ထံမှပြန်ယူလိုက်ကာ စာအုပ်စင်တွင် မှီထောင်ထားလိုက်၍ပြောသည်။

"ငါသင်တန်းမမှန်ဒါ၊ စာမကျက်ထာဟာ ယုစိတ်ကြောင့် မဟုတ်ပါဘူး...."

"ဒါဖြင့်ဘာဖြစ်လို့လဲ...."

ယုမောင်က သက်ခိုင်၏မျက်နှာကို စေ့စေ့ကြည့်ပြီး တည်ကြည်စွာဆိုသည်။

"ဘာဖြစ်လို့လဲဆိုတော့.... သင်တန်းတွေတက်နေလို့ စာတွေကျက်နေလို့အပိုဘဲ....၊ မင်းကဒီတက္ကသိုလ်ကြီး ဆက်ဖွင့်နေရလိမ့်အုံးမယ်လို့များ ထင်လို့လား...."

"ဘာပြောတယ်ယုမောင်...."

"မင်းလဲသိသားဘဲ.... တိုင်းပြည်ကြီးကနေ့ပျက်မလား၊ ညပျက်မလားဟာ...."

"မင်းကဘာလို့ အဲဒီလိုထင်ရဒါလဲ...."



"ငါပြောမယ်သက်ခိုင်.... ဟိုနေ့က ငါဗိုလ်ကွန်းဇော်ကို သွားတွေ့တယ်၊ သူတို့ကတော့ ချကြတော့မှာဘဲတဲ့"

ဗိုလ်ကွန်းဇော်သည် ပြည်ခရိုင်မှထင်ရှားသော ရဲဘော်ဖြူခေါင်းဆောင်ဖြစ်၏၊ ယုမောင်သည် တန်းမြင့်ကျောင်းသားဘဝက ပြည်၌ ပြည်သူ့ရဲဘော် လုပ်ဘူးသောကြောင့် ဗိုလ်ကွန်းဇော်နှင့်ရင်းနှီးခင်မင်သည်၊ တလောက ဗိုလ်ကွန်းဇော် ရန်ကုန်ခေတ္တလာစဉ် ယုမောင်သွားတွေ့သည်ကို သက်ခိုင်သိပြီးဖြစ်၏။

သက်ခိုင်သည် ခေတ္တစဉ်းစားနေပြီး နောက်မှလေးနက်စွာပြော၏။

"ယုမောင်.... ဗိုလ်ကွန်းဇော်တို့ရဲ့ အရည်အချင်းနဲ့အဆင့်အတန်းကို မင်းလဲသိပြီးသားဘဲ....၊ ငါတော့ သူတို့ကို အထင်မကြီးဘူး၊ သူတို့ထချယုံနဲ့တော့ တိုင်းပြည်ကြီး ပျက်မသွားနိုင်ပါဘူး၊ ပီးတော့....ဒို့ရဲ့တာဝန်ကလဲ တိုင်းပြည်ပျက်မှာကို တွေးပူနေဘို့မဟုတ်ဘူး....၊ မပျက်အောင် တတ်နိုင်တဲ့ဘက်က ကြိုးစားကြဘို့ဘဲ...."

ယုမောင်ငိုင်သွား၏၊ အတန်ကြာမှ မျက်နှာကို ပြင်ကာ ပြုံးရွှင်ရယ်မောပြီးဆိုသည်။

"အလကားပါကွာ.... တော်ကြရအောင်၊ဒို့စောစောစီးစီး နိုင်ငံရေးမငြင်းချင်ပါဘူး....၊ ဒါထက်သက်ခိုင်.... မင်းဟိုနေ့က တွေ့ခဲ့တယ်ဆိုတဲ့ ကျောင်းသူလေးကို ထပ်တွေ့သေးလား...."

"ဟင့်အင်း...."

"နာမည်တို့ အတန်းတို့ကော သိဘီလား...."

"တွေ့တောင်မှထပ်မတွေ့ဒါ ဘယ်လိုလုပ်ဒါတွေကိုသိမလဲ"

"မင်းလိုက်မရှာဘူးလား၊ စုံစမ်းကော မစုံစမ်းဘူးလား"

"ဘာလို့လိုက်ရှာပြီး စုံစမ်းရမှာလဲ၊ ဒုက္ခမရှာချင်ပါဘူး သူငယ်ချင်း၊ မင်းတို့ဒုက္ခတွေကိုကြည့်ပြီး ကြောက်လွန်းလို့...."

ယုမောင်က ရယ်နေသည်၊ စကားပြန်မဆက်မိမီ အခန်းတွင်းသို့ ကျောင်းသားတဦးဝင်လာ၏။

ယုမောင်က နှုတ်ဆက်၏။

"ဟာ....ထွန်းငွေပါလား....မလာစဖူး ဘာကိစ္စ...."

ညွင်းသိုးသိုးနှင့် ရှည်သောဆံပင်၊ မနှုတ်မရိပ်ဘဲထားသဖြင့် ကြိုးတိုးကြဲတဲပြူထွက်နေသော နှုတ်ခမ်းမွေး၊ မပူပြင်ဘဲထားသဖြင့် ညိုရာ၌ ညစ်တစ်တစ်နိုင်သော အသားအရေ၊ ဤသွင်ပြင်လက္ခဏာများနှင့် ပြည့်သော ထွန်းငွေသည် မျက်လုံးကျဉ်းကလေးများကို ပြူးရင်း သက်ခိုင်နှင့် ယုမောင်ကို တလှည့်စီကြည့်၏။

"မောင်ရင်တို့နဲ့ ဆွေးနွေးစရာတခုရှိလို့ လာဒါ၊ ဘာလဲ ကိုသက်ခိုင်က ကျောင်းသွားတော့မလို့လား...."

"ဟုတ်တယ် သွားတော့မလို့...."

ပြောပြောဆိုဆိုနှင့် သက်ခိုင်အာ သူ့စာပွဲပေါ်မှ ဖိုင်တွဲနှင့် စာအုပ်များကို ကောက်ကိုင်လိုက်၏။

ထွန်းငွေ၏ မျက်လုံးများက သက်ခိုင်၏စာပွဲပေါ်ရှိ စာအုပ်စင်မှ စာအုပ်များဆီ ရောက်သွား၏၊ ထွန်းငွေသည် စိတ်ဝင်စားစွာနှင့် စာအုပ်များကို ယူကြည့်၏။

သက်ခိုင်၏ စာအုပ်စင်အပေါ်ဆင့်၌ ကျောင်းသုံး စာအုပ်များရှိ၏၊ အောက်ဆင့်၌မာ့(စ်)၊အိန်ဂျယ်၊ လီနင်၊ စတာလင်တို့၏ ကျမ်းများသာမက ဘားနဒ်ရှော အပ်တင်ဆင် ကာလဲ



ယား၊ ရာဟုလာသံကစ္စည်း စသော လက်ဝဲဆန်သည့် ဗြိတိသျှ အမေရိကန်၊ အိန္ဒိယစာရေးဆရာကြီးများ အသီးသီး၏စာအုပ်များ ပါရှိနေကြ၏၊ ထွန်းငွေစိတ်ဝင်စားစွာနှင့် ယူကြည့်သော စာအုပ်များကား ထိုစာအုပ်များ ဖြစ်ကြ၏။

ထွန်းငွေသည် အံ့သြသောဟန်နှင့် သက်ခိုင်ကို မေးသည်။

"ဘာလဲ....ခင်ဗျား ဒီစာအုပ်တွေဘတ်သလား...."

"ဟုတ်ပါတယ်....ဘာပြုလို့လဲ...."

"ဘတ်ရင်ကောင်းဒါပေါ့ဗျ၊ ဒါပေမဲ့ တခုတော့ရှိတယ်၊ ဒီစာအုပ်တွေက....ဘတ်ယုံဘတ်ရမဲ့ စာအုပ်တွေမဟုတ်ဘူး...."

"နို့ ဘာလဲ လုပ်ရအုံးမလဲ၊ ရှိလဲ ခိုးထားရအုံးမလား...."

ထွန်းငွေ၏ ပြူးနေသောမျက်နှာသည် မဲ့သွား၏၊သို့ရာတွင် သည်းခံ သဘောကောင်းစွာ ဖြေကြား၏။

"ဒါတော့.... ခင်ဗျားကျွန်တော့်ကို သက်သက်နှ'လိုက်ထာဘဲဗျာ၊ ကျွန်တော်ပြောချင်ဒါက....ဒီစာအုပ်တွေကအလုပ်လုပ်ဘို့ စာအုပ်တွေ၊ ဘတ်ပြီးရင် အလုပ်လုပ်ရတယ်...."

"ဒီအကြံဉာဏ်ပေးလို့ ကျေးဇူးတင်ပါတယ်ကိုထွန်းငွေ....၊ ဒါပေမဲ့.... အတန်းတက်စရာရှိသေးဒါမို့ ကျွန်တော်သွားလိုက်ပါအုံးမယ်...."

သက်ခိုင်သည် အောက်ထပ် ထမင်းစားခန်းသို့ ပြေးဆင်းလာခဲ့၏။

ထမင်းတဝိုင်းလျှင် နှစ်ဦးတွဲစားရ၏၊ ယုမောင်နှင့်သက်ခိုင်က တတွဲဖြစ်သည်၊ အေးဝင်းနှင့်တင်မောင်စိုးတို့ကတတွဲဖြစ်၏၊ ယုမောင်နှင့်သက်ခိုင်တို့အတွဲက သက်သတ်လွတ် စား သည်ဟု စာရင်းပေးထား၏အေးဝင်းနှင့်တင်မောင်စိုးတို့အတွဲက အသား

စားသည်ဟု စာရင်းပေးထား၏၊ လေးယောက်ပေါင်းစားကြသောအခါ အားလုံးအသားငါး အသီးအရွက် မျှတစွာ စားကြရ၏။

တမင်းစာပွဲ၌ အေးဝင်းက ရောက်နှင့်နေသည်၊ သူက ထမင်းမစားသေးဘဲစောင့်နေ၏။

"မင်းဒီနေ့ နောက်ကျပါလား သက်ခိုင်...."

"အေးကွာ....၊ ထွန်းငွေ ဆိုတဲ့ကောင် ရောက်နေလို့....၊"

"ဘယ်သူလဲ....၊သဟာယနဲ့ စာဘတ်အသင်း ရွေးကောက်ပွဲတုံးက အမှုဆောင်ရာထူး နေရာမှန်သမျှဝင်ပြိုင်ပြီး ထောက်ခံမဲ တမဲမှ မရတဲ့ ထွန်းငွေလား...."

"ဟုတ်တယ်....၊သူပေါ့...."

အေးဝင်းက သဘောကျစွာရယ်သည်။

"မင်းနဲ့ သိပ်မခင်သေးဘူး ထင်တယ်၊ ဒီထွန်းငွေဆိုတဲ့ကောင်ကြီးက အင်မတန်ချစ်စရာကောင်းတဲ့ ကောင်ကြီးကွ၊ ယုံကြည်မှုလဲရှိတယ်၊ ရိုးသားမှုလဲရှိတယ်၊ ယုံကြည်မှုအတိုင်း ရှောက်ပြောပြီး ရိုးသားမှုအတိုင်း ရှောက်လုပ်နေလို့ အူကြောင်ကြောင်ကြီး ဖြစ်နေတယ်၊ ပုဂ္ဂိုလ်တယောက် အနေနဲ့ တော့ ငါပြောသလိုဘဲ အင်မတန် ချစ်စရာကောင်းတဲ့ ကောင်ကြီးပါကွာ...."

"ဟုတ်လား၊မသိပါဘူး၊ ဒီမနက် ငါ့သူ့ကို စိတ်တိုတိုနှင့်ဘုပြောခဲ့တယ်...."

"ဘယ်လိုပြောခဲ့သလဲ...."

သက်ခိုင်က ထမင်းစားခန်းမဆီ ဆင်းမလာမီ ကလေး၌ သူနှင့်ထွန်းငွေ တွေ့ကြပြောကြပုံကိုအကျဉ်းချုပ်ပြန်ပြောပြ၏။



အေးဝင်းက ထပ်မံရယ်မောပြီး....

ဒီကောင်ကြီးက အဲဒီစာအုပ်တွေကို တကယ်ရှိခိုးနေတဲ့ကောင်ကြီးကွ၊ အေးလေ... ဒါပေမဲ့ သူစိတ်မဆိုးတတ်ပါဘူး၊ တနေ့မှ....သူ့အခန်း မင့်ငါခေါ်သွားအုံးမယ်" ဟု ဆိုသည်။

အေးဝင်းနှင့် သက်ခိုင်သည် ယုမောင်နှင့် တင်မောင်စိုးတို့ အတွက် ဟင်းများကို တဝက်ခွဲချန်ကာ ထမင်းစားကြ၏၊ ထမင်းစားပြီးကြသောအခါ အတန်းတက်ရန် ဗဟိုကျောင်းဆောင်များဘက်သို့အတူ ထွက်သွာခဲ့ကြသည်။

အေးဝင်းသည်လည်း သက်ခိုင်နည်းတူပင် ပါဏဗေဒယူသည်၊ သက်ခိုင်နည်းတူပင် တရပ်တည်းသား သူငယ်ချင်းဖြစ်သူ တင်မောင်စိုးနှင့်အတူ ပြည်ကျောင်းဆောင်၌ တခန်းတည်းလိုက်နေ၏၊ ဤအချက်များအပြင် အေးဝင်းနှင့် သက်ခိုင်တို့၌ အခြားတူညီချက်များ ရှိသေး၏။

ပါဏဗေဒ ယူကြသော်လည်း အေးဝင်းရော သက်ခိုင်ပါ စာပေရေးရန် ဝါသနာပါကြ၏၊ အေးဝင်းက ဝတ္ထု၌ဝါသနာထုံ၍ သက်ခိုင်က,ကဗျာဘက်သန်သည်၊တဖန်နှစ်ဦးလုံးသည် အပေါ်ဝတ်အင်္ကျီအမျိုးပြုသော မြန်မာဝတ်စုံကို မြတ်မြတ်နိုးနိုးနှင့် သပ်သပ်ယပ်ယပ် ဝတ်ဆင်တတ်ကြသည်၊ ထိုစဉ်က သိပ္ပံယူသောကျောင်းသား အများသည် ဘောင်းဘီသာဝတ်သည်၊ ပုဆိုးဝတ်သည်တိုင်အောင် အပေါ်ဝတ် အင်္ကျီဝတ်လေ့မရှိ၊ ဝတ်သည်တိုင်အောင် အောက်ခံအင်္ကျီမှာကော်လာနှင့်ဖြစ်ကြ၏၊ အေးဝင်းနှင့်သက်ခိုင်က စတစ်ကော်လာတပ်အောက်ခံ အင်္ကျီကိုသာပုံမှန်ဝတ်သည်။

အစစအရာရာတူညီသည့်အပြင် အသက်အရွယ်ချင်းလည်း တူညီသောကြောင့် သူငယ်ချင်း တကာအနက် အေးဝင်းနှင့် သက်ခိုင်သည် အရင်းနှီးဆုံးဖြစ်ကြ၏။

ထို့ကြောင့်လည်းလမ်းရှောက်လာကြစဉ် အေးဝင်းက ယု မောင်မေးသောမေးခွန်းမျိုးကိုပင် မေးသောအခါ၌ သက်ခိုင် က ယုမောင်ကိုဖြေသော အဖြေနှင့်တမျိုး ခြားနားစွာဖြေ ၏။

"ဒါထက်သက်ခိုင်....၊မင်းဟိုတနေ့ကတွေ့ခဲ့ရတဲ့ အသားဝါ ဝါ...မျက်တောင်ကော့ကော့နဲ့.... မိန်းခလေးကိုလိုက်မရှာဘူး လား"

"အမှန်ကို ငါဝန်ခံမယ်အေးဝင်း၊ ငါလိုက်ရှာနေခဲ့တယ်၊ သူ့ကိုငါသိပ်တွေ့ချင်နေတယ်၊ မင်းတို့ထင်ဒါထက်ပိုပြီး....ငါ သူ့ကိုသိပ်တွေ့ချင်နေတယ်"

"မင်းတကယ်ပြောနေဒါလား"

"တကယ်ပြောဒါပေါ့အေးဝင်းရာ၊ မင်းကိုငါလိမ်ဘူးလို့ လား"

"အေးလေ...၊ဒါနဲ့ မျှားမင်းက သူငယ်ချင်းတွေဆီကဘာ လို့အကူအညီမတောင်းသလဲ"

"အကြောင်းကတော့....၊ငါအနောက်မခံချင်လို့ဘဲသူငယ် ချင်း၊ ငါကအဆဲကိုခံနိုင်တယ်၊ အနောက်ခံနိုင်တဲ့ လူစားမျိုး မဟုတ်ဘူး၊ ပြီးတော့....ဒီမိန်းခလေးကို ငါတွေ့ချင်တယ်ဆိုဒါ ကလဲ....မင်းတို့နောက်ပြောင်ကြတဲ့တွေ့ချင်နည်းမျိုးနဲ့ မဟုတ် ဘူး...."

"ဘယ်လိုကွ....ဘယ်လို...."



သက်ခိုင်သည်အေးဝင်း၏ အမေးကိုရုတ်တရက် မဖြေဘဲ စကားလုံးစဉ်းစားဟန်ငြိမ်နေ၏၊ အတန်ကြာမှတည်ငြိမ်သော မျက်နှာ၊ တည်ငြိမ်သောလေသံနှင့်ဆိုသည်။

"ဒီမိန်းခလေးကို မြင်မြင်ခြင်း ငါ့ရင်ဟာ လှုပ်ရှားခဲ့ရပါ တယ်လို့ ငါဝန်ခံခဲ့ပြီးဘီ၊ ဒါပေမဲ့.... ရင်ရဲ့ လှုပ်ရှားမှုဟာ.... အမျိုးမျိုးရှိတယ်ဆိုဒါ...မင်းတယောက်တော့နားလည်နိုင်လိမ့် မယ်ထင်တယ်အေးဝင်း၊ ဘယ့်နှယ်လဲ...."

အေးဝင်းသည်ခေတ္တငိုင်သွားပြီးနောက်.... စဉ်းစဉ်းစားစား မျက်နှာထားပြောင်းသွား၍ခေါင်းညိတ်ပြ၏၊ သက်ခိုင်က သာ ဆက်ရှင်းပြသည်။

"ငါဟာ...ရဟန္တာမဟုတ်ပါဘူးအေးဝင်း၊ ဆယ့်လေးနှစ် ဆယ့်ငါးနှစ်အရွယ်ကစပြီး မိန်းခလေးတယောက်၊နှစ်ယောက်၊ သုံးယောက်ပေါ့လေ၊ သူတို့ကြောင့် ငါ့ရင်ဟာလှုပ်ရှားမိခဲ့ဘူး ပါတယ်၊ ဒီလိုရင်ရဲ့လှုပ်ရှားမှုမျိုးဟာ ငါ့အတွက် မဆန်းလှ တော့ပါဘူး၊ အခုတော့....ဆန်းတယ်သူငယ်ချင်းရယ်...."

"ဘယ်လိုဆန်းလို့တုံးသူငယ်ချင်းရ...."

"ဆန်းပုံရဲ့ဆန်းနည်းကတော့ ဖေါက်ပြားမှုမဟုတ်သာဘဲ သူငယ်ချင်း၊သူ့ကို ငါမြင်လိုက်ရတဲ့အချိန်မှာ.... တကြိမ်က.... တလောကလုံးမှာ ငါအမြတ်နိုးဆုံး၊သံယောဇဉ်အကြီးဆုံး၊ ဖြူ ဖြူစင်စင်နဲ့ အချစ်ဆုံးမိန်းကလေးတဦးကိုသွားအမှတ်ရမိပုံပေါ် တယ်....၊ အမှတ်ရမိပုံပေါ်တယ်လို့သာ ငါပြောတယ်နော် အေးဝင်း၊ အမှတ်ရမိတယ်လို့ငါမပြောဘူး"

"အေးပါကွာ....၊ မင်းက....စကားအသုံးအနှုန်းသိပ်ရွေးတဲ့ ကောင်ဘဲ"

"ရွေးသင့်လို့ ရွေးရပါတယ်သူငယ်ချင်း၊ ဒါကိုတော့ ခွင့်လွှတ်ပါ၊ ငါဆက်ပြောပါရစေ၊ အဲဒီတုံးကတော့ အမှတ်ရမိပုံတောင်ပါဘဲ၊ အခုတော့ အမှတ်ရမိသလိုလိုပါဘဲအေးဝင်း၊ သူဘဲဖြစ်နေလိမ့်မယ်လို့ ငါထင်တယ်၊ သူဘဲဖြစ်ပါစေလို့ဘဲ ငါဆုတောင်းနေတယ်"

"မင်းအခုပြောနေတဲ့....အဲဒီသူဆိုဒါက ဘယ်သူလဲ...."

"သူဟာ....သူဖြစ်နေခဲ့ရင်....သူဘယ်သူဆိုဒါ မင်းကို ငါအရင်ဆုံးပြောပြပါ့မယ်၊ အဲဒီအခါကျတော့သာ မင်း....ငါ့ကိုကူညီပါသူငယ်ချင်း"

အေးဝင်းသည် ရှုံ့ကဲ့ရယ်လိုက်၏။

"အေးပါသူငယ်ချင်းရာ၊ မင်းကပဟေဠိတွေဝှက်နေပေမဲ့ ငါကတော့ဂတိပေးပါတယ်၊ မင်းကိုငါကူညီပါ့မယ်၊ ဒါသက် မင်းက သူ့ကိုဘယ်မှာရှောက်ရှာနေဒါလဲ...."

"ဒီလိုဘဲအတန်းတက်ရင်း ဟိုကြည့်ဒီကြည့်ပေါ့၊ ရှက်ရှက်နဲ့ဝန်ခံရရင်.... အင်းယားရှေ့တောင်သုံးလေး ညနေသွားရှောက်ခဲ့ဘူးတယ်"

"ဘင်တန်ဘက်ကိုကော...."

"ငါသူ့ကိုတွေ့လိုက်ထာက ရုက္ခဗေဒအဆောင် ကြေ့အတိုင်း အင်းယားဘက်ရှောက်သွားဒါလေကွ"

"အယ်(လ်)စီအာ(ရ်)ရှေ့မှာကော....မကြည့်မိဘူးလား"

"အယ်(လ်)စီအာ(ရ်)ရှေ့မှာ ငါမရပ်ရဲဘူး....ပြီးတော့— အင်းယားဘက်သွားကတဲက နေ့ကျောင်းသူဖြစ်နိုင်ပါ့မလား"

အေးဝင်းသည် ဘာကိုသဘော ကျသွားသည်မသိ၊ သူ့ရင်ပတ် သူ့ထု၍ အားရပါးရရယ်သည်။



"ဟော့ကောင်....မင်းဘာရိဒါလဲ"

"ရိချင်လို့ပေါ့သက်ခိုင်ရ၊ အံမာမင်း....အပ့ါဘိလေး၊မိန်းကလေး ကျောင်းဆောင်ဘက် ရှောက်သွားတိုင်း အဆောင်ကျောင်းသူလို့ တထစ်ချမှတ်ထားလို့မရဘူး၊ တချို့ နေ့ကျောင်းသူတွေက အဆောင်က သူငယ်ချင်းအခန်း လိုက်နေတယ်၊ အဲဒီကမှတဆင့် အိမ်ကလာကြိုတဲ့ကားနဲ့ ပြန်ကြတယ်၊ ယုမောင်ရဲ့....ယုတောင် တခါတလေ ငါ့မွန်ရဲ့အခန်းမှာလာနေတတ်တယ်"

သက်ခိုင်ပါးစပ်အဟောင်းသားဖြစ်သွား၏၊ဘာပြန်ပြောရမှန်းလည်း မသိတော့....။

အေးဝင်းကသာ အကြံဉာဏ်ပေး၏။

"ဒီလိုလုပ်ကြမယ်၊ ငါးညနေ ကလပ်(စ်)ဆင်းရင်အယ်(လ်)စီအာ(ရ်)ရှေ့က သွားစောင့်ကြည့်ကြမယ်၊ငါ့ သိဝရိမှန်ရင်... မင်းရဲ့....အဲ....သူ့ကိုတွေ့ရမှာဘဲ...."

သက်ခိုင်က သဘောတူကြောင်း ခေါင်းညိတ်လိုက်၏။

သက်ခိုင်နှင့်အေးဝင်းသည် နေ့လယ်စာကို ကျောင်းဆောင်သို့ပြန်စားရန်အချိန်မရကြ၊ နံနက်ပိုင်း သင်တန်းများပြီးသောအခါ ဗဟိုကျောင်းဆောင်များ ဝင်းအတွင်းရှိ စားသောက်ဆိုင်တခုတွင် လ်ဘက်ရည်သောက်ကြ၏၊ညနေပိုင်း၌မစ္စက်လင်းစဒေး၏သတ္တဗေဒသင်တန်းကို တချိန်တက်ကြသည်၊ ထိုနောက် ဓာတုဗေဒလက်တွေ့သင်တန်းသို့ ဆက်သွားကြသည်၊လက်တွေ့သင်တန်းပြီးသောအခါ အေးဝင်းသည် မွန့်ကိုခဏသာစကားပြောပြီး သူငယ်ချင်းကောင်း သစ္စာရှိသူပီသစွာ သက်ခိုင်နှင့်အတူအယ်(လ်) စီအာ (ရ်) ရှိရာသို့ ထွက်လာခဲ့သည်။

အေးဝင်းနှင့်သက်ခိုင်သည် အယ်(လ်)စီအာ(ရ်)ရှေ့ တည့်တည့်၌မရပ်ကြ၊ အယ်(လ်)စီအာ(ရ်)နှင့် နှစ်ခန်း ကွာသော နေရာ၌သာ ရပ်နေကြ၏။

သူတို့ရပ်နေရာ ရှေ့တည့်တည့်၌ ငွေရောင် စတူဒီဗေကာ ကွန်မင်ဒါမျိုး ကားကြီးတစီးက ကျောပေးရပ်နေ၏။

ကျောင်းဆင်းချိန် ဖြစ်သောကြောင့် ကျောင်းသူအသီးသီးသည် ကြိုလာသောကားများပေါ် တက်နေကြ၏၊သက်ခိုင်ရော အေးဝင်းပါ ကောင်းကောင်းသိသည့် ယုတို့၏ဝူစလေကားကြီး ပင်ထွက်သွား၏၊ ထိုနောက် ကားတစီးပြီးတစီး ဆက်ထွက်နေ၏....။

ထိုအခိုက်အတန့်တွင်ပင် နုံ့သာရောင်ပိုးအင်္ကျီ၊ ပန်းနုရင့်ရောင်ထဘီနှင့် ဝါဝင်းတင့်ရှန်းသော ကျောင်းသူတဦးသည် စတူဒီဗေကာကားကြီးဆီသို့ ရှောက်လာနေ၏။

သက်ခိုင်တုန်လှုပ်သွားသည်၊ သက်ခိုင်တုန်လှုပ်သွားသည်ကို အေးဝင်းက သတိပြုမိ၏။

"သူလားသူငယ်ချင်း...."

"ဟုတ်တယ်အေးဝင်း၊ ဟိုနေ့က-ငါမြင်လိုက်ခဲ့ရဒါကတော့ သူဘဲ...."

မိန်းမပျိုသည် ကားအနီးသို့ရောက်သောအခါ အသက်သုံးဆယ်ခန့်ရှိကားမောင်းသူက ကားတွင်းမှဆင်းပြီးနောက် တံခါးကိုဖွင့်ပေး၏။

မိန်းမပျိုနှင့် ကားမောင်းသူသည် တစုံတရာကိုပြောနေသေး၏၊ မိန်းမပျိုကားတွင်းဝင်သွားမှ ကားမောင်းသူသည် တံခါးကိုပိတ်ပေးပြီး ကစားနောက်ဘက်မှ ပတ်ကာ ရှေ့ခန်းဆီသို့ သွား၏။



သက်ခိုင်သည်ကားမောင်းသူ၏မျက်နှာကို ကောင်းကောင်းတွေ့လိုက်ရ၏။

သက်ခိုင်၏တကိုယ်လုံးမှာ တုန်ယင်သွား၏၊ အေးဝင်းက အံ့ဩပွယ်ပြည့်စွာနှင့် သက် ခိုင် ကို ကြည့် သည်၊ သက်ခိုင်က ခေါင်းကိုသာညိတ်ပြလိုက်၏။

ထိုစဉ်တွင် မမြော် လင့် သော အသံဆိုး အသံကြောင်များ ပေါ်လာ၏။

"တိရစ္ဆာန်နှစ်ကောင်....ဒီမှာလာ....ဆင်ကြံ...ကြံနေဒါကိုးမိဘီ"

သက်ခိုင်နှင့် အေးဝင်းတို့ လှည့်ကြည့်လိုက်သောအခါ.... ယုမောင်၊ မောင်ရှိန်နှင့် တင်မောင်စိုး တို့အား မမြော်လင့်ဘဲ တွေ့ရသည်။

သက်ခိုင်က အိန္ဒြေထိန်းလျက် မတုန်မလှုပ်နှင့် သူတို့အား ကြည့်နေသည်။

အေးဝင်းကသာ သူတို့အားပြန်ဟောက်သည်။

"ခွေးကောင်တွေ....ဘယ်ကပေါ်လာကြဒါလဲ...."

တင်မောင်စိုးသည် သူ့အရပ်အမောင်း သူ့ဗလနှင့်မလိုက်အောင် မျက်နှာလေးငယ်ပြပြီး အသံသေးလေးနှင့်ဆို၏။

"ဘယ်ကမှ.... ပေါ်မလာပါဘူးအကိုရယ်...၊ ကျွန်တော်များသဲ.... ကျွန်တော်များ အတန်းရှိလို့ လာတက်ထာပါ၊ ဘုရားစူးရစေရဲ့....၊အတန်းပီးတော့ ယုမောင်မှာ အဖော်မရှိဒါနဲ့.... သူငယ်ချင်းကောင်း ပီသစွာ.... အဖော် လုပ်ရင်း

အယ်(လ်)စီအာ(ရ်)ရှေ့တော့ ရောက်ခဲ့မိချိုးအမှန်ပါ....၊ အဲဒီကနေ....ယုဘ္ဂိကားကြီးထွက်သွားဒါ....ငေး....ငေးကြည့်ရင်း........ဟော့ကောင်....မောင်ရှိန် ဆက်ပြောတော့လေကွ...."

မောင်ရှိန်သည် မည်သို့မျှတည်၍မရသော သူ့မျက်နှာကို သဘာဝအတိုင်း စပ်ဖြဲဖြဲလေးလုပ်၍ ဆက်ပြောသည်။

"အဲဒီလို....ငေး....ငေး....ငေး....ကြည့်....ကြည့်....ကြည့်ရင်းက.... မလှဲမရှောင်သာသမို့.... ကျွန်တော်မျိုးကြီးရဲ့ မျက်စိနှစ်ကွင်းက.... အထူးအသင်းတွေရပြီး....သက်ခိုင်ရဲ့ မင်းပဘာကို....တွေ့လိုက်ရတယ်၊ အသားလေးလဲ....ဝါ.... လို့....၊မျက်တောင်ကလေးကလဲ.... ကော့....လို့၊ စတူဒီဗေကာကြီး ပေါ်ထက်သွားဒါကလဲ ကြော့....လို့...."

တင်မောင်စိုးကလည်းဝင်၍ "ဟုတ်ကဲ့ခင်ဗျ.... ကြော့....လို့"ဟု ဆို၏။

အေးဝင်းက သက်ခိုင်ကိုလှမ်းကြည့်သည်၊ ထူးဆန်းစွာပင် သက်ခိုင်၏မျက်နှာသည် ပျော့ပျောင်းတည်ငြိမ်နေ၏၊ စိဘ်ဆိုးဟန်ကိုလည်းမပြ၊ တုန်လှုပ်ဟန်ကိုလည်းမပြ။

စတူဒီဗေကာ.... ကားကြီးက စက်နှိုးပြီး ထွက်ရန်ပြင်နေသည်၊ သို့ရာတွင်တဘက်မှ အဆက်မပြတ်ထွက်လာသော ကားများကြောင့် မထွက်နိုင်သေးဘဲ ရပ်နေရ၏။

သက်ခိုင်သည်....သည်ချက်ခြင်း လှုပ်ရှားလာ၏၊ သူသည် သူငယ်ချင်းများဘက်လှည့်ကာ စိန်ခေါ်၏။

"ဟော....ဟိုမှာ ကားကြီးထွက်တော့မယ်၊ အဲဒီကားကို ရပ်ပြီး ငါ....သွားစကားပြောမယ်၊ ငါမပြောရဲရင်.... မင်းတို့



ငါ့ကို ခိုင်းချင်ဒါခိုင်း၊ ငါပြောရဲရင်....မင်းတို့လဲ ငါဘောင်းဆိုသမျှ ပေးရမယ်၊ ဘယ့်နှယ်လဲ...."

မောင်ရှိန်၊ တင်မောင်စိုးနှင့် ယုမောင်တို့သည် တဦးမျက်နှာတဦးကြည့်ကြပြီး....ပြိုင်တူပင်"စိန်လိုက်"ဟု အော်ကြသည်။

"ကောင်းဘီ....အေးဝင်း....မင်းက သက်သေနော်....၊ ကဲ....ငါသွားဘီဟော့...."

သက်ခိုင်သည် ကားကြီးဆီသို့ ပြေးထွက်သွား၏။

သူငယ်ချင်းအားလုံး ထိတ်လန့် တုန်လှုပ်သွားသည်၊ တင်မောင်စိုးက စိုးရိမ်စွာပြော၏။

"ဟိုက်....၊ ဒီကောင်တကယ်လုပ်တော့မယ်ကွ၊ ဒိုကသဲသူ့အကြောင်းသိရက်သားနဲ့ သွားစဒါကိုး....၊ ငါးပါးတွေတော့မှောက်ကုန်တော့မယ်...."

သူငယ်ချင်းအားလုံးသည် ပူပန်စွာနှင့် သက်ခိုင်သွားရာကို လှမ်းကြည့်နေကြသည်။

ဘီးလိမ့်စ, ကားကြီးဘေးသို့ သက်ခိုင်သည် အချိန်မီရောက်သွားသည်။

သက်ခိုင်သည် ရှေ့ခန်းပြတင်းပေါက်ကို ကိုင်လိုက်ပြီး ကားမောင်းသူကို မေတ္တာရပ်ခံ၏။

"ကျေးဇူးပြု၍ခင်ဗျာ....၊ ကျွန်ဘော်မြို့ထဲ လိုက်ခဲ့ပါရစေ"

ကားမောင်းသူသည် ဘရိတ်ကိုနင်းလိုက်ပြီး ရုတ်တရက်ဒေါသနှင့်ဖြေ၏။

"ဟေ့သူငယ်....၊ လွန်လှချည်လား၊ မင်းက....ဘာမှတ်လို့လိုက်နှောက်ယှက်ရဒါလဲ...."

သက်ခိုင်ကမူ အေးချမ်းစွာဖြေသည်။

"စိတ်မဆိုးပါနဲ့ ဦးလေးရယ်၊ ဦးလေးတို့ရဲ့ကားကို ကျွန်တော်အလကားမစီးပါဘူး၊ ပိုက်ဆံပေးပါမယ်...."

သက်ခိုင်သည် သူ့အပေါ်ဝတ်အင်္ကျီအိတ်တွင်းမှ မတ်စေ့တစေ့ထုတ်ယူပြ၏။

ကားမောင်းသူသည် မျက် လုံး ပြူးသွားကာ သက်ခိုင်၏မျက်နှာကို စေ့စေ့ကြည့်၏၊ခဏ္ဍမှုပါးစပ်အဟောင်းသားဖြစ်သွားသည်၊ သက်ခိုင်က ကားမောင်းသူ၏လက်တွင်းသို့ မတ်စေ့ကိုထည့်ပေးပြီးလျှင် ကားနောက်တံခါးကိုဖွင့်၍ ကားတွင်းသို့ဝင်လိုက်သည်။

ကားမောင်းသူနည်းတူ အံ့ သြော လွန်း ၍ ဘာစကားမျှမပြောနိုင်ဘဲ လဲ့လဲ့ရှန်းသောမျက်လုံးများနှင့်သာ သူ့ကိုအံ့အားသင့်ကြည့်နေသည့် မိန်းမပျိုအား သက်ခိုင်ကအေးချမ်းတည်ငြိမ်စွာပြော၏။

"မောင်ပါ....မမနွယ်၊ သက်ခိုင်ရယ်ပါ၊ ဦးလေးကိုချစ်တိုးရေ....မောင်းဗျာ....၊ ပင်းချောင်းကိုရောက်အောင် မောင်းဗျာ"

စတူဒီဗေကာကားကြီးသည် ငြိမ့်ကနဲတချက်အားယူလိုက်ပြီး ချောမွတ်ငြင်သာစွာ ထွက်သွားလေတော့၏။

စကြံပေါ်၌ မောင်ရှိန်သည် သူ့မျက်လုံးများကို ပတ်ချာလည်ပြလိုက်ပြီး မျက်ဖြူစိုက်ဟန် လုပ်လိုက်၏၊ ယုမောင်ကသူ့နဖူးသူပြန်ထုနေ၏၊ တင်မောင်စိုး၏ နဂိုက ပြူး ပြီး သားမျက်လုံး လုံးကြီးများမှာ ပိုပြူးထွက်နေ၏။

အေးဝင်းကသာ ဒိုင်လူကြီးလေသံနှင့် ပြော၏။

"ပွဲပီးသွားဘီ၊ အရှုံးအနိုင်လဲ ဆုံးဖြတ်ပီးဘီ၊ အားလုံးသတိ၊ စည်းကမ်းသေဝပ်စွာ ပြန်ကြစို့ရဲ ဘော်တို့"



အခန်း ၁၉

ရှေးနှင့်အတူ

စတူဒီဗေကာ ကားကြီးပေါ်တွင်မူ အံ့သြောစိတ်ပြေသွားသော မလေးနွယ်က ပြုံးရွှင်ကြည်လင်စွာနှင့်ဆို၏။

"မောင်....သိမ်ဆိုးဘယ်၊ ပီးတော့ သိပ်ရဲဒါဘဲ ....၊ ပထမတော့ မမနွယ်လန့်သွားတယ်....သိလား...."

သက်ခိုင်ကရယ်ရင်း တောင်းပန်သည်။

"ဟုတ်တယ်.... မောင်လုပ်ပုံက နဲနဲလွန်သွားတယ်၊ အစကတော့ ဒီလိုလုပ်မယ်လို့ စိတ်မကူးမိပါဘူး၊ နောက်မှ ရုတ်တရက်အကြံရလို့...."

"မမနွယ်မှန်း မောင်ဘယ်လိုလုပ်သိသလဲ...."

သက်ခိုင်၏မျက်နှာသည် အနည်းငယ်တည်သွားပြီး ခပ်လေးလေးဖြေ၏။

"မမနွယ်ကို မောင်တွေ့လိုက်မိဘူးဒါကိုး...."

မလေးနွယ်ကလည်း စဉ်းစားသယောင် တွေတွေလေးဖြစ်သွား၏၊ ခဏကြာမှပြောသည်။

"မောင့်ကိုလဲ....မမနွယ်တွေ့လိုက်မိဘူးတယ်၊ နေပါအုံး....ဘယ်နေရာမှာပါလိမ့်...."

"ဘိုင်အိုဗလေ့ခ်(ပါကဗေဒအဆောင်ကြီး) အပေါ်ဆုံးထပ် ထောင့်ချိုးမှာပါ၊ ဟုတ်တယ် မဟုတ်လား၊ မမနွယ်ကိုမောင်အကြာကြီးရပ်ကြည့်နေမိခဲ့တယ်"

"ဟုတ်တယ်၊ မမနွယ်လဲ မောင့်ကိုပြန်ကြည့်မိဒါတဲ၊ဒါပေမဲ့ မောင်ကသိပ်လဲထွားနေတယ်၊ အသားကလဲ ငယ်ငယ်တုံးကလို မညိုဘဲဖြူမြိး လူကလဲချောနေတယ်မဟုတ်လား၊မမနွယ်ဘယ်မှတ်မိမလဲ"

"မမနွယ်ကိုလဲ မောင်မမှတ်မိပါဘူး၊ မမနွယ်ကလဲ....သိပ်လှနေဒါပါဘဲမမနွယ်...."

သက်ခိုင်က ချီးမွမ်းသည်ကို မလေးနွယ်က ပြုံးပြုံးလေးပင်လက်ခံယူပြီး အေးချမ်းစွာဆက်မေး၏။

"မမနွယ်ကို မမှတ်မိဘူးဆိုပီး....အခုတော့ ဘယ်လိုလုပ်သိသလဲ"

မလေးနွယ်က လွယ်လွယ်လေးမေးသော်လည်း သက်ခိုင်မှာမူ အဖြေရခက်သွားသည်၊ နောက်ဆုံး၌မူ ရိုးသားစွာပင်အမှန်ကိုဖြေသည်။

"လုံးလုံးကြီးမမှတ်မိဒါတော့မဟုတ်ပါဘူး၊ မှတ်မိသလိုလိုလဲရှိတယ်၊ မောင့်ရင်ထဲမှာလဲ မကျေမချမ်းနဲ့ တမျိုးဖြစ်နေခဲ့တယ်၊ ဒါကြောင့်လဲ....တချိန်လုံး....မမနွယ်ကို မောင်လိုက်ရှာနေခဲ့မိတယ်"

"အို....မမနွယ်ကို မောင်ကတချိန်လုံး လိုက်ရှာနေခဲ့တယ်"

"ဟုတ်တယ်မမနွယ်....၊ မမနွယ်က မယုံဘူးလား...."

မလေးနွယ်က မျက်တောင်ကော့ကြီးများကို ပင့်ကာ သူ့ကိုမော့ကြည့်၏၊ သူ့မျက်နှာ၌ ကြုတ်ထားသောမျက်မှောင်ကို ထုံးစံအတိုင်းတွေ့ရ၏။

မလေးနွယ်က အသံလေးများထွက်အောင် ရယ်သည်။



"ကြည့်စမ်း....အခုအထိ ဒီမျက်မှောင်က ကြုတ်တုံးဘဲလား၊ ဟိုနေ့က....မမနွယ်ကို အဲဒီလိုမျက်မှောင်ကြုတ်ပြလိုက်ပါလား၊ မမနွယ်တခါထဲမှတ်မိသွားမှာပေါ့...."

သက်ခိုင်သည် မျက်မှောင်ကိုလျှော့ချလိုက်ပြီး မလေးနွယ်နှင့်အတူရယ်၏။

"အင်းလေ-ဆက်ဦးမောင်၊ အခု မမနွယ်ကို မောင်ဘယ့်နှယ် သိသွားသလဲ...."

"အဲဒီနေ့က မမနွယ်က အင်းလျား ကျောင်းဆောင်ဘက်ရှောက်သွားဒါတွေ့လို့....အဆောင် ကျောင်းသူတယောက်ဘဲထင်ပီး အဆောင်ဘက်မှာသာ ရှာကြည့်ခဲ့မိတယ်၊ ဒီနေ့မှ သူငယ်ချင်းတယောက်က အကြံပေးလို့ အယ်(လ်)စီ အာ(ရ်)နားက လာကြည့်နေဒါ...."

"အဲဒါနဲ့....မမနွယ်လို့ ဘယ်လိုလုပ်သိသွားသလဲ...."

"ဦးလေးကို ချစ်တိုးကိုပါ မြင်လို့ပါမမနွယ်၊ ဦးလေး ကိုချစ်တိုးကိုပါမြင်တော့....မမမနွယ်မှန်း.... မောင် သေချာသွားဒါပေါ့...."

ယခု အချိန်အထိ စကား ဝင်မပြောသေးဘဲ ကားကိုသာဂရုတစိုက် မောင်းလာသော ဦးချစ်တိုးကဆိုသည်။

"ပြောလာလိုက်ကြဒါကြာဘီ၊ အခုမှဘဲ ငါ့ အကြောင်းပါတော့ဘယ်၊ ထားပါတော့လေ....၊တယောက်ကလဲ ချော...နေလို့တဲ့၊ တယောက်ကလဲ....လှနေလို့ တဲ့၊ အဲဒါကြောင့်...မမှတ်မိကြဘူးတဲ့၊ ငါ့ကိုတော့....မှတ်မိတယ် ဆိုတော့....ငါကတော့....အရုပ်ဆိုးမြဲ ဆိုးနေလို့ပေါ့....ဟုတ်လား...."

"မဟုတ်ပါဘူး ဦးလေးကိုချစ်တိုးရာ၊ ဦးလေးကိုချစ်တိုးက အရင်တုံးက လဲအရုပ်မဆိုးပါဘူး၊အခုလဲ....အရင်တုံးကအတိုင်း ငယ်ရှင်မပျောက်ဘဲ နုနေ....မျိုနေ....ချောနေ သေး လို့ ကျွန်တော်က မှတ်မိဒါပေါ့...."

"အင်း....ကျေနပ်လိုက်ရပြန်ဘီပေါ့ သက်ခိုင်ရာ....၊ မင်းကတော့....ငယ်ငယ်လေး ထဲက ငါ့ကိုနိုင်လာခဲ့တဲ့ ရွှေ မင်းသားလေးကိုး...."

သုံးဦးလုံးသည် ရယ်မောမိကြ၏။

ကားသည် ပြည်လမ်းအတိုင်း မောင်းနေရာ ပြည်ကျောင်းဆောင်အနီးသို့ရောက်လာ၏၊ ထိုအခါမှသတိရပြီး သက်ခိုင်က ဆို၏။

"ဦးလေးကိုချစ်တိုး....၊ပြည်ကျောင်းဆောင်ဂိတ်မှာ ရပ်ပေးပါ...."

မလေးနွယ်သည် မျက်လုံးလေးပြူးကာ သက်ခိုင်ကို ကြည့်သည်။

"ဘာလဲ....မောင်က မမနွယ်တို့အိမ်အထိမလိုက်ဘူးလား"

"ရေနံချောင်းတုံးကလဲ မောင်....မမနွယ်တို့အိမ်အထိလိုက်ဘူးလို့လား၊ ဒီလိုဘဲ လမ်းမှာ ဆင်းဒါဘဲမဟုတ်လား....မမနွယ်...."

မလေးနွယ်၏မျက်နှာလေးသည် အနည်းငယ် ညှိုးသွားပြီး ဝမ်းနည်းဟန်နှင့်ဆို၏။

"မောင်က အခုအထိ....မမနွယ်တို့ အိမ်သားတွေကို မုန်းတုန်းဘဲလား....ဟုတ်လား...."



"မမုန်းပါဘူးမမနွယ်၊ မမနွယ် မေမေ့ ကိုရော....မမနွယ် ဖေဖေ့ကိုပါ မောင် ချစ်ပါတယ်...."

"ဒါဖြင့်ရင် အိမ်လိုက်ခဲ့ပေါ့၊ မောင့်ကို တွေ့ရရင် ဖေဖေရော မေမေပါ သိပ်ဝမ်းသာ မှာဘဲ၊ ပြီးတော့....အိမ် မှာလဲ မောင်မုန်းတဲ့အန်တီ မရှိပါဘူး...."

သက်ခိုင် မဖြေနိုင်ဘဲရှိသောအခါ နွယ်က ဦးချစ်တိုး ကို ဆက်အမိန့်ပေးသည်။

"ဦးလေး ကိုချစ်တိုး၊ မရပ်နဲ့ အိမ်ထိအောင်ဆက်မောင်း"

"ကောင်းပါဘီရွှေမင်းသမီးလေးရယ်၊အမိန့်အတိုင်းပါဘဲ"

ကားသည် ဆက်မောင်းလာခဲ့၍ ဟံသာဝတီအဝိုင်းရောက်သော် ဦးဝိစာရလမ်းအတိုင်း အနည်းငယ်ဆက်လာခဲ့ပြီးနောက် ဝင်ဒါမီယာဝင်းအတွင်းသို့ဝင်ခဲ့၏။

လမ်းကျဉ်းအတိုင်း အတန်ငယ်မောင်းလာခဲ့ပြန်ပြီး အဝ၌ "ဦးထင်ကျော်၊ တရားလွှတ်တော်- တရားဝန်ကြီး" ဟူသည့် ဆိုင်းဘုတ်တပ်ထားသော ခြံတွင်းသို့ဝင်ရောက်ကာ တိုက်ကြီးတခု၏ ဆင်ဝင်အောက်၌ ရပ်လိုက်၏။

ကားပေါ်မှ ဆင်းပြီးကြသောအခါ မလေးနွယ်က "လာ....မောင်...."ဟုခေါ်ကာ အိမ်တွင်းသို့ ရှေ့ဆောင် ဝင် သည်၊ ဦးချစ်တိုးကမူ ကားကိုဂိုဒေါင်ဆီသို့မောင်းယူသွား၏။

ဧည့်ခန်းတွင်းရှိ နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင် သက်ခိုင်ကိုမလေးနွယ်ကထိုင်ခိုင်း၏၊ ပြီးမှဆိုသည်။

"မမနွယ်အဝတ်အစားသွားလဲလိုက်အုံးမယ်....၊ ခဏလေး နော်....၊ အခု ဆင်းလာခဲ့မယ်"

မလေးနွယ်သည် ညင်သာပေါ့ပါးစွာနှင့် အိမ်ပေါ်ထပ်သို့ တက်သွား၏။

သက်ခိုင်သည် စာပွဲဝိုင်းပုပေါ်၌ အဆင်သင့် တွေ့ရသော ငွေဗူးတွင်းမှ စီးကရက်တလိပ်ကို နှိုက်ယူမီးညှိ ဖွာ ရှိုက် ရင်း အခန်းကိုလေ့လာကြည့်မိ၏။

ကြမ်းပြင်၌ အမွေးပွသော ကော်ဇောကြမ်း ညိုဝါရောင်ကို ခန်းလုံးပြည့်ခင်းထား၏၊ အခန်း၏နံရံများ၏အရောင်ကအဝါဖြော့ဖြော့သာဖြစ်၏၊ တံခါးမကြီးများနှင့် ပြတင်း များ မှ ခန်းဆီးတို့၏အရောင်ကား မတောက်ပလွန်းလှသော အေးမြသည့် အပြာနုနုဖြစ်လေ၏။

အခန်းထောင့်များရှိ ခုံနိမ့်များပေါ်၌ လတ်ဆတ်ဖွံ့ထွားသော နှင်းဆီပန်းများစိုက်ထားသည့် ရွှေရောင် ကြွေ ပန်း အိုးများရှိနေ၏။

အခန်းတခုလုံး၏ ကြက်သရေဆောင်ကား.... မဟူရာရောင် ဖိတ်ဖိတ်လဲ့ပြောင်နေသော ဂရင်း(ဒ်)ပီယာနိုကြီးဖြစ်လေ၏၊ သို့ရာတွင် သက်ခိုင်၏စိတ်ကို အကျေနပ်စေဆုံးကား နံရံတဘက် ၏ ဗဟိုထိပ်၌ ချိတ်ဆွဲထားသည့် ခေါင်း ပေါင်း ပေါင်း ကာ အပေါ်ဝတ်အင်္ကျီဝတ်ထားသော ဗိုလ် ချုပ် အောင် ဆန်း ၏ ကိုယ်တပိုင်းဖော် ဓာတ်ပုံကြီးသာတည်း။

ဤသို့ သက်ခိုင်လေ့လာကြည့်နေခိုက် ဖြူစင်သောအသွေးအမွေး၊ သန့်စင်သော အဝတ်အစားများနှင့် ဆယ့်ခြောက်နှစ် အရွယ်ခန့်ရှိ အိမ်ဖော် မိန်း ကလေးတဦးသည် ငွေ လင် ပန်း တခုကိုကိုင်ရင်း ခြေသံမကြားစေရဘဲဝင်ရောက်လာ၏။



မိန်းကလေးသည် သက်ခိုင်၏အနီးရှိခုံပေါ်တွင် ငွေလင်ပန်းကို ချလိုက်၏၊ငွေလင်ပန်းတွင်း၌ အဖျော်ရည်ထည့်ထားသော ဖန်ခွက်နှစ်ခွက်ပါသည်။

မိန်းကလေးသည် သက်ခိုင်ကိုတချက်သာမျက်လုံးများလှန်ကြည့်ပြီး ယဉ်ကျေးစွာဆိုသည်။

"သံပုရာဖျော်ရည်သုံးဆောင်ပါရှင်၊ မမနွယ်အခုဘဲ ဆင်းလာပါလိမ့်မယ်...."

သက်ခိုင်က ဦးညွှတ်ကာ မိန်းကလေးကို တုန့်ပြန်သည်၊ မိန်းကလေးက ဝင်လာခဲ့သည့်အတိုင်း ခြေသံမပေါ်ဘဲ အခန်းတွင်းမှ ပြန်ထွက်သွား၏။

သက်ခိုင်သည် သံပုရာရည်မသောက်သေးဘဲ ဆိတ်ငြိမ်စွာ ဆက်စောင့်နေ၏။

မကြာမီပင် လှေခါးမှ မလေးနွယ် ဆင်းလာ၏၊ မလေးနွယ်တွင်မက မလေးနွယ်၏မိခင် ဒေါ်အေးသန့်ပါဆင်းလာ၏။

မလေးနွယ်သည် ပေါ်ပလင်အင်္ကျီဖြူလက်တို၊ အပြာနုခံတွင် အနက်ရောင် ပွင့်ငုံသေးသေးများ ရိုက်ထားသည့် တိုဘရက်ကိုးထဘီတို့ကို ပြောင်းလဲဝတ်ဆင်ထား၏။

သက်ခိုင်က ဒေါ်အေးသန့်ကို ရိုသေသောအားဖြင့် နေရာမှ ထရပ်၏။

ဒေါ်အေးသန့်က မျက်နှာချင်းဆိုင်ရှိ တယောက်ထိုင်ဆိုဖာ၌ ဝင်ထိုင်မှ သက်ခိုင်က သူ့နေရာတွင် သူပြန်ထိုင်၏၊ မလေးနွယ်က သက်ခိုင်ထိုင်နေသော နှစ်ယောက်ထိုင် ဆိုဖာကြီး၏ တဘက်စွန်းတွင် ဝင်ထိုင်သည်။

ဒေါ်အေးသန့်သည် နာမည်နှင့်လိုက်အောင်ပင် အမူအရာ အေးငြိမ်၍ ရုပ်ရည်သန့်ရှင်းသည်။

ရွှေတောင်လုံချည်အစိမ်းရင့်၊ သက္ကလပ်အပေါ်အင်္ကျီ အညို ရောင်တို့ကို သပ်ယပ်စွာ ဝတ်ထားသည့်သက်ခိုင်ကို ပြုံးပြုံး အေးအေးကြည့်ပြီး....တိုးညင်ပျော့ပျောင်းစွာဆိုသည်။

"နွယ်က.... မောင်သက်ခိုင်လို့ ပြောထားနှင့် လို့သာ ဒေါ်ဒေါ်က သိဒါ၊နို့မို့ မှတ်မိမှာမဟုတ်ဘူး၊ ဒါပေမဲ့သေသေ ချာချာကြည့်ပြန်တော့လဲ....လူကလေးမျက်နှာက.... နွယ်နဲ့လဲ ဆင်ဒါ၊ သက်သက်နဲ့လဲ တူဒါဘဲ....၊ လူကလေးက ထွား တော့ နွယ်ကညီမ၊ လူကလေးက....အကိုဖြစ်နေသလိုဘဲ၊ နေ့ဘ် မဟုတ်ဘူးလား သမီးရယ်...."

နွယ်နှင့် သက်ခိုင်က ပြုံးရုံ ပြုံးနေကြ၏။

"ဪ....လူကလေး....၊မင့်အမေသက်သက်ကော.... ဘယ် မှာလဲ...."

ပြည်မှာပါဘဲဒေါ်ဒေါ်၊ ပြည်ဆံတော်စျေးမှာ.... ထမင်း ဆိုင်ဖွင့်ထားပါတယ်...."

"နို့....လူလေးဖေဖေကရော...."

သက်ခိုင်၏ မျက်နှာသည် မသိမသာညိုသွား၏။

"ဖေဖေမရှိတော့ပါဘူး ဒေါ်ဒေါ်...."

မလေးနွယ်သည် ပါးစပ်ကလေးဟကာ သက်ခိုင်ကိုကြည့် ၏၊ ဒေါ်အေးသန့်မှာလည်း အံ့အားသင့်စွာ သက်ခိုင်ကိုကြည့် သည်၊ သက်ခိုင်ကသာ တည်ငြိမ်စွာဆက်ပြောပြ၏။



"ဖေဖေက ဘ်အိုင်အေ (ဗမာ့လွတ်လပ်ရေး တပ်မတော်) မှာ ဗိုလ်အဖြစ် အမှုထမ်းခဲ့တယ်၊ ဂျပန် တော်လှန်ရေးမှာ ဗိုလ်မှူးလေးဘစောနဲ့ စစ်တောင်းမှာ ကျသွားခဲ့တယ်...."

သက်ခိုင်သည် ဤမျှသာ ပြောပြီး နံရံထက်မှ ဗိုလ်ချုပ် အောင်ဆန်း၏ ဓာတ်ပုံကို ငေးကြည့်နေ၏။

သုံးဦးလုံးစကားဆက်မပြောနိုင်ဘဲ ငိုင်နေကြ၏။

မလေးနွယ်က အရင် လှုပ်ရှားလာပြီး.... "မောင်....သံပုရာ ဖျော်ရည်သောက်လေ....ရော့...."

မလေးနွယ်ကမ်းပေးသော သံပုရာဖျော်ရည်ခွက်ကို သက် ခိုင်က လှမ်းယူလိုက်၏၊ ကျန် တခွက်ကိုယူကာ မလေးနွယ် ကလည်း သောက်သည်။

သက်ခိုင်သည် မျက်နှာကို ပြုံးပစ်လိုက်ပြီး စကား လွှဲ၍ မေး၏။

"အဲဒီ ပီယာနိုကြီး ဘယ်သူတီးသလဲ မမနွယ်...."

"မမနွယ်တီးဒါပေါ့၊ မောင်ကော....ပီယာနို မတီးတတ်ဘူး လား...."

ထိန်းလျက်ကြားမှ သက်ခိုင်သည် ပြုံးမိသွား၏။

"ငယ်ငယ်တုန်းက ငက်ဘီး မစီးတတ်တဲ့ မောင်က....ကြီး တော့လဲ ဘယ်ပီယာနို တီးတတ်ပါ့မလဲ မမနွယ်၊ ဒါပေမဲ့.... မောင်တယောတော့ တီးတတ် ပါတယ်...."

နွယ်နှင့်သက်ခိုင်သည် တဦးမျက်နှာ တဦးကြည့်ကာ ငြိမ် နေကြ၏။

ဒေါ်အေးသန့်က နေရာမှထသည်။

"လူကလေးနဲ့နွယ် ဆက်စကားပြော နေကြ အုံးပေါ့....။ ဒေါ်ဒေါ်မီးဖိုထဲ ဝင်စီမံလိုက်အုံးမယ်၊ အော်....လူ ကလေး ရေ....ထမင်းစားပီးမှ ပြန်ရမယ်နော်....ဟုတ်လား...."

သက်ခိုင်က မလေးနွယ်ကို လှမ်းကြည့်သည်၊ မလေး နွယ်က တမင်ဟန်လုပ်ကာ မျက်မှောင်ကြုတ်၍ နှုတ်ခမ်းစူ ပြထား၏။

သက်ခိုင်သည်ပြုံးလိုက်ပြီး ဒေါ်အေးသန့်ဘက်လှည့်ကြည့်၍ဖြေ၏။

"ဟုတ်ကဲ့ပါ....ဒေါ်ဒေါ်....ကျွန်တော် ထမင်းစားပီးမှပြန်ပါ့မယ်...."

ဒေါ်အေးသန့်ထွက်သွား၍ နှစ်ဦးတည်း ကျန်သောအခါ မလေးနွယ်ကမေးသည်။

"မောင် ပီယာနို နားထောင်မလား၊ မမနွယ် တီးပြမယ်"

သက်ခိုင်က ခေါင်းခါပြ၏။

"တနေ့ကျမှ တီးပြပါ မမနွယ်၊ အဲဒီအခါကျတော့ မောင်လဲ မောင့်တယောကို ယူလာခဲ့မယ်၊ အခုနေတော့....မမနွယ်ကို မောင် ဒန်းလွှဲ ပေးချင်တယ်၊ ခက်ထာက ရန်ကုန် ဟာ ပင်းချောင်းမဟုတ်တော့....ဒန်းလဲ ရှိမှာမဟုတ်ဘူး...."

မလေးနွယ်သည် နေရာမှမြူးရွှင်စွာ ခုန်ထလိုက်၏။

"မောင့်စကားအတိုင်းဘဲနော်....၊ မောင် တကယ် ဒန်းလွှဲပေးအုံးမလား၊ လာခဲ့....လာခဲ့....၊ ခြံထဲမှာ ဒန်း ရှိတယ်...."

မလေးနွယ်က အိမ်ပြင်သို့ ပြေးထွက်သွား၏၊ သက်ခိုင် ကလည်း ပြေးလိုက်သွား၏။



ခြံအတွင်း၌ အမှန်ပင်တန်းတခုရှိနေ၏၊ သံဘိုင်နှင့် သံတန်းတွင် သံချိန်းကြိုးတပ်၍ ဆင်ထားသော တန်းဖြစ်၏။

တန်းအနီးသို့ ရောက်သောအခါသက်ခိုင်ကမေး၏။

"မမနွယ်တို့အိမ်မှာ ခလေးရှိလို့ ဒီဒန်း ထားဒါလား...."

"မဟုတ်ဘူး၊ အရင်ဒီအိမ်မှာနေဟဲ့တရားဝန်ကြီးကခလေးတွေရှိလို့ လုပ်ထားခဲ့ဒါ...."

မလေးနွယ်သည် တန်းပေါ်၌ထိုင်လိုက်ပြီး ပြုံးပြုံးလေး လှမ်းကြည့်၏။

သက်ခိုင်သည် ခေတ္တတွေနေပြီးနောက် ရယ်မောကာ တန်းကို လွှဲပေး၏။

သက်ခိုင်က သူ့အရွယ်ဝတ္ထုကိုမေ့သွား၏၊ မလေးနွယ် ကလည်း ထိုနည်းအတူ ရှိမည်။

တန်းကိုလွှဲပေးသူက လွှဲပေးနေသည်၊ စီးသူကလည်း စီးနေ၏။

ကိုယ့်ကိုစွဲ၌ကိုယ် အာရုံဝင်စားနေသည် ဖြစ်ကြ လေသောကြောင့် ခြံတွင်းသို့ ကောင်ဆယ်(လ်)အမျိုးအစား ကားတစီး ဝင်လာသည်ကို သတိမမူမိကြ။

ကားသည် ဆင်ဝင်အောက်၌ ရပ်လိုက်သည်၊ ကားပေါ်မှ ဦးထင်ကျော်နှင့်အတူ အသက် အစိတ်ခန့် လူရွယ်တဦး ဆင်း လာကြ၏။

ဦးထင်ကျော်သည် တန်းပေါ်မှမလေးနွယ်နှင့် တန်းကို လွှဲပေးနေသော သက်ခိုင်တို့အား မြင်လိုက်ရသောကြောင့် မျက်မှောင်ကြီးကြုတ်ကာ မျက်နှာကြီး အိုသွား၏၊ သို့ရာတွင်.... အချိန်မီပင် ဒေါ်အေးသန့် ထွက်လာ၏။

"မအေးသန့်....နွယ့်ကို ဒန်းလွဲ ပေးနေဒါ ဘယ်သူလဲ...."

"ဩော်....ရှင့်တူလေ...၊ သက်သက်သား....မောင် သက်ခိုင်ရယ်...."

ဦးထင်ကျော်၏မျက်နှာသည် စက္ကန့်ပိုင်းအတွင်း အမျိုးမျိုး ပြောင်းလဲသွား၏၊ နောက်ဆုံး၌မူ ပြုံးရွှင်ပြီး မေး၏။

"ငါ့တူသက်ခိုင်....ဟုတ်လား မအေးသန့်၊ သူက ဘယ်က ရောက်လာဒါလဲ...."

"နွယ်ကပြောတော့....သူလဲ ကောလိပ်ရောက်နေသတဲ့ရှင်၊ အခုညနေနွယ်နဲ့ ပါလာဒါဘဲ...."

ဦးထင်ကျော်က နွယ်တို့ထံ သွားမည် ပြုသည်၊ သို့ရာတွင် သူ့ကို ဒေါ်အေးသန့်က တားလိုက်၏။

"နေအုံး....နွယ်တို့အဖေ၊ အခုလူကလေး သက်ခိုင်ရဲ့ အဖေ မရှိတော့ဘူး တဲ့...."

"ဘာ....စိုးခိုင် မရှိ တော့ဘူး...."

"ဟုတ်တယ်ရှင့်၊ လူကလေးခုနင်က ပြောသွားတယ်၊ ကိုစိုးခိုင်ဟာ ဂျပန် တော်လှန်ရေးတုံးက စစ်တောင်းမှာ ကျသွားရှာသတဲ့...."

ဦးထင်ကျော်သည် ခေတ္တငိုင်သွား၏၊ ထိုနောက် စိတ်ထိခိုက်ခြင်းကို လွှမ်းပစ်သော အပြုံးကိုပြုံး၍ဆို၏။

"လာဟေ့ .... မောင်ဘမြိုင်....၊ ဟိုဥစ္စာငါ့တူအရင်းဘဲ....၊ သွားနှုတ်ဆက်ကြရအောင်"

မောင်ဘမြိုင်ဟု အခေါ်ခံရသောလူရွယ်သည် ဦးထင်ကျော်၏နောက်မှ ရိုသေစွာကပ်လိုက်လာ၏။



ဦးထင်ကျော်တို့ကို လှမ်းမြင်သောကြောင့် သက်ခိုင်ကတန်းကိုအရှိန်လျှော့ပေး၏၊ ဦးထင်ကျော်တို့ရောက်လာချိန်၌ တန်းကရပ်သွားလေပြီ၊ သို့ရာတွင်မခလေးနွယ်က တန်းပေါ်မှမဆင်း၊ သက်ခိုင်ကသာ တန်း ကြိုး တဘက်ကိုကိုင်ရင်း သူ့ဦးကြီးကို ငြိမ်သက်တည်ကြည်စွာ ပြန်ကြည့်နေ၏။

ဦးထင်ကျော်က သက်ခိုင်၏အနီးသို့ကပ်သွားပြီးမေးသည်။

"သက်သက်သား ငါ့တူသက်ခိုင်လားဟေ့ ...."

သက်ခိုင်ကနှုတ်နှင့်မဖြေ၊ ခေါင်းသာညိတ်ပြ၏။

ဦးထင်ကျော်က သက်ခိုင်ကို ကိုဘမြိုင်နှင့်မိတ်ဆက်ပေး၏။

"မောင်သက်ခိုင်.... သူကမောင်ဘမြိုင်၊ ဝတ်လုံဘွဲ့ရပြီးဘိ၊ မိဘတိုးဘွားများက ဒိုရေနံချောင်းအဆက်ထဲကဘဲ၊သူကတော့ ဦးရဲ့တဦးတည်းသောတူ မောင်သက်ခိုင်ဘဲ မောင်ဘမြိုင်"

သက်ခိုင်နှင့် ကိုဘမြိုင်တို့သည် ယဉ်ကျေးမှုအရ လက်ဆွဲနှုတ်ဆက်ကြ၏။

ကိုဘမြိုင်သည် သက်ခိုင်ထက် အရပ်အနည်းငယ်နိမ့်သော်လည်း မှန်ရည်ခန့်ညားသော ဥပဓိရုပ်ရှိ၏၊ စိတ်ရင်းသဘောထားဖြူစင် ကောင်းမွန်သောအသွင်ကိုလည်းဆောင်၏၊သူသည် လက်ဆွဲနှုတ်ဆက်ပြီးနောက် အထူးအားမထုတ်ရသော ခင်မင်မှုပြသည့် လေသံနှင့်မေး၏။

"တွေ့ရဒါဝမ်းသာပါတယ်ကိုသက်ခိုင်၊ တက္ကသိုလ်မှာ ဘာဘာသာတွဲယူပါသလဲ...."

"ပါဠိဗေဒဘာသာ တွဲယူပါတယ်"

"အိုး....ဆရာဝန်ဘက်လိုက်မလို့ကိုး၊ ကောင်းတယ်၊ သိပ်ကောင်းဒါဘဲ၊ နွယ့်ကိုတောင် အဲဒီဘက်လိုက်ဘို့ ဦးနဲ့ကျွန်

တော်တို့က တိုက်တွန်းဒါ၊ မရဘူး၊ အီကော်နော့မစ် (စ်) ယူတယ်”

“ဘိုင်အိုဘယ်ယူရဲမလဲ အကိုဘမြိုင်ရ၊ နွယ်ကသွေးမြင်ရင် သိပ်ကြောက်တယ်၊ အကောင်ပလောင်လဲ မကိုင်ဝံ့ပါဘူး....၊ မောင်ကတော့ ငယ်ငယ်လေးထဲက သိပ်သတ္တိကောင်းဒါ”

မလေးနွယ်က သက်ခိုင်ကိုကြည့်ပြီး ပြုံးပြ၏၊ သက်ခိုင်ကလည်း ဖြေစရာမရှိသဖြင့် ပြုံး၍သာနေရ၏။

“ကဲ....မင်းတို့မောင်နှမ ခြံထဲမှာနေချင်နေခဲ့ကြအုံး၊ဦးကြီးတော့မောင်ဘမြိုင်နဲ့ စကားပြောစရာတွေ ရှိသေးတယ်၊ လာဟေ့မောင်ဘမြိုင်”

ကိုဘမြိုင်သည် သက်ခိုင်အား ပြုံးပြနှုတ်ဆက်ပြီး ဦးထင်ကျော်နောက် လိုက်သွား၏။

နှစ်ဦးချင်းကျန်ရစ်သောအခါ သက်ခိုင်ကမေးသည်။

“မမနွယ်....၊ မောင်ဒန်းလွဲပေးရအုံးမလား....”

ဦးထင်ကျော်နှင့်ကိုဘမြိုင်ထွက်သွားရာကြည့်ရင်း တစုံတရာကိုတွေး နေဟန်ရှိရာမှ မလေးနွယ်က သက်ခိုင်ဘက်သို့လှည့်လိုက်၏။

“ဟင့်အင်း တော်ဘီ၊ မောင် ညောင်းနေပါ အုံးမယ်၊ ဒါပေမဲ့ မမနွယ်တို့ ထိုင်စကားပြောကြရအောင်....”

မလေးနွယ်က ဒန်းပေါ်မှာတွင်ဆက်ထိုင်နေ၏၊ သက်ခိုင်က အနီးရှိ ခုံတန်းရှည်ကြီးတခုထက် ထိုင်လိုက်၏။

မိုး၏ညနေသည် တိမ်တောက်သဖြင့် လှပနေ၏၊ ခြံတွင်းရှိလေသည်လည်း အေးမြသန့်ရှင်း မွှေးကြိုင်နေ၏။

မလေးနွယ်က ရုတ်တရက်မေးသည်။



“မောင် ပင်းချောင်းကို မအောက်မေ့ဘူးလား....”

“အောက်မေ့တယ်ရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့.... မောင် ခဏခဏတော့ သတိရမိတယ် မမနွယ်....”

“မမနွယ်တော့ သိပ် အောက်မေ့ဒါဘဲ၊ ရန်ကုန်....အထူးသဖြင့်....ဟောဒီ ဝင်ဒါမီယာထဲနေရဒါ စိတ်သိပ်ကျဉ်းကြပ်ထာဘဲ....၊မလွတ်လပ်ဘူး....”

သက်ခိုင်သည် တစုံတခုကို သွားသတိရ၍ ပြုံးမိ၏။

“မောင် ဘာပြုံးဒါလဲ....”

သက်ခိုင် သတိရမိသည်ကား ငယ်စဉ်က ပင်းချောင်းတွင် မလေးနွယ် ပြောခဲ့ဘူးသော စကားဖြစ်၏၊ ပုပ္ပား တောကြီး တောင်ကြီးတို့နှင့် စပ်ကာပြောခဲ့သော အာဒံနှင့် အေးဝတို့ အကြောင်းဖြစ်၏၊ ထိုစဉ်က မူ အဓိပ္ပာယ်ဘယ်ရောက်၍ ဘယ်ပေါက်သည်ကို သတိမထားမိဘဲ ပြောချင်ရာပြောခဲ့ကြ၏၊ ယခု အသက်အရွယ်များ၌မူ ပြောချင်သည်ကို စွတ်ပြော၍မရတော့။

ဤသို့ ဆင်ခြင်မိသောကြောင့် သက်ခိုင်သည် မှုသားဆို၏။

“မောင်ပြုံးဒါက မမနွယ်ပြောဒါကို သဘောကျလို့ပါ၊ မလွတ်လပ်ဘူးဆိုလို့လေ၊ ကလေးတွေမဟုတ်ဘဲ လူကြီးတွေဖြစ်လာတော့ နေရာတကာ ဘယ်လွတ်လပ်တော့မလဲ၊ အမှန်ကတော့ မလွတ်လပ်ထာ မဟုတ်ပါဘူးလေ....၊ထိန်းသိမ်းရဒါလို့ဘဲ ခေါ်ရမှာဘဲ....”

မလေးနွယ်က ရယ်သည်။

“မောင်က လူကြီးဆန်ဆန်သာ ဝတ်သလားအောက်မေ့တယ်၊ လူကြီးဆန်ဆန်လဲ စကားပြောဒါဘဲကိုး....”

သက်ခိုင်က သူ့အဝတ်အစားကိုသူ ပြန်ငုံ့ကြည့်သည်။ လုံချီအစိမ်းရင့်နှင့် အပေါ်ဝတ်အင်္ကျီအညိုသည် လူကြီးဆန်သော အဝတ်မှန်းသူသိသည်၊ လုံချီအနီနှင့်တိုက်ပုံ အနက်သည်လည်း ထိုနည်းတူစွာပင် ဖြစ်ကြောင်းကိုသည်း သိသည်။

"မောင့်အဝတ်အစားတွေက လူကြီးဆန်နေသလား၊ ဆန်မှာပေါ့မမနွယ်၊အစက အဲဒါတွေဟာ ဦးလေးစိုးမြိုင်ရဲ့အဝတ်အစားတွေ၊ မောင်ကောလိပ်မှာဝတ်ဘို့ ဦးလေးစိုးမြိုင်ကပေးလိုက်ထာ...."

မလေးနွယ် အရယ်ရပ်သွား၏၊ ထိုနောက် တိုးတိုးညင်သာမေး၏။

"မောင့်ဦးလေးစိုးမြိုင်က အခုဘာလုပ်နေသလဲ...."

"ကျောင်းဆရာပါဘဲ မမနွယ်...."

"မောင့်ကို ကောလိပ်တက်ဘို့ ဦးလေးစိုးမြိုင်ကဘဲ ထောက်ပံ့သလား....ဟုတ်လား...."

"ဟုတ်တယ်မမနွယ်၊ ပြီးတော့ မေမေ့ ထမင်းဆိုင်ကလဲ ဝင်ငွေအသင့်အတင့်ရှိပါတယ်၊ မောင့်မှာ လုံလောက်ပါတယ်"

မလေးနွယ်က သက်ခိုင်ကိုတချက်စိုက်ကြည့်၏၊ ငယ်စဉ်ကသူတို့သားအမိထံ မိမိငွေများသွားပေးတိုင်း လက်မခံဘဲ ငြင်းပယ်ကြသည်ကိုသတိရမိ၏၊ ယခုလည်းသက်ခိုင်က "မောင့်မှာလုံလောက်ပါတယ်...."ဟူသော စကားနှင့် ပိတ်ပြောထား၏။ သို့ရာတွင် လုံလောက်သည်ဆိုသူက ဦးလေး၏ အဝတ်ဟောင်းများကိုဝတ်ထားသည်၊ တန်းလှဲပေးစဉ်တုံးက အပေါ်ဝတ်အင်္ကျီရင်ဖုံးလန်သွားတိုင်းမြင်ရသည့်ရှပ်အင်္ကျီအိတ်၌ချိတ်ထားသော ဖောင်တိန်မှာ တက္ကသိုလ်ကျောင်းတော်ကြီးသားအများ



သုံးစွဲလေ့ရှိသည့် အကောင်းစား ပတ်ကားဖောင်တိန် မဟုတ်မှန်း မလေးနွယ်သတိပြုမိခဲ့သည်၊ ကျောင်းသားတိုင်းလိုလို မရှိမဖြစ်သည့် ပစ္စည်းအဖြစ် ဆင်သော လက်ပတ်နာရီကိုပင် သူ့လက်၌မမြင်၊ သည်ကြားထဲက "မောင့်မှာလုံလောက်ပါတယ်" ဟုသူကဆိုခဲ့သေးသည်။

မလေးနွယ်က စူးစမ်းစွာနှင့် သူ့ကို စိုက် ကြည့် နေ သ ဖြင့် အနေရအထိုင်ရကြပ်သောကြောင့် သက်ခိုင်ကမေး၏။

"မမနွယ်က မောင့်ကိုဘာစိုက်ကြည့်နေဒါလဲ...."

"ဪ....မောင့်ကို သဘောကျလို့ပါ....၊ စင်စစ်တော့.... မောင်ဘာမှ မပြောင်းလဲသေးဘူး....၊ အား လုံး ရှေး တုံး က အတိုင်းဘဲ...."

မလေးနွယ် ဘာဆိုလိုကြောင်း သက် ခိုင် နား လည် သည်၊ နားလည်သောကြောင့်လည်း စကားကိုပိတ်ပြောပြန်သည်။

"မမနွယ်လဲ ဘာမှမပြောင်းလဲပါဘူး၊ အားလုံးရှေးတုံးက အတိုင်းဘဲ၊ ပြောင်းလဲခြင်းဟာ သဘာဝလို့ ဆိုပေမဲ့....တခါ တလေတော့လဲ မောင်ထင်တယ်၊ တချို့ကိစ္စတွေမှာ အားလုံးဟာ ရှေးတုံးကအတိုင်း....ရှေးနည်းအတူ.... ဖြစ်နေဒါဟာ ကောင်းသလိုလိုဘဲ....၊ အဲဒါကတော့.... မောင့်အထင်လေ....၊ မှားမလား....မှန်မလားတော့မသိဘူး...."

စကားအဆုံး၌ သက်ခိုင်ကရယ်သည်၊ ပင့်သက် ရှိုက်မိသူကား မလေးနွယ်သာလျှင်ဖြစ်၏။

ထိုည....ညစာကို သက်ခိုင်သည် မလေးနွယ်တို့၏အိမ်၌ စားသည်၊ သက်ခိုင်သာမက ကိုဘမြိုင်လည်းစားသည်။

လူတကိုယ်၌ အားနည်းချက်တခုစီရှိမြဲဖြစ်၏၊ သက်ခိုင်၏ အားနည်းချက်တခုမှာ လူစိမ်းသူစိမ်းများနှင့်အတူထမင်းမစားရဲခြင်းပင်ဖြစ်သည်၊ ဘတ္တလာ၊ စာပွဲထိုးတို့ စောင့်ကြပ်ပြုစုရသော တရားဝန်ကြီး၏ ထမင်းစားဝိုင်းတွင် ဖြစ်သောကြောင့်လည်း အနေရအထိုင်ရကြပ်နေ၏၊ စွန်း- ခက်ရင်းတို့နှင့် စားရသည်မှာမူ ကျောင်းဆောင်၌ အကျင့်ရနေသောကြောင့် မခက်ခဲလှ။

စာပွဲ၏နှစ်ဘက်သောထိပ်၌ ဦးထင်ကျော်နှင့်ဒေါ်အေးသန့်တို့က အသီးသီးနေရာယူထား၏၊ စားပွဲတဘက်တွင်မူ ကိုဘမြိုင်ထိုင်သည်၊ ကိုဘမြိုင်နှင့်မျက်နှာချင်းဆိုင်တဘက်တွင် သက်ခိုင်နှင့် မလေးနွယ်က တွဲလျက်ထိုင်ကြရ၏။

ရွှေကျင်ဂိုဏ်းကျောင်းတိုက်မှ ကိုရင်တဦးပမာ ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့် အိန္ဒြေချုပ်စားနေသော သက်ခိုင်၏ပန်းကန်တွင်းသို့ မလေးနွယ်သည် ကောင်းနိုးရာရာ ဟင်းများကို ရွေးချယ်ပြီး မပြတ်အောင်ထည့်ပေးနေသည်။

ကိုဘမြိုင်၏အမူအရာကမူ လွတ်လပ်နေ၏၊ သူသည် ဧည့်သည်တယောက်ထက် အိမ်သားတဦးအသွင်ပေါ်နေသည်၊ ထမင်းစားရင်း ရယ်စရာမောစရာလေးများကိုလည်းပြောပြ၏၊ သက်ခိုင်အတွက် မလေးနွယ်ထည့်ပေးလိုသော ဟင်း၏ ပန်းကန်သည်လှမ်းနေသော် သူကယူပေး၏၊ သက်ခိုင်ကိုလည်း ဂရုပြု အရေးထားကာ စကားလှမ်းပြောသေး၏၊ ကိုဘမြိုင်ကို လူမှုတာဝန်ကျေ၍ ယဉ်ကျေးသိမ်မွေ့သူ အဖြစ်သက်ခိုင် လေးစားမိသွား၏။



ထမင်းစားဝိုင်းတွင်ကိုဘမြိုင်နှင့် ဦးထင်ကျော်တို့ ပြောကြသောစကားရပ်များကို ထောက်၍ ကိုဘမြိုင်သည် ဥပဒေဘွဲ့တခုယူရန် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားခါနီးမှန်း သက်ခိုင်နားလည်မိ၏၊ ဘယ်ရစ္စတာဘွဲ့၊ အယ်(လ်) အယ်(လ်)ဘီဘွဲ့၊ အယ်(လ်)အယ်(လ်)ဒီ ဘွဲ့ အကြောင်းများဆွေးနွေးကြသည်ကိုမူသက်ခိုင် လိုက်မမှီ....၊ သို့ရာတွင် ကိုဘမြိုင်၏ စကားတရပ်မှာမူ သက်ခိုင်၏နား၌ စွဲသွားသည်။

“ပြန်လာရင် ကျွန်တော်ဝတ်လုံတော့ ဆက်မလိုက် ချင်ဘူးဦး၊ အခု ဝတ်လုံတို့....ရှေ့နေတို့ဆိုဒါက အမှုမှန်ရေး မမှန်ရေးထက်....အမှုနိုင်ရေး....မနိုင်ရေးက အဓိက ဖြစ်နေတယ်၊ ဒါကိုတော့....ဦးအသိဆုံးပါဘဲလေ၊ ကျွန်တော်တော့ ဝတ်လုံ လောကကို စိတ်ပျက်မိတယ်၊ တက္ကသိုလ်မှာဥပဒေပါမောက္ခ၊ ကထိကာ လောက်ဘဲလုပ်ချင်တယ်၊ အဲဒီမှာကတော့ကိုယ့်အမြင်ကိုယ်ပြောပြနိုင်မယ် ထင်တယ်....”

“မောင်ဘမြိုင်ရဲ့စိတ်ထားကို ဦးသာဓုခေါ်ပါတယ်၊ လုပ်ပေါ့လေ၊ အနာဂတ်က မောင်ဘမြိုင်တို့လူငယ်တွေ လက်ထဲမှာရှိပါတယ်၊ အဲဒီအချိန်ကျရင်တော့ ဥပဒေတွေလဲ ပြောင်းကုန်လိမ့်မယ်ထင်တယ်၊ ဥပဒေတွေမပြောင်းရင်တော့ မောင်ဘမြိုင်လဲ ဘာမှလုပ်နိုင်မှာမဟုတ်ဘူး၊ ဦးတို့ခေတ်ကတော့ ဆိုးခဲ့တယ်၊ လူ့အခြေခံအခွင့်အရေးအရ မှန်မှန်း သိရက်နဲ့ တည်ဆဲဥပဒေကြောင့်....တခြားတော့မကြည့်နဲ့....ဦးမကွေးမှာ တရားသူကြီးလုပ်ရစဉ်က ဦးရဲ့ညီ....မောင်သက်ခိုင်တို့ အဖေကို ချုပ်ထားဘို့ ယမန်ကို ဦးကိုယ်တိုင်ပေးခဲ့ရတယ်ကွဲ့....”

ကိုဘမြိုင်သည် အံ့သြသွားစွာနှင့် ဦးထင်ကျော်ကို တလှည့်၊ သက်ခိုင်ကိုတလှည့် ကြည့်သည်။

"နေအုံး....ဦး၊ ဒါဖြင့်....ကိုသက်ခိုင်က....သခင် စိုးခိုင် ရဲ့ သားပေါ့....ဟုတ် လား...."

"ဟုတ်တယ်လေ....၊သခင်ဖိုးလှကြီးတို့၊ သခင် ခင်ဇော်တို့၊ သခင်စိုးခိုင်တို့ဟာ....ဒို့ရေနံမြေမှာတော့....နာမည်ကျော် တွေပေါ့၊ သခင်စိုးခိုင်ကတော့....ဦးရဲ့ညီမသက်သက်ရဲ့ယောကျ်ားဘဲ...."

ကိုဘမြိုင်က သက်ခိုင်ကို လှမ်းကြည့်သည်၊ သက်ခိုင် က ခေါင်းငုံ့၍ ငြိမ်သက်စွာပင် ထမင်းစားနေ၏။

"ဟုတ်လား....ကိုသက်ခိုင်၊ ခင်ဗျားက သခင်စိုးခိုင်ရဲ့ သားကိုး၊ အခု သခင်စိုးခိုင် ဘယ်မှာ လဲ...."

ထမင်းစားဝိုင်းသည် ရုတ်တရက်တိတ်ဆိတ်သွား၏၊ ဦးထင်ကျော်၊ ဒေါ်အေးသန့်နှင့်မလေးနွယ်တို့က စိတ်မကောင်း စွာနှင့်သက်ခိုင်ကို ငြိမ်ကြည့် နေကြ၏။

သက်ခိုင်သည် ဖြေးညှင်းစွာနှင့် ခေါင်း ဖေါ်၏၊ သူသည် အလွန် လျှင်တည်ငြိမ်သော မျက်နှာထား....လေသံတို့ နှင့် ဖြေသည်။

"ဖေဖေဟာ ဂျပန်တော်လှန်ရေးမှာ ကျဆုံးသွားခဲ့ပါဘီ.... အကိုဘမြိုင်၊ ဒါပေမဲ့ စောစောက ဥပဒေနဲ့ ပတ်သက်ပီး.... အကိုဘမြိုင်ပြောတဲ့စကားကို ဖေဖေသာကြားနိုင်ရင် သိပ်ဝမ်းသာမှာဘဲ၊ ဖေဖေက မကြားနိုင်တော့....၊ ဖေဖေ့ ကိုယ်စား ကျွန်တော်ကဘဲ ဝမ်းသာလိုက်ပါတယ် အကိုဘမြိုင်၊ တခုဘဲ ရှိ



တယ်၊ စောစောက ဦးကြီးပြောသလိုဘဲ....ဥပဒေတွေက လိုက်မပြောင်းရင်တော့....ဘယ်သူမှဘာမှတတ်နိုင်ကြမှာမဟုတ်ဘူး"

မလေးနွယ်က ကိုဘမြိုင်ကို တလှည့်၊ သက်ခိုင်ကိုတလှည့် ကြည့်သည်၊ ကိုဘမြိုင်၏အသွင်မှာ အေးဆေး၍ တည်ကြည်သည်၊ သက်ခိုင်ကတည်ငြိမ်၍အေးချမ်းသည်၊ အမည်မသိသော ဝေဒနာနှင့် မလေးနွယ်၏ရင်မှာသာဖို့ရ၏။

ကိုဘမြိုင်က ကျေနပ်နှစ်ခြိုက်စွာပြုံးပြီးဆို၏။

"ကိုသက်ခိုင်ပြောဒါ သိပ်မှန်တယ်၊ အင်းလေ....ကျွန်တော်တို့ခေတ်ကိုစောင့်ကြည့်ရမှာဘဲ၊ ခေတ်ပြောင်းရင်တော့ အားလုံးပြောင်းရမှာဘဲ၊ ရွှေညာမောင်ဆိုခဲ့တဲ့ ဟိုသီချင်းလိုဘဲ....၊ နွယ်ရေ....သီချင်းနာမည်ကဘာတဲ့လဲ...."

"ခေတ်ပြောင်းချိန်....တဲ့ အကိုဘမြိုင်"

"ဟုတ်တယ်၊ ခေတ်ပြောင်းချိန်....၊ဒို့ဗမာပြည်ဇာတာစန်းမှာတက်လန်းလာခဲ့ပြီ....၊ ပီးတော့....ဘာဆိုလဲမသိဘူး၊ မေ့သွားဘီ၊ အဲ....ဟိုဒင်း.... စာဆိုတွေနဲ့အညီ၊ မမေ့နိုင်ဘီ.... ခေတ်ဆန်းချိန်ရောက်လုနီးပါဘီ...."

တပိုင်းတစ ရသမျှသီချင်းကို ကိုဘမြိုင်ကသံနေသံထားနှင့် ဆိုပြလာသောကြောင့် အားလုံးရယ်မောပြီး ထမင်းဝိုင်းမှာ ပြန်သည်စိုပြေသွား၏။

သက်ခိုင်က အရင်ဆုံးထမင်းစားပြီးသည်။

ထမင်းစားစဉ်၌ သက်ခိုင်သည် အပေါ်ဝတ်အင်္ကျီကို ချွတ်ထား၏၊ ရှပ်အင်္ကျီလက်များကိုလည်း မ,တင်ထား၏။

သက်ခိုင်၏ ဘယ်ဘက်လက်ကောက်ဝတ်၌ လက်ပတ်နာရီမှ၍၊ ညာလက်လက်ဖျန်တွင်မူကား....

မလေးနွယ်ပေးသော ရေဖလ်ခွက်ကို သက်ခိုင်ကညာလက်နှင့်လှမ်းယူသည်၊ သက်ခိုင်၏ လက်ဖျန်မှ အမာရွတ်များကို မလေးနွယ်မြင်သွား၏။

မလေးနွယ်က ရုတ်တရက်အော်၏။

"ကြည့်စမ်းမောင်....၊ အဲဒါမမနွယ်ကိုကိုက်မဲ့ခွေးကိုမောင်ဝင်ကာကွယ်ဒါမို့....ရခဲ့တဲ့ဒဏ်က အမာရွတ်တွေမဟုတ်လား"

သက်ခိုင်ကမဖြေ၊ မျက်လုံးများကမူ ကိုဘမြိုင်ဆီရောက်သွား၏။

ကိုဘမြိုင်၏ အေးဆေး တည်ကြည်သော မျက်နှာသည် အလွန်အကဲခတ်ကြည့်နိုင်မှုမြင်နိုင်ရုံလှုပ်ရှားသွား၏၊ နှုတ်ခမ်းများကပြုံးနေသော်လည်း မျက်လုံးများကမူ လျှင်မြန်စွာနှင့် သက်ခိုင်နှင့်မလေးနွယ်၏မျက်နှာများကို အကဲခတ်ကြည့်လိုက်၏။

သက်ခိုင်သည် ပေါ့ပေါ့ဆဆဟန်နှင့်ရယ်မောလိုက်၏။

"မမနွယ်ကလဲ....ခွေးကိုက်ခံရဒါကို အဆန်းလုပ် ပြောနေပြန်ပါဘီ၊ ဦးကြီးနဲ့ ဒေါ်ကြီးကတော့သိပီးသားပါ၊ အကိုဘမြိုင်ရေ၊ မမနွယ်က ငယ်ငယ်တုန်းက....သိပ်ကဲဒါ၊ သူ့ခွေးလိုက်ကိုက်ထာကို ကျွန်တော်က ဝင်တားမိလို့ ကျွန်တော်အကိုက်ခံရဒါ၊ အဲဒါပါ"

ကိုဘမြိုင်သည် သက်ခိုင်နှင့်အတူ လိုက်ရယ်၏၊ ထိုအခါ အားလုံးလိုက်ရယ်ကြ၏၊ ထမင်းဝိုင်းလည်း မကြာမီပြီးသည်။

ညဥ့် ရှစ်နာရီကျမှ ဦးချစ်တိုးမောင်းပို့ပေးသောကားနှင့် သက်ခိုင်သည် ပြည်ကျောင်းဆောင်သို့ပြန်လာခဲ့၏။

ကျောင်းဆောင်ရှေ့၌ ကားရပ်မိစဉ် ဦးချစ်တိုးကဆိုသည်။



"သက်ခိုင်ရေ....၊မင်းကိုငါတခုပြောစရာ ရှိတယ်"

"ပြောလေ....ဦးလေးကိုချစ်တိုး"

"အေးပါကွာ- ပြောမှာပါဘဲ၊ ဒါပေမဲ့ မင်းက ကာလိပ်ကျောင်းသားကြီးဖြစ်နေတော့ ငါ့စကားကို အလေးထားပါ့မလားမသိဘူး"

သက်ခိုင်၏ရင်မှာ ထိခိုက်သွားသည်၊ ထိုကြောင့် အသံမာမာနှင့်ပြော၏။

"ကျွန်တော့်ကိုတကယ်ချစ်ရင် ဦးလေးကိုချစ်တိုးဒီစကားမပြောထိုက်ဘူးထင်တယ်"

ဦးချစ်တိုးငိုင်ကျသွား၏၊ ထိုနောက်မှ ခေါင်းကိုတချက်ညိတ်လိုက်ပြီးဆိုသည်။

"အေးပါကွာ....၊မင်းတို့ပြောတဲ့ အင်္ဂလိပ်စကားနဲ့ ပြောရရင်.... ဆောရီးဘဲ၊ ဘဲရီးဆောရီး....တောကြီးမြိုင်လယ်ဘဲ၊အဲ.... ငါပြောချင်ဒါကတော့....ဟိုဒင်း.... မင်းကိုဘမြိုင်ကို ဘယ်လိုထင်သလဲ"

"တွေ့စဉ်စွာ၊ ကျွန်တော်ဘယ်လိုလုပ်ထင်တတ်မလဲ"

"အဲဒါကိုဘဲငါပြောနေဒါ၊ ထင်တတ်အောင် ထင်ကြည့်၊ တခုတော့ရှိတယ်ကွာ.... အကိုစိုးခိုင်နဲ့.... မမသက်သက်တို့လို မင်းနဲ့နွယ့်ကို ငါမဖြစ်စေချင်ဘူး၊ ဒါပါဘဲကွာ....၊ ငါ့ပြောဒါမင်းနားလည်ပါတယ်"

သက်ခိုင်သည် ခေတ္တငိုင်သွား၏၊ ထိုနောက်မှ ပြုံးရယ်ပြီး ဦးချစ်တိုးကိုပြောသည်။

"ကျွန်တော်နားလည်ပါတယ်၊ ဦးလေးကိုချစ်တိုးသတိပေးဒါကိုလဲ ကျေးဇူးတင်ပါတယ်၊ ဦးလေးကိုချစ်တိုးရဲ့ သတိပေး

ချက်ကိုလဲ ကျွန်တော်မှတ်ထားပါ့မယ်၊ ကဲ....ဂွတ်နိုက်....ဦးလေးကိုချစ်တိုး”

“ရှိ်း....၊မင်းကငါ့ကို ဗိုလ်လို့နှုတ်ဆက်တယ်၊ အေးကွာ....ဂွတ်တနိုက်....ဂွတ်တနိုက်၊ သွားဘီဟေ့ သက်ခိုင်”

သက်ခိုင်သည် ကားထွက်သွားသည်ကို မျက်စိတဆုံးကြည့်ကျန်ရစ်ပြီးမှ မိမိအခန်းဆီသို့တက်လာခဲ့၏။

လှေခါး အတက်အဆင်းတွင် ပျာယီပျာယာဆင်းပြေးလာသော ဆံပင်တွန့်တွန့်နှင့် ကျောင်းသားတဦးက သူ့ကိုတိုက်မိလုဖြစ်သွား၏။

“ဟော့....ဖိုးစံရွှေ.... လူတောင်မမြင်ဘူး.... ဘာဖြစ်လာဒါလဲ”

စံရွှေသည်, သည်တော့မှရပ်ပြီး အားရပါးရပြော၏။

“တယောတစ္ဆေချောက်နေတယ်ကိုယ့်လူရေ....၊မောင်ရင်တို့အခန်းရှေ့မှာ၊ တယောတစ္ဆေလေးမဟုတ်ဘူး၊ တစ္ဆေကြီး၊ မောင်ရှိန်ရယ်၊ စာကျက်လို့မရလို့ ကိုယ်ဆင်းပြေးလာဒါ”

စံရွှေသည်အောက်ထပ်သို့ ဒရောသောပါး ဆင်းပြေး သွား၏၊ သက်ခိုင်က ဆက်တက် လာ၏။

စံရွှေပြောသည့်အတိုင်းပင် သူ့အခန်းရှေ့၌ လူစည် နေ၏၊ ဝရံတာလက်တန်းပေါ်၌ထိုင်ရင်း မောင်ရှိန်က တယောထိုး နေ၏၊ ယုမောင်က မင်ဒိုလင်တီးနေသည်၊ တင်မောင်စိုးက ကြမ်းပြင်တွင်ထိုင်ရင်း စည်တီးနေ၏၊ သူ့ရှေ့တွင် သတ္တုခွက်တလုံးရှိနေ၏၊ ကျန် ပရိသတ်များ ကြားတွင် အေးဝင်း ကိုသာမက လက်ပြင်ကုန်းကလေးနှင့် ထွန်းငွေကို အခြားသူများနှင့် အတူတွေ့ရ၏။



သက်ခိုင် ရှောက်လာသည်ကို မြင်သောအခါ အေးဝင်းကအော်၏။

“အဲ....ဟိုမှာ....သက်ခိုင် လာဘီ....”

မောင်ရှိန်က ဝရံတာ လက်တန်းပေါ်မှ ဆင်းလိုက်၏၊ ထိုနောက်မျက်မမြင်ဟန် ဟိုစမ်း- ဒီစမ်းလုပ်ပြီး တင်မောင်စိုးနား၌ ထိုင်လိုက်၏၊ တင်မောင်စိုး ကလည်း မိန်းကလေး တဦးဟန်ပုဆစ်လေးတုပ်ပြီး ပြင်ထိုင်လိုက်၏။

မောင်ရှိန်ကသူ့မျက်လုံးများကိုအကန်းနှင့်တူစွာ လုပ်လိုက်ပြီး တယောစ,တီး၏၊ တင်မောင်စိုးကစည်းကလေးတီးလိုက်....သတ္တုခွက်ကိုခလောက်လိုက်နှင့် မိန်းမသံဖြင့် သီချင်းဆို၏၊ သူဆိုသည်မှာ ဂျပန်ခေတ်က နာမည်ကြီးခဲ့သော ဂုဏ် ပြဇာတ်မှ ဂုဏ်မေကြင်သီဆိုသောသီချင်းဖြစ်၏၊ (ဆရာသုခက “ဂုဏ်ရည်မတူလို့လား” ဝတ္ထုကိုရေးသည်၊ ဂျပန်ခေတ်၌ ထိုဝတ္ထုသည် “ဂုဏ်” ပြဇာတ်အဖြစ် ထင်ရှားလာ၏၊ နောင်အခါ “ဂုဏ်ရည်မတူ” ဟူသော အသံထွက်ဇာတ်ကားပေါ်လာသည်၊ ဤဇာတ်လမ်း၏ အချိန်၌ “ဂုဏ်ရည်မတူ” ဇာတ်ကား မပေါ်လာသေး....။ ။ ဤကား....စကားချပ်။ )

တင်မောင်စိုးက ချွဲချွဲနွဲ့နွဲ့ဆိုသည်။

“ပုဗ္ဗေစ... အခြေမလှတဲ့သူကို၊သဒ္ဒါတတ်အားနဲ့မျှားမဆိုးသနားကရုဏာ ....စေတနာတော့ပို၊ ပေးကမ်းစေသို........၊သနားကြပါ အကိုကြီး အကိုလေးတို့ရာ....မရှိလို့ မဟုတ် ပါဘူး....ဝါသနာပါလို့....တောင်းစားရတဲ့....ကျွန်တော်မျိုး အကောင်းစားလေးတွေပါ....”

သက်ခိုင်သည် သူတို့ကိုကြည့်၍ရယ်လည်းရယ်ချင်မိ၏၊ ဒေါသလည်းထွက်သွား၏။

"ဟေ့ကောင်တွေ....ကြက်သရေမရှိ ကြက်သရာမရှိ....ဘာလုပ်နေကြဒါလဲ...."

မောင်ရှိန်သည်မျက်ကန်းဟန်မစွန့်သေးဘဲ တင်မောင်စိုး၏ ပုခုန်းကို လက်ညှိုးလေးနှင့် တို့ပြီး ပြော၏။

"ဟဲ့ကောင်မလေး....အေးလေ....ဟေ့ ကောင်ကြီး....ဖြေလိုက်....ဖြေလိုက်၊ ပြောပြလိုက်...."

တင်မောင်စိုးက နှာသံလေးနှင့်ဖြေ၏။

"ဒီလိုပါ အကိုရယ်... အကိုက လောင်းကြေး စား ကြေး လုပ်ပီး....စတုဒီဘေကာကြီးပေါ် တက်လိုက်သွားတော့၊ ကျွန်တော်ကလေးများ ရှုံးကျန်ရစ် ပါဘယ်၊ အကိုကလဲ ဘယ်လောက်တောင်းမှန်းမသိ၊ ကျွန်တော်များမှာရှိတဲ့... လက်ပတ်နာရီတို့၊ ပတ်ကားဖေါင်တိန်တို့၊ ဘန်ကောက် လုံချီတို့ ကလဲ အနိစ္စသဘောနဲ့ ကိစ္စချောပီး.... တရားအားထုတ် နေဒါ.... အတော်လေးကြာသွားပါဘီ၊ အဲဒါကြောင့်မို့ တတ်တဲ့ပညာနဲ့ ... ပိုက်ဆံရှာနေကြဒါ...."

မောင်ရှိန်သည်နေရာမှထလိုက်၏။

"တောင်းစားရင် တောင်းစာ တယ်လို့ဘဲပြောပေါ့၊ ပိုက်ဆံရှာတယ်တဲ့....ထွီ....ငါမပါဘူး၊ နင်ရှာဒါ...."

တင်မောင်စိုးသည် သတ္တုခွက်တွင်းမှ အကြေများကိုအိတ်တွင်းထည့်လိုက်၏။

"အေး... နင်တို့တယောက်မှ မပါဘူး....ငါတယောက်ထဲရယ်၊ ဘုန်းမောင့်တယောက်ထဲရယ်...."



သက်ခိုင်ကသူတို့နှင့်ဆက်မပြောတော့ဘဲ အခန်းတွင်းသို့ဝင်ခဲ့၏၊ သူတို့အတိုက်အလည်း ဝင်လိုက်လာသည်၊ လူစိမ်းများပါမပါစစ်ဆေးပြီး အေးဝင်းကတံခါးကိုပိတ်၍ ချက်ချထားလိုက်၏။

အေးဝင်းကမောင်ရှိန်တို့ကိုကြည့်ကာ တရားသူကြီးလေသံနှင့်ပြော၏။

"မင်းဟိုက....စိန်ခေါ်ထားတဲ့ကောင်တွေ၊ သက်ခိုင်ကနိုင်တဲ့သူ၊ ကဲ ... မင်းတို့ဘယ်လောက်ဘတ်နိုင်လဲ....၊ထုတ်...."

တင်မောင်စိုးသည် သူ့အိတ်တွင်းမှ ပိုက်ဆံအကြေများကိုရေ၍၊ အားလုံးပေါင်းတကျပ်ခွဲရှိ၏။

တင်မောင်စိုးသည် ငွေတကျပ်ခွဲကို လက်ဖဝါး၌တင်ရင်း သက်ခိုင်ကိုမျက်နှာချိုသွေးကြည့်၏၊ သက်ခိုင်က အေးဝင်းကို မေး၏၊

"အေးဝင်း...၊ ငွေတကျပ်ခွဲနဲ့ ငါ.... ဘာလုပ်ရမလဲ...."

အေးဝင်းကသက်ခိုင်ကိုထောက်ခံသည်။

"ဟုတ်တယ်....၊ ငွေတကျပ်ခွဲနဲ့ ဘာလုပ်ရမလဲ....၊အနဲဆုံး၊ ငွေငါးဆယ်....ရှာပေးရမယ်၊ အဲဒါ ငါ့အဆုံးအဖြတ်...."

မောင်ရှိန်က "အမလေး....အမေရ" ဟုအော်၏၊ တင်မောင်စိုးက "ခင်ညာ ..." ဟုကြောင်နာသံပြုသည်၊ ယုဇောင်က "သေဟဲ့....နန္ဒိယ" ဟု....သူ့နဖူးသူထုသည်။

သက်ခိုင်သည်ရယ်မောပြီး နေရာမှထလိုက်၏။

"သေမလိုအော်မနေကြနဲ့ကွာ မင်းတို့ဆီက....ငါ ပိုက်ဆံဘာပြားမှမတောင်းဘူး'

ယုမောင်နှင့်တင်မောင်စိုးက မျက်လုံးကို ဝမ်းသာစွာဖြင့်ပြူကြ၏၊ မောင်ရှိန်က "အဲဒါတွေကြောင့်.... မောင့်ကို မမ ဘ ချစ်ရဒါနော့...." ဆို၍သက်ခိုင်ကို ဘက်နမ်းသည်။

"တော်စမ်းကွာ မောင်ရှိန်.... ငါ.... အဘည်းပြောမသို့...."

သက်ခိုင်က ဟောက်သဖြင့် မောင်ရှိန်သည် ကုဘင်ပေါ်၌ သွားထိုင်လိုက်ပြီး အပြစ်ကင်းသောမိန်းမငယ်ပမာ မျက်လုံးကိုပေကလပ်ပေကာလင်လုပ်ဖြနေ၏။

သက်ခိုင်က မျက်နှာထားဘည်စွာနှင့် ဆို၏။

"မင်းတို့နဲ့ လောင်းကြေးကတဲက ငါ့မှာ ရည်ရွယ်ချက်တခုရှိတယ်၊ အဲဒီရည်ရွယ်ချက်က ငါနိုင်ရင် ဘိုင်စကုပ်ပြခိုင်းဘို့၊ ထမင်းကောင်းကောင်း ကျွေးခိုင်းဘို့မဟုတ်ဘူး၊ မင်းတို့ဆီက ဂတိတခုလိုချင်လို့...."

ကျန်သူငယ်ချင်းများကစိတ်သက်သာသွားဟန် သက်ပြင်းချပြကြ၏၊ အေးဝင်းက သတိပေးသည်။

"ဟေ့ကောင်သက်ခိုင်ရ၊ ဒီကောင်တွေက ငွေပေးဘို့သာလွယ်ကောင်းလွယ်မယ်၊ ဂတိတည်ဘို့လွယ်မဲ့ကောင်တွေမဟုတ်ဘူး"

တင်မောင်စိုးသည် မျက်နှာစူ၍ အေးဝင်းကို မျက်စောင်းကြီး ထိုးကြည့်၏။

"မင်းက အချင်းချင်းမနှိမ်ပါနဲ့ကွာ၊ ဒို့ကဝါသနာပါလို့သာပေါနေဒါ၊ ဂတိတလုံးတော့ ထိန်းတတ်ပါတယ်၊ ဒီမှာကြည့်....ငါလုပ်ပြမယ်"



တင်မောင်စိုးသည် သူ့လက်ဝါးကို နှုတ်ခမ်းများထက် သောင်လိုက်ကန့်လန့်ဖြတ်တင်လျက် အသံတမျိုးမှုတ်ပြ၏၊ ထိုနောက် သူငယ်ချင်းများကိုမေး၏။

"ကဲ ...အဲဒါဘာလဲ....မင်းတို့သိသလား"

မောင်ရှိန်ကဖြေသည်။

"သိတယ်....အဲဒါခွေးအူသံ...."

ယုမောင်က ကန့်ကွက်သည်။

"မဟုတ်ဘူးကွ၊ ဆင်မဟိုဒင်းပြုသံ၊ အေးလေမပြောတော့ပါဘူး"

တင်မောင်စိုးက သူတို့ကိုအံကြိတ်ကြည့်သည်။

"ခွေးကောင်တွေ-နှိမ်ဘို့ဘဲကြည့်နေတယ်၊ အဲဒါ မင်းတို့အမျိုးတွေမြည်သံတခုမှမဟုတ်ဘူး၊ ပင်လယ်ကူးသင်္ဘောကြီးဥဩမှုတ်သံ"

"ဟော... ဟုတ်လား၊ အဲဒါဘာအဓိပ္ပာယ်လဲ"

"အေးလေ-အဲဒါကိုငါမပြောပြဘူး၊ ဟေ့ကောင် အေးဝင်း.. အဲဒါဟာ မင်းရဲ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်နေတယ်လို့ ငါဘယ်သူ့ကိုမှရှောက်မပြောပြဘူး၊ ကဲ....ငါဘယ်လောက် ဂတိတည်သလဲ"

အေးဝင်းသည် တင်မောင်စိုးကို ဦးသုံးကြိမ်ချပြသည်။

"အေး....အဲဒီလိုပေါ့၊ ငါဂတိတည်ပါတယ်ကွ၊ ကဲဟေ့ သက်ခိုင် ပြောတော့လေကွ"

"ပြောပါ့မယ်၊ ဒီနေ့... ငါတက်လိုက်သွားတဲ့ကားပေါ်က ကျောင်းသူနာမည်ဟာ မလေးနွယ်လို့ ခေါ်တယ်၊ ငါ့ရဲ့ တဝင်းထဲကွဲသေးတဲ့အမဘဲ၊ အဲဒီအကြောင်းမှန်ကို ငါမင်းတို့ကို

ပြောတယ်၊ ငါတို့မောင်နှမရဲ့ ဂုဏ်သရေကိုလေးစားသောအားဖြင့် နောက်ကို....ငါတို့ကိုမနောက်ပြောင်ပါနဲ့၊ ငါ အဲဒီဂတိကိုတောင်းတယ်"

သူငယ်ချင်းများက သက်ခိုင်၏မျက်နှာကို ကြည့်ကြသည်၊ သက်ခိုင်၏ မျက်နှာထားက လေးလေးနက်နက် မေတ္တာရပ်ခံနေကြောင်းပေါ်လွင်နေ၏။

တင်မောင်စိုးက ရှေးဦးစွာအဖြစ် မရွှတ်မပြောင်ဘဲအဘည်စကားဆို၏။

"မင်း ဒီဂတိတောင်းဒါ အရေးကြီးမှန်း ဒို့သိပါတယ်...."
ဒို့မှာလဲ နှမတွေရှိတော့.... နှမချင်း စာနာတတ် ပါတယ်...."
အေးကွာ....ဒို့ဂတိပေးပါတယ်"

ယုမောင်နှင့် မောင်မှိုန်တို့ကလည်း ခေါင်းညိတ် ပြကြ၏။

"ကျေးဇူးတင်ပါတယ်သူငယ်ချင်းတို့....၊ မင်းတို့ အားလုံးကိုလဲ မမေ့ယ်နဲ့ ငါမိတ်ဖွဲ့ပေးပါမယ်၊ အဆင်သင့်တဲ့ နေ့ မှာဦးကြီးအိမ်ကိုလဲခေါ်သွားပါမယ်၊ မောင်ရှိန်...၊ မင်းနဲ့တော့ကိုက်တယ်၊ အိမ်မှာပီယာနိုကြီးလဲရှိတယ်...."

မောင်ရှိန်သည် တယောသမားက ပတ္တလားရော...၊ ပီယာနိုကိုပါ ကောင်းစွာ တီးတတ်သူဖြစ်သောကြောင့် သက်ခိုင် ကပြောခြင်းဖြစ်၏။

"ပန်ကျဒါပေါ့ကွာ....၊ ဒါပေမဲ့.... တော်တော် ကြာ.... မင့်အမနဲ့ ငါနဲ့နီးစပ်သွားတော့ ဘယ်နှယ်လုပ်မလဲ"

"နီးစပ်သွားရင်လဲ ယူလိုက်ပေါ့....၊ ဒါပေမဲ့ မပူပါနဲ့ တရုပ်ပုပ်၊ ငါ့အမက မင်းကိုမကြိုက်ပါဘူး စိတ်ချ"



မောင်ရှိန်သည်ရိုးသားဖြူစင်လှသောမျက်နှာပေးနှင့်ဆို၏။

"အဲဒီလိုဆိုရင်လဲပြီးဒါဘဲ....၊ ငါကစိုးရိမ်လို့ပြောမိဒါပါ"

"အံမာ.... နှုတ်ခမ်းနာကလဲ ရွဲပြဲနေပြန်ဘီ...."ဟု ဆိုကာ အေးဝင်းက မောင်ရှိန့်နားရင်းကို မနာအောင်အုပ်သည်။

အလစ်ချောင်းနေသော တင်မောင်စိုးက အခန်း တွင်းမှ ထွက်ပြေးရန်ပြင်သည်၊ သို့ရာတွင် သူ့ လိုပင် လျှင်သော ယုမောင်က သူ့ပုဆိုးစကိုလှမ်းဆွဲထား၏။

"ဟေ့ကောင်....လွှတ်ပါကွ၊ ဘယ့်နှယ် ယောကျ်ားချင်း ပုဆိုးဆွဲရဒါလဲ...."

"မင့်ချစ်လို့ မဟုတ်ဘူး၊မင့်အိတ်ထဲကငွေဘကျပ်ခွဲချစ်လို့"

"နို့-အစတုံးကဘော့ ပိုက်ဆံရှာတဲ့အထဲ မပါကြဘူးဆို"

"ငါမပြောပါဘူး....၊ မောင်ရှိန်ပြောဒါ...."

မောင်ရှိန်က ပျာပျာသလဲ ဝင်ရှင်းပြ၏။

"ဟေ့....ဟေ့.... ပိုက်ဆံရှာတဲ့အထဲသာမပါဒါ....၊ပိုက်ဆံသုံးတဲ့အထဲတော့ပါမယ်ကွ ..."

တင်မောင်စိုးက အရှုံးပေးပြီးဆို၏၊

"ကဲပါကွာ....၊ လှည်းတန်းထိပ်သွားကြမယ်၊ ငွေဘကျပ်ခွဲနဲ့ဆိုတော့ ဘူးသီးကြော် နဲနဲဘဲရမယ်၊ ဆလပ်ရွက် များများ တောင်းပီး အဝစားကြရအောင်...."

သူငယ်ချင်းတသိုက် တယောသံ တကျွီကျွီ သီချင်းသံ တစည်စည်နှင့်ထွက်ခွာသွားကြ၏။

သက်ခိုင်က သူတို့နှင့်မလိုက်တော့ဘဲ အခန်း၌ နေရစ်၏။

အဝတ်အစားလဲပြီး ကုတင်ပေါ်တွင်လှဲ၍ ဤညနေ၌ကြုံခဲ့သမျှကို အစီအရီတွေးနေမိသည်၊ သူ့ရင် တွင်း၌ ကြည်နူး

ဝမ်းသာမှုနှင့် ကြေကွဲဝမ်းနည်းမှုတို့သည် ဆတူရောပြွန်းနေ၏။

ရှေးနှင့်တူစွာ ချစ်လှစွာသော မမနွယ်နှင့် ပြန်ဆုံနိုးစပ်ရသဖြင့် ကြည်နူးဝမ်းသာပါ၏၊ သို့ရာတွင် ဦးချစ်တိုးသတိပေးသွားသည့်စကားကြောင့်လည်း ကြေကွဲဝမ်းနည်း ဖြစ်လေရသည်။

သက်ခိုင်သည် လှဲရာမှထပြီး သေတ္တာတွင်းမှ ထုတ်ထဲသော ဒိုင်ယာရီ စာအုပ်တအုပ်ကို ထုတ်ယူသည်။

စာပွဲတွင်ထိုင်ပြီး ဒိုင်ယာရီစာအုပ်တွင်း၌ တစုံတရာကို စိတ်ပါဝင်စားစွာ မှတ်တမ်းတင်ရေးသားသည်၊ ထိုနောက် ဒိုင်ယာရီစာအုပ်ကို ပြန်သိမ်းထားလိုက်ပြီး ကုတ်အင်္ကျီဝတ်သည်၊ နံရံ၌ချိတ်ထားသော တယောကိုယူပြီး မီးမှိတ်၊ တံခါးပိတ်သော့ခပ်ကာ ကျောင်းဆောင်ပေါ်မှဆင်းလာခဲ့လေသတည်း။

## အခန်း–၂၀

### ထိုခေတ်ဆိုးဝယ် ....

ယုမောင် ပြောခဲ့သည့်အတိုင်းပင် ရဲဘော်ဖြူ များသည် ဇူလိုင်လမကုန်မီပင် လက်နက်ကိုင် သောင်းကျန်းကြ၏၊ ရဲဘော်ဖြူများ၏ လက်ဝယ် အစိုးရကထုတ်ပေးထားသော လက်နက်များ အမြောက်အမြားရှိနေသောကြောင့် သူတို့သည် ပုသိမ်၊ မအူပင်၊ ဟံသာဝတီ၊ ပြည်နှင့် ပဲခူးခရိုင်များ၌ ပွဲဦးထွက်တွင် အကြီးအကျယ် အောင်ပွဲများရကြ၏၊ မြို့ငယ်ရွာငယ် များလုစွာကိုသိမ်းပိုက်ကြပြီးစင်ပြိုင်အုပ်ချုပ်ရေးအဖွဲ့များတည်ထောင်ကြ၏၊ အစိုးရငွေတိုက်များမှငွေများနှင့် ပြည်သူ့ထောက်ပံ့ရေး ပစ္စည်းများကို သိမ်းယူအပိုင်စီး အပျောက်ရှင်းကြ၏၊ ဩဂုတ်လဆန်း ၁၈-ရက်နေ့တွင်မူ မင်္ဂလာဒုံတွင် တပ်ချထားသည့် သေနတ်ကိုင်တပ်ရင်း ၃–နှင့် သရက်မြို့တွင် တပ်ချထားသည့် သေနတ်ကိုင်တပ်ရင်း ၁–၅တို့သည်လည်း အစိုးရကို သစ္စာဖောက်၍ တောခိုသွားကြပြန်လေ၏၊ အိမ်မဲ၊ မအူပင်၊ သထုံဘက်ဆီမှာလည်း ကေအင်ဒီအိုများ ထကြွပုန်ကန်ကာ မြို့များသိမ်းကြ၊ ငွေတိုက်များဖောက်ကြ၊ မြို့လုံးကျွတ် ဓားပြတိုက်ကြနှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းကြကုန်၏။

တောခိုသွားသောစစ်တပ်နှစ်တပ်သည် သာယာဝတီခရိုင်၌ ပူးပေါင်းကြပြီး ရန်ကုန်ဘက်သို့ဆင်းလာကြသည်၊ သို့ရာတွင် သာယာဝတီမြို့ အထက်ကျွန်းကလေးချောင်းတွင် အစိုးရ၏ လက်နက်ကိုင်တပ်များနှင့် ရင်ဆိုင်တိုက်ပွဲ ပြင်းထန်စွာဖြစ်ပြီး ပြည်ဘက်သို့ ပြန်လည်ဆုတ်ခွာပြေးကြရ၏။

ထူးဆန်းသည်မှာ ဆိုးရွားသော ဤရက်များ အဘွင်း ရန်ကုန်မြို့တော်သည် အထူးတလည် ချောက်ချောက်ချားချား မဖြစ်၊ လူတို့သည် လုပ်မြဲကိုင်မြဲအလုပ်များကို အိန္ဒြေမပျက် လုပ်ကိုင်နေကြသည်၊ ရုပ်ရှင်ရုံများက ဖွင့်မြဲဖွင့်သည်၊ ပြဇာတ်ရုံများက....ကမြဲကသည်၊ လူလည်းစည်မြဲစည်နေ၏။

တက္ကသိုလ်နယ်မြေသည်လည်း မတုန်လှုပ်၊ တက္ကသိုလ်နယ်မြေနှင့် စပ်လျက်ရှိသော ကမာရွတ်ဘူတာရုံအနီးတွင် တည၌ အကြီးအကျယ် ဓားပြတိုက်မှုကြီးဖြစ်ပွားသည်၊ ပစ်ခတ်သော

ကျည်ဆံတို့သည် သက်ခိုင်တို့၏ ပြည်ကျောင်းဆောင် ကိုပင် လာမှန်ကြ၏။

ဓားပြတိုက်သလော၊ သူပုန်ဝင်စီးသလော မည်သူမျှမသိကြ၊ သို့ရာတွင် အဆောင်သားအားလုံးပင် ကျောင်းဆောင်ပေါ်မှ တဖျော်တပါး ဆင်းကြပြီး သစ်ပင် ခေါက်များ၌ အကာအကွယ်ယူထိုင်ကြသည်။

မောင်ရှိန်ကမူ သူ့တယောကို ယူဖြစ်အောင် ယူခဲ့ပြီး တကောင်းကျောင်းဆောင်ရှေ့ရှိ မရမ်းပင်ကြီးတပင်ကို ကျကျနနမှီထိုင်လျက် ထိုခေတ်က ကျောင်းသားများ အသဲစွဲသီချင်းဖြစ်သော "**ဘုန်းနေ့ဆက်လွှမ်း**" ကိုတီး၏၊ မတီးမီမေးသေး၏။

"ဟေ့ ကောင်တွေ.... ဘုန်းနေ့ ဆက်လွှမ်း ဒါဘာလဲ.... သိသလား...."

တင်မောင်စိုးက...."မင့်နှမကိုပေါ့" ဟု သူငယ်ချင်းကောင်းပီသစွာ ယဉ်ယဉ်ကျေးကျေးဖြေ၏။

"ရှီး.... ငါက အကြောင်းပြောမလို့ဟာ၊ ဒါဖြင့်တယော မတီးတော့ဘူး...."

"အေးပ ကွာ....၊လူလေးက မလှရတဲ့အထဲ စိတ်ဆိုးပြမနေစမ်းပါနဲ့၊ပြောပါ....ပြောပါ....၊အမိန့်ရှိပါ...."

မောင်ရှိန်က "အဟီး" ဟု တချက်ရယ်လိုက်ပြီး ပြော၏။

"ငါပဥ္စင်းတက်ရတုံးက....နံပါတ် ဘစ်ရီးဇားနဲ့လဲ ကြိုက်စကွ၊ ငါ့ဘွဲ့က ဦးရေဝတတဲ့၊ ဘုန်းဘုန်း ဦးရေဝဘတို့ နေ့တိုင်းဆက်ပီး ဘာလွှမ်းသလဲ သိလား...."

"မင်းရီးဇားကိုဘဲ ဖြစ်မှာပေါ့ကွ...." ဟု အေးဝင်းက ဖြေသည်၊ မောင်ရှိန်က ခေါင်းခါ၏။



"မဟုတ်ဘူး၊ မနက်တိုင်း ငါ့အမေ ရွက်ရွက် ယူလာတဲ့ ဆွမ်းအုပ်ကြီးကို ......"

မောင်ရှိန်သည် ဤသို့ရွတ်လိုက်ပြီးမှ တယောကို စ,တီး၏။

အနုပညာပါရမီသည် မည်သို့လိပ်စာလွဲ၍ မောင်ရှိန့် ထံ ရောက်နေသည်မသိ၊ ဤသတ္တဝါသည် လွှမ်းတတ် ဆွေး တတ် ရန်ဝေးစွ၊ ဆွေမျိုးအရင်း သေသည် တိုင်အောင် မျက်နှာ ညှိုးမပြတတ်သည့် ကောင်မျိုးဖြစ်၏၊ သို့ရာတွင် တယောတီးလျှင် အလွမ်း သီချင်းများကိုသာတီးတတ်၏၊ သူတီးလျှင် ဘေးလူတို့ မျက်ရည်စို့ ကြရသည်တည်း၊ သူကမူ စပ်ဖြဲဖြဲ ပင်တည်း....။

မောင်ရှိန် တယောစ,တီးသောအခါ သက်ခိုင်တို့ အားလုံး ဝိုင်းဆိုကြ၏။

"ချစ်သူ... ညာဦးနတ်ရယ်၊ နှစ်ကိုယ်တူ တွေ့ဆုံကြဘို့ချိန်း ဆိုကြတဲ့အခါမယ်၊ တကယ်....မေတ္တာ....ထား....လို့၊ မိုးသားတွေ....မှုတွေဝေ့တောင်....တွေ့ဘို့ရာ မောင်ကြံခဲ့တယ်၊ မောင့်ကိုသာခင်ရယ်....ဆ နွား သင့်ပါတယ်၊ချစ်စိတ်တွေ....တားဆီး မနိုင်လို့၊ ဇွတ်အတင်းဘဲ....တိုးကာသာရယ်၊ တချက်ထဲ ချစ်လာတယ်၊ နှမ်းယိကာ ခွေပျော့လို့....မေလေး တွက်တာဖြင့် သဒ္ဒါတွေပိုတယ်၊ ချစ်ပါ့မယ်....မောင့် သက်လယ်၊ ဘုန်းနေ့ ဆက်တကယ်လွှမ်းရဘီကွယ်...."

နောက်တပိုဒ်မှာမူ သံပြိုင်အပိုဒ်ဖြစ်၏၊ ကာလသားတို့အသဲစွဲသော စာသားများပါ၏။

"ယနေ့တိုင်....မမေ့နိုင် ပါတော့တယ်၊ နှမသယ် ကလေး ရယ်၊ လက်စုံရှိခိုးတယ်++ဆတ်ဆတ် ငယ်တုန်........ဖျတ်ဖျတ် ကယ်ခုန်....၊ ဟို....နေ့....ညမယ်....၊ ရှန်းမဖယ်နိုင်လို့....ဘုန်း နေ့ဆက်....ခင့်ကိုသာပင် လွမ်းအောင်ဖန်တော့....တယ်...."

နောက်ဆုံးအပိုဒ်မှုကား အလွမ်းပိုဒ် စစ်စစ်ဖြစ်၏။

"အသဲစွဲ အတွေ့နဲ့....ချစ်မိဒါတွေရယ်၊ ချစ်တုံးခင်တုံး.... ဘုန်းနေ့ ဆက်လွမ်း....ရတယ်၊ နဂို မူဟန်ကလေး....ပွေ့လို့ ထားမယ်၊ ထင်တရေးရေးနဲ့....ချစ်ဘိုသာ မောင်ကြံခဲ့တယ်၊ ချစ်လွန်းလွန်းလို့....နေ့စဉ် ပါကွယ်၊ ကြိုက် လွန်းလှလို့....ည စဉ်ပါကွယ်၊ ဘုန်းမောင့် သက်ထား....ရတက်ပွား ရတယ်၊ ဟင်... တတ်နိုင်ပါပေ့....ကိုယ် ရှောင်သာရယ်၊ မြင်စမ်းချင် တယ်၊ လှနိုင်ရှာသူကလေး....ရယ်၊ အို....ထင်တရေးနဲ့ မြင် သေး ရတော့ တယ်+++ကြင်နာကာ မောင့်ကိုချစ်သနား ... ကွယ်...."

သက်ခိုင်တို့အားလုံးသံပြိုင်အပိုဒ်ကို ပြန်လည် သီဆိုနေချိန် တွင် ကျောင်းဆောင်ရှေ့ရှိလမ်းပေါ်၌ လူလေးဦး ပေါ်လာ ကြ၏၊ သူတို့လက်တွင်း၌ ဝါးရင်းတုတ်များ ကိုင်ဆောင် လာ ကြ၏။

ကျည်ဆံတို့သည် မိနစ်ဂက်ခန့်သာခြား၍ ပျံသန်း လာနေ ကြ၏၊ သူတို့ လေးယောက်သည် ကျည်ဆံများကို သိုင်းနှင့် ရှောင်ကွင်း၍ တုတ်နှင့်ပြန်ရိုက်နိုင်သည်ဟုများ ထင်ကြသလား မသိ၊ မားမား မတ်မတ် အေးအေး လူလူ ရှောက်သာ နေ



ကြ၏၊ ထိုလေးဦးကား....ကိုလေးမောင်၊ ကိုစောလွင်၊ ကိုလှဖေ နှင့်ကိုမြင့်သောင်းတို့ဖြစ်ကြ၏။

သက်ခိုင်တို့အသိုက်ကိုမြင်သောအခါ ကိုလေးမောင်ကလှမ်း အော်သည်။

"ဟေ့လူ ကိုရှိန်ကြီး၊ အခရေးထဲတယောတီးနေရသလား"

မောင်ရှိန်က တယောကိုရပ်သိုက်ပြီး အော်ဖြေ၏။

"မတော်ဘာသေသွားရင် ကိုယ့်ဆိုင်းနဲ့ကိုယ် ပါသွား အောင်ကြိုးစားနေဒါ ကိုလေးရေ့...."

ကိုလေးမောင်တို့ အသိုက်ကရယ်မောပြီး ဆက်သွက်သွား ကြ၏။

မောင်ရှိန်သည် တယောဆက်မထိုးတော့ဘဲ အကြံပေး၏။

"ဟေ့ကောင်တွေ....၊ ပစ်သံခတ်သံတွေ ရပ်သွားရင် မိန်း ကလေး ကျောင်း ဆောင်တွေရှေ့ သွား တယောထိုးကြရ အောင်"

ကျန် သူငယ်ချင်းများက "စိမ်လိုက်"ဟုအော်ကြသည်၊ ယု မောင်ကသာကန့်ကွက်၏။

"သူပုန်တွေနဲ့သွားတွေ့ရင် ဘယ့်နှယ်လုပ်မလဲ"

တင်မောင်စိုးက ယုမောင်ကိုဆဲသည်။

"မင်းမလဲအားရင် သူပုန်တွေကိုဘဲအထင်ကြီးနေတယ်၊မင့် အဘာသူပုန်တွေက ကျွန်းကလေးမှာ ဟာဝါစုတ်ပီးပြေးဘီ၊ အေး

သူပုန်နဲ့ တွေ့တော့လဲ...မင်းကထိပ်ကနေ ထိုင်ရှိခိုးပြလိုက်ပေါ့ မဟုတ်ဘူးလား၊ မင့်အဘတွေကတော့ သိပ်အရှိခိုးခံချင်တဲ့သေချင်းဆိုးကောင်း သေချင်းဆိုးမြတ်တွေနဲ့ တူပါတယ်”

ယုမောင်သည် ဒေါသတကြီးနှင့် နေရာမှထသည်၊ သူသည် တုန်ယင်စွာနှင့် တင်မောင်စိုးကိုကြည့်ပြီး “—ဓိး”ဟု တလုံးတည်းဆဲကာ ပြည်ကျောင်းဆောင်ဆီသို့ထွက်သွား၏။

တင်မောင်စိုးသည် မိမိနောက်ပြောင်လိုက်သည်ကို ဤမျှ ယုမောင် စိတ်ဆိုးသွားသည်အတွက် ရိုးသားစွာ နားမလည်၊ ထာဝစဉ် စပ်ဖြဲဖြဲနိုင်သောမျက်နှာကြီးက စိတ်မချမ်းသာသော ဟန်နှင့်ကျန်သောသူငယ်ချင်းများကိုကြည့်၏။

သက်ခိုင်က ယုမောင်သွားရာကို အံကြိတ်၍ ကြည့်နေ၏၊ သူသည်လည်းဒေါသထွက်နေ၏၊ ဒေါသကိုမထိန်းနိုင်ဘဲ နှုတ်မှလည်းရေရွတ်၏။

“တိရိစ္ဆာန်ကောင်၊ သူ့ရဲဘော်ဖြူတွေကို သူသိပ်အထင်ကြီးနေတယ်၊ အဲဒီအကောင်တွေနဲ့ဘဲ သူမသမှာဘဲ၊နွားလိုဘဲ ပြောလို့ကိုမရဘူး၊ အခုလဲ သူငယ်ချင်းချင်းဆဲသွားတယ်လေ၊ တောက်....ငါလိုက်ရိုက်လိုက်ရရင်....”

စိတ်မဆိုးတတ်သောတင်မောင်စိုးသည် ဝင်တား၏။

“ဟေ့ကောင်... သက်ခိုင်၊ သူဆဲသွားဒါက ငါ့ကိုပါ၊မင်းက ကြားထဲကဝင်စိတ်မတိုပါနဲ့....”

“မဟုတ်ဘူး တင်မောင်စိုးရ၊ ဒီကောင် နဲနဲကိုလွန်တယ်၊ ငါ... ဂျပန်ခေတ်က ငါ့အဖေအမိန့်နဲ့ ဝပ်မတော် မှူသ



တန်းကျောင်းမှာ စစ်ပညာ အသင့်အတင့် ရဘူးပါတယ်၊ တော်လှန်ရေး တုံးကလဲ ငါ့အဆင့်နဲ့ ငါ ပါဘူးပါတယ်၊ ဒီကောင်က ပြည်သူ့ရဲဘော်ဖွင့်မှဝင်၊ ဘယ်တောင်ပန်တက်၊ ညာတောင်ပန်တက်၊ လှန်စွပ်တိုက်ပွဲစ၊ ဆိုပြီး ဝါးလုံးနဲ့ကျင့်ခဲ့ရတဲ့ စစ်ပညာ ခြောက်ပြားတပဲကို အဟုတ်ကြီးထင်နေတယ်၊ အေး.... သူ့လိုဘဲ သူ့ရဲဘော်ဖြူတွေကလဲ သူတို့ကိုယ်သူတို့ သိပ်အထင်ကြီးနေတယ်၊ ရိုင်ဖယ်ပစ်လို့ မောင်းပြန်ကန်ပြီး ပုခုန်းကိုဒင်နဲ့ အဆောင့်ခံရဒါကိုတောင် ကြောက်တဲ့ငနဲတွေ”

အေးဝင်းက ခေါင်းကုတ်သည်၊ တင်မောင်စိုးက ဆောင့်ကြောင့်ထိုင်မှိုင်၏၊ မောင်ရှိန်ကသာ နေရာမှထသည်။

“မင်းတို့က.... စိတ်ကူး ယဉ်ဒါပျက်အောင် သိုင်လုပ်တဲ့ကောင်တွေဘဲ၊ကဲ–အခု ကျည်ဆံတွေမလာတော့ဘူး၊ဒို့တယောရှောက်တီးမယ်...”

“အေး....လိုက်မယ်၊ ငါလဲ ငါ့တယောသွားယူအုံးမယ်”ဟု ဆိုကာ သက်ခိုင်ကထွက်၏၊ သူ့ကိုတင်မောင်စိုးက ဆွဲထားသည်။

“မင်းမသွားနဲ့ကွာ....၊ ဟေ့ကောင်... အေးဝင်း၊ သက်ခိုင်တယောကိုသွားယူ၊ နို့မို့ဖြင့်ရင်....ဒီကောင်နှစ်ကောင် ထိုးနေကြိတ်နေကြအုံးမယ်....”

အေးဝင်းသည် ဘာမျှမပြောဘဲ ပြည်ကျောင်းဆောင်ဘက်သို့ထွက်သွား၏၊ အတန်ကြာသောအခါ သက်ခိုင်၏တယောကို ယူ၍ ပြန်လာသည်။

တင်မောင်စိုးက ပြည်ကျောင်းဆောင်အောက်ထပ်ရှိ ရေအိုးတလုံးမှ ဒန်ရေခွက်တလုံးပြေးယူ၏၊ ကျောက်ခဲတခုကောက်ကာ ရေခွက်ကိုခေါက်ပြပြီးဆို၏။

"အဲဒါ....စည်းဘဲ၊ စည်းလိုက်လို့ရဘီ၊ သွားကြမယ်"

တယောနှစ်လက်နှင့်သူငယ်ချင်းလေးဦးသည် ပြည်ကျောင်းဆောင်မှ ထွက်လာခဲ့ကြ၏။

ထိုခေတ်....ထိုညက အမျိုးသမီးကျောင်းဆောင်သူတို့သည် သေနတ်သံအစဲ၌ ဖေါ်လာသော တယောနှင့် သီချင်းသံရှင်တို့ကို မည်သူတွေမှန်းသိလိမ့်ကြမည်မဟုတ်။....။

× × ×

နောက်တနေ့ နံနက်စောစော၌ ထုံးစံအတိုင်း မပျက်မကွက်ဘဲ သက်ခိုင်နှင့်အေးဝင်းသည် ကျောင်းတက်ကြ၏။

မနေ့ညက ဘာမှမဖြစ်သည့်ဟန် ကျောင်းဘဲ (လ်) ကြီးကမှုန်မှုန်မြည်နေ၏၊ ကျောင်း သူ ကျောင်းသား အများလည်းကျောင်းတက်မပျက်ကြ။

မလေးနွယ်၏သင်တန်းများနှင့် အချိန်စာရင်းကို သိပြီးပြီးဖြစ် နေ သော သက် ခိုင် က မလေးနွယ်ကို လိုက် ရှာသည်၊ မတွေ့။



ညနေပိုင်း၌ သက်ခိုင်သည် ဝင်ဒါမီယာ ဘက် သို့ ကုန်းကြောင်းရှောက်ခဲ့၏။

ပြည် ကျောင်းဆောင်မှ ဟံသာဝတီ အ ဝိုင်း အ ထိ အချိန်မှန်အင်းစိန်ဘတ် (စ်)ကားကိုစီးလျှင်တပဲသာပေးရ၏၊ ဤတပဲမျှသောငွေကို သက်ခိုင်မသုံးနိုင်၊ အကြောင်းမှာ ပြည်မြို့သည် သူပုန်သက်တွင်းရှိနေသောကြောင့် အိမ်မှငွေမလာနိုင်သဖြင့် ကျောင်းဆောင်ကြေးပင်တင်ကာ သက်ခိုင်၌ဘိုင်ပြတ်နေ၏။

မလေးနွယ်တို့၏ အိမ်သို့ရောက်သောအခါ အိမ်ရှေ့နံရံ၌တပ်ထားသောလူခေါ်ဘဲ(လ်)ကို သက်ခိုင်ကနှိပ်လိုက်၏။

မမြော်လင့်ဘဲ... မလေးနွယ်ကိုယ်တိုင် တံခါးလာဖွင့်ပေး၏။

"ကြည့်စမ်း.... မောင်....မမနွယ်ထင်သားဘဲ၊ မောင်တော့လာမှာဘဲ....လို့....၊လာ....လာ....မောင်၊ အထဲဝင်ခဲ့...."

သက်ခိုင်သည် အိမ်တွင်းဝင်ထိုင်သည်။

မလေးနွယ်က....မေးသည်။

"မောင်...ညကဘာဖြစ်ထာလဲ၊ သေနတ်သံတွေတော့ဆူသွားဒါဘဲ...."

"ဘာဖြစ်တယ်ဆိုဒါ မမနွယ်တကယ်မသိဘူးလား...."

"သိတော့....သိဒါပေါ့၊ ဖေဖေကတယ်လီဖုံးဆက်မေးတော့ ရဲမင်းကြီးကပြောတယ်၊ ဓားပြတိုက်ထာ... တဲ့...."

"ဓားပြသက်သက်မဟုတ်ပါဘူး မမနွယ်၊ အခုခေတ်က....ဓားပြကလဲ သူပုန်လုပ်တယ်၊ သူပုန်ကလဲ ဓားပြလုပ်တယ်၊ အတူတူနဲ့ အနူနူတွေဘဲ၊ သူပုန်နဲ့ဓားပြခွဲလို့မရဘူး၊ ညကတိုက်သွားဒါဟာလဲ... သူပုန်-ဓားပြတွေဘဲ...."

"ကျောင်းဝင်းထဲ ဘာမှမဖြစ်ဘူးလား...."

"မောင်တို့ကျောင်းဆောင်ကို ကျည်ဆံတွေတော့လာမှန်ဒါဘဲ...."

"ဒီနေ့ကျောင်းတက်သူတွေရှိသေးရဲ့လား...."

"ရှိပါတယ်၊ မောင်ဘောင် ကလပ်(စ်) တွေစေ့အောင်တက်ခဲ့သေးတယ်၊ ပီးတော့.... မမနွယ်ကိုလိုက်ရှာလို့မတွေ့ဒါနဲ့ အိမ်လိုက်လာဒါ...."

"ဟုတ်တယ်.... သတင်းကအမျိုးမျိုးထွက်နေဒါနဲ့ မမနွယ်ကြောက်ပီးကျောင်းမလာဒါ၊ တကယ်ဘဲကျောင်းတက်သူတွေရှိနေတယ်နော်...."

"တကယ်ပါမမနွယ်၊ အဲ.... မိန်းကလေးကျောင်းဆောင်ကကျောင်းသူတွေတချို့တော့ တော်တော်လန့်နေကြတယ် ကြားဒါဘဲ...."

မလေးနွယ်၏ မျက်နှာလေးသည် ပူပန်စိုးရိမ် ဟန် ပြောင်းသွား၏။

"ဟင်....၊ဒီလိုဆိုရင်... ဒိုရာသင်းနဲ့ မလှသူတို့တော့သိပ်လန့်နေကြမှာဘဲ...."

ဒိုရာသင်းနှင့်မလှသူတို့သည် မလေးနွယ်နှင့် အစဉ်တွဲသောသူငယ်ချင်းမနှစ်ဦး ဖြစ်ကြောင်း သက်ခိုင်သိပြီး ဖြစ်၏၊ သူတို့သည် အင်းယားကျောင်းဆောင်သူများဖြစ်ကြ၍ မလေးနွယ် သည် အ တန်း အား ချိန် များ ၌ သူတို့ အ ခန်း ၌ သွားနေတတ်၏။

မလေးနွယ်က တစုံတခုကိုစဉ်းစားမိဟန်နှင့် မေးသည်။



"မမနွယ်အကြံရဘီ၊ ဒါထက်....မောင်ကားမောင်းတတ်သလား"

"ဟင့်အင်း....၊ မမောင်းတတ်ဘူး"

"အို....မမောင်းတတ်ဘူး၊ မမနွယ်တောင် မောင်းတတ်တယ်"

သက်ခိုင်သည် ဘာမှပြန်မပြောဘဲငြိမ်နေ၏၊ ငယ်စဉ်က သူစက်ဘီးမစီးတတ်သဖြင့် မလေးနွယ်နင်းသောစက်ဘီးနောက်မှလိုက်စီးခဲ့ရသည့်အဖြစ်ကိုမှ သတိရနေ၏။

မလေးနွယ်ကလည်း ဤအဖြစ်ကို သတိရသွားဟန်တူသည်၊ ခေတ္တငိုင်ငိုင်လေးဖြစ်သွားပြီးမှဆို၏။

"ကိစ္စမရှိပါဘူးလေ၊ မမနွယ်မောင်းပါ့မယ်၊မောင်အဖေါ်တော့လိုက်ခဲ့နော်၊ အင်းယားဟော(လ်)ကိုသွားကြရအောင်"

"ဦးလေးကိုချစ်တိုး ဘယ်သွားလို့လဲမမနွယ်"

"ဦးလေးကိုချစ်တိုးက ဖေဖေ့ကြိုရင်း မေမေ့ဈေးလိုက်ပို့တယ်၊ မောင်ခဏနေအုံးနော်...."

မလေးနွယ်သည် အပေါ်ထပ်သို့တက်ပြေးသည်၊ မကြာမီပင်အဝတ်အစားလဲ၍ ဆင်းလာ၏။

"လာ....သွားကြရအောင်မောင်"

ကားဂိုဒေါင်သို့ရောက်သောအခါ သက်ခိုင် အံ့အားသင့်သွား၏။

မလေးနွယ်စီးနေကျ စတူဒီဗေကာ ကားသည် ဂိုဒေါင်တွင်း၌ရှိနေ၏။

"နို့....ဒေါ်ဒေါ်ကဈေးသွားဝယ်တယ်ဆို၊ ဘယ်ကားနဲ့သွားသလဲ"

"အိမ်မှာကားနှစ်စီးရှိတယ်မောင်ရ၊ ဒီဥစ္စာက မမနွယ်တို့စီးတဲ့ကား၊ဟိုတနေ့ညနေက မောင်မမြင်လိုက်ဘူးလား၊ကောင်ဆယ်(လ်)အနက်ဟာ....၊အဲဒါက ဖေဖေစီးတဲ့ကား၊ ဖေဖေ့ဒရိုင်ဘာက ဒီနေ့ခွင့်ယူသွားလို့"

"ဩော်....ဒီလိုကိုး"

မလေးနွယ်သည် ကားကို ဂိုဒေါင်တွင်းမှ ကျင်လည်စွာမောင်းထုတ်လာ၏၊ အပြင်ရောက်မှ ရှေ့ခန်းတံခါးကိုဖွင့်ပေးပြီး သက်ခိုင်ကိုတက်စေ၏။

မိန်းကလေးတယောက်မောင်းသောကားကို ဘေးမှထိုင်စီးကာ သက်ခိုင်သည် ရှက်ရှက်နှင့်လိုက်ပါလာခဲ့ရ၏။

ဟံသာဝတီအဝိုင်းအလွန်ရှိ ဓာတ်ဆီဆိုင်ရှေ့၌မလေးနွယ်က ရပ်လိုက်၏။

"ဓာတ်ဆီ နဲ့နဲ့....နဲ့နေလို့မောင်"

ဓာတ်ဆီထည့်ပြီးသောအခါ မလေးနွယ်က လက်ပွေ့အိတ်တွင်းမှ ဆယ်တန် တချပ်ထုတ်၍ရောင်းသူကိုပေးသည်၊ အရေးထဲမှအရာပေါ်တော့၏၊ ဓာတ်ဆီဆိုင်၌ အကြွေပြန်အမ်းစရာကုန်နေ၏။

မလေးနွယ်က သက်ခိုင်ဘက်လှည့်မေး၏။

"မောင်ရေ....အကြွေငါးမူးပါလား...."

သက်ခိုင်သည် အိန္ဒြေမပျက်သေးဘဲ.... "မပါဘူး မမနွယ်" ဟုဆို၏။

ဓာတ်ဆီထည့်ပေးသူက အလိုက်မသိဘဲဆို၏။

"ကျပ်တန်တရွက်ရရင်ဖြစ်ပါတယ်"



မလေးနွယ်သည် သူ့လက်ပွေ့အိတ်တွင်းရှာကြည့်၏၊လက်ပွေ့အိတ်တွင်း၌ ငါးကျပ်တန်နှင့် ဆယ်တန်များသာရှိနေ၏။

"အကြွေတကျပ်ကော မပါဘူးလားမောင်...."

ဤအကြိမ်တွင် သက်ခိုင်ကောင်းကောင်း အိန္ဒြေပျက်သွားပြီး "မ....မ....ပါ....ဘူး မမနွယ်" ဟု ထစ်ထစ်ငေါ့ငေါ့ ဆို၏။

မလေးနွယ်က သက်ခိုင်၏ မျက်လုံးများကို ကြည့်သည်၊ သက်ခိုင်က မျက်နှာလွှဲလိုက်ရ၏။

မလေးနွယ်က ဓာတ်ဆီထည့်ပေးသူအား လှမ်းပြောသည်။

"ကိစ္စမရှိပါဘူးလေ၊ ကားမှတ်မိတယ်မဟုတ်လား၊ ဒီမှာထည့်နေကျဘဲ၊ အကြွေအမ်းစရာမရှိရင် ယူထား လိုက်ပါ၊ နောက်တခါကျမှ ပေးပေါ့...."

ကားသည် ပြည်လမ်းအတိုင်း တက္ကသိုလ်နယ်မြေဘက်သို့ ဆက်ထွက်လာခဲ့၏။

မလေးနွယ်က စကားမပြောဘဲ တစုံတခုကို စဉ်းစားရင်းမောင်းလာ၏၊ သက်ခိုင်ကလည်း နှုတ်ဆိတ်လိုက်လာ၏။

မော်တော်ကား လှလှသည် မိန်းကလေး လှလှများနှင့် အလွန်လိုက်တက်၏၊ မိန်းကလေးလှလှက.... ကားလှလှကို မောင်းသော်....ကားရောမိန်းကလေးပါ ပိုလှလာတတ်၏။

ပြောင်လက်တောက်ပသော ကား၏အရောင်က ဟပ်သောကြောင့် ပင်ကိုယ်ကဝင်းဝါသော မလေးနွယ်၏ အဆင်းသဏ္ဌာန်သည် ပိုမိုရွှန်းလဲ့နေသည်၊ လေတိုးသောကြောင့် ယိမ်းလွင့်လှုပ်ရှားနေသော ဆံနွယ်တို့သည် ချောမောသော မျက်နှာကို ပိုမိုအသက်ဝင်စေသည်၊ မြမြမြေးသည့်မွေ ညင်းတို့ စိုပြေရာ ပယင်းရွှေသွေး လက်ချောင်း လေးများ မှာလည်း

အနက်ရောင် စတီယာရင်စက်ဝန်းကို နောက်ခံပြု၍ တင့်လွန်းမက တင့်တယ်နေသည်။

ပြည်ကျောင်းဆောင်အလွန်၌ မလေးနွယ်က စတင်စကားပြော၏။

"မမနွယ် အခုမှသတိရတယ်၊ ပြည်နဲ့ဒီ အဆက်ပြတ်နေတယ်၊ မောင့်ဆီကို အိမ်ကငွေမလာနိုင်ဘူး....၊ဟုတ်တယ်မဟုတ်လား...."

သက်ခိုင်က အဖြေမပေး။

"ငွေမသွင်းနိုင်ရင် ဟောစတယ်လ်(အဆောင်က)ကထမင်းဖြတ်ပစ်တယ်ပြောတယ်၊ မောင်အခု ထမင်းမှ စားနေရသေးရဲ့လား...."

သက်ခိုင်က ရယ်မောလိုက်၏။

"ထမင်းမစားရဘဲ မောင်ဘယ်လိုလုပ် အသက်ရှင်နေနိုင်ပါ့မလဲ၊ ဟုတ်ပါတယ်၊မောင်ငွေတော့ မသွင်းနိုင်ဘူး၊ ဒါပေမဲ့ မောင်တို့အဆောင်မှူး အဘဦးကျော်ထွန်းက သဘောကောင်းလို့ ငွေမသွင်းနိုင်ပေမဲ့ မောင်တို့ ထမင်းစားနေကြရပါတယ်၊ မောင့်လိုကျောင်းသားတွေ အများကြီးဘဲဟာ...."

"အင်းလေ.... ထမင်းတော့ စားချင် စားနေရမှာပေါ့၊ ဒါပေမဲ့....ကျန်ဒါတွေ မောင်ဘာနဲ့သုံးနေလဲ၊ ဥပမာ....မောင်ဘယ်လို စီးကရက်ဝယ်သောက်မလဲ...."

"မောင်မှ အမြဲစီကရက် မသောက်ဘဲ၊ ဆေးပေါ့လိပ်သောက်ထာကို...."

"ထားပါတော့.... ဆေးပေါ့လိပ်ဘိုးကော.... ဘယ်ကရသလဲ...."



"ဩော်.... ဒီသောက်တော့ မောင့်မှာ ရှိသေးဒါပေါ့၊ မမနွယ်ကလဲ....ပူစရာမဟုတ်ဘာ လိုက်ပူနေတယ်...."

မလေးနွယ်သည် သက်ခိုင်ကို ဘာမျှထပ်မပြောတော့၊ ထပ်ပြော၍လည်း ရမည်မဟုတ်မှန်း မလေးနွယ် အသိဆုံးဖြစ်၏။

ကားသည် အင်းယားကျောင်းဆောင်ရှေ့၌ဆိုးရပ်လိုက်၏။

မလေးနွယ်က လက်ပွေ့အိတ်ကလေးကိုယူပြီး ကျောင်းဆောင်တွင်းသို့ ဝင်သွား၏၊ သက်ခိုင်က ကားပေါ်၌ပင် ထိုင်စောင့်နေရစ်၏၊

ကျောင်းဆောင်ဝင်း အတွင်း၌ ကားအတော်များများရှိနေသည်၊ ညကစားပြတိုက်မှုကြီးကြောင့် မြို့တွင်း၌ဆွေမျိုးမိတ်သဟာရှိသူ ကျောင်းသူအချို့သည် လာခေါ်သောကားများဆက်သို့ တက်နေကြ၏။

ကျောင်းသူအများကမူ ဝရံတာ၌ ထွက်ရပ်ကာ ပြုံးပြုံးရွှင်ရွှင်ပင်ရှိနေကြသည်၊ အချို့ကမူ ကျောင်းဝင်းအတွင်းနှင့် ကျောင်းဝင်းအပြင်တွင် အေးအေးလူလူ လမ်းလျှောက်နေကြ၏၊ အချို့ကမူ လာရောက်အားပေးသော ကျောင်းသားများနှင့် ကိုယ့်ဆိုင်ရာ ကိုယ်စီ အသီးသီး စကားပြောနေ ကြ၏၊ ကျောင်းသားများအနက်.... သက်ခိုင်နှင့်သိသူများလည်း ပါသည်၊ မသိသူများလည်းပါသည်၊ သူတို့ကသက်ခိုင်ကို စိတ်ဝင်စားစွာ လှမ်းကြည့်နေကြ၏။

သက်ခိုင်သည် နာရီဝက်ခန့် ဒုက္ခခံ၍ထိုင်နေခဲ့ရသည်၊ နာရီဝက်ခန့်အလွန်တွင်မူ မလေးနွယ်သည် သူငယ်ချင်းမများဖြစ်သူ ဒိုရာသင်း၊ မလှသူတို့နှင့်အတူ ကျောင်းဆောင်တွင်းမှထွက်လာ၏၊ ဒိုရာသင်းနှင့် မလှသူတို့၌ အထုပ်အပိုး အနည်းငယ်စီပါ

ကြ၏၊ အဆောင်တွင်း ဝင်သွားစဉ်က လက်ပွေ့အိတ်တခုသာပါသွားသော မလေးနွယ်၌ ယခုအခါလက်ကိုင်ပုဝါနှင့် စည်းထားသော အထုပ်ငယ်တထုပ်ပါ.... ပါလာ၏။

ဒိုရာသင်းနှင့် မလှသူသည် ကားနောက်ခန်း၌ တက်ထိုင်နေရာယူပြီးသောအခါ မသေးနွယ်က ကားကိုမောင်းထွက်လာခဲ့၏။

လမ်းတွင်မလေးနွယ်က ရှင်းပြသည်။

"အတော်ဘဲမောင်....၊ဒိုရာနဲ့ မလှသူတို့က သိပ်လန့်နေဒါ၊ အခုည မမနွယ်တို့အိမ် လိုက်အိပ်ကြမလို့တဲ့၊ သူတို့မိဘတွေကလဲ အရင်ထဲက မမနွယ်တို့အိမ် လိုက်အိပ်နေခွင့် ပြုထားလို့ အဆောင်မှူးက လွှတ်လိုက်ထာ...."

သက်ခိုင်က မည်သို့မျှဝင်မပြောသော်လည်း ဒိုရာသင်းက ဆို၏။

"ကြောက်ထာကိုနွယ်၊ ညတုံးက ပစ်လိုက် ခတ်လိုက်ထာတိုင်းပြည်ပျက်ရောမှတ်တယ်၊ ဒီညထပ်ဖြစ်အုံးမလား.... မသိဘူး၊ ဒါထက်... ကိုသက်ခိုင်....ရှင်တို့ရော မကြောက်ဘူးလား"

"ဘာကြောက်စရာရှိသို့လဲ ဒိုရာရယ်...."

"ဟုတ်ပါတယ်၊ ရှင်တို့ကတော့ မကြောက်ပါဘူး၊သေနတ်သံတောင် မစဲသေးဘူး၊ ဘယ်သူတွေမှန်းမသိဘူး၊ တယောလာထိုကြတယ်၊ သူတို့သိချင် က....ဘာတဲ့ မလှသူ...."

"ဘုန် နေ့ဆက်လမ်း....တဲ့...."

"ဟုတ် တယ်၊ ဘုန်းနေ့ဆက်လွှမ်းတဲ့၊ ခေတ်သိ ကျောင်းသူတွေကတော့ပြောဒါဘဲ၊ ပြည်ကျောင်းဆောင်က ကိုရှိန်တို့အသိုက်ဖြစ်မှာဘဲတဲ့၊ ရှင်ကောပါသေးသလား ကိုသက်ခိုင်"



သက်ခိုင်က မုသားလွှတ်ဆို၏။

"ဟာ....ဒိုရာကသဲ၊ ဘုန်းနေ့ဆက်လွှမ်းဘို့ ကျွန်တော်မှာ လွှမ်းစရာမရှိသေးပါဘူး...."

သွက်သက်သောဒိုရာက ကန့်ကွက်၏။

"အဲဒါမဖြစ်နိုင်ပါဘူး၊ ရှင့်သူငယ်ချင်း အေးဝင်းကတော့ မှန်းဆိမှန်မှန်လာနေဒါဘဲ၊ အခုတောင်ပါလာ (ညှော့ခန်းမ)ထဲမှာ စကားပြောကျန်ရစ်ကြရဲ့၊ နွယ်ရေ....နွယ့်မောင်ပြောဒါမယုံနဲ့၊ အမရှေ့မို့လိမ်နေဒါ ဖြစ်ချင်ဖြစ်မှာ...."

မလေးနွယ်က ရယ်ရင်းဖြေသည်။

"နွယ့်မောင်က နွယ့်ကို မလိမ်တတ်ပါဘူး ဒိုရာရယ်....၊ ဒါပေမဲ့....မောင့်ကိုတော့ မမနွယ် သတိတခုပေးမယ်၊ မောင်တို့ကျောင်းသားတွေရဲ ....ခုံစာဘဲလေ၊ သုံးနေ့ဆက်လဲမကြမ်းနဲ့၊ ဘုန်းနေ့ဆက်လဲမလွှမ်းနဲ့တဲ့....၊ သုံးနေ့ ဆက် ကြမ်း တော့.... ဘိုင်ကျတတ်သည်၊ ဘုန်းနေ့ဆက်လွှမ်းတော့....မှိုင်ရတတ်သည်တဲ့....၊ မောင်တော့....ဘိုင်ကျမနေပါဘူးနော်...."

ဒိုရာနှင့် မလှသူတို့က သူတို့အဓိပ္ပာယ် သူတို့ ကောက်၍ ရယ်ကြသည်၊ မလေးနွယ်နှင့်သက်ခိုင်ကလည်းကိုယ့်အဓိပ္ပာယ်ကိုယ်ကောက်၍ရယ်ကြ၏။

မလေးနွယ်က ပြည်ကျောင်းဆောင် ဂိတ်ဝ၌ ကား ကို ရပ်ပေး၏။

"ကဲ....မောင်ဆင်းနေရစ်တော့....၊ မမနွယ်ပြောဒါလဲ မှတ်ထား....၊ ဘုန်းနေ့ဆက်လွှမ်းတော့ မှိုင်ရဘတ်တယ်တဲ့...."

သက်ခိုင်သည် ကားတံခါးဖွင့်၍ ဆင်းလိုက်၏။

ကားပြန်မထွက်ခင်ကလေးတွင် တစုံတခုကို ရုတ် တရက်သတိရဟန်နှင့် မနုလးနွယ်ကလှမ်းပေး၏။

"ဩော်....မောင်ရေ....၊ မမနွယ်မေ့နေလို့ ရော့-ရော့...."

မလေးနွယ်သည် လက်ကိုင်ပုဝါနှင့်ထုပ်ထားသော အထုပ်ကလေ ကို သက်ခိုင်အားပေးရစ်ပြီး ကားမောင်းထွက်သွား၏။

အထုပ်တွင်း၌ ဘာရှိမည်ကို ချက်ချင်းပင် သက်ခိုင်သိလိုက်မိပြီးဖြစ်၏။

× × ×

နောက်တနေ့ နေ့လယ်သင်တန်းများအပြီး၌ သက် ခိုင် ကခေါ်သဖြင့် အေးဝင်းသည် တက္ကသိုလ်စာတိုက်သို့ အတူလိုက်လာခဲ့၏။

သက်ခိုင်က စာတိုက်စာရေးဆီမှ မန်နီအော်ဒါပုံစံတောင်းပြီး ရေးဖြည့်နေသောအခါ အေးဝင်းအကြီးအကျယ်အံ့ဩသွား၏၊ တဖန်....အိတ်တွင်းမှ ငွေနှစ်ရာကို စာရေးအားထုတ်ပေးသောအခါ အေးဝင်း မျက်လုံးပြူးသွား၏။

"ဟ ကောင်ရ....၊ အိမ်နဲ့အဆက်ပြတ်လို့.... ဘိုင် ကျ နေရတဲ့အထဲက ဘယ်ကငွေတွေရပြီး ဘယ်သူ့ဆီပို့မလို့လဲ"

သက်ခိုင်က မန်နီအော်ဒါပုံစံကိုပြ၏။

ငွေလက်ခံမည့်သူ၏ လိပ်စာကား....။

"ဦးချစ်တိုး၊ ဝင်ဒါမီယာ၊ အမှတ်(....)"ဟူ၍ဖြစ်၏။

ငွေပို့သူရေး သိုရာရေးရသည့်နေရာတွင် အောက်ပါအတိုင်းရေးထားသည်။



**"မှိုင်တော့ မှိုင်ရသည်၊ဘုန်းနေ့ဆက်လို့ဘဲ လွမ်းပါသည်။**

**ဘိုင်တော့ ဘိုင်ကျသည်၊ သုံး၍ခက်မို့လဲ စမ်းမသာပြီ။**

**အဲဒါကို ပြောပြလိုက်ပါ၊ ဦးဆေးကိုချစ်တိုး...."**

ငွေပို့သူ၏အမည်နှင့်လက်မှတ်ကိုမူ...."**ရွှေမင်းသားဆေး**" ဟုရေးထိုးထားလေသတည်း။

## အခန်း–၂၁

## မာန်ပိုနှင့်ဘုန်း

နောက်ရက်များအတွင်း၌ သက်ခိုင်သည် မလေးနွယ်ကိုမတွေ့အောင်ရှောင်နေသည်၊ ရှောင်သာနေရသော်လည်း ပြေး၍မလွတ်မှန်းသက်ခိုင်သိပြီးဖြစ်၏။

မလေးနွယ်ထံ ဦးချစ်တိုးမှတဆင့်ငွေပြန်ပို့ပြီးနောက် သုံးရက်ခန့် ကြာသော တနင်္ဂနွေနေ့တနေ့တွင် သက်ခိုင် သည် အခန်း၌စာကျက်နေ၏၊ နှစ်ဝက် အစမ်းစာမေးပွဲသည်လည်းနီးပြီဖြစ်၏။

ထိုစဉ်က တက္ကသိုလ်၌ပထမနှစ် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲသည်အရေးကြီးလှသည်မဟုတ်၊တကယ်အရေးကြီးသောစာမေးပွဲမှာ ဒုတိယနှစ်ကုန်ဆုံးမှစစ်သည်၊ ထိုအခါ နှစ်နှစ်လုံးသင်ထားသမျှကို အားလုံးပေါင်းခြုံ၍ မေးသည်၊ လူတွေလည်းပန်း၍ အကျလည်းများသည်။

ပထမနှစ်ကျောင်းသူကျောင်းသား အများသည် ယင်းနှစ်၌ စစ်သောစာမေးပွဲများကို အလေးဂရုမပြုကြလှ၊ ဝတ်ကျေတန်းကျေသာဖြေကြသည်များ၏။

သက်ခိုင်ကမူမပေါ့ရဲ၊ သူသည်ဈေးကြီးသော တက္ကသိုလ်၌ စွန့်စား၍ ပညာလာယူနေရသောကျောင်းသားတဦးဖြစ်သည်၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိသောကြောင့် သင်တန်းများမပျက်ရဲ၊ စာမေးပွဲမှန်သမျှကိုလည်း လက်မလွှတ်ဝံ့၊ အထူးသဖြင့် ပါဏဗေဒ သင်တန်းများနှင့် စာမေးပွဲများကို ဂရုစိုက်ရ၏၊ ပါဏဗေဒမှဆရာ ဆရာမများသည် စည်းကမ်းကြီး၍ အမာန်အမဲလည်းရက်စက်သည်။

ထိုကြောင့်သက်ခိုင်သည် နှစ်ဝက်စာမေးပွဲအတွက် အပြင်မထွက်ဘဲစာကြည့်နေ၏၊ အပြင်ထွက်ချင်သည့်တိုင်အောင် ရုပ်ရှင်ကြည့်နိုင်ရန်ဝေးစွ ကားခပင်မရှိ။

စာကြည့်နေစဉ် အလိုက်မသိသော ဝမ်းကတကြုတ်ကြုတ်မြည်ကာဆာလာ၏၊ နေ့သယ်လဘက်ရည်ချိန်က ဝေးနေသေးသည်၊ ကရာနီဆိုင်သို့ပြေးရန်မှာလည်း အကြွေးအစိတ်ရှိနေပြီဖြစ်သောကြောင့် မျက်နှာပူ၏။

သက်ခိုင်သည် ဆာလောင်ခြင်းကို သည်းခံ၍ နောက်ဆုံးလက်ကျန်ဆေးပေါ့လိပ်တတိုကို ဖွာရင်း စာကိုးစားကြည့်နေ၏။

ယုမောင်ကမူ ဘိုင်ကျသဖြင့် အပြင်လည်းမထွက်နိုင်၊ စာကြည့်ချင်စိတ်လည်းမရှိဆိုကာ ကုတင်ပေါ်၌အိပ်နေ၏။

သို့ရာတွင်မကြာမီပင် ထွန်းငွေနှင့်ကျောင်းသားတဦး ပေါ်လာကြကာ ယုမောင်ကိုနိုးသည်။



ထွန်းငွေနှင့်ပါလာသော ကျောင်းသားကား နေ့ကျောင်းသားတဦးဖြစ်သည်၊ သူ့ကို.... ကိုလှဖေ၏ အခန်း၌မကြာခဏ သက်ခိုင်တွေ့ဘူး၏၊ နာမည်က.... ကဗျာဆန်ဆန် မိုးမြင့်ဟုဖြစ်သည်၊ နိုင်ငံရေးကျောင်းသားတဦးလည်းဖြစ်၏။

မိုးမြင့်သည် သက်ခိုင်ကိုမြင်ဘူးတွေ့ဘူးသူဖြစ်သောကြောင့် ပြုံး နှုတ်ဆက်သည်၊ ထွန်းငွေကမူ ထိုအချိန်၌ သက်ခိုင်နှင့် အတော်ပင် ရင်းနှီး ခင်မင်နေပြီ ဖြစ်သောကြောင့် စကားဆို၏၊

"စာကျက်လှချည်လား ကိုသက်ခိုင်ရ...."

"ဟုတ်တယ်.... နှစ်ဝက်စာမေးပွဲ ရှိနေ ဒါနဲ့...."

"အင်း... အခုလို အချိန်ကြီးမှာ စာကျက်နိုင်တဲ့ ကျောင်းသားတွေကိုတော့ ချီးကျူးသဗျို့...."

"နို့....ဘယ်အချိန်ဖြစ်ဖြစ်....ကျောင်းသားက စာမကျက်ဘဲ... ဘာလုပ်ရမလဲ ကိုထွန်းငွေရ...."

ထွန်းငွေသည် ရှုံ့ချသံနှင့် တဟက်ဟက် ရယ်လိုက်ပြီးဝေဖန်သည်။

"ကျောင်းသားဆိုဒါစာကျက်ရတယ်ဆိုဒါတော့မှန်ပါရဲ့၊ ဒါပေမဲ့... အခုလို အချိန်မှာခင်ဗျားတို့ စာကျက် နေဒါဟာ.... ရောမမြို့ကြီးမီးလောင်နေတုံး နီရိုးဘုရင်က စောင်းတီး သီချင်းဆိုနေဒါနဲ့ မတူဘူးလား...."

ခေတ်မသိခင်ကဆိုလျှင် ထွန်းငွေကပြောပုံမှာရန်ဖြစ်ပေါက်ဖြစ်၏၊ သူ့ခေတ်ကို သိနေပြီ ဖြစ်သော ကြောင့် သက်ခိုင်က လေအေးနှင့်သာ ဖြေသည်။

"တူနေမလားတော့ မသိဘူး၊ ဒါပေမဲ့ မီးရှို့ဒါက ကျွန်တော်တို့မှ မဟုတ်ဘဲ၊ မီးရှို့သူတွေကိုလဲ ဝေဖန်အုံးမှပေါ့ ကိုထွန်းငွေ ရ...."

"အဟဲ....ဟဲ....၊ ဝေဖန်မှာပါဘဲ၊ အခုလာဒါကလဲအဲဒီကိစ္စတွေကို ဝေဖန်ဆွေးနွေးမလို့၊ ခင်ဗျား နားထောင်မသား...."

သက်ခိုင်သည် သူ့စာအုပ် သူကောက်ယူကာ နေရာမှထ၏၊ ဤရက်များအတွင်းထွန်းငွေနှင့် ယုမောင်တို့ မကြာခဏ ဆွေးနွေးကြသည်ကို သက်ခိုင်တွေ့ဘူးလေပြီ၊ တခါတခါ ဆွေးနွေးလျှင် အလွန်ကြာ၏၊ နှ-အက်တလီစာချုပ်၊ လကျ်ာ ဖရီးမင်းစာချုပ်၊ လက်ဝဲညီညွတ်ရေး၊ လက်နက်ကိုင် တော်လှန် ရေး၊ သိန်းဖေ၏ ဘရော့ဒ်ဒါ ဝါဒ(ထွန်းငွေတို့အဆို) စသည်ဖြင့် အကြောင်းကြီးအရာကြီးများဖြစ်ကြပြီး လေကြီးမိုးကြီး ကိန်းကြီးခန်းကြီးနိုင်၏၊ ယခုမိုးမြင့်ပါ ပါလာသော်....ဘယ် အထိ ရောက်ကြအုံးမည် မသိ။

ထို့ကြောင့်သက်ခိုင်သည် "နားမထောင်တော့ပါဘူးဗျာ၊ ခင်ဗျားတို့ဘာသာဆွေးနွေးကြ၊ ကျွန်တော်တော့ပြေးပြီဗျို့" ဟု ဆို၍စာအုပ်ပိုက် ထွက်လာခဲ့၏။

သက်ခိုင်သည် အပေါ်ထပ်မှ ဆင်းလာပြီး ကိုမြင့်သောင်း၏ အခန်းသို့ သွား၏၊ ကိုမြင့်သောင်းသည် စာကျိုး ဖြစ် သောကြောင့် သူ့အခန်း၌ စာသွားကျက်လျှင် အနှောင့် အယှက်ကင်းသည်။

သက်ခိုင်ရောက်သွားသောအခါ ကိုမြင့်သောင်း၏ အခန်းတွင်း၌ ရခိုင်စံရွှေကြီးလည်းရှိနှင့်နေသည်။

ကိုမြင့်သောင်းက ခရီးဦး ကြိုဆိုသည်။



"လာဟေ့ ဖိုးသက်ခိုင်၊ စာကျက်လို့ မရလို့ လစ်ခဲ့ဒါ မဟုတ်လား၊ အေး....ကုတင်ပေါ်မှာ ကြည့်၊ ကိုယ်လဲ တံခါး ပိတ်ထားလိုက်မယ်...."

ကိုမြင့်သောင်းသည် အခန်းတံခါးကို စေ့ပိတ်လိုက်၏။

သက်ခိုင်သည် ကိုမြင့်သောင်း တည်သော မန္တလေး နဂါး ဆေးပေါ့လိပ်တလိပ်ကို ကျေးဇူးတင်စွာ မီးညှိဖွာရင်း ကုတင် ပေါ်၌မှောက်၍ စာဆက်ကျက်သည်၊ ကိုမြင့်သောင်းနှင့် စံရွှေက စာပွဲ၌ထိုင်ရင်း ရူပဗေဒ ပုစ္ဆာတပုဒ်ကို တိုးတိုးတိတ်တိတ်ဖြင့် တိုင်ပင်ရှင်းလင်း အဖြေ ရှာနေကြ၏။

နာရီစက်ခန့်အကြာ၌ တံခါးလာခေါက်သံ ကြားရ၏၊ ကိုမြင့်သောင်းက လှမ်းမေးသည်။

"ဘယ်သူလဲ...."

"ကိုယ်ပါဗျာ....ရှုနက်ရ...၊ စောလှင်ပါ၊ မောင်ရင့် အခန်း ထဲ သက်ခိုင် ရှိသလားလို့...."

ကိုမြင့်သောင်းက တံခါးထဖွင့်ပေးသည်၊ သက်ခိုင်ကလည်း လှမ်းကြည့်၏။

တံခါးပွင့်သွားသောအခါ ကိုစောလှင် ဝင်လာ၏၊ သူ့နောက်မှ ဦးချစ်တိုးပါလာသည်။

"ဟောဒီမှာသက်ခိုင်....မင်းကိုတွေ့ချင်လို့တဲ့၊ ယုမောင်က ဒို့ဆီညွှန် လိုက်လို့...."

ဦး ချစ်တိုး ကလည်း ဝင်ပြော၏။

"ဟုတ်တယ် သက်ခိုင်၊ မင့်အခန်းမှာ မင့်ကိုမတွေ့လို့....လာလိုက်ခဲ့....နှယ်လဲပါတယ်...."

"ဟင်....မမနှယ်လဲပါတယ်....ဘယ်မှာလဲ...."

"ကားထဲမှာပေါ့...."

သက်ခိုင်သည် သူငယ်ချင်းများကိုပင် နှုတ်မဆက်အားဘဲ ဦးချစ်တိုးနောက်မှ လိုက်လာခဲ့သည်။

ငွေရောင်စတူဒီ ဗေဘာ ကားသည် ထမင်း စားခန်းမကြီး၏ ရှေ့တည့်တည့် လမ်းပေါ်၌ရပ်ထား၏၊ ကား နောက်ခန်းတွင် မလေးနွယ်ထိုင်နေ၏။

သက်ခိုင်က ကားပြတင်းနား ကပ်သွားပြီး မလေးနွယ်ကို နှုတ်ဆက်၏။

"ကြည့်စမ်း မမနွယ်၊ ဘာလာလုပ်ထာလဲ...."

မလေးနွယ်သည် အေးချမ်းစွာပြုံးပြီး တည်ငြိမ်စွာ ဆို၏။

"မောင့်ကို မမနွယ် လာခေါ်ဒါလေ၊ လာလိုက်ခဲ့မောင်"

သက်ခိုင်သည် ဘာပြန်ဖြေရမှန်းမသိ၊ ပတ်ဝန်းကျင် ကိုမူ လှည့်ကြည့် မိသည်။

အဆောင်အောက်ထပ်အခန်းများမှ ကျောင်းသား ဆယ်ဦးခန့်သည်သူတို့အားဝိုင်းကြည့်နေကြသည်၊ သူတို့ထဲတွင် ကိုမြင့်သောင်း၊ ကိုစံရွှေ၊ ကိုစောလွင်သာမက ကိုလေးမောင်ပါ ပါဝင်နေ၏။

သက်ခိုင်သည် သက်ပြင်းရှိုက်ပြီး ပြုံး၍ ဖြေသည်။

"မမနွယ် ခဏနေအုံး၊ မောင်အဝတ်အစား သွားလဲလိုက်အုံးမယ်...."

"လဲမနေနဲ့တော့၊ လဲရင်လဲ အဖိုးကြီးအိုလို ဝတ်လာအုံးမယ်၊ အခုလို အင်္ကျီ လက်တိုနဲ့က ကြည့်ကောင်းတယ်၊ ပြီးတော့....မမနွယ်တို့မှာ အချိန်မရှိဘူး၊ မြန်မြန်တက်...."



ပြောပြောဆိုဆိုနှင့်ပင် မလေးနွယ်က ကား နောက်ခန်းတံခါးကို အတွင်းမှ ဖွင့်ပေး၏။

မည်သို့မျှ မတတ်နိုင်သောသက်ခိုင်က ကားတွင်းသို့ ဝင်လိုက်ရ၏။

ကားထွက်လာပြီး ပြည်လမ်းပေါ်ရောက်သောအခါမလေးနွယ်သည် ကျေနပ်နှစ်သိမ့်စွာနှင့် လက်ခုပ်ကလေးတီး၍ရယ်၏။

"မမနွယ် ဘာရီဒါလဲ...."

"မမနွယ်ကိုယ်ကို မမနွယ်သဘောကျလို့ ရီဒါပေါ့၊ ကဲ.... အခု....မောင်ဘာတတ်နိုင် သေးသလဲ...."

သက်ခိုင်သည် ထုံးစံအတိုင်း သူ့အမကို အရှုံးပေးလိုက်ပြီး အတူတကွ လိုက်ရယ်သည်၊ ဤသို့ ရယ်လိုက်ရသောအခါ သူ့ရင်မှာပေါ့ပါးသွားပြန်၏၊ အတန်ကြာမှ သူကမေးသည်။

"မောင် ပြန်ပို့လိုက်တဲ့ ငွေကို မမနွယ် ရသလား...."

ရယ်မောနေသော မလေးနွယ်၏မျက်နှာလေးသည် မည်သို့သည်တိုင်စေ လျော့ကျ တည်ကြည် သွားသည်။

"ရပါတယ်မောင်၊ မောင့်မာနကို မမနွယ် သိပ်ချီးကျူးမိတယ်....သိလား၊ မမနွယ်ကို စိတ်မဆိုးနဲ့နော်၊ မမနွယ်ကမှားမိသူကိုး၊မမနွယ်ကိုခွင့်လဲလွှတ်အုံး....နော်....မောင်...."

"မောင့်ကိုဘာလို့ ဒီလိုပြောရဒါလဲမမနွယ်၊မောင်ကဘာလို့စိတ်ဆိုးရမှာလဲ၊ အမှန်က ဒီလိုသာလုပ်ခဲ့ရတယ်.... မောင်ဘယ်လောက် စိတ်မကောင်းဖြစ်ရတယ်ဆိုဒါကို မမနွယ်သိစေချင်တယ်...."

"မမနွယ်ဘယ်လောက် စိတ်မကောင်း ဖြစ်ရတယ်ဆိုဒါကိုတော့ မောင်မသိချင်ဘော့ဘူးလား"

"ခက်တယ်မမနွယ်ရယ်၊ မမနွယ်ကြောင့် မောင်သိပ်ခက်ထာဘဲ၊ ဘာဖြစ်လို့မမနွယ်က မောင့်အတွက်စိတ်မကောင်းရဒါလဲ၊ ပီးတော့ မောင့်မှာလဲဘာမှပူစရာမရှိဘူး"

"မောင့်မှာဘာမှပူစရာမရှိဘူး၊ ဟုတ်လား၊ အဲဒါတော့....မောင်မှသားပြောဒါဘဲ၊ ထား ပါတော့ လေ၊ ဘာဖြစ်လို့ မမနွယ်ကမောင့်အတွက် စိတ်မကောင်းဖြစ်ရဒါလဲ–ဟုတ်လား မောင်....၊ မမနွယ်ဟာ မောင့်အမဆိုဒါကို သတိမရတော့ဘူးလား၊ မောင့်ကိုသိပ်ချစ်တဲ့ အမဆိုဒါကိုလဲ မေ့သွားပလား၊ မောင်တယောက်ဟာ မာနကြီးပီးရက်စက်နိုင်တယ်၊ အမဆိုဒါကတော့ အမြဲခွင့်လွှတ်ပီး ပူပန်ရဒါဘဲ၊ သိပလားရှင်ရဲ့"

မလေးနွယ်၏ စကားကြောင့် ရင်ဝယ် ထိခိုက်သွားသော သက်ခိုင်သည် မည်သို့မျှပြန်မဖြေနိုင်၊ ငြိမ်၍သာလိုက်ခဲ့ရ၏။

ကားသည် ဦးဝိစာရလမ်းပေါ်ရောက်ခဲ့ပြီး ဝင်ဒါမီယာအတွင်းသို့မချိုးဘဲ ဆက်မောင်းနေမှ သက်ခိုင်သည်မေးမိ၏။

"မောင်တို့အခုဘယ်သွားမလို့လဲ မမနွယ်...."

"မေးမနေနဲ့၊ လမ်းဆုံးတော့.. ရွာရောက်ရင်သိလိမ့်မယ်၊ ကားပေါ်ကခုန်လဲမချနဲ့ အုံးနော်....မောင်"

"ခုန်မချပါဘူးမမနွယ်၊ မောင်မသေရဲသေးပါဘူး၊ လောကကြီးမှာ မောင်မြတ်နိုးဒါတွေ အများကြီးရှိသေးတယ်"

"ဥပမာ...."

"ဥပမာ....မောင့်မေမေရယ်၊ မောင့်နိုင်ငံရယ်-ပီးတော့"

"ပီးတော့....ကော...."

"ပီးတော့....မေးနေရ ရာလိုသေးလားမမနွယ်ရယ်....၊မောင့်မမနွယ်ရယ်ပေါ့...."



မလေးနွယ်က ကျေနပ်နှစ်သိမ့်စွာရယ်ပြီး "တော်သေးဒါပေါ့၊ ဒီလိုဆိုတော့ မောင်ကဘယ်ဆိုးလို့တုံး" ဟု မှတ်ချက်ချသည်။

ကားသည် မြို့တွင်းရောက်သောအခါ ပလေဒီယံ ရုပ်ရှင်ရုံရှေ့၌ရပ်လိုက်၏၊ ထိုအခါကျမှ မလေးနွယ်၏ရည်ရွယ်ချက်ကို သက်ခိုင်ရိပ်မိသွားသည်။

"ကားသိပ်ကောင်းတယ်မောင်၊ ဂျုံးကရောဖိုဒ်က တိုက်တယ်(လ်)ရိုး ယူပြီး သရုပ်ဆောင်ထားတယ်"

သက်ခိုင်သည်လုံးဝလက်မြှောက် အရှုံးပေးလိုက်တော့၏။

"ကဲ....ဒါဖြင့်မထူးတော့ပါဘူးမမနွယ်၊ မောင့်ဗိုက်ထဲဆာလို့ တကြုတ်ကြုတ်ဖြစ်နေဘီ၊ မောင့်ကိုတခုခု အရင်ကျွေးအုံး...."

မလေးနွယ်သည် ဝမ်းသာအားရပြုံးပြီး သက်ခိုင်ကိုအနီးရှိကွန်တီနင်တယ် (လ်) မုန့်တိုက်သို့ ခေါ်သွား၏။

သိုးသားညှပ်ဆင်းဒဝစ်(ရှ်)မုန့်နှင့် လဘက်ရည်သောက်ကြပြီး ရုပ်ရှင်ရုံသို့ ပြန်သွားကြသည်။

ထိုနေ့ကသက်ခိုင်သည် ရုပ်ရှင်ကိုဒရက်ဆာကယ်(လ်)ခေါ် အထူးတန်းမှ ပထမ ဆုံးအဖြစ် ကြည့်ဘူးခဲ့ရ၏။

ဇာတ်ကား၏အမည်မှာမိုင်း (လ်) ဒရက် (စ်) ပီးယာ့(စ်) ဖြစ်သည်၊ ရင်သွေးအတွက် ကိုယ် ကျိုး စွန့် အနစ်နာခံသွားသောမိခင်တဦး၏ဘဝကို သိမ် မွေ့ စွာ ဖော် ပြ ထား သည့် ဇာတ်လမ်းဖြစ်၏၊ ဟောလီးဝုဒ်၏ရုပ်ရှင်ဘုရင်မဟု ကျော်ကြားသော မင်းသမီးကြီး ဂျုံးကရောဖိုဒ်က ပရိသတ်ရင်ဆို့ မျက်

ရည်ဝိုင်းအောင် မိခင်အခန်းမှပြောင်မြောက်စွာ သရုပ်ဆောင်ထား၏။

ဇာတ်ကား ပြီးသောအခါ သက်ခိုင်က နေရာမှထသည်။ မလေးနွယ်က သူ့လက်ကိုဆွဲပြီးတားသည်။

"ခဏနေအုံးမောင်၊ မဆင်းနဲ့အုံး"

"ဘာဖြစ်လို့လဲမမနွယ်ရ...."

မလေးနွယ်က တိုးတိုးဖြေသည်။

"မမနွယ် မျက်ရည်တွေသုပ်ထားဒါ လူတွေမြင်ကုန်အုံးမယ်"

သက်ခိုင်သည် ရယ်မောရင်းညည်း၏။

"ဩော်....ဖြစ်မှဖြစ်ရလေ–မမနွယ်ရယ်"

အပြန်တွင် ကားပေါ်၌ မလေးနွယ်က လက်မွေ့အိတ်ကိုဖွင့်ကာတိုပတ်နှိုက်ယူ၍ မျက်ရည်ကြောင့် ပျက်နေသောအလှကို ပြုပြင်သည်။

"မမနွယ်က သိပ်ရှိစရာကောင်းဒါဘဲ"

"ဘာရှိစရာကောင်းလို့လဲ...."

သက်ခိုင်က ဦးချစ်တိုးကိုလှမ်းပြောရင်းဖြေသည်။

"ဦးလေးကိုချစ်တိုး၊ မမနွယ်ကရုပ်ရှင်ကြည့်ပြီး ငိုတယ်ဗျ။ အဲဒါရှိစရာမကောင်းဘူးလား"

ဦးချစ်တိုးကလည်း ရယ်ပြီးဖြေသည်။

"နွယ်ကဒီအတိုင်းကြီးဘဲ၊ ကြည့်လိုက်ရင်လဲ အလွမ်းကားမှ၊ ပီးတော့ အမြဲငိုတယ်"

"ငိုဒါပေါ့ဦးလေးကိုချစ်တိုးရ၊ သနားစရာကောင်းဒါကိုး။ ဦးလေးကိုချစ်တိုးတခါလောက်လိုက်ကြည့်ပါလား"



"မကြည့်ချင်ပါဘူးဟယ်၊ ပိုက်ဆံပေးပီး ငိုရဒါက ရှုံးတယ်၊ နင်တို့အင်္ဂလိပ်စကားတွေလဲ ငါနားမလည်ပါဘူး၊ ဒို့ကတော့ ဒိုင်ဗင်တင်လှတို့၊ ရွှေဘတို့၊ တင်ညွန့်တို့ဘဲ ကြိုက်တယ်၊ စကတဲက ထီဟော့ဆို....တီးတော့ဒါဘဲ"

သက်ခိုင်ကရယ်နေသော်လည်း မလေးနွယ်က ဦးချစ်တိုးကိုစသည်။

"ဦးလေးကိုချစ်တိုးက အလွမ်းဇာတ်ကားဘယ်ကြည့်မလဲ၊ ကြည့်လဲ ဘယ်လွမ်းတတ်မလဲ၊ လူပျိုကြီးကိုး...."

"ဟ....ငါ့ဘာသာမိန်းမ မလိုချင်လို့ လူပျိုကြီးလုပ်နေဒါနဲ့ မလွမ်းတတ်ထာနဲ့ ဘာဆိုင်လို့တုံး၊ တယ်....ပြောလိုက်လို့မကောင်းပါဘူး၊ နွယ်ကကော....ဘာလို့လွမ်းတတ်နေသလဲ၊ ကိုဘမြိုင်ကြောင့်လား"

မလေးနွယ်၏မျက်နှာလေးသည် ရဲရဲနီသွားသည်၊ ဒေါသသံလေးနှင့်မြစ်တား၏။

"ဦးလေးကိုချစ်တိုး၊ နောက်ကို....ဒီစကား နွယ့်ကိုထပ်မပြောနဲ့တော့...."

ဦးချစ်တိုးက စိတ်မဆိုးဘဲ ရယ်နေ၏။

ဦးချစ်တိုးသည် ဘာရည်ရွယ်ချက်နှင့် ဤစကားကို တမင်ပြောမှန်း ရိပ်မိသောသက်ခိုင်က တည်ကြည်စွာနှင့်မေးသည်။

"ဩော်.... မမနွယ်ရေ....၊ အကိုဘမြိုင် နိုင်ငံခြားသွားဘီလား"

မလေးနွယ်က "သွားဘီ"ဟု နှစ်လုံးတည်း တုံးတုံးတိတိဖြေဆို၏။

ကားအတွင်း၌ အားလုံး ဆိတ်ငြိမ် သွားကြသည်၊ အိမ်သို့ ရောက်သည်အထိဆိတ်ငြိမ်လှကြ၏။

အိမ်တွင်းရောက်သောအခါ ထုံးစံ အ တိုင်း သက် ခိုင် က ဆိုဖာပေါ်၌ထိုင်ကျန်ရစ်၏၊ မလေးနွယ်ကအပေါ်ထပ်တက်၍ အဝတ်အစားလဲသည်။

အိမ်နောက်ဖေးမှ ဒေါ်အေးသန့်ထွက်လာသည်။

"ဩြော်.... မောင်သက်ခိုင် ပါလာသကိုး....၊ လူကလေး မမနွယ်ကတော့ ပြောသွားဒါဘဲ၊ လူကလေးကိုခေါ်ပြီးရုပ်ရှင် သွားကြည့်မလို့တဲ့...."

"ဟုတ်ပါတယ် ဒေါ်ဒေါ်....၊ ကျွန်တော်နဲ့ မမနွယ်အခု ရုပ်ရှင်ကပြန်လာကြဒါ....၊ ဦးကြီးကော ဒေါ်ဒေါ်...."

"မင့် ဦးကြီးက ဝန်ကြီးချုပ်အိမ် အစည်းအဝေးသွားတက် နေတယ်၊ တိုင်းပြည်ကြီးကမကောင်းတော့ လူကြီးတွေ ခေါင်း ချင်းရိုက်နေကြရတယ် မဟုတ်လား...."

သက်ခိုင်သည် နှုတ်ဖြင့် အဖြေမပေးဘဲ ခေါင်း သာ ညိတ် ပြ၏။

ထိုစဉ် မလေးနွယ်ဆင်းလာ၏၊ လက်တွင်း၌ တယော တလက်ကို ကိုင်လာ၏။

ဒေါ်အေးသန့်က လှမ်းမေးသည်။

"ဟဲ့....သမီးနွယ်၊ သမီးဖေဖေ့တယောကို ဘာလို့ယူလာ ခဲ့ဒါလဲ...."

"မောင့်ကိုတီးခိုင်းမလို့မေမေ၊ မောင်ကတယောတီးတတ် တယ်တဲ့...."

မလေးနွယ်က တယောကို သက်ခိုင်အားပေး၏။



"လာ....မောင်....၊မမနွယ်တို့ ပီယာနို တီးကြရအောင်...."

သက်ခိုင်က ဒေါ်အေးသန့်ကိုလှမ်းကြည့်သည်၊ ဒေါ်အေး သန့်သည် တဦးတည်းသောသမီးလုပ်သမျှကို ကန့်ကွက်ရန်မရှိ ဟန် ပြုံးကြည့်နေ၏။

မလေးနွယ်သည် ပီယာနို အဖုံးကြီးကိုဖွင့်၍ ထောက် (ဒေါက်)ထောက်တင်ထားလိုက်ပြီး ခုံ၌ထိုင်၏၊ သက်ခိုင်က လည်း မလေးနွယ်အနီးရှိ ခုံတခု၌ဝင်ထိုင်သည်။

"ဘာတီးကြမလဲမမနွယ်"

"ပတ်ပျိုးဘဲတီးကြရအောင်၊ မောင်ကြိုက်ကဲ့လား"

"မောင်လဲပတ်ပျိုးဘဲနိုင်တယ် မမနွယ်"

"မောင်ပတ်ပျိုးကို ဘာနဲ့တီးသလဲ"

"အောက်ပြန်နဲ့ မမနွယ်"

"မမနွယ်လဲ ရုပ်(ပ်)နဲ့တီးဒါဘဲ၊ ကဲ.... မမနွယ်အသံပြ မယ်၊ ကြိုးညှိမောင်...."

မလေးနွယ်က ပီယာနိုကိုခေါက်ကာအသံပြပေး၏၊ သက် ခိုင်က ပီယာနိုအသံဆင့်အတိုင်း တယောကို ကြိုးညှိယူသည်။

"ဘာသီချင်းတီးကြမလဲမောင်...."

"မမနွယ်ကြိုက်ထာပြောလေ၊ မောင်တတ်ထာဆိုရင်လိုက် တီးပါ့မယ်"

"နေအုံး....၊ မမနွယ်က မန္တလေး မဟာဂီတအဖွဲ့ရဲ့ မူ အတိုင်း တီးတယ်၊ မောင်က ဘာမူနဲ့တီးသလဲ"

"မောင်ကတော့ ပျံကျတတ်ခဲ့ရဒါ၊ ဒါပေမဲ့ တယောက အလိုက်ဘဲ၊ မောင်မွေးတီးနိုင်ပါတယ်"

"ဒါဖြင့်....မမြလေးရဲ့ ပတ်ပျိုး တခုခု တီးကြရအောင်၊ မမနွယ်က မမြလေးရဲ့ သီချင်းတွေကို အကြိုက်ဆုံးဘဲ...."

"ရှိစုံရှက်ကြာတော့ မတီးပါနဲ့ မမနွယ်၊ အဲဒီ သီချင်းတီးရရင်....မောင်ငိုချင်တယ်"

"ဒါဖြင့်.... မြယဉ်ရေညို.... တီးကြမယ်၊ မောင်ရတယ်မဟုတ်လား...."

သက်ခိုင်က ခေါင်းကုတ်ရင်း ခေါင်းညိတ်၏၊ အနောက်နန်းမတော်မမြလေး၏သီချင်းဆိုလျှင်.... အလွမ်းမှပြေးမလွတ်။

ပတ်ပျိုးခံကို တီးကြပြီးနောက် ပတ်ပျိုး ကိုယ်ကို မလေးနွယ်ကဆိုတီးတီးသည်။

"မြယဉ်ရေညို....၊ ကိုယ်တော်ပျော်ခန်း....၊ သန်းကာ ဝေလည်၊ ရွှေပြည်ဘယ်မှန်း၊ ကံကံယော်သာအို၊ ဆိုင့်မှား၊ ထွေထွေသာ၊၊ပါလေမှန်း....++"

မလေးနွယ်၏အသံသည် ကြည်လင်ချိုသာသည်၊ သီချင်းဆိုတတ်သောမိန်းကလေးတိုင်းသည် သူ့အတာနှင့် သူ့အထာအသံကြည်လင်ချိုသာရကား.... အသံ ကြည်လင်ချိုသာမှုသည် ထူးဆန်းအံ့သြဘွယ်မရှိလှ၊ သို့ရာတွင်မလေးနွယ်က အသံနှင့်ခံစားမှုကို ဖေါ်ပြနိုင်၏။

မြယဉ်ရေညို.... အပိုဒ်ကို ဆိုသောအခါ အသံကချေမ်းဝေစည်၍ ကြည်ကြည်လွှင်လွှင်ရှိ၏၊ ကံကံယော်သာအို ဆိုင့်မှားအပိုဒ်ကျသောအခါ ငိုသံမပါ့တပါနှင့် ရှိုက်ရှိုက်ဖိုဖိုရှိသည်။

ပီယာနိုကိုလည်း အကွက်ပြည့်မတီး၊ အဆိုကို ထောက်ကူအောင် အသွားအတိုင်း ခပ်ကြဲကြဲနှင့် စီးဝါး မလွတ်ရုံတီးသည်၊ ရင်မှခံစားမှုအတိုင်း ပီယာနိုသံကိုအပျော့အမာ၊အဖေါ့



အပြင်း၊ အနုအကြမ်းမြည်အောင် လက်ချောင်းလေးများက ခလုပ်များကို ထိန်းသိမ်းချုပ်ကိုင် တီးနိုင်လေ၏။

သက်ခိုင်သည်လည်း ဂီတနှင့် စာသားတို့၏ ဆွဲဆောင်ရာသို့ တနယာသံနှင့်အတူမွေးလိုက်ပါမိနေ၏။

သီချင်း၏အဆုံးသဖြန်ရောက်ကာမှ မလေးနွယ်သည် ဤသီချင်းကို ဘာကြောင့် ရွေးကြောင်း သက်ခိုင် ရိပ်မိသွားသည်။

မလေးနွယ်သည် ပြုံးညိုညိုမျက်နှာထားနှင့် မျက်တောင်ကော့များကိုပင့်လှန်ကာ သူ့ကိုကြည့်ရင်း သဖြန်ကိုဆို၏။

"အိမ်ရိပ်ကယ်ခို၊ မာန်ပို့နှင့်အုံး။....။သဲဘွင်ကဖို၊ အယ်ညိုတော်သည့်ပူအောင်သားငယ်ကို၊ ထားတတ်ပေ့ဘုန်း........"

+ + +

ထိုညဉ့်သက်ခိုင်သည် အခန်းသို့ ပြန်ရောက်လာသောအခါ၌ အခန်းတွင်း ဝယ်....ယုမောင် မရှိ။

သက်ခိုင်သည်စာမကျက်တော့ဘဲ အတန်ကြာစွာ မျက်လုံးများက ကြောင်နေသေး၏။

"အိမ်ရိပ်ကယ်ခို....၊မာန်ပို့နှင့်အုံး ..."

မာန်ပို့နှင့်အုံး....။မာန်ပို့နှင့်အုံး၊ ဤစာသား စကားရပ် က သက်ခိုင်၏နားတွင်ပဲ့တင်ထပ်နေ၏။

"မာန်မပို့ပါဘူးမမနွယ်ရယ်၊မောင်ဟာ....မာန် မပို့နိုင်တဲ့လူတယောက်သာပါ၊ ရှေးက ဖြစ်ဘူးသမျှတွေကို သိပီးတဲ့....မမနွယ်ဟာ....မောင့်ကိုမာန်ပို့တယ်လို့....အပြစ်တင် မစေသင့်ပါဘူး...."

တလူးလူး တလိမ့်လိမ့်ရှိနေပြီးနောက် အလွန်ညဥ့်နက်ပါမှ သက်ခိုင်အိပ်ပျော်သွားသည်။

အိပ်မောကျသွားသူသည် အိပ်ချိန်ကို အမှန်ထက် တိုသည်ဟု ထင်မြင်တတ်သည်၊ သက်ခိုင်၏အထင်၌ အိပ်ပျော်ပြီး၍ ဘာမျှ မကြာထင်သည်၊ တံခါးဖွင့်သံနှင့် ရေးကြီးသုတ်ပျာစင်လာသော ခြေသံများကြောင့် လန့်နိုးလာ၏။

"ဘယ်သူတွေလဲကွ...."

သက်ခိုင်က အိပ်ရာမှ လူးလဲထရင်း မေးသည်။

"ငါပါကွ သူငယ်ချင်း....ယုမောင်ပါ၊ သက်ခိုင်....တိတ်တိတ်နေကွာ၊ဒို့ဟော(လ်)ကို ပုလိပ်တွေ ဝိုင်း ထားတယ်...."

အိပ်မှုန်စုံမွှား ဖြစ်ရာမှ သက်ခိုင်၏ မျက်လုံးများက ကျယ်သွားသည်။

အခန်းတွင်း၌ ယုမောင်နှင့်အတူ လူနှစ်ယောက် ရောက်နေ၏၊ တဦးကားထွန်းငွေဖြစ်သည်၊ တဦးကား မိုးမြင့်ဖြစ်၏။

ပြည်ကျောင်းဆောင်၏ အခန်းတိုင်း၏ အထက် မျက်နှာကြက်၌ လေဝင်အောင် သံဇကာတပ် အပေါက်များ ရှိ၏၊ သက်ခိုင်တို့၏ အခန်းအထက်မှ သံဇကာသည် ပေါက်ပြဲ နေ၏၊ ဤအပေါက်မှ တက်သွား သော်....ခေါင်မိုးအောက် မျက်နှာကြက်ပေါ် ရောက်သွား နိုင်၏၊ မျက်နှာ ကြက်ပေါ် ရောက်လျှင် ပြည် ကျောင်းဆောင်၏ တဘက်ထိပ်မှ တဘက် ထိပ်သို့ လေးဘက်ထောက်သွားနိုင်၏၊ တစုံတယောက်သည် မျက်နှာကြက်ပေါ် ရောက်သွားပြီး တနေ့လုံး ခိုအောင်း နေစေကာမူ မာတ်မသိလျှင် ရှာဖွေ မတွေ့နိုင်။



မိုးမြင့်သည် သံဇကာပေါက်မှ လျှိုဝင်၍ မျက်နှာ ကြက်ပေါ်ရောက်သွားသည်၊ ထွန်းငွေနှင့်ယုမောင်က စာကူး လက်လှည့်စက်ဖြင့်ရိုက်ထားသော စာရွက်ထုပ်ကြီး၀ ထုပ်ကို လှမ်းပေးသည်၊ သံဇကာပေါက်မှ မိုးမြင့်က လှမ်းယူ၏။

မကြာမီပင် စက္ကူထုပ်များလည်း ပျောက်သွားသည်၊မျက်နှာကြက်ကြမ်းပြင်သည် မသိမသာသိမ့်သိမ့် လှုပ်နေရာမှ ငြိမ်သွား၏။

ထွန်းငွေသည် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွား၏။

ယုမောင်က အခန်းတံခါးကို ဂျက်ချ လိုက်ပြီး သက်ခိုင်ကို တောင်းပန်၏။

"သက်ခိုင်....ပြန်အိပ်နေစမ်းပါကွာ၊ အိနြေ္ဒရရ ပြန်အိပ်နေစမ်းပါ၊ ရိုကြ်းခိုးပါရဲ့...."

သက်ခိုင်သည် ခြင်ထောင်တွင်း ပြန်ဝင်ကာ အိပ်နေ လိုက်၏။

ယုမောင်က သူ့ကုတင်မှခြင်ထောင်ကို အမြန်ချကာ အိပ်ချင်ယောင်ဆောင်နေတော့၏။

မကြာမီ ဘိနပ်သံများပေါ်လာသည်၊ ခွာမာ တပ်ထားသော သားရေဘိနပ်သံများ ဖြစ်ကြ၏။

ဘိနပ်သံများသည်နေရာအနှံ့အပြားမှ ပေါ်ထွက် နေ၏၊ တံခါးဖွင့်သံများကိုလည်း ကြားရ၏။

သက်ခိုင်တို့၏ တံခါးကို အပြင်မှ ခေါက်သံ ကြားရ၏၊ သက်ခိုင်က ငြိမ်အိပ်နေသည်။

တံခါးကို တဂျုံးဂျုံး ဆွဲလှုပ်သံ ပေါ်လာ၏။

တဘက်ကုတင်မှ ယုမောင်သည် လူးလဲထလိုက်ပြီး အော်ဆဲ၏။

"ဘယ်ကောင်တွေလဲကွ၊ စောစောစီးစီး လာနှောက်ယှက်ထာ၊ မင့်နှမလင်နောက် လိုက်ပြေးလို့လား"

အပြင်ဘက်မှအဖြေပေါ်မလာ၊ တံခါးကိုဆွဲလှုပ်သံလည်း ပျောက်သွားသည်၊ ခတ်မှန်မှန်ခေါက်သံသာ ပေါ်လာနေ၏။

ယုမောင်သည်အိပ်ချင်မူးတူးဟန်နှင့်တံခါးဘဖွင့်ပေးသည်၊ သက်ခိုင်ကလည်း ထထိုင်လိုက်၏။

ရဲအုပ်တယောက်နှင့် ရဲသား နှစ်ဦးသည် အခန်းတွင်းသို့ ဝင်လာ၏၊သူတို့နှင့်အတူ အဆောင်နည်းပြဆရာလည်း ပါလာ၏။

ရဲအုပ်က သက်ခိုင်တို့နှစ်ယောက်ကို သေချာစွာကြည့်ပြီး မေးသည်။

"ဒီကျောင်းသားနှစ်ယောက်ဟာ ဒီအခန်းကဘဲလားဆရာ"

"ဟုတ်တယ်၊ ဟိုတယောက်ကသက်ခိုင်၊ ဒီတယောက်က ယုမောင်...."

ရဲအုပ်နှင့်ရဲသားတို့သည် အခန်းတွင်း၌ ဟိုကြည့်သည်ကြည့် လုပ်ပြီး ကျေနပ်ဟန်နှင့် ထွက်ခွာသွားကြ၏။

သက်ခိုင်က ယုမောင်ကိုစူးစိုက်ကြည့်၏၊ ယုမောင်ကမျက်လွှာချထားသည်။

သက်ခိုင်သည် ဘာမျှမပြောတော့ဘဲသွားပွတ်တံကို ယူကာ သွားတိုက်ဆေးထည့်၏။

အပြင်ဘက်၌မူ မိုးစင်စင်သင်းနေပြီ။



သက်ခိုင်သည် မျက်နှာသုပ်ပုဝါကို လည်ပင်း၌ပတ်ကာ သွားတိုက်ရင်း အပြင်သို့ ထွက်ခဲ့၏။

ဝရံတာမှ လှမ်းကြည့်လိုက်သောအခါ ရန်ကုန် ရဲအဖွဲ့နှင့် ရန်ကုန်လက်နက်ကိုင် ရဲအဖွဲ့သားများက ကျောင်းဆောင်ကို ဝိုင်းထားကြောင်း တွေ့ရ၏။

အရေးထဲတွင် မောင်ရှိန်ကဘယ်ကပေါ်လာသည်မသိ။

သူသည် သွားတိုက်ရင်းဖြစ်သဖြင့် အမြှုပ် ဖြူဖြူစီသော ပါးစပ်နှင့်အော်၏။

"တပ်တောင်တာငိုလ်ထုနဲ့ လူစုလို့လဲ ဝိုင်းမိပါရောလား မိမိရဲ့၊ တောင်တော....ရှိမြောဇ်–ဟိုချောင်အရောက် ကြောက်ကြောက်နဲ့ဘဲ ပြေးကြစို့ရဲ့....၊ မနက်ကလဲမိုးလင်း....ဟိုဒင်း ကလဲတင်းသမို့....ဟိုချောင် အရောက်မှာမှ ရှူရှူလေးပေါက်ကြရအောင် မမိရယ်....၊ တိမ့်ဘူနဲ့လမျောင့်...."

မောင်ရှိန်သည် သူ့အဆိုသူ့ဆိုင်းနှင့် မဆီမဆိုင်ဝန်က ဆပြီး ရေချိုးခန်းများနှင့် အိမ်သာတို့ဘက်ဆီ ကြွသွား၏။

အခန်းအသီးသီးမှ ထွက်ကြည့်နေကြသော ကျောင်းသားများက ထိုအခါ ကြမ့်ရယ်မောပြီး မောင်ရှိန့်နောက် လိုက်ကြလေသတည်း။ ။

# အခန်း-၂၂

## ကြေးငွေ ဂဟေမစပ်လေ

သီတင်းကျွတ် ကျောင်းပိတ်ရက် ဆိုက်ရောက် လာသော အချိန်၌ ပြည်မြို့ကို အစိုးရတပ်များက ပြန်လည်သိမ်းပိုက်ပြီးစ ဖြစ်သေးသောကြောင့် ရန်ကုန်နှင့်ပြည် ပြန်လည်အဆက်အသွယ် ရလာ၏၊ အဆက်အသွယ် ရလာသည်ဆိုရသော်လည်း မော်တော်ကားလမ်းအားဖြင့်သာဖြစ်၏။

အချိန်မှန် ပြေးဆွဲသော ဘတ်(စ်)ကားများ မရှိသောကြောင့် ပြည်ခရိုင်မှကျောင်းသူကျောင်းသားများသည် ရသမျှကားတို့ကို တောင်းသမျှဈေးပေး၍ စီးလုံးငှားပြန်ကြရသည်၊ အချိုးကျအားဖြင့် ကျောင်းသားတဦးလျှင်ကားခငွေသုံးဆယ် ထည့်ဝင်ရသည်။

ပိုးပုဆိုးနှစ်ထည်နှင့် သက္ကလပ်တိုက်ပုံတထည်ကို လတ္တာလမ်းအပေါင်ဆိုင်၌ တရားအားထုတ်စေရစ်ပြီး သက်ခိုင်သည် လမ်းစရိတ်ရရှိခဲ့၏။

ရန်ကုန်မှသည် ပြည်အရောက် လမ်းတလျှောက်၌ပြည်တွင်း သောင်းကျန်းမှု၏ရလဒ်ဖြစ်သော အနိဋ္ဌာရုံမျိုးစုံကို ကြုံကြရသည်။

အစိုးရအာဏာသည် မော်တော်ကားလမ်းပေါ်၌သာတည် နေသည်၊ ကား လမ်း ဝဲယာရှိရွာများတွင် သောင်းကျန်းသူ များသာကြီးစိုးနေလေသေးရကား အထိတ်တလန့်နှင့်ခရီးသွား ကြရသည်။



မြို့ငယ်မြို့ကြီးများဝင်တိုင်း လဲဗျိုးခေါ် စစ်ဝန်ထမ်းတပ်သားများ၏ အစစ်အဆေးကိုခံကြရသည်၊ စစ်ဝန်ထမ်း တပ်သားများကား အရေးပေါ် ဖွဲ့စည်းထားသော တပ်သားများဖြစ်ကြသောကြောင့် စစ်ဝတ်စုံလည်းမပြည့်စုံ၊ ရိက္ခာလည်းမလုံလောက်၊ လက်နက်ပစ္စည်းလည်းမကောင်းလှ၊ အဆိုးဆုံးကား စစ်စည်းကမ်းဟူ၍ လုံးဝမရှိခြင်းပေတည်း။

မြို့အဝင် ဂိတ်တခုရောက်တိုင်း ကားရပ်ပေးရသည်၊ စစ်ဝန်ထမ်းတပ်သားများက ကားပေါ်တက်၍ အော်ဟစ်ငေါက်ငန်းပြီး သေတ္တာများကိုဖွင့်လှစ်ရှာဖွေနေချိန်တွင် ဒရိုင်ဘာများက ဗိုလ်လုပ်သူထံသွား၍ ဂိတ်ကြေးပေးကြရသည်၊ ဂိတ်ကြေးကို မကျေနပ်လျှင် လွှတ်မပေးဘဲ အကြောင်းရှာလျက် ကားများကိုဆိုင်းထားတတ်သည်၊ အပြောမတတ်- အဖြေမတတ်သော ဒရိုင်ဘာများနှင့်ခရီးသည်များ အရိုက်ခံကြရသည်။

သက်ခိုင်တို့စီးလာသောကားများ၏ဘေးတွင် “နေရပ်ပြန် တက္ကသိုလ် ကျောင်းသားများ” ဟူသော စာတမ်းပါသဖြင့် အခြားကားများနှင့်စာသော် အတော်အတန် သက်သာရသည်၊ အငေါက်အငန်းအဆဲအဆိုခံရခြင်းမှမှလွတ်၊ ကျောင်းသားချည်းများ သက်သက်သာဆိုလျှင် လမ်းတွင် ဘာဖြစ်ကြမည်မသိ၊ ကျောင်းသူများ ပါလာကြသောကြောင့် တတ်နိုင်သမျှသည်းခံကြရသည်၊ ပေါင်းတည်မြို့သို့ပြန်သော တက္ကသိုလ်မြန်မာစာဌာနမှ ကျောင်းသားကျောင်းသူတို့၏ အချစ်တော် ဆရာဦးလှရွှေကလည်းပါလာသောကြောင့် ထိန်းသိမ်းကွပ်ကဲမှုလည်း စံနစ်တကျရှိနေ၏။

ဂိတ်တခု၌ ကားရပ်ထားရစဉ် သက်ခိုင်နှင့် ယှဉ်တွဲစီးလာသော ယုမောင်က သက်ခိုင်၏နားနားကပ်ကာ တိုးတိုးပြော၏။

"မြင်လားကွသက်ခိုင်၊ အစိုးရတပ်သားတွေ ရမ်းကားဒါ"

"အစိုးရတပ်သားတွေလို့တော့ သိမ်းကျုံးမပြောနဲ့ ယုမောင်၊ အစိုးရတပ်သားအမျိုးမျိုးရှိတယ်၊ ဒီငတိတွေကတော့ အာဏာရပါတီရဲ့ ခါးပိုက်ဆောင် တပ်သားတွေလိုလိုပါဘဲ၊ ဗမာ့တပ်မတော်သားတွေ မဟုတ်ဘူး၊ လဲဗျိုးဆိုတဲ့ ကောင်တွေက မင်းတို့ ရဲဘော်ဖြူ တို့၊ ကွန်မြူ နစ် တပ် နီ တို့ နဲ့ မအေ့လင် အဖေချင်းသာကွာဒါ၊ စရိုက်ချင်းကတော့ အတူတူဘဲ...."

ယုမောင်သည် မကျေနပ်ဟန်နှင့် စွတ်စွဲသည်။

"မင်းက... မင်းအဖေကဗမာ့တပ်မတော်ကဗိုလ်မှူးဖြစ်ထာနဲ့ မင့်တပ်ကို မင်းကာကွယ် ပြောနေဒါ၊ အစိုးရ တပ်ဆို.... အစိုးရတပ်ပေါ့ကွ....ရှီး...."

"မင်းနားမလည်သေးပါဘူး ယုမောင်၊ ယူနီဖောင်းဝတ်ပြီးသေနတ်ကိုင်ထားတိုင်း မင်းက အစိုးရတပ်ချင်းအတူတူဘဲလို့ ထင်နေတယ်၊ ဘားမားအားမီးလို့ ခေါ်တဲ့ဗမာ့ တပ်မတော်ဟာ....အခုအချိန်အထိ....သောင်းကျန်းမှု နှိမ်နင်းရေးထဲ ခြေစုံဖစ်ဝင် မလာသေးဘူး၊ သောင်းကျန်းမှု နှိမ်နင်း ရေးဟာ.... အခြေခံအားဖြင့်ရဲအလုပ်၊ စစ်ရဲအလုပ်၊ အေး... တပ်မတော်ကကိုယ်ထိလက်ရောက်ဝင်လာချိန်ကျရင်တော့....မင်းတို့ သောင်းကျန်းသူတွေ ကောင်းကောင်း နှာခေါင်းကျည်ပွေ့တွေ့မှာဘဲ"

"မင်းကာအပြောသိပ်ကြီးဒါဘဲ၊ အေးလေ....စောင့်ကြည့်ကြရသေးဒါပေါ့..."



"အေး....ဟုတ်တယ်၊ စောင့်ကြည့်ကြရ သေးဒါပေါ့...."

ကားများဆက်ထွက်လာခဲ့ကြ၏။

တိုက်ပွဲဖြစ်၍ မီးလောင်ပြာကျနေသော ရွာငယ် များကိုတွေ့ရ၏၊ မီးကျွမ်းနေသော ထရပ်ကား များ၊ ဘေးကာတွင် ကျည်ဆံပေါက်များနှင့် တုံးလုံး ပက်လက် လမ်းဘေး ထိုးကျ ပျက်စီးနေသော ဘတ်(စ်)ကား များကိုသာမက အခွံချည်း ကျန်သော အမ်းမဒ်ကားများကိုပါ တွေ့ရ၏၊ တံတားအများ ကျိုးပျက်နေရာ တံတားသေး တံတားသိမ် များသာမက အင်္ဂရိတ်တံတားကြီး များပင်လျှင် ချောင်းတွင်းသို့ ဇောက်ထိုး မိုးမျှော်ကျကာ ပျက်စီးချင်တိုင်းပျက်စီးနေ၏၊ ပျက်စီးနေလေသမျှသည် ပြည်သူ့ ချွေးနည်းစာဖြင့်ဖန်တီး ရယူထားသည့် ပစ္စည်းများချည်းဖြစ်ကြ၏၊ ဖျက်ဆီး သူများကား....ပြည်သူကိုချစ်လှပါသည်ဟု ဆိုကြသူများချည်း ဖြစ်နေကြ၏၊ "နင်တို့ချစ်ထာ....ငါတို့ကြောက်လှပါဘီ" ဟု ပြည်သူတို့သည် ထ အော်ရန် သာရှိတော့၏။

သို့ရာတွင်ပြည်သူတို့က ထမအော်သေး၊ အော်ရကောင်းမှန်းလည်း သိဟန်မတူကြ၊ သူတို့က သူတို့အလုပ်နှင့် သူတို့များနေဟန်ရှိသည်။

ရန်ကုန်မှထွက်ပြီး မှော်ဘီကို ကျော်၍ ပေါင်းတည် လွန်သည်အထိ အနှံ့ဦးကိုပေးမည့် မှုံးမှုံးသည့် စပါးပင်များကား လယ်ကွင်းတို့၌ စိမ်းလန်းစွာရှိနေကြ၏၊ ကာလပျက် အတွင်း၌ဖြစ်သော်လည်း လှယ်တော၌ လယ်သမားများကိုမူ မြင်တွေ့ရသည်။

သူတို့အတွက်မူ တိုင်းပြည်ဘာဖြစ်နေသည် တိုင်စေ....လယ်တောကို မစွန့်နိုင်ကြ၊ စွန့်၍လည်းမဖြစ်၊ သူတို့သာလယ်တောကိုစွန့်ခဲ့သော်....ဘယ်သူမျှလည်း ဘာကိုမျှဖြစ်အောင် လုပ်နိုင်ကြမည်မဟုတ်၊ သောင်းကျန်းသူ တို့သည်၎င်း၊ အစိုးရ သည်၎င်း....ဘယ်သူမျှ ဘာကိုမျှဖြစ်အောင် လုပ်နိုင်ကြမည်မဟုတ်၊ လုပ်ချင်သူတို့ လုပ်ချင်ရာလုပ်နိုင်အောင် ကာလပျက် အတွင်း၌ပင် လယ်သမားတို့သည် လယ်တော၌ ဆင်းနေ ကြရရှာ၏။

ပေါင်းတည်နှင့် နတ္တလင်း ကြား၌ရှိ ဖိုးသာအောင်ကုန်း တဲတားကြီးကားမရှုမလှကျိုးပျက်ကျနေသည်၊ လူများရော ကားများပါ ကူးတို့နှင့် ကူးကြရ၏။

ဖိုးသာအောင်ကုန်း ချောင်းကမ္ဘားကို ခွာ၍ ဆားသည် ဆက်ထွက်လာသောအခါ ကားပေါ်ရှိ ကျောင်းသူ ကျောင်းသားတိုင်း ပျော်ကြသည်၊ အကြောင်း ကား....ဖိုးသာအောင်ကုန်းချောင်းသည် ပြည်ခရိုင်နှင့် သာယာဝတီ ခရိုင် နှစ်ခုကိုခြားနားထားသော သဘာဝ နယ်မိနိတ် မျဉ်းကြောင်းဖြစ်၏။ ဖိုးသာအောင်ကုန်းချောင်း ကို ကူးမိသည် ခဏ၌ ပြည်ခရိုင်အတွင်းသို့ ရောက်၏၊ ထိုကြောင့် လည်း....ကျောင်း သားကျောင်းသူများက ပျော်ကြသည်၊ ကိုယ့်ခရိုင်....ကိုယ့် နယ် ကိုယ့်မြေဆီ ပြန်ရောက်ကြပြီမဟုတ်တုံလော....။

ယုမောင်က သူ့မင်ဒိုလင်ကို ယူကာ ဆို၏။

"သက်ခိုင်ရေ...မင့်တယောလဲ ထုတ်ကွာ၊ ဒို့ ပျော်ပျော်ပါးပါး သီချင်းဆိုကြရအောင်...."

သက်ခိုင်ကခေါင်းခါသောကြောင့် ယုမောင်ကမေး၏။



"မင်းကပျော်ပျော်ပါးပါး မတီးမှုတ် ချင်ဘူးလား၊ ဘာလဲ....မင်းက....မင့် မမနွယ်ကို လွမ်းနေတာ လား...."

သက်ခိုင်သည် လက်ကာနဲ့ မီးလျှံ တချက်ဝင်းသော မျက်လုံးများနှင့် ယုမောင်ကိုကြည့်သည်။

"မင်းပါးစပ်ကို ထိန်းပါ ယုမောင်၊ မင်းစိတ်ကို မထိန်း နိုင်လို့....ယုအတွက် ကိစ္စတွေပေါ်ဝုံးက....ဒို့ ကံကောင်းလို့....သူငယ်ချင်းဘဝ မပျက်ခဲ့ရတယ်၊ အခုမင်းက ပါးစပ် မထိန်းနိုင်ဘဲ....ငါ့ကို မမနွယ်နဲ့ စ,ပြန်ဘီလား၊ မစ,ပါနဲ့ သူငယ်ချင်း၊ သူငယ်ချင်းချင်း မုန်းကုန်ရရင် မကောင်း ပါဘူး...."

ယုမောင်သည်သက်ခိုင်ကို စေ့စေ့ ပြန်ကြည့်သည်၊ ပထမ၌မူ သူ့မျက်လုံးများ၌ ဒေါသပါ၏၊ ခဏ၌မူပြန်လည် ပျော့ပျောင်းသွား၏။

"အေးပါကွာ....ငါမှားပါတယ်၊ ဒါထက် မင်းက ဘာလို့ တယောမတီးချင်ရ ဒါလဲ...."

"ဘာလို့မတီးချင်လဲဆိုတော့....ထွန်းငွေ ပြောတဲ့ အတိုင်းဘဲ၊ ရောမမြို့ကြီးမီးလောင်နေတုံး....စောင်းတီး သီချင်းဆိုရင် မင်းတို့ငါတို့ဟာ....ကေရာဇ်ဘုရင် နီရိုးလို....အရူးတွေ ဖြစ်သွားကြမှာပေါ့...."

ယုမောင်သည် ခေတ္တငိုင်သွား၏၊ ထိုနောက်မှ ပြုံး ရယ်ရင်း ဆဲ၍ပြော၏။

"ရှီး....ငါက တီးကြမှုတ်ကြ ဆိုကြဘို့ ရိုးရိုးပြောဒါ၊ မင်းက အဘိဓမ္မာတွေ ပြောနေပြန်ပါဘီ၊ မင်း ဘာဆိုလိုနေဒါလဲ...."

သက်ခိုင်က ကားပြတင်းမှ လှမ်းမြင်ရသော စိမ်းစိုသည့် ပေါင်းတည်နယ်၏ လယ်ကွင်းများကို ညွှန်ပြသည်။

"ငါဘာမှ မတီးချင်၊ မမှုတ်ချင်၊ မဆို ချင်ဘူး ယုမောင်။ ဟောဒီလယ်ကွင်းတွေကိုကြည့်ပြီး ကဗျာတပုဒ်တော့ စပ်ကြည့်ချင်တယ်...."

"ဘာရယ်....ကဗျာတပုဒ် စပ်ကြည့်ချင်တယ်၊ ဟုတ်လား"

"အေး....ဟုတ်တယ်၊ သူပုန်တွေလဲ လုပ်ချင်ဒါ လုပ်လေ၊ အစိုးရကလဲ လုပ်ချင်ဒါလုပ်၊ ဒါပေမဲ့....လယ်သမား တွေကတော့... လယ်ကိုစိုက်မှာဘဲ၊ သူတို့မစိုက်ရင်တော့ လောကကြီးဟာ ဆိတ်သုဉ်းသွားမှာဘဲ၊ ဒါပေမဲ့....သူတို့ကတော့ မစိုက်ဘဲမနေပါဘူး၊ လောကကြီးလဲ ဘယ်တော့မှ မဆိတ် သုဉ်းပါဘူး၊ ယုမောင်မင်း....သောမတ်(စ်)ဟာဒီ ရဲ့ "မျိုးပျက်ချိန်ဝယ်...." ဆိုတဲ့ကဗျာကို မှတ်မိလား"

"အေး....မှတ်မိတယ်ကွ၊ ဘာဖြစ်လို့တုန်း"

"အဲဒီကဗျာကို မြန်မာလိုပြန်ကြည့်မယ်လို့ ငါစိတ်ကူးမိခဲ့တယ်၊ မပြန်ဖြစ်ခဲ့ဘူး၊ အခုခရီးသွားရင်း ဉာဏ်ပွင့်ပြီးစိတ်ထဲမှာစပ်လာမိခဲ့တယ်၊ အစအဆုံးတော့မဟုတ်ဘူးကွာ၊ နောက်ဆုံးပိုဒ်ဘဲ၊ မင်းနားထောင်ကြည့်"

သက်ခိုင်က ခေတ္တနားကာ စဉ်းစားပြီးနောက် ဖြေးဖြေးအေးအေးရွတ်ပြသည်။

"ပလ္လင်နန်းမြို့၊ ရာထီးဆိုင်တို့၊ မခိုင်ပျက်ယွင်း၊နိစ္စကင်း၏....။

မော်ကွန်းဝဲ့လိုင်း၊ စစ်သမိုင်းလည်း၊ မှုန်မှိုင်း ညနှယ်ပျောက်၍ကွယ်လိမ့်....။



မြင်းအိုသခင်၊ လယ်ကြီးရှင်နှင့်၊ လယ်ပြင်မီးခိုး၊လယ်မျိုးလုံမ၊ လုလင်လှ၏၊ သာစွဂုဏ်ပေါင်း၊ လူ့ဇာတ်ကြောင်းသည်၊ မဟောင်းကမ္ဘာကုန်ကျယ်ဆက်လိမ့်တည်း...."

ကဗျာအဆုံး၌ ယုမောင်ကလေးလေးနက်နက် မှတ်ချက်ချသည်။

"မင်း....အဲဒီကဗျာကိုဆုံးအောင်စပ်ပြီး "ရှုမဝ"ကို ပို့ဘို့ကောင်းတယ်၊ ပြီးတော့....မင်းလဲ ဘိုင်အိုမယ်ယူဘဲ အာတ်(စ်) (ဝိဇ္ဇာပညာ)ဘက် ပြောင်းဘို့ကောင်းတယ်"

သက်ခိုင်သည် ဘာမျှပြန်မဖြေတော့ဘဲ လယ်ကွင်းများကိုငေးကြည့်လိုက်ပါလာခဲ့၏။

ယုမောင်က မင်ဒိုလင်တီး၏၊ တီးရင်းလည်း ဆိုသည်။

သူဆိုတီးသည်မှာ "စိန်ချယ်ခြူးသန်း" ပတ်ပျိုးကို ခါးလယ်မှဖြတ်ထားသည့် "ရေနှယ်သာဉီး"ဖြစ်၏။

"ရေနှယ်သာဉီး၊ ခြူးစိန်နွဲ့လျှံ၊ ဟေမန်-ထွေဟန်၊လေပြန်လောင်း၊ ရွှေလျှံမောင်းလို့၊ ဒေါင်းယာဉ်သာ၊ ဂေါ်ရာစကြာ၊ရွှန်းလုဖလ်မင်း၊ ဂေါ်ရာစကြာ၊ ရွှန်းလုဖလ်မင်း++"

\+ \+ \+

ယမုံသီတာ ရေလမ်း၏ရေနံ့သာဉီးမှ လှမ်းဘွယ်သောပြည့်မြို့သည် ထူးခြားလှသောမြို့ဖြစ်၏။

ရေဝတီမြစ်၏ ဟိုဘက်ကမ်း၌ တောင်ဘက်ဝယ် တန့်ကြည့်တောင်၊မြောက်အစွန်းတွင် ဖိုးဦးတောင်တို့အမှုးပြုသောတောင်တန်းတို့က ခန့်ညားတင့်တယ်လှ၏၊ လေးဆူမာတ်ရဲ ရွှေဆံတော်

ကုန်းမြတ်မှသည် မင်းကြီးတောင်၊ ကြက်တင်းတောင်၊ အင်ကြင်းမြောင်၊ နိဗ္ဗိန္ဒဟူ၍ သည်မှာဘက်ကမ်း၌လည်း တောင်တို့ဝိုင်း၍ တောက္ကုကလည်းမှိုင်းလေသည်။

မြန်မာပြည်ထောင်စုသမိုင်းကို ယဉ်ကျေးမှုရှုထောင့်မှပြောလျှင် အသရေမချို့သည့် ခေတ္တရာပြည်မြို့မှ စပြောကြရပေမည်။

ဆောက်တည်ခြင်းကို "အယဉ်"၊ ဖျက်ဆီးခြင်းကို "အရိုင်း" ဟု သတ်မှတ်သမုတ်ကြလျှင်- အယဉ်နှင့်အရိုင်း ဇာတ်လမ်းကို ပြည်မြို့သည် အဟုတ်တကယ်ပြောပြနိုင်လေ၏။

သရေခေတ္တရာ ပျက်လေပြီးသည်တိုင်အောင် ပြည်မြို့သည် သမိုင်း၌ အသက်ရှည်လှသည်၊ အယဉ်နှင့် အရိုင်းကြားတွင် ထာဝစဉ် ရုန်းကန်နေခဲ့ရသည်၊ ပိုလန်ပြည်မှ ဝါဆောမြို့ကဲ့သို့ပင် ပြည်မြို့သည် သမိုင်းတလျှောက်၌ စစ်ကြီးအဖုံဖုံကို တွေ့ကြုံ မြင်တွေ့ ခံစားခဲ့ရသည်၊ စစ်ကြီးတို့သည်သာ ပျောက်လွင့်မေးမှိန်ကုန်သည်၊ ပြည်မြို့သည် မူ ယမုန်သီတာရေလမ်း၏ ရေနံ့သာဦးတွင် ထူးမြဲထူးလျက်.... တည်မြဲတည်လျက်....ဆက်ရှိနေသည်။

နှစ်ဆယ်ရာစုနှစ်၏ အရိုင်းဆုံးသောဒုတိယကမ္ဘာစစ် အတွင်း၌ပြည်မြို့သည် အာရှတိုက်တွင်အဆိုးဆုံးသောစစ်၏ဒဏ်ကို ခံစားခဲ့ရသောမြို့ဖြစ်၏၊ သို့ရာတွင် ပြည်မြို့သည်မသေ....၊ ဖက်ဆစ်ဂျပန်တို့ အရေမ်းဆုံးအချိန်....၊ နယ်ချဲ့လိပ်ကန်တို့၏ ဗုံးဒဏ် အကြမ်းဆုံးအချိန်၌ပင်....ပြည်မြို့သည်မသေ....၊ သိင်္ဂရောင်ဝင်း သောဆံတော်ရှင်၏ ခြေတော်ရင်း၌.... ပြည်မြို့သည် ထာဝစဉ် အသက်ရှင်လျက်ရှိခဲ့သည်။



တိုက်မြို့တိုက်ပျက် အုတ်ပုံအုတ်ဆွေးတို့ကြားမှ ပြည်မြို့သစ်သည် အစဉ်ထကြွရှင်သန်လာ၏၊ အာရေဗျ ပုံပြင်များတွင် "ဖီးနစ်(စ်)"ခေါ်သောငှက်တမျိုးကိုဖော်ပြကြ၏၊ ဖီးနစ်(စ်)ငှက်သည်အိုမင်းသောအခါ၌ အလိုလိုပြာကျသွားသည်၊ထိုပြာ၌အသက်ဝင်ကာ နုပျိုသော ဖီးနစ်(စ်) ငှက်သည် ရှင်ပြန်ထမြောက်လာလေသည်ဟုဆို၏၊ ဖီးနစ်(စ်)ငှက်သည်သေခြင်းမရှိသောငှက်ပေတည်း၊ ပြည်မြို့သည်လည်း သေခြင်းမရှိသောမြို့ပင်တည်း၊အီတာနဲ(လ်)စီးတီး(ထာဝရမြို့တော်) ဟု ခေါ်သောရောမမြို့ကဲ့သို့ပင်ပြည်မြို့သည် "ကမ္ဘာကုန်ကျယ်သရွေ့" တည်နေမည့်မြို့ပေပင်တည်း။ ။

တနည်းအားဖြင့်....သက်ခိုင်၏ကြီးပြင်းရာ ထာဝစဉ် "စိမ်းနေဦးမည့် ကျွန်တော့်မြေ" ပင်တည်း။

ပြည်မြို့သို့ ပြန်ရောက်သောအခါ သက်ခိုင်သည် ပျော်ရွှင်မိ၏။

ပြည်အထက်....အာလံ၊သရက်တို့၌ရင်း၊ပြည်ခရိုင်၏ အစွန်အနားတို့၌ရင်း၊ရောင်စုံသူပုန်မျိုးစုံရှိနေကြ၏၊ သူတို့သည်အခွင့်ရတိုင်းမြို့ငယ်၊ရွာငယ်များကို ဝင်စီးကြသည်၊ ဝင်လုကြသည်၊ ဝင်ပစ်ကြသည်။

ပြည်မြို့သည်မူ စည်ကားမြဲ စည်ကားနေ၏၊ အထူးသဖြင့် ရွှေဆံတော်ခြေရင်းရှိ ဆံတော်ဈေးမှာ အစည်ကားဆုံး ဖြစ်ပေ၏။

ဆံတော်ဈေးသည်ကားဂိတ်ကြီးလည်းဖြစ်၏၊ဆံတော်ဈေးကားဂိတ်မှ....ပေါင်းတလည်၊ ပေါက်ခေါင်းသို့ ကားများပြေး

ဆွဲကြ၏၊ဝက်ထီးကန် သို့လည်း ပြေးဆွဲကြ၏၊အာလံ၊ တောင်တွင်း၊မကွေးတို့သို့လည်း အဝေးပြေးကားများ ပြေးဆွဲကြ၏။

သက်ခိုင်၏အမေ ဒေါ်သက်သက်၏ ထမင်းဆိုင် သည် ဆံတော်ဂါတ်(ရဲဌာန)ကိုကျောပြုလျက်ဆံတော်စျေး၌ရှိ၏။

ထမင်းဆိုင်သည်မကြီးမငယ်ဖြစ်၏၊ထမင်းဆိုင်၌ သက်သက်သည်ထမင်းသာမက....“တမယ်ဟင်း”ဟုခေါ်သော မုန့်ဟင်းခါးလည်းရောင်းသည်။

ဆိုင်၌ဒန်အိုးဒန်ခွက်များက သစ်လွင်သည်၊ မုန့်ဟင်းခါး၊ အကြော်၊အမဲကြော်၊ ငါးကြော် တို့မှစ၍ နံနံပင်၊ ကြက်သွန်ကွင်း၊ သံပုရာသီး၊ငရုတ်သီးမှုန့်ခွက်တို့အားလုံးကို ယင်ကောင်မနားနိုင်ရန် သံစကာအုပ်စီမံထားသည်။

ဆိုင်၌သက်သက်အပြင် အကူရောင်းသမ မိန်းကလေးတဦးနှင့်ယောကျ်ားလေးတဦးရှိသည်။

ကျောင်းပိတ်ရက်အတွင်း ပြန်ရောက်နေစဉ် သက်ခိုင်ကလည်းဆိုင်၌ကူရောင်း၏၊နံနက်စောစော၌စိတ်ရှိသမျှသက်သက်ချက်ထားသော တမယ်ဟင်းအိုးကို ဖွင့်လိုက်သဖြင့် ရသောဟင်းနံ့သည် သက်ခိုင်အတွက် ဤလောကတွင်အမွှေးကြိုင်ဆုံးသောယနံ့တခုပေတည်း။

တက္ကသိုလ်ကျောင်းသားဖြစ်သူ သားကိုယ်တိုင် ရောင်းနေသည်ဆိုပြန်သောအခါ....သက်သက်၏ဆိုင်သည် ပိုမိုလူစည်လာပြန်၏၊လူစည်သော်ငွေစည်၏၊ငွေစည်သော်....သက်သက်၏ အပြုံးသည်မစဲတော့၊ သက်သက်၏ အပြုံးမစဲသော်....သက်ခိုင်အတိုင်းမသိဝမ်းသာရသည်တည်း။



အမှန်မှာ....ရေနံချောင်းဘေးမဲ့ချောင်းဘေး၌ရောင်းခဲ့ကြရသောဘဝနှင့် စာလျှင်....သက်ခိုင် အတွက်ရော.... သက်သက်အတွက်ပါ....များစွာတိုးတက်၍အဆင်ပြေနေသည်။

သက်ခိုင်တို့သည် ရွာဘဲ(ရဘဲ)ရပ်၌ အိမ်ရှိသည်၊ ဦးလေးကိုစိုးမြိုင်၏အိမ်ဖြစ်သည်၊မူလကငှားနေသောအိမ်သာဖြစ်သော်လည်း ယခုအခါ အပိုင်ဖြစ်နေချေပြီ၊ကျောင်းဆရာ ဖြစ်သောဦးလေးကိုစိုးမြိုင်အနေနှင့် အိမ်ပိုင်ရန်မှာ စိတ်ကူးထည့်စံ့သည်မဟုတ်၊ သက်သက်၏ ဈေးရောင်းစွမ်းကြောင့် ရသောအိမ်ဖြစ်၏။

တခါတရံသက်ခိုင်ရယ်မိ၏၊ ဤသို့ဆိုင်ပိုင်၊ အိမ်ပိုင်နှင့်ဖြစ်နေသည်ကိုမြင်သောအခါ ထွန်းငွေကဲ့သို့သော တက္ကသိုလ်မှလက်ဝဲကျောင်းသားများက မိမိကို....ဓနရှင်ပေါက်စ လူဘန်းစားဟုဘွဲ့ပေးမည်လော မပြောတတ်၊ ပြောချင်လည်း ရယ်ရမည်သာတည်း၊သူတို့သည် မူမတူလျှင် လူကိုမကြည့်ဘဲ စာအုပ်လှန်၍ဘွဲ့ပေးရန် ကြိုးကုတ်အလုပ်ရှာသူများသာဖြစ်သတည်း၊ သမိုင်းအစဉ်ကို မသိလျှင် စာအုပ်လှန်၍ မာတိကာအစဉ် အတိုင်းသရုပ်ခွဲ၍ အနက်ဖော်သူများသာ ဖြစ်ကြလေသတည်း။

သာယာသော သီတင်းကျွတ်လ၏ပြည်မြို့တွင်သက်ခိုင်သည် မေမေသက်သက်၏ဆိုင်၌ ဈေးကူရောင်းပေးရင်း ပျော်ရွှင်စွာအချိန်ကုန်ခဲ့၏။

သက်ခိုင်၌ အပြစ်တခုသာရှိသည်၊ ထိုအပြစ်ကား.... မေမေသက်သက်ကို....မမနွယ်အကြောင်းယောင်၍မှ စကားစပ်မပြောခဲ့ခြင်းပင်ဖြစ်သည်၊ စပ်ပြော၍မဖြစ်ကြောင်းကိုလည်း သက်ခိုင်သာအသိဆုံးဖြစ်၏။

သီတင်းကျွတ် ကျောင်းပိတ်ရက် ကုန်ခါနီး၌ ရန်ကုန်ပြန် လက်ဆောင်အဖြစ် သက်ခိုင်က ပြည်မြို့ထွက် ပစ္စည်းများကို စုဆောင်း၏။

ပြည်၏တောတောင်တို့မှ ထွက်သော ပျားရည်သည် ချိုလည်းချိုသည်၊ သင်းလည်းသင်းသည်၊ စစ်လည်း စစ်သဖြင့် ဆေးဘက်လည်းဝင်၏၊ ပြည်၌သာထွက်သော လဘက်တမျိုးသည်ဆိမ့်လည်းဆိမ့်၏၊ နူးလည်း နူးညံ့သည်၊ ရင်လည်းမခါး နှလုံးလည်းမတုန်၊ မျက်စေ့လည်း မကြောင်၊ သဖန်းသီးနှင့်တူသော ကတွတ်သီးယိုသည်လည်း ပြည်၏ ထူးကဲသော လက်ဆောင်ကောင်းတခုဖြစ်၏။

သက်ခိုင် ရန်ကုန်သို့မပြန်မီတည၌ ဤလက်ဆောင်ပစ္စည်းများကိုကြည့်ကာ သက်သက်ကမေး၏။

"သားက....ဒီလက်ဆောင်တွေ အပင်ပန်းခံစုပြီး ဘယ်သူ့ပေးမလို့လဲ...."

သက်ခိုင်သည် မိခင်၏ မျက်နှာကို ရှက်ပြုံး ပြုံးကြည့်သည်။

"ဒီလိုဘဲ....ပေးစရာတွေရှိလို့ပေါ့ မေမေရယ်...."

သက်သက်သည် ကြည်လင်ချိုသာစွာရယ်၏။

"ပေးစရာရှိရင်လဲ ပေးပေါ့သားရယ်၊ တခုတော့ မေမေပြောမယ်နော်၊ အပေးကြီးဘဲလဲ မလုပ်နဲ့၊ အယူကြီးဘဲလဲ မလုပ်နဲ့၊ အပေးအယူဆိုဒါရှိရတယ်၊အပေးအယူမျှတို့ကလဲ....ဘဝချင်းတူမှဖြစ်ကြဒါ၊ သားအခုလက်ဆောင်တွေသွားပေးမဲ့သူဟာ မိန်းကလေးတဦးဖြစ်နေရင်....မေမေ့စကားကို သားကောင်းကောင်းမှတ်သွား၊ မေမေစာတွေထဲမှာ ဖတ်ဖူးတယ်၊



သားတို့တက္ကသိုလ်က မိန်းမတွေဆိုဒါဟာ....အယူသာရှိတယ်၊ အပေးမရှိဘူးတဲ့....၊မေမေတော့မသိဘူးနော်....၊မေမေ မှားချင်မှားနေလိမ့်မယ်၊သားက မေမေ့ထက် ပညာတတ်ထာဘဲ....၊ အစစအရာရာ သတိထားပေါ့သားရယ်...."

သက်သက်သည် စကားကိုခေတ္တရပ်လိုက်ပြီးမှ တစုံတခုကို သတိရဟန် ဆက်၍ဆို၏။

"သားငယ်ငယ်က....မေမေပြောဘူးတယ်၊ လောကမှာ....စူဠသုဘဒ္ဒါတွေလဲရှိတယ်၊မဟာသုဘဒ္ဒါတွေလဲရှိတယ်၊ မဟာသုဘဒ္ဒါနဲ့သာတွေ့ပါစေလို့ မေမေဆုတောင်းတယ်...."

သက်ခိုင်သည် ခေါင်းကျိုးကာရှတ်တရက်အဖြေမပေးနိုင်၊ အတန်ကြာမှ မိခင်ကိုဦးချရှိခိုးပြီးဆို၏။

"မေမေ့ဆုတောင်းနဲ့ ကျွန်တော် ပြည့်ပါရစေ....၊ ဘဝဆက်တိုင်းဆက်တိုင်း မဟာသုဘဒ္ဒါနဲ့ဘဲ ကျွန်တော် တွေ့ပါရစေမေမေ...."

သက်သက်သည် သားသက်ခိုင်၏ ဆံပင်များကို ပွတ်ကာ ရယ်မော၍ဆို၏။

"မေမေ့ဆုတောင်း သားမှာပြည့်ပါစေကွယ်၊ဒါပေမဲ့....သားဟာ မဟာသုဘဒ္ဒါနဲ့မတွေ့ရင် ဘယ့်နှယ် လုပ်မလဲ...."

သက်ခိုင်သည် ကြေကွဲဝမ်းနည်းစွာပြုံးရင်း မိခင်ကိုအဖြေပေးနေ၏။

"မဟာသုဘဒ္ဒါနဲ့မတွေ့ရင်၊ တွေ့ရက်နဲ့ မဆုံရင်....စူဠသုဘဒ္ဒါကိုတော့ ကျွန်တော် မရှာတော့ပါဘူး မေမေ...."

သက်သက်သည် သား၏ဆံပင်များကိုပွတ်ရင်း မျက်ရည်ဝဲနေ၏၊ ခေါင်းငုံ့ထားသော သက်ခိုင်က မိခင်မမြင်အောင် မျက်ရည်ကျသည်။

အမှန်မှာ(သူ့အထင်နှင့်မူ)မဟာသုဘဒ္ဒါကိုတွေ့ကြုံမြင်ပြီး ဖြစ်နေပါ၏၊ သို့ရာတွင်....သူနှင့် သူ့မဟာသုဘဒ္ဒါတို့ကား.... ရှင်မဟာရဋ္ဌသာရရေးသကဲ့သို့ "ကြေးငွေဂဟေ–မစပ်လေသို့ ပါတကား....။

ကြေးငွေဂဟေ မစပ်လေသို့ပါတကား....။

## အခန်း – ၂၃

## မိုးနတ်ဒေဝီ

သီတင်းကျွတ်ကျောင်းပိတ်ရက်အကုန် နိုဝင်ဘာလဆန်း၌ သက်ခိုင်တို့ တက္ကသိုလ်မြေသို့ ပြန်ရောက်ကြသော အခါတွင် တကောင်းကျောင်းဆောင်ကြီးပြန်ဖွင့်နေပေပြီ။

တကောင်းကျောင်းဆောင်အတွက် သီးသန့်အဆောင်မှူး မခန့်သေး၊ပြည်ကျောင်းဆောင်၏ အဆောင်မှူးဦးကျော်ထွန်း ကပင် ကျောင်းဆောင်နှစ်ဆောင်စလုံးကိုအုပ်ချုပ်ရ၏၊ အစား အသောက်ကို ပြည်ကျောင်းဆောင်မှာပင်ကျွေး၏။

သက်ခိုင်၊ယုမောင်၊ တင်မောင်စိုး၊ အေးဝင်း၊ မောင်ရှိန်တို့ အားလုံးသည် တကောင်း ကျောင်းဆောင်သို့ ပြောင်းခဲ့ကြ သည်။



ပြည်ကျောင်းဆောင်၌ နေစဉ်က အခန်း သီးသန့်မရနိုင် သောကြောင့် သက်ခိုင်သည် ယုမောင်နှင့်တွဲနေရ၏၊အေးဝင်း သည်လည်း တင်မောင်စိုးနှင့် တွဲနေရ၏၊ တကောင်းကျောင်း ဆောင်၌ကား သက်ခိုင်ရော....အေးဝင်းပါ သီးသန့် အခန်း ကိုယ်စီရကြ၏။

သက်ခိုင်သည် ကိုယ့်အခန်းကိုယ် ရှင်းလင်း ပြင်ဆင်ပြီး နောက် ညနေပိုင်းတွင် ရေမိုးချိုး အဝတ်အစားလဲသည်၊ပြည် မှယူခဲ့သောလက်ဆောင်များကို လက်ဆွဲခြင်းတခုတွင် ထည့် ကာ သပ်ယပ်အောင်ပြင်ဆင်နေခိုက် အခန်းဝမှ ခြေသံများ ကြားရ၏၊မရှေးမနှောင်းပင် ပွဲနေ ပွဲတိုင် သွားမည့် အလား ပိုးအပေါ်ဝတ်အင်္ကျီ၊ပိုးလုံချည်ကိုယ်စီဖြင့် မောင်ရှိန်၊တင်မောင် စိုး၊အေးဝင်းနှင့် ယုမောင်တို့ပေါ်လာကြ၏။

မောင်ရှိန်သည် တည်၍မရသော သူ့မျက်နှာ စပ်ဖြဲဖြဲကို တတ်နိုင်သမျှအရိတ်အုပ်ပြီး အလွန်ယဉ်ကျေးစွာမေး၏။

"ကျွန်တော်များ နောက် မကျ သေးဘူး ထင်ပါတယ်.... နော်....အကို...."

တင်မောင်စိုးကလည်း ရှေ့သို့ တက်လာကာ ဦးကလေး ညွတ်ပြီး ဖြည့်စွက်တောင်းပန်သည်။

"တကယ်လို့....တမိနစ်....နှစ်မိနစ်များ နောက် ကျ သွား ရင်လဲ....မလိမ်မိုးမလိမ်မာတွေမို့....တကြိမ်တခါ သည်းခံပြီး.... ခွင့်လွှတ်ပါ....လို့၊နော်....ခင်ဗျ...."

သက်ခိုင်သည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေကြသော ဤသတ္တဝါနှစ်ရှဉ်းကို နားမလည်စွာမော့ကြည့်ပြီးမေး၏။

"နေပါအုံး....မင်းတို့ဘာအရှူးထလာကြဒါလဲ...."

မောင်ရှိန်ကဖြေသည်။

“အရှုံးထလာဒါ မဟုတ်ဘူး....၊အကောင်း ထလာကြဒါ၊ အဝတ်အစားကစကြည့်၊ အကောင်းကြီးဘဲ....ခါးပေါ် အခုမှ ဒုတိယအကြိမ်တင်ရဒါ၊ အိမ်က ပြန်လာစ ငွေရှင်လို့ အငြိမ်းစားပေးထားရာက ရွေးယူလာဒါ၊ မယုံနမ်းကြည့်....အပေါင်ဆိုင်ကပရုပ်နံ့လေးတွေကို သင်းလို့....”

တင်မောင်စိုးက ဖြည့်စွက်ပြန်သည်။

“ဟိုသစ္စ ၊ ဤစကားသည်မှန်၏၊ မယုံနမ်းကြည့်၊ ပရုပ်နံ့လေးတွေကိုသင်း....လို့”

ဤသတ္တဝါနှစ်ကောင်နှင့် ဘက်ပြောနေလျှင်ဆုံးတော့မည် မဟုတ်မှန်း သိသောကြောင့် သက်ခိုင်က စိတ်ပျက်လက်ပျက်နှင့်တောင်းပန်၏။

“ကဲ....ကိုယ့်လူတို့....၊မင်းတို့အဝတ်အစားတွေက ပရုပ်နံ့မကလို့ တရုပ်နံ့ သင်းနေသင်း၊ တော်ကြတော့....ရှုပ်မနေနဲ့၊ ငါသွားစရာရှိသေးတယ်....”

မောင်ရှိန်ကဦးခေါင်းလေးညွှတ်ပြီးဖြေသည်။

“ဟုတ်ပါတယ်၊ သွားစရာ ရှိမှန်းသိလို့....ကျွန်တော်များ အချိန်မီရောက်လာကြပါတယ်၊မဟုတ်ဘူးလားတင်မောင်စိုးရာ ပြောပြလိုက်စမ်းပါအုံး၊ ဒို့နဲနဲလေးနောက်ကျသွားလို့....သူ စိတ်ဆိုးနေတယ်နဲ့တူတယ်”

“အေးလေ....ဒါကြောင့်လဲပညာရှိ ပီပီပြေးကြည့်မှမြင်လို့ ငါတောင်းပန်ပီးပါရောလား၊ နဲနဲလေး နောက်ကျ သွားဒါကို ခွင့်လွှတ်ပါလို့၊ ဟော့ကောင်သက်ခိုင်၊ ဒါလောက်ကလေးနဲ့



တော့ သူငယ်ချင်းချင်း စိတ်မကောက်နဲ့ကွာ၊သူငယ်ချင်းချင်း စိတ်ကောက်ရင်....ယုမောင်လိုဘဲ ရိုးစားဦးနဲ့ လွဲတတ်တယ်”

နောက်မှနေသော ယုမောင်က တင်မောင်စိုး၏ ဇက်ပိုးကို အုပ်၏။

“ငါကဘယ်ရီးစားဦးနဲ့လွဲရသေးလို့လဲ၊ မင်းနှမနဲ့လား”

“ဟင်အင်း....အဲဒါတော့မဖြစ်နိုင်ဘူး၊ငါ့နှမကချောပေမဲ့....အခုမှ ဆယ့်နှစ်နှစ်သမီးရှိသေးတယ်”

အေးဝင်းကဝင်ဟား၏။

“တော်စမ်းပါ တင်မောင်စိုးရာ၊ မင့်နှမ ချောကြောင်း၊ နောက်လေးနှစ်ဆို အပျိုဖြစ်တော့မယ့်အကြောင်း ကြေညာမနေစမ်းပါနဲ့၊အချိန်တန်မှ ဒို့ဘာသာဒို့ သန်ကောင်စာရင်းကောက်ယူပါ့မယ်၊အခုငါ သက်ခိုင်ကိုရှင်းပြအုံးမယ်”

သက်ခိုင်ကစိတ်ပျက်စွာနှင့်ကုတင်ပေါ်၌ထိုင်၏၊ အေးဝင်းက သက်ခိုင်နားကပ်သွားပြီးရှင်းပြ၏။

“ဒီမှာသက်ခိုင်၊မင်းတောင်းဆိုခဲ့တဲ့အတိုင်း....ဒီကောင်တွေ ဂကတိတည်ခဲ့တယ်၊ ဒီတော့....မင်းကလဲ....မင်းဂတိမင်း တည်မှပေါ့....”

“ဘာဂတိလဲအေးဝင်းရ”

“မင်းက မေ့သွား ဘီလား၊ သူငယ်ချင်းတွေ အားလုံးကို မင်းဦးကြီးအိမ်ခေါ်သွားပါမယ်ဆို....”

သက်ခိုင် ငိုင်သွား၏၊ မောင်ရှိန်က ကြောင်နာသံလေးနှင့် ဝင်ထောက်၏။

“ဟုတ်ပါတယ် အကိုရာ၊ အဲဒီတုံးက ကျွန်တော်များက တောင်ပညာမဲ့သတိရှိမြဲဆိုတဲ့စကားပုံအတိုင်းစိုးရိမ်လို့ဝါနိုင်

ပေးခဲ့တယ်မဟုတ်လား၊ အကို့အမနဲ့ ကျွန်တော်များ နီးစပ်သွားရင် ဘယ့်နှယ်လုပ်မလဲလို့၊ ဘယ့်နှယ်လုပ်မလဲ....လို့....အ...ဟို့....”

သက်ခိုင်သည် ငိုင်နေရာမှအားရပါးရရယ်မောမိသည်။

“ခွေးကောင်တွေ....ဒါမျိုး၊ များကျ....သိပ် မှတ် မိ တယ်။ ကျောင်းစာနဲ့ ကရာ့ဇ်နီ့ကြွေးကျတော့မမှတ်မိကြဘူး”

တင်မောင်စိုးကကွန့်ဖြစ်အောင် ကွန့်လိုက်သေး၏။

“ဒို့မှတ်ဉာဏ်ကို ဒီလောက်တောင် အထင် မသေးပါနဲ့ သက်ခိုင်ရာ၊ ဟော့ကောင်တွေမဟုတ်ဘူးလား၊ ဒို့ဘယ်တုံးက အပေါင်ဆုံးဘူးလို့လဲ၊ လက်မှတ်လဲရမဲ့နေ့များ ဘယ်တုံးကမှ မမေ့ဘူးပေါင်”

သက်ခိုင်ကနေရာမှထ၏။

“ကဲ....တော်ကြတော့ ကိုယ့်လူတွေ၊အချိန်မရှိဘူး၊သွားကြရအောင်”

သူငယ်ချင်းတသိုက်သည် ခြင်းတောင်းကို တယောက်တလဲ ကူညီဆွဲပြီး ထွက်လာခဲ့ကြ၏။

အဝတ်အစားမှ ပရုပ်နံ့များ လေသလပ်၍ ပြယ်အောင် အားမစီးဘဲခြေလျင်လျှောက်ကြရန် မောင်ရှိန်က အကြံပေးသဖြင့် ကျန်လူများက သဘောတူလိုက်ကြ၏။

မလေးနွယ်တို့ ခြံဝရောက်သော အခါ မောင်ရှိန်က သူ့နားရွက်သူဆွဲလိမ်သည်။

သက်ခိုင်ကမေး၏။

“ဟော့ကောင်....ဘာလုပ်ထာလဲ”

“ငါ့မျက်နှာ တည်အောင် သံပတ်တင်နေဒါ”



သူငယ်ချင်းများက တင်မောင်စိုးကို လှည့်ကြည့်ကြ၏၊ အဓိပ္ပါယ်ကိုသိသောတင်မောင်စိုးကပြော၏။

“ဘာလဲ... ငါ့သောက်ခွက်ကို စိတ်မချလို့လား၊ စိတ်ချ၊ မောင်ရှိန့်မှာလဲသူ့ခလုတ်နဲ့သူ၊ ငါလဲငါ့ခလုတ်နဲ့ ငါ၊ မောင်ရှိန့်ခလုတ်ကနားမှာရှိတယ်၊ ငါ့ခလုတ်က နှာခေါင်းမှာရှိဘယ်”

ပြောပြော ဆိုဆိုနှင့်တင်မောင်စိုးသည်သူ့နှာခေါင်းမွေးကို ဆွဲနှုတ်ပြ၏။

“မြင်လား၊ ငါက လူတော သူတောမှာ... စပ်ဖြဲဖြဲဖြစ်ချင်လာရင် နှာခေါင်းမွေးဆွဲနှုတ်ပလိုက်ထာဘဲ၊ မျက်နှာတည်သွားယုံမကဘူး၊မျက်ရည်တောင် တောက်ကနဲကျတယ်”

တင်မောင်စိုး၏ စကားကြောင့် ကျန်သူငယ်ချင်း များက ရယ်ကြသည်၊ တင်မောင်စိုးကားမရယ်၊ သူ့မျက်လုံးများ၌ အမှန်ပင်မျက်ရည်များဝဲနေ၏။

သက်ခိုင်ကရှေ့ဆောင်ကာ ခြံတွင်းဝင်လိုက်သဖြင့်အားလုံး မျက်နှာပိုးသတ်၍ လိုက်လာကြသည်။

အိမ်တွင်း၌ အဆင်သင့်ပင်မလေးနွယ်တို့၏ မိသားစု သုံးယောက်လုံးကိုတွေ့ရသည်။

မလေးနွယ်ကထုံးစံအတိုင်းဝမ်းသာရွှင်ပျစွာနှင့်သက်ခိုင်ကို ကြိုသည်။

“ဟော....မောင်ပြန်လာဘီလား၊ ဘယ်နေ့ကရောက်သလဲ”

“မနေ့ကဘဲမမနွယ်”

သက်ခိုင်သည် မလေးနွယ်နှင့် နှုတ် ဆက် စကား ပြော ပြီးနောက် သူငယ်ချင်းများအားဆိုဖါများပေါ်တွင်ထိုင်ခိုင်း၏။

ခတ်လှမ်းလှမ်းရှိစာပွဲ၌ သတင်းစာ ဘတ်နေရာမှ ဦးထင်ကျော်သည် ထလာ၏။

"လူကလေးပါလား....၊ ဒါထက် ဟိုခြင်းကြီးကဘာလဲ...."

"ပြည်ကကျွန်တော်ယူလာဒါပါ ဦးကြီး၊ အကောင်းတွေရယ်တော့မဟုတ်ပါဘူး၊ ပျားရည်ရယ်၊ ပြည်လဘက်ရယ်၊ ကြက်တင်းတောင် ဩဇာသီးတွေရယ်၊ ဦးကြီးနဲ့ ဒေါ်ဒေါ့ကို.... ကျွန်တော်သိတင်းကျွတ် ကန်တော့ချင်လို့ပါ"

"ဟာ....အကောင်းတွေ ချည်းဘဲ၊ ပျားရည်တော့ ဦးကြီးအတွက် ဟန်ကျဒါဘဲ၊ ဦးကြီးမှာ သွေးတိုးရောဂါ နဲနဲရှိတော့ ဘုံ မရာဇာမှုန့်နဲ့ ပျားရည်မှန်မှန် စားနေ ရတယ်၊ လဘက်ကတော့....မင့်အဒေါ့ အကြိုက်ဘဲ၊ ကြက်တင်းတောင် ဩဇာသီးတော့....ဒို့အားလုံး ကြိုက်သပေါ့ကွယ်၊ ကဲ....ကန်တော့....ဓာန်တော့...."

နှစ်ယောက်ထိုင် ဆိုဖာတခုဘက်၌ ဒေါ်အေးသန့် က ထိုင်လျက် သက်ခိုင်တို့ကို ပြုံးကြည့် နေသည်၊ ဦးထင်ကျော် က ဒေါ်အေးသန့်၏ဘေး၌ ဝင်ထိုင် လိုက်သည်။

မလေးနွယ်က ရယ်ရင်းပြော၏။

"အတော်ဘဲ၊ ဒီသိတင်းကျွတ်မှာ ဖေဖေနဲ့ မေမေ့ ကိုနွယ်မှကန်တော့ရသေးဘူး၊ မောင်ယူလာတဲ့ လက်ဆောင်တွေနဲ့....နွယ်အခေါ်ချောင် ဝင်ကန်တော့အုံးမယ်...."

သက်ခိုင်နှင့်မလေးနွယ်သည် ကော်ဇော ခင်းထားသော ကြမ်းပြင်ပေါ်၌ အတူယှဉ်တွဲ ထိုင်ကြပြီး ဦးထင်ကျော် နှင့် ဒေါ်အေးသန့်ကို ကန်တော့ကြသည်။



အရွယ်ချင်းကလဲ ညီကြသည်၊ နုပျိုရွှန်းသစ်ချင်း၌လည်း တူကြသည်၊ ရုပ်ရည်ချင်းကလည်းဆင်ကြ၏။

ပြိုင်တူညီညီ ဦးချ ကန်တော့လျက်ရှိကြသော သမီးနှင့်တူကို ကြည်နူး နှစ်သိမ့်စွာ ကြည့်နေမိရာမှ ဒေါ်အေးသန့် သည် ဦးထင်ကျော်၏ ဘက်သို့ တချက် လှည့်ကြည့်လိုက်သည်။

ဦးထင်ကျော်သည်လည်း တချက်ငိုင်သွား၏၊ ပြုံးရွှင်နေသော သူ့မျက်နှာသည် စိတ်ထိခိုက်မှုကြောင့် မသိမသာ နွမ်းသွားသည်၊ သူကလည်း ဒေါ်အေးသန့်ကို လှည့်ကြည့် ၏၊ ဒေါ်အေးသန့်၏ ပျော့ပျောင်းနူးညံ့သော မျက်လုံး များတွင် မျက်ရည်ရိပ်ရိပ် လွှမ်းနေ၏။

ဦးထင်ကျော်သည် ချက်ချင်းပင် ပြန်လည် ပြုံးရယ်လိုက်ပြီးဆုပေး၏။

"အေး....အေး....သာဓု....သာဓု....သာဓု၊ ငါ့တူရော....ငါ့သမီးရော....ဘုန်းကြီးလို့ သက်ရှည်ကြပါစေ၊ အကုသိုလ် ကိုရှောင်နိုင်ပြီး.. ကုသိုလ်ကို ဆောင်နိုင်ကြပါစေ၊ လိုအပ်သောဆု၊ မြတ်သောဆုတို့နဲ့ ပြည့်စုံကြပြီး....ယောကျ်ား ကောင်း....ယောကျ်ားမြတ်၊ မိန်းမကောင်း....မိန်းမ မြတ် ဖြစ်နိုင် ကြပါစေ...."

သက်ခိုင်နှင့် မလေးနွယ်က ပြုံးရွှင်ကြည်လင်စွာနှင့် တဦးမျက်နှာ တဦးကြည့်လိုက်ကြပြီး နေရာမှ ထသည်။

တယောက်ထိုင်ဆိုဖါတလုံးသာ အလွတ်ကျန်တော့၏။

မလေးနွယ်ကဆိုသည်။

"အဲဒီ ဆိုဖါပေါ်မှာ မောင်ထိုင်၊ မမနွယ် ထိုင်စရာ တခုသွားယူ အုံးမယ်..."

သက်ခိုင်က ဆိုဖါပေါ်တွင် ထိုင်လိုက်၏၊ မလေးနွယ်က ပုံတို ဖုံလေးဘလုံးကို ယူလာပြီး သက်ခိုင်၏ဆိုဖါ အနီးတွင် ချကာ ထိုင်၏၊ လက်ကလေးတဘက်ကို သက်ခိုင်၏ ဆိုဖါလက်တန်းပေါ်၌ တင်ထားပြီး ကိုယ်လေးကို နွဲ့နွဲ့ယိုင် မှီထား၏။

သက်ခိုင်က သူ့သူငယ်ချင်းများကို မလေးနွယ်တို့မိသားစုနှင့်မိတ်ဖွဲ့ပေးသည်။

ဦးထင်ကျော်သည် တင်မောင်စိုး၏မျက်နှာကို သေချာစွာ သူးစိုက်ကြည့်ပြီးမေး၏။

"မောင်ရင့်မျက်နှာကို ဦးမြင်ဘူးတယ်ထင်တယ်၊ ဘယ်မှာ မြင်ဘူးမှန်းမသိဘူး...."

"ဟုတ်ကဲ့....ကျွန်တော့်အဖေကို ဦးမြင်ဘူးဒါဖြစ်ပါလိမ့်မယ် ခင်ဗျာ"

"မောင်ရင့်အဖေက....ဘယ်သူတုန်း...."

တင်မောင်စိုးသည် ငုံ့ကျဟန် သူ့ခေါင်းကြီးကို ဟိုလှည့်သည်လှည့်လုပ်ပြီးမှ အမှန်ကိုဖြေသည်။

"ကျွန်တော့်အဖေက....ဝတ်လုံတော်ရဦးဖြူပါ'

ဦးထင်ကျော်သည် ဝမ်းသာအားရဆိုသည်။

"ဟာ....ဦးဖြူက ဦးရဲ့မိတ်ဆွေရင်းကြီးဘဲ၊ တရားရေးရာမှာ...ဦးဖြူက ဦးတို့ထက်တောင်ဆီနီယာကျသေးတယ်၊ဟုမ္မရုံးအတွက် ဘိလပ်သွားပြီး စာပေ့ပိုင်းကန့်ဖရင့်တောင် တက်ခဲ့တဲ့ ရှေးမြန်မာ ချစ်ပုဂ္ဂိုလ်ကြီးတဦးဘဲ၊ အခုဘယ်ထိလဲ ဟိုက်ကုဒ်မှာ အမှုလိုက်နေတုန်းဘဲ၊ ငါ့တူလဲ ဖအေ့ခြေရာနင်းနိုင်အောင် ကြိုးစားပေါ့"



တင်မောင်စိုးသည် မမြော်လင့်ဘဲ အချီးမွမ်းခံရသည်ကို ရှက်ဟန်နှင့် သူ့နှာခေါင်းကို လက်နှင့် ကုယ်သယောင်ပြုသည်၊ ဤသို့ပြုရင်းလည်း နှာခေါင်းမွေးတပင်ကို မိအောင်ဆွဲသွား၏။

မလေးနွယ်က မောင်ရှိန်နှ့်ကို လှမ်းကြည့်ပြီးဆို၏။

"ကိုရှိန့်တော့ အခုမှမြင်ဘူးတယ်၊ ကိုရှိန့်နာမည်တော့ နွယ်ကြားဘူးဒါ ကြာပါပြီ"

မောင်ရှိန်သည် "ခင်ဗျာ" ဟုအော်ပြီး သူ့နားရွက်သူ ဆွဲလိမ်နေ၏။

တင်မောင်စိုးကမူ နှာခေါင်းမွေး တပင်ကို မိထားသောကြောင့် အိမ်ဖြေမပျက်၊ ကျန်သူငယ်ချင်းများက သူတို့နှစ်ယောက်ကိုကြည့်ကာ ရယ်ချင်လာကြသဖြင့် လျှာကိုက်ထားကြသော်လည်း မျက်နှာများကပြုံးစိစိဖြစ်နေကြ၏။

သက်ခိုင်ကသာ လွှတ်လပ်စွာရယ်မောပြီး ပြောသည်။

"မမနွယ်က သူ့နာမည်ကြားဘူးဘယ်ဆိုလို့ မောင်ရှိန်က လိပ်ပြာမသန့်ဘဲ လန့်နေဒါ၊ ဒီကောင့်မှာ.... လိပ်ပြာမသန့်တဲ့ ရောဂါရှိတယ်....မမနွယ်ရဲ့"

မလေးနွယ်က လိုက်လှဲစွာရယ်ပြီး မောင်ရှိန့်ကို ရင်းနှီးစွာ ပြော၏။

"ဪ....ကိုရှိန်ကလဲ၊ နွယ်က အကောင်းပြောဒါပါရှင် ရဲ့၊ ကိုရှိန်က ပီယာနိုလဲတော်ဘယ်၊ တယောလဲတော်တယ်၊ ပတ္တလားလဲတီးတတ်တယ်လို့ တကျောင်းလုံး ကျော်နေဒါ၊ ပြီးတော့.... အင်းယားကျောင်းဆောင်သူတွေက ပြောတယ်၊ လသာရင် ကိုရှိန် တယောလာထိုးဒါ....သိပ်လွမ်းဘို့ကောင်းဒါဘဲတဲ့၊ ကိုရှိန်က....အလွမ်းသမား ကြီးလား...."

မောင်ရှိန်သည်နားရွက်ကိုလိမ်ဆွဲသောသက်အား မလွှတ်သေးဘဲ မလေးနွယ်ကိုကြည့်သည်၊ ကြည့်ရင်းလည်း သူ့မျက်နှာ သည် ပြုံးဖြဲဖြဲ ဖြစ်လာ၏။

"အဟီး....အဟဲ...အဟမ်း....၊ ကျွန်တော်ကအလွမ်းသမားမဟုတ်ပါဘူး၊ အဲ့ကုသိုလ် ဘယ်ဝဋ်ကြွေးက ပါလာ လဲမသိဘူး၊ ကျွန်တော်က အလွမ်းသီချင်းတွေချည်းဘဲ ရတယ်၊ ကျွန်တော်တီးလို့ သူများတွေလွမ်းလေ....ကျွန်တော်ရီချင်လေဘဲ၊ ကျွန်တော်ရီချင်လေ....ကျွန်တော့်လက်သံက ပိုလွမ်း လေဘဲ၊ တခါတလေ....ကျွန်တော့်ကိုကျွန်တော် သိပ်သနားမိဒါဘဲဗျ...မလေးနွယ်၊ ဒါပေမဲ့မငိုရဲဘူး၊ ငိုမိရင်....ကျွန် တော့်လက်သံက ဟာသတွေ ထွက်လာမှာ စိုးလို့...."

မောင်ရှိန်၏စကားအဆုံး၌ လူငယ် များသာမက....ဦးထင်ကျော်နှင့် ဒေါ်အေးသန့်တို့ပါ ရယ်မောကြ၏။

ဦးထင်ကျော်ကဆိုသည်။

"မောင်အပြောကောင်းဒါနဲ့ ဦးတောင် လွမ်းချင် လာဘီ၊ ကဲ....ဟိုမှာ....ပီယာနိုရှိတယ်၊ တီးပြ စမ်းပါအုံး...."

မောင်ရှိန်သည် ပီယာနို တီးရမည်ဆိုလျှင် ဘယ် အခါမှ မငြင်း၊ သူ့လက်မပျက်အောင်ဟု ပီယာနို မြင်လျှင် မဘိတ်ခေါ်သည့်တိုင်အောင် ဝင်တီးလေ့ရှိသည်၊ ယခု ဘိတ်ခေါ်သောအခါ ပီယာနိုဆီသို့ ထသွားကာ လက်စွမ်း ပြရန် မြင်တော့၏။

အခန်းတွင်းရှိ လူအားလုံးသည်ပီယာနိုဘေးသို့ရောက်လာကြ၏။



မောင်ရှိန်က ပီယာနိုကို အသံစုံသွားအောင် မွှေ့ချင်တိုင်း မွှေ့ပစ်ပြီးမှ စိန်ခေါ်၏။

"ဦးကအလွမ်းသီချင်းနားထောင်ချင်တယ်ဆိုတော့....ကျွန်တော်က လွမ်းစရာမကျန်တဲ့ သီချင်းတီးမယ်၊ ဖြေနိုင်ပေါင်....ပတ်ပျိုးလေ....၊ ဖြေနိုင်ပေါင်ဆိုကတဲက...လွမ်းစရာ ကုန်နေဘီ...."

ဦးထင်ကျော်က ခေါင်းညိတ်၏။

"ကြိုက်ပီကွယ်....၊ တီးပါ...."

မောင်ရှိန်က သက်ခိုင်ကိုလှမ်းပြောသည်။

"သက်ခိုင်....မင်းက တယောတီး...."

သက်ခိုင်သည် သူတခါက တီးခဲ့ဘူးသော ဦးထင်ကျော်၏ တယောကို ယူလိုက်၏။

မောင်ရှိန်က မလေးနွယ်ကို ပြော၏။

"ကျွန်တဲ့ သုံးကောင်စလုံးဆိုတတ်တယ်၊ ဒါပေမဲ့....ဖြေနိုင်ပေါင်က....မိန်းကလေးဆိုမှ နားထောင်ကောင်းဘယ်၊ နှုဖဝါးတော်နာ သွေးခြည်သာ တန်းပါလို့....အို....ပမ်း ဘွဲ့ သား....ဆိုတဲ့အပိုဒ်ကျရင် ....ယောကျ်ားသံနဲ့ ဘာမှမဆိုင်ဘူး၊ တင်မောင်စိုးလို ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ ဆိုရင်....သာ....ပျက်စီးဒါဘဲ၊ ဒီတော့...မလေးနွယ်ဆို....ရတယ် မဟုတ်လား...."

မလေးနွယ်ကခေါင်းညိတ်ပြပြီး ပီယာနိုအဖုံးပေါ်မှစည်းနှင့်ဝါးကိုကောက်ကိုင်လိုက်၏။

မောင်ရှိန်ကမျက်လုံးပြူးပြသည်၊ ဆိုမည့်သူကစည်းနှင့်ဝါးကို ကောက်ကိုင်ပြခြင်းသည်....အတီးကိုမှုဟု စိန်ခေါ်ခြင်းဖြစ်၏။

မောင်ရှိန်ကပီယာနိုကို စိတ်ရှိသမျှ ဖွင့်တီးသည်၊ မလေးနွယ်ကစည်းနှင့်ဝါးကို အပိုင်ကိုင်ကာဆိုသည်၊ စည်းဝါးကချုပ်ထားသဖြင့် မောင်ရှိန်မလှုပ်နိုင်၊ မလှုပ်နိုင်သည်မှာမလှုပ်ချင်၍မဟုတ်၊ မလေးနွယ်၏ရင်မှလာသောအသံသည် မောင်ရှိန့်ကိုဖမ်းစားသည်၊ မောင်ရှိန်သည် မလေးနွယ်၏ အဆိုကိုအသားပေးကာပီယာနိုကိုလှုစွာထိန်းသိမ်း၍တီးပေးတော့၏။
သက်ခိုင်ကလည်း တယောကိုအကွက်ပြည့်မတီး၊ပတ်ဝိုင်း၌လိုက်သောနှဲကဲ့သို့ အဝင်အထွက် အပြေးအလိုက်မှန်ရုံမျှ တီးပေးသည်။

သီချင်းအဆုံး၌အားလုံးဝမ်းသာကြသည်၊ အားလုံးကျေနပ်ကြသည်။
ဦးထင်ကျော်ကနေရာမှထသည်။
"အေးကောင်းတယ်ကွယ်....၊ဦးကတော့....ဂီတကို နာမ်ရဲ့အဟာရလို့ ယူမှတ်ထားဒါ၊ ဒါပေမဲ့....နက်ဖြန်စီရင်ချက်ချရမဲ့.... အမှုတွဲတခု ဖတ်ရအုံးမယ်၊ မောင်တို့ သူငယ်ချင်းတွေဆက်....တီးကြမှုတ်ကြ...."

ဦးထင်ကျော်က အပေါ်ထပ်သို့ တက်သွားသည်၊ ဒေါ်အေးသန့်လည်းလိုက်ပါသွား၏။
ကျန်ရစ်သောလူငယ်တစုသည် လွတ်လပ်စွာတီးမှုတ်သီဆိုကျန်ရစ်ကြ၏။



မောင်ရှိန်နှင့်မလေးနွယ်က တယောက်ဘသဲ ပီယာနိုတီးကြသည်၊ ယုမောင်၊ အေးဝင်း၊တင်မောင်စိုး၊ သက်ခိုင်တို့ကအလှည့်ကျဝင်ဆိုပေးကြ၏။
နှစ်နာရီနီးပါး တီးကြမှုတ်ကြ ဆိုကြပြီး၍ မောသုကာမှမောင်ရှိန်ကနှောင့်တော့၏။
"ဒို....ပတ်ပျိုးရော၊ ဘွဲ့ရော၊ သီချင်းခံရော စုံသွားဘီ၊ ပုလဲနဲ့ဘောလယ်ဘီးကြရအောင်၊ ဟော့ကောင်သက်ခိုင်....၊ မိုးနတ်ဒေဝီတီးကြရအောင်...."
သက်ခိုင်ကမောင်ရှိန့်ကို မျက်မှောင်ကြုတ်ကြည့်ရင်းငြင်း၏။
"မတီးချင်ပါဘူးကွာ....၊ မင်းကသဲ၊ တခြားတခုလုပ်ပါ...."

မလေးနွယ်က မောင်ရှိန့်ကိုထောက်ခံ၏။
"ဟုတ်တယ်....၊မောင်ကလဲ....ကိုရှိန်ပြောဒါ ကောင်းသားဘဲ၊မမနွယ်မိုးနတ်ဒေဝီကိုမရဘူး၊ အဲဒါက....ဂီတ ဝိသေသနကျမ်းမှာလဲမပါဘူး၊ မဟာဂီတထဲမှာတော့တွေ့ဘယ်၊ မမနွယ်အဲဒီဘောလယ်ကို မတက်ဖူးဘူး"
သက်ခိုင်က....ခါးခါးသီးသီးဆက်ငြင်း၏။
"မလုပ်ပါနဲ့၊တညနေလုံး သီချင်းကြီးတွေဘဲတီးခဲ့ဆိုခဲ့ကြတယ်၊ ခေတ်ပေါ်တခုခု လုပ်ကြရအောင်၊ ဟော့ကောင်....မောင်ရှိန်....ဘုန်းနှေဆက်လွမ်း....လုပ်ကွာ...."
မလေးနွယ်သည် ပြုံးချိုချိုနှင့်မျက်စောင်းလေးမသိမသာထိုးပြီး သက်ခိုင်ကိုကြည့်၏။
မောင်ရှိန်က မလေးနွယ်ကို လှမ်းမေးသည်။

"မလေးနွယ် သဘောတူသလား"

မလေးနွယ်က မောင်ရှိန့်ကိုပြုံး၍ဖြေ၏။

"အင်းယား ကျောင်းသူတွေကတော့....ကိုရှိန်ရဲ့ ဘုန်းနေ့ ဆက်လွှမ်းက သိပ်ကောင်းဆိုတဲ့....၊ နွယ်က နားမထောင်ဘူး တော့... နားထောင်ရမှာပေါ့...."

မောင်ရှိန်က ပီယာနိုနှင့်ဘုန်းနေ့ ဆက်လွှမ်းကို တီးသည်၊ သက်ခိုင်က တယောနှင့် လိုက်ပေး၏၊ အလွှမ်းခေတ်ခံ ရှိသော ယုမောင်ကဆို၏။

သီချင်းအဆုံး၌ မောင်ရှိန်ကပီယာနိုခုံမှထသဖြင့် အားလုံးဝိုင်းသကြ၏၊

မောင်ရှိန်သည် လက်ပတ်နာရီကိုကြည့်၏။

"ဟာ....ခြောက်နာရီတောင်ထိုးနေဘီ၊ သွားကြရအောင်"

မလေးနွယ်က ကန့်ကွက်၏။

"နေကြပါအုံးလား၊ အိမ်မှာထမင်းစားသွားကြပါလား"

မောင်ရှိန်က ယဉ်ကျေးစွာဖြေ၏။

"ကျေးဇူးတင်လှပါတယ် မလေးနွယ်၊ ကျွန်တော်တို့ ဘိုင်ကျတဲ့အခါ လာစားဖြစ်အောင် စားပါမယ်၊ အခုတော့အိမ်က ပြန်လာခါစဆိုတော့ အိတ်ထဲမှာ ငွေယားလေးတွေ ရှိနေကြသေးတယ်၊ ကျွန်တော်တို့....တရုပ်တန်း သွားစားကြပီး၊ ဘိုင်စကုတ်ကြည့်ကြမလို့၊ သက်ခိုင်ကတော့ မလိုက်ဘူးတဲ့၊အခန်းစောစောပြန်ပီး....ကဗျာစပ်မလို့ ဆိုလား မသိဘူး၊ကျွန်တော်တို့ပြန်ပါအုံးမယ်၊ သက်ခိုင်ရေ.... ဒို့ သွားတော့မယ်၊ မင်းကသိပ်ဆိုးတဲ့ကောင်ဘဲကွာ....၊တခါတလေ....ဘိုင်စကုတ် ကလေးဘာလေး....ဒို့နဲ့ လိုက်ကြည့်ဘို့ ကောင်းတယ်"



ဤစကားအားလုံးကို မောင်ရှိန် ထွင်ခြင်းသာ ဖြစ်သည်၊ သူတို့ဘာလုပ်ကြမည်ကို....သက်ခိုင် မသိခဲ့ရ။

သက်ခိုင်အငိုက်မိ၍ ငိုင်နေခိုက် လေးဦးသောသတ္တဝါတို့သည် မိကောင်းဘခင်သားသမီးများပီသစွာ မလေးကို နှုတ်ဆက်ပြီး ပြန်သွားကြ၏။

သူတို့ပျောက်သွားမှ မလေးနွယ်သည် ခါးကလေးထောက်၊ ခေါင်းကလေးငဲ့ကာ သက်ခိုင် ကိုစူးစမ်းဟန်လုပ်၍ ကြည့်၏။

"မမနွယ် မောင့်ကိုဘာကြည့်နေဒါလဲ...."

"ဩြော်....မောင့်သူငယ်ချင်းတွေကစိတ်ဝင်စားဘို့ ကောင်းတယ်၊ဒါပေမဲ့....အားလုံးထဲမှာ မောင်က စိတ်ဝင်စားဘို့ အကောင်းဆုံးဘဲ"

"မောင်က....ဘာများစိတ်ဝင်စားဘွယ် ကောင်းလို့လဲ"

"ကောင်းသမှ.... သိပ်ကောင်း၊ မမနွယ်ထင်တယ်၊ မောင်တခုခုကိုညာနေတယ်....၊ ဘာကိုညာနေမှန်းတော့ မမနွယ်မသိဘူး၊ ညာနေဒါတော့အမှန်ဘဲ...."

သက်ခိုင်သည် တုန်လှုပ်သွား၏။

"မမနွယ် မောင့်ကို ဘာတွေစွတ်စွဲနေဒါလဲ...."

မလေးနွယ်သည် သက်ခိုင်၏ အမေးကိုမဖြေဘဲ....တယောကိုသွားယူသည်။

"ရော့....၊မမနွယ်ကို မိုးနတ်ဒေဝီဆိုတီးပြ၊ မောင်က အဲဒီသီချင်းကိုတီးကြဘို့ငြင်းတုံးက....မောင့်မျက်လုံးတွေကိုမမနွယ် သေသေချာချာကြည့်နေတယ်"

"ဒီတော့...."

"ဒီတော့....မောင်တခုခုကိုညာနေဒါ မမနွယ် သိဒါပေါ့ မောင်....၊မမနွယ်က....မောင့်ထက် ကြီးတဲ့အမ၊ မမနွယ်ကို.... မောင်ဘယ်တော့မှညာလို့မရဘူး....၊သိလား....၊ လာ .. ခြံထဲသွားကြရအောင်...."

မလေးနွယ်က ရှေ့မှထွက်သွား သောကြောင့် သက်ခိုင်သည် လိုက်ခဲ့ရ၏။

မလေးနွယ်က တန်းပေါ်၌ထိုင်သည်၊ သက်ခိုင်က ခုံရှည်ပေါ်၌ထိုင်၏။

နေဝင်စဖြစ်၍ နေရောင်မှုမကုန်သေး။

ပြာသော ကောင်းကင်၌ ကြယ်များကိုမြင်ရ၏၊ ဆန်းစလာ ကွေးကွေးသည်ပင် မိုးပြာ၌ ဖြူဖြူဖွေးဖွေးဆင်နေ၏။

မလေးနွယ်သည် တန်းကိုမလွဲဘဲ.... ငြိမ့်ငြိမ့်လှုပ်ရုံ လှုပ်ပြီး တိုက်တွန်း၏။

"စလေမောင်....၊မိုးနတ်ဒေဝီ...."

သက်ခိုင်သည် မငြင်းတော့ဘဲ တယောတီးရင်း မိုးနတ်ဒေဝီဘောလယ်ကို ဆို၏။

မိုးနတ်ဒေဝီဘောလယ်ကို ကျိုက်လတ်မြို့ဆရာကြီး ဦးပြုံးချို ရေးစပ်သည်၊ **စာထောင့် ဘောလယ်** ဖြစ်သော ကြောင့် အနည်းငယ်ခက်ရကား ယခုခေတ်၌အဆိုအတီးနည်းသည်။

**"မိုးနတ်ဒေဝီ-မေဘာရဏီ တန္တုန်းကဲ့သို့၊ ငွေပန်းချီ ရှုံးလောက်ကဲ့၊ပြုံးလျက်မူရာ၊ ခုံးမျက်စ–သုံးရက်လ တူမကွာ၊ အဆုံးတသက်ပ မမုန်းရက်စရာ့ ရှုပကာ၊ အုံးစက်ပ အတူမကွာ–မြဲရအောင်လေး၊ စွဲမောင့်စိတ်မှာ...."**



သက်ခိုင်သည် ဤသို့ဘောလယ်ကိုစတင်သီဆိုသည်၊ မူလက စိတ်မပါလှသော်လည်း....တီးရင်းဆိုရင်းတွင် နှလုံးသားက သစ္စာဖေါက်လာ၏။

ဒုတိယအပိုဒ်မှ...."**ဘဝါဘဝေ အထက်ကယ်က၊ နှစ်ဖြာရေစက်ပြုသမျှမကွာ၊ အာသဝေ-မပျက်ခင်မို့၊ ပါလေချက် သမုဒယတဏှာ၊ ယခုဘဝမှာ မနီးရရင်လေး၊ ကြီးမောင့်ဒုက္ခာ**" ဟူသော စာသားနေရာကစ၍ သူ့အသံသည် လှိုက်လှဲလာ၏။

ဤဘောလယ်၌ အပိုဒ်ငါးပိုဒ်ပါသည်၊ နောက်ဆုံးအပိုဒ်ကိုမူ....သက်ခိုင်သည် မျက်တောင်ကော့နှင့် ဝါဝင်းသန့်စင်လှသော မလေးနွယ်၏မျက်နှာလေးကို ငေးကြည့်ရင်းဆိုမိသည်။

**"ပိတုန်းကေသျှောင်၊ရွှေမျက်တောင်ကော့ရယ်နှင့်၊ ဖေမက်အောင်ကြော့တတ်ပါပေ့၊ တော်တော်ထိုက်ဝင်၊ ရှုရသူ သဘောမကြည်ရှင်ဘို၊ ဟောသည်ခင်အသွေး၊ ရောဟဏီ သွင်မဝေးပြီဘု၊ အေးတဲ့မျက်နှာ၊ သွေမရှ့-ဘွေဝှန်ကမ္ဘလာ၊ ဂဟေကွန့်ရလျှင်ဖြင့် သေ ပါရဲ့နှစ်ခါ၊မေအညွန့်အသားဝါသတိုးကုံလေး၊ တိုးကြံလျက်ပါ...."**

တယောသံနှင့်သီချင်းသံသည် နေဝင်စညနေရီ၌ သိမ့်သိမ့် သဲ့တင်ထပ်ကျန်ရစ်၏။

မလေးနွယ်နှင့်သက်ခိုင်သည် တဦး၏မျက်လုံးများကိုတဦးကစိုက်ကြည့်ရင်း ငြိမ်နေကြသည်။

မလေးနွယ်က အရင်မျက်လွှာချပြီး သိမ်မွေ့ညင်သာစွာ ပြော၏။

"မောင့်သိချင်းက သိပ်ကောင်းဒါပါဘဲ၊ တခုဘဲ ရှိတယ်။ မြေပြင်မှာ မိုးနတ်ဒေဝီမရှိနိုင်ဘူးမောင်၊ စာရေးဆရာကဖွဲ့ဒါ လွန်လွန်းသွားတယ်ထင်တယ်...."

"မြေပြင်မှာ မိုးနတ်ဒေဝီရှိနိုင်ပါတယ်မမနွယ်...."

"အို....ရှိနိုင်တယ်....မောင်က တွေ့ဘူးလို့လား...."

"တွေ့ဘူးတယ်လို့မောင်ပြောရင် မမနွယ် အံ့သြမလား"

"ဘုရားရေ....မောင်ကတွေ့ဘူးနေဘီ....၊မောင့် မိုးနတ်ဒေဝီက သိပ်ချောနေသလား....ဟုတ်လား...."

သက်ခိုင်က ဝမ်းနည်းပမ်းနည်းခေါင်းခါ၏။

"သိပ်ချောနေသလား၊ ဒီစကားကို မောင်မဖြေတတ်ဘူး။ ချောတယ် လှတယ်ဆိုဒါက....ပုဂ္ဂလိက စိတ္တဇ အမြင်တွေပါ။ မောင်ဆိုလိုတဲ့မိုးနတ်ဒေဝီကတမျိုးပါ...."

မလေးနွယ်သည် ဆိတ်ငြိမ်စွာနားထောင်နေ၏။

သက်ခိုင်ကသာ သက်ပြင်းချပြီးဆက်ပြော၏။

"မိုးနတ်ဒေဝီဆိုဒါက....မိုးနဲ့ဆိုင်တယ်၊လူဆိုဒါက မြေနဲ့ဆိုင်တယ်၊မိုးနဲ့မြေက ကွာလှမ်းကြတယ်၊ကွာလှမ်းကြတယ်ဆိုလို့ မိုးကမြင့်တယ်၊ မြေကနိမ့် တယ်လို့ ပညတ်သဘောနဲ့မောင်မပြောလိုဘူး၊ နိမ့်ခြင်း မြင့်ခြင်း ဆိုဒါဟာလဲ ခုနင်ကမောင်ပြောခဲ့သလိုဘဲ ပုဂ္ဂလိကစိတ္တဇအမြင်တွေပါဘဲ၊ ဒါပေမဲ့ ကွာလှမ်းခြင်းဆိုဒါကတော့ သစ္စာတရားပါ၊တနည်းအားဖြင့် ကွာလှမ်းခြင်းဆိုဒါဟာ....မဖြစ်နိုင်ခြင်းရဲ့ သရုပ်ပြတရားတခုပါ၊ မောင်တွေ့ဘူးတဲ့ မိုးနတ်ဒေဝီ ဆိုဒါကို....အဲဒီ သဘောတရားနဲ့ကြည့်မှသာမြင်နိုင်တယ်...."



မလေးနွယ်သည် သက်ခိုင်၏စကားကို စဉ်းစားကြည့်နေသယောင် ငြိမ်နေ၏၊ ခဏကြာသောအခါ သာယာစွာ ရယ်မောသည်။

"မောင့်စကားက အဘိဓမ္မာလဲဆန်တယ်၊ ကဗျာလဲ ဆန်တယ်၊နားဆောင်လို့လဲသိပ်ကောင်းဒါဘဲ၊ သြော်....မောင်ရေ့ မောင်ကဗျာစပ်ပါလား၊ နေအုံး....ခုနင်ကကိုရှိန်ကလဲ ပြောသွားတယ်၊ မောင်ကဗျာစပ်မလို့ဆို...."

"စပ်မလို့မဟုတ်ပါဘူး၊ တပိုင်းတစတောင် စပ်ပြီးနေဘီ"

"ဟုတ်လား....နာမည်ကဘာတဲ့လဲ...."

"ကမ္ဘာကုန်ကျယ်သရွေ့ဝယ်တဲ့ မမနွယ်...."

"အဲဒီ ကမ္ဘာကုန် ကျယ်သရွေ့ဝယ်မှာ.... မောင်ပြောတဲ့ မိုးနတ်ဒေဝီလေးပါသလား...."

"မပါသေးပါဘူး မမနွယ်၊ မိုးနတ်ဒေဝီအတွက်လဲ မောင် ကဗျာဘာပုဒ်စပ်ဖြစ်မလားမသိဘူး...."

"စပ်ဖြစ်ရင်....အဲဒီကဗျာကို မမနွယ်ကိုပြမလား...."

"ပြပါမယ်မမနွယ်၊ မမနွယ်ကို အရင်ဦးဆုံး မောင်ပြပါမယ်...."

မလေးနွယ်သည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး တန်းပေါ်မှ ဆင်း၏။

"ကဲလာမောင်၊ ထမင်းစားချိန်နီးဘီ၊အိမ်ထဲဝင်ကြစို့...."

ထိုညက သက်ခိုင်သည် ကားနှင့် လိုက်မပို့ ခိုင်း စေဘဲ ကျောင်းဆောင်သို့ တမင်လမ်းလျှောက်ပြန်လာခဲ့၏။

လမ်းလျှောက်ပြန်လာခဲ့စဉ် မိုးနတ်ဒေဝီဘောလယ်ကိုတီးရန်စပြောသည့်မောင်ရှိန်အား ကျိန်ဆဲမိသည်၊ထို့နောက် သူ့ကိုယ်သူလည်း ကျိန်ဆဲမိ၏။

အမှန်မှာ ကံကြမ္မာကိုသာကျိန်ဆဲသင့်မည်လော မပြောတတ်။

ကံကြမ္မာကို ကျိန်ဆဲ၍လည်း ကံကြမ္မာသည် မှုမည်မဟုတ်၊ အကြောင်းမှာ....ကံကြမ္မာဟူသည် ကျိန်ဆဲခြင်း၏အကျိုးသက်ရောက်ရာမဟုတ်၊ ကျိန်ဒဏ်ကဲ့သို့သော အကျိုးတရားတို့ကို ပေါ်ပေါက်အောင်ပြုလုပ်သည့် အကြောင်းတရားသာလျှင်ဖြစ်လေသတည်း။

## တတိယတွဲကိုမျှော်ပါရန်
## တောင်းပန်ပါသည်။

မြစာပေတိုက်၊ အမှတ်-၁၀၉-အနော်ရထာလမ်း ရန်ကုန်မြို့
မှတ်ပုံတင်အမှတ် (၀၂၅၁) (၀၁၈၀) ဦးသန်းကြွယ်က
တာဝန်ခံ ရိုက်နှိပ်ထုတ်ဝေသည်။ ဖုံး (၁၁၇၄၄)
သန်းထွဋ်ပုံနှိပ်တိုက် အမှတ်-၆၇-တောင်ဥက္ကလာပ ရပ်ကွက်